၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com





အတွဲ(၁၀)၊ အမှတ်(၁၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် ၊ ကြာသပတေး၊ (ဇွန် ၂၃ ၊ ၂၀၁၁)

# မြန်မာလူငယ်တစ်ဦးဖန်တီးထားသည့် ဗီဒီယိုဖိုင်ကို စီအင်(န်)အင်(န်)တွင် ထုတ်လွှင့်ပြသ

**အေးမြကျော်**

**ရန်ကုန်၊ ဇွန်၁၅**

မြန်မာအိုင်တီပညာရှင်လူငယ်တစ်ဦး ဖန်တီးထားသော ရွှေတိဂုံဘုရားရင်ပြင်တော်မြင်ကွင်းပါ Timelapse Video ဖိုင်တစ်ခုကိုကမ္ဘာကျော်သတင်းရုပ်သံလိုင်းဖြစ်သော (CNN) စီအန်အန်တွင် ဇွန်လ၈ရက်နေ့က ထုတ်လွှင့်ပြသခြင်းခံခဲ့ရကြောင်းသိရသည်။ စာ(၁၂)သို့



**စီအင်(န်)အင်(န်)တွင် ထုတ်လွှင့်ပြသခဲ့သည့် မြန်မာလူငယ်တစ်ဦး၏ လှုပ်ရှားမှုဗီဒီယိုဖိုင်မှ ဓာတ်ပုံအဆင့်ဆင့်ကို ယင်းဗီဒီယိုဖိုင်မှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်**

## မလေးရှားသို့ မြန်မာလုပ်သားစေလွှတ်ခြင်း ခြောက်လကြာ ရပ်နားမည်

စာ( ၃ )သို့

## ဒေါ်အောင်ဆန်းစုကြည် မွေးနေ့တွင် သူမ၏သားငယ် ရောက်ရှိ

စာ( ၃ )သို့

## လေယာဉ်တစ်စီး ပြေးလမ်းချော်သဖြင့် ရန်ကုန်လေဆိပ် ခေတ္တ ပိတ်လိုက်ရ

စာ( ၃ )သို့

## ကစားကွင်းများတွင် အပန်းဖြေသူများအတွက် ထိခိုက်မှုအာမခံစနစ် ထားရှိသင့်

စာ( ၆ )သို့

## ဝိုင်းမော်မြို့နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာဒေသခံများ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်း

### ဗန်းမော်ခရိုင်အတွင်း မြို့နယ်များတွင် ပစ်ခတ်သံများ ကြားနေရသော်လည်း မြို့ပေါ်၌ အေးအေးချမ်းချမ်းရှိဟုဆို

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဇွန် -၂၀**

ကချင်လွတ်မြောက်ရေးတပ်မတော် KIAနှင့် မြန်မာတပ်မတော်တို့အကြား ဇွန်လဒုတိယပတ်အတွင်း ပစ်ခတ်မှုများ စတင်ဖြစ်ပွားခဲ့ရာ ဗန်းမော်ခရိုင်အတွင်းရှိ ကျေးရွာအချို့မှ ရွာသူ၊ရွာသားများ ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်နေကြရကြောင်း ယင်းဒေသ အတွင်းရှိ ဒေသခံများထံမှ စုံစမ်းသိရှိရသည်။ စာ(၁၂)သို့



**ဈေးငွေရရှိမည့် ကျေးရွာပေါင်း ၉၇ရွာမှတောင်သူများသည် စိုက်ဘဏ်ဈေးငွေတစ်ကေကျပ်နှစ်သောင်းအပြင် တိုင်းဒေသကြီးအစိုးရ၏ ဈေးငွေတစ်ကေကျပ်ငါးသောင်းထပ်တိုးရသဖြင့် စိုက်ပျိုးရေးစတင်နိုင်ရန် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မန္တလေးတိုင်းဒေသကြီးရှိ စိုက်ဧကအားလုံး၏ ၁၀ရာနှုန်းကို တစ်ဧကငါးသောင်းဖြင့် တိုင်းဒေသကြီးအစိုးရက ချေးငွေထုတ်ပေးမည်

**ဦးလွင်**

**မန္တလေး၊ ဇွန် - ၁၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၎င်းတို့အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၉၇ရွာမှ တောင်သူလယ်သမားများအား ယခုနှစ်မိုးစပါးစိုက်ပျိုးချိန်အမီ ဇူလိုင်လ ပထမပတ်ခန့်တွင်အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ် ထုတ်ချေးပေးသွားမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဇွန်၁၃ရက်တွင် ကျင်းပပြုလုပ်သော လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။ စာ(၁၂)သို့

## လေလံအောင်ထားသူအချို့ မြေနှင့် အဆောက်အအုံများ ပြန်ရောင်းနေ

**အားမာန်**

**ရန်ကုန်၊ ဇွန် - ၁၆**

နိုင်ငံပိုင် အဆောက်အအုံ လေလံအောင်ထားသူအချို့က လေလံအောင်ထားသောမြေနှင့် အဆောက်အအုံများကို ယခုလပိုင်းအတွင်း ပြန်လည်ရောင်းချနေကြောင်းသတင်းရရှိသည်။

တန်ဖိုးကြီးမြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်မကြာခဏဖြစ်ထွန်းလေ့ရှိသောမန္တလေးမြို့တွင် နိုင်ငံပိုင်အဆောက်အအုံလေလံအောင်ထားသူများက လေလံအောင်အဆောက်အအုံနှင့်မြေကွက်များပြန်လည်ရောင်းချနေကြခြင်းဖြစ်ကြောင်း မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

"သုံး၊လေးဦးလောက်ရှိတယ်။ ပြန်ရောင်းဖို့ပြောနေတာ။ တချို့က လေလံအောင်ထားတဲ့ဈေးထက် ၁၀ ရာခိုင်နှုန်းလောက်၊ ဥပမာ သိန်းနှစ်သောင်းနဲ့ လေလံအောင်ထားတာကို သိန်းနှစ်သောင်းနှစ်ထောင်နဲ့ ပြန်ရောင်းနေတာ။ အချို့ဆို အမြတ်တောင်မယူဘူး။ လေလံအောင်တဲ့ဈေးနဲ့ ပြန်ရောင်းနေတာ"ဟု မန္တလေးမြို့မှစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထိုသို့ပြန်ရောင်းနေကြခြင်းမှာ လေလံဆွဲစဉ်ကတည်းက အမြတ်ယူ၍ ပြန်ရောင်းရန်စီစဉ်ထားပြီး လက်တွေ့လေလံအောင်၍ ပြန်ရောင်းသောအခါ ဝယ်လိုသူနည်းနေခြင်းကြောင့် မြန်မာကျပ်ငွေမာချိန်တွင် ငွေပြန်ဖော်လို၍ဖြစ်နိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကသုံးသပ်သည်။

စာ(၂၀)သို့



7DAY NEWS JOURNAL
Vol.10, No.14 · JUNE 23, 2011

# ပေါက်ဈေးအတိုင်းလွတ်လပ်စွာရောင်းဝယ်ခွင့်ရှိမှသာ နိုင်ငံခြားငွေလဲနှုန်းတည်ငြိမ်ရေးဗဟိုဘဏ်ကထိန်းညှိပေးနိုင်မည်

ပြည့်သိမ်း

**ရန်ကုန်၊ ဇွန် - ၁၆**

ငွေလဲနှုန်းများ တည်ငြိမ်မှုအတွက် ဗဟိုဘဏ်က ဝင်ရောက်ထိန်းညှိနိုင်ရေးသည် နိုင်ငံခြားသုံးငွေကို ဈေးကွက်ပေါက်ဈေးဖြင့် လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုရန် လိုအပ်ကြောင်း အငြိမ်းစား ဗဟိုဘဏ်ဥက္ကဋ္ဌတစ်ဦးကပြောကြားသည်။

လက်ရှိအချိန်၌ပြည်ပရင်းနှီးမြှုပ်နှံမှု အရောင်းအဝယ်များမှာ တရားဝင်ဘဏ်စနစ်ဖြင့် မဟုတ်ဘဲ နေ့စဉ်ဒေါ်လာသန်းပေါင်းများစွာ ဝင်ရောက်နေခဲ့သည်။ သွင်းကုန်လုပ်ငန်းများမှာလည်းပြည်တွင်းဝယ်လိုအား မရှိသည့်အတွက် လျော့နည်းနေသည်။ ယင်း ကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ကျဆင်းမှုများဖြစ်ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

"ဒေါ်လာက ကျောက်သမားတို့၊ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုနဲ့ အခြားလုပ်ငန်းတွေအတွက် နေ့စဉ်ကို ဝင်နေတယ်။ ကျောက်သမားတွေဆိုတစ်ရက်ဒေါ်လာတစ်သန်းလောက်ဝင်နေတယ်"ဟုအထက်ပါလုပ်ငန်းရှင်က ဆိုသည်။

ယင်းကဲ့သို့ နိုင်ငံခြားငွေများ ဝင်ရောက်မှုသည် ပြည်တွင်းငွေလဲနှုန်းကြောင့်ဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဘဏ် (MFTB)+MICတို့က တရားဝင်လဲလှယ်ပါက အမေရိကန်တစ်ဒေါ်လာလျှင် ၇ကျပ်ဝန်းကျင်သာရှိပြီး ပြင်ပဈေးကွက်တွင် ကန်တစ်ဒေါ်လာကို ဈေးကျချိန်၌ပင် ၇၅၀ကျပ်ဝန်းကျင်ရသည်။ ထို့ကြောင့် တရားမဝင်ငွေကြေးဝင်ရောက်မှုများလာသည့်အခါ ပြည်တွင်းသုံးကျပ်ငွေတန်ဖိုးတက်လာပြီး ပြည်ပသို့ တင်ပို့နေသည့် လုပ်ငန်းများ များစွာထိခိုက်ခဲ့ရကြောင်း အထက်ပါစီးပွားရေးလုပ်ငန်းရှင်ကပြောသည်။

သို့သော် ဈေးကွက်ပေါက် ဈေးအတိုင်း ငွေလဲနှုန်းကို ခွင့်ပြုသည့်အပြင် ပုဂ္ဂလိကဘဏ်များသို့ နိုင်ငံခြားငွေလဲလှယ်နှုန်းကိုပါ ခွင့်ပြု မည်ဆိုပါက စာရင်းဇယားများ အတိအကျရှိသည့်အတွက် ဗဟိုဘဏ်က ဝင်ရောက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ငွေလဲလှယ်နှုန်းရုတ်တရက်ကျဆင်းသွားပါက ဗဟိုဘဏ်က ဝင်ရောက်ဝယ်ယူပေးခြင်း၊ ငွေလဲနှုန်းမြင့်တက်လာပါက ဗဟိုဘဏ်က နိုင်ငံခြားငွေကို ဈေးကွက်သို့ ရောင်းချ ပေးခြင်းတို့ပြုလုပ်နိုင်ကြောင်းနှင့် နိုင်ငံတကာတွင်လည်း ငွေဈေး မတည်ငြိမ်သည့်ကာလ၌ ဗဟိုဘဏ်က ယခုကဲ့သို့ ဝင်ရောက်ထိန်းသိမ်းရမှုများရှိကြောင်း အငြိမ်းစားဗဟိုဘဏ်ဥက္ကဋ္ဌက ဆိုသည်။

ထို့အပြင် ပြည်တွင်းပုဂ္ဂလိက ဘဏ်များကိုလည်း နိုင်ငံခြားသုံးငွေလွတ်လပ်စွာ လဲလှယ်ခွင့်ပြုရန်လိုအပ်နေသည်။ သို့မှသာ ပြည်တွင်း၌ရှိနေသည့် နိုင်ငံခြားငွေပမာဏနှင့် ပြည်ပသို့ ထွက်သွားသည့် ပမာဏအတိအကျ သိရှိပြီး ဈေးနှုန်းအပြောင်းအလဲကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

"ဈေးနှုန်းအတက်အကျက Supply နဲ့ Demend မမျှရင်ဖြစ်နေမှာပဲ။ ဒီမှာက တရားဝင်ဈေးကွက်က အရမ်းနည်းတော့ ထိန်းလို့မရဘူး" ဟု အထက်ပါပုဂ္ဂိုလ် ကဆိုသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ပို့ကုန်ရငွေတန်ဖိုးလုပ်ငန်းရှင်များ ရှိစေလိုသောနှုန်းသို့မရောက်ရှိသေး

အားမာန်

**ရန်ကုန်၊ ဇွန် - ၁၆**

ပို့ကုန်ရငွေနှင့် ဒေါ်လာတန်ဖိုး ပြန်တက်လာသော်လည်း လက်ရှိဈေးနှုန်းမှာ ပို့ကုန်လုပ်ငန်းရှင်များ လုပ်ငန်းကောင်းစွာလည်ပတ်နိုင်သည့် ဈေးနှုန်းသို့မရောက်ရှိသေးကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ပြောသည်။

မေလ နောက်ဆုံးပတ်မှ စတင်၍ ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးများ ဆက်တိုက်ပြုတ်ကျခဲ့ပြီး ဒေါ်လာမှာ တစ်ယူနစ်လျှင် ၇၄၀ ကျပ်ဝန်းကျင်၊ ပို့ကုန်ရငွေမှာ တစ်ယူနစ်လျှင် ၇၇၀ ကျပ်ဝန်းကျင်အထိ အနိမ့်ဆုံးရောက်ရှိခဲ့သည်။ သို့သော် မေလ ၁၅ရက်တွင် ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးများ အနည်းငယ်စီပြန်တက်ခဲ့သည်။ ပို့ကုန်ရငွေမှာ တစ်ယူနစ်လျှင် ၈၀၃ကျပ်နှင့် ဒေါ်လာမှာ တစ်ယူနစ်လျှင် ကျပ် ၇၈၀ ကျော်အထိ ပြန်ဖြစ်လာခဲ့ သည်။ သို့သော် ပို့ကုန်ရငွေတန်ဖိုးထိုသို့တက်လာသော်လည်း လက်ရှိနှုန်းထားမှာ ပို့ကုန်လုပ်ငန်းရှင်များလုပ်ငန်းကောင်းစွာလည်ပတ်နိုင်သည့်တန်ဖိုးသို့ မရောက်ရှိသေးကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက တညီတညွတ်တည်းပြောသည်။

"ကဏ္ဍအလိုက်တော့ ပို့ကုန်ရငွေတန်ဖိုးရှိသင့်တဲ့ ပမာဏက မတူဘူး။ ရေလုပ်ငန်းမှာတော့ ပို့ကုန်ရငွေတန်ဖိုး တစ်ယူနစ်ကို၉၀၀လောက်ဖြစ်မှအလုပ်လုပ်လို့ရတယ်။၉၀၀ အောက်ဆိုရင်တော့ အလုပ်လုပ်လို့မရသေးဘူး" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကုန်သည်/စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံခရီးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သူ ဦးလှမောင်ရွှေကပြောသည်။ ရေထွက်ကုန် ပြည်ပတင်ပို့သူများမှာ ယခုနှစ်ပိုင်းအတွင်း လုပ်ငန်းအဆင်မပြေ၍ လုပ်ငန်းရပ်ထားသူနှင့်ထိန်း၍လုပ်ကိုင်နေရသူများသည်။

"ပို့ကုန်ရငွေတန်ဖိုးရှိသင့်တဲ့ နှုန်းကတော့ ၈၅၀ နဲ့၉၅၀ ကြားမှာပဲရှိသင့်တာ။ အဲဒီ့အတွင်းမှာဆိုရင် အလုပ်လုပ်လို့ရတယ်။ အဲဒီ့အောက် ကျသွားရင်တော့ ပို့လို့မကိုက်တော့ဘူး"ဟု ဆန်ပြည်ပတင်ပို့သောလုပ်ငန်းရှင်တစ်ဦးကလည်းပြောသည်။ ထို့ကြောင့် လက်ရှိပို့ကုန်ရငွေတန်ဖိုးမှာ ဈေးပြန်တက်လာသည်မှာပင် တစ်ယူနစ် ကျပ်၈၀၀ ဝန်းကျင်သာရှိ၍ ထိုနှုန်းဖြင့် ပို့ကုန်များတင်ပို့ပါက အမြတ်မရနိုင်ဘဲ အရှုံးသာ ရှိနိုင်ကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကပြောသည်။ပို့ကုန်ရငွေတန်ဖိုး ကျဆင်းနေသည့်အချိန်တွင် ပို့ကုန်လုပ်ငန်းရှင်များက ပို့ကုန်ရငွေ၏ ၁၀ ရာခိုင်နှုန်းကိုပါ နိုင်ငံတော်သို့ အခွန်ဆောင်ရပြီး၊ ပြည်တွင်း၌ မြင့်မားနေသော Transaction Cost များကြောင့် အခြားနိုင်ငံများနှင့် ပို့ကုန်များ ယှဉ်ပြိုင်တင်ပို့နိုင်စွမ်းကို များစွာလျော့ကျစေနိုင်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်များကပြောသည်။

ငွေမာတန်ဖိုးများ ဆက်လက်ကျဆင်းပါက ပို့ကုန်တင်ပို့မှုများ လျော့ကျမည့်အပြင် ပြည်တွင်းရှိ အခြေခံကုန်ထုတ်လုပ်မှုများလည်း လျော့ကျလာမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက တညီတညွတ်တည်းပြောသည်။

ပြည်တွင်း စီးပွားရေးလုပ်ငန်းအများစုမှာ ရွေးကောက်ပွဲမတိုင်ခင်နှင့် ရွေးကောက်ပွဲကျင်းပခဲ့သည့် ၂၀၁၀တွင် လုပ်ငန်းများကို ထိန်း၍လုပ်ကိုင်ခဲ့ကြပြီး ရွေးကောက်ပွဲအခြေအနေကိုစောင့်ကြည့်ခဲ့ကြသည်။ သို့သော် ရွေးကောက်ပွဲပြီး၍ အစိုးရသစ်တက်လာပြီး တစ်လခွဲကျော်ကာလအထိလည်း လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခြင်းမပြုဘဲ ထိန်း၍သာ လုပ်ကိုင်နေကြဆဲဖြစ်သည်။

ထိုအခြေအနေတွင် အစိုးရဌာနများနှင့်ပူးပေါင်း၍ လုပ်ကိုင်သော ပုဂ္ဂလိကလုပ်ငန်းအချို့မှာ လုပ်ငန်းများ တိုးချဲ့ခြင်းမရှိဘဲ ရပ်တန့်ထားကြောင်းလည်း သတင်းရရှိသည်။

ငွေမာတန်ဖိုးများ ရှိသင့်သောနှုန်းထားသို့ ပြန်လည်ရောက်ရှိပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းများပြန်လည် လည်ပတ်ရန်မှာ ပုဂ္ဂလိက ကဏ္ဍတစ်ခုတည်းမှ လုပ်ကိုင်၍ မရဘဲ အစိုးရပိုင်းမှ ငွေကြေးများ စွာအသုံးပြု၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်လုပ်ကိုင်ရန်လိုကြောင်းလည်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။

# ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းကတ်ကို ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းဆိုင်များတွင်ပါ ရရှိနိုင်ပြီ

ယုဇနကိုကို

**ရန်ကုန်၊ဇွန် - ၁၄**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ယခုကဲ့သို့ ဖုန်းကတ်များတွင်တွင်ကျယ်ကျယ် ချထားပေးခြင်းဖြင့် သုံးစွဲသူမြင့်တက်လာစေမည်ဖြစ်သည်**

ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်မိုလ်ဘိုင်းဖုန်းများလျှောက်ထားခြင်းအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကပုဂ္ဂလိကကုမ္ပဏီသုံးခုသို့ လုပ်ကိုင်ခွင့်ချထားပေးပြီးတစ်ပတ်အတွင်းမှာပင် အဆိုပါကုမ္ပဏီသုံးခုအပြင် အခြားသောကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များတွင် နေ့ချင်းပြီးရယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ကြောင့် အဆိုပါ မိုဘိုင်းဖုန်းများအား ယခုအခါတွင် အစိုးရကခွင့်ပြုလိုက်သည့် အေးရှားမက်ဂါလင့်ဂ်၊ အီလိုက်တက်ခ်နှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် အစရှိသည့်ကုမ္ပဏီများမှ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ လုပ်ငန်းများကို တစ်ဆင့်ပြန်လည်ချထားပေးလိုက်သဖြင့် နေရာမရွေးနီးပါး လျှောက်ထားရယူနိုင်ပြီဖြစ်သည်။

ထိုကဲ့သို့ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများအား လျှောက်ထားခြင်းပြုရာတွင် နေ့ချင်းပြီးရရှိနိုင်မည်ဖြစ်ပြီး အစိုးရကသတ်မှတ်ထားသည့် ကျပ်ငါးသိန်းထက်ပိုမိုကျော်လွန်ပေးဆောင်ရန် မလိုကြောင်း၊ မှတ်ပုံတင်၊လိုင်စင်ဓာတ်ပုံသုံးပုံနှင့် နေရပ်လိပ်စာအပြည့်အစုံအစရှိသည့် အချက်အလက်သုံးခုသာ လိုအပ်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျီအက်စ်အမ်ဖုန်းများကိုနေ့ချင်းပြီးလျှောက်ထားရယူနိုင်သကဲ့သို့ ကျပ်ငါးသိန်းတန်စီဒီအမ်အေမိုဘိုင်းဖုန်းများကိုလည်း နောက်ပိုင်းတွင် တစ်ရက်တည်းဖြင့်ရယူနိုင်ရန် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

အဆိုပါ ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများအား ယခုကဲ့သို့ပုဂ္ဂလိကမှ နေ့ချင်းပြီးချထားပေးသည့် ဝန်ဆောင်မှုမရှိခင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်သာ လျှောက်ထားခဲ့စဉ်က တစ်ပတ်ခန့်ကြာမြင့်ခဲ့သဖြင့် လက်ရှိအစီအစဉ်သည် အလွန်ကောင်းမွန်သည့် စနစ်တစ်ခုဖြစ်လာကြောင်း ဖုန်းသုံးစွဲသူများကဆိုကြသည်။

အစိုးရအနေဖြင့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများအား နေ့ချင်းပြီးဆောင်ရွက်ပေးမည့် ပုဂ္ဂလိကကုမ္ပဏီများကို ထပ်မံတိုးချဲ့ချထားပေးသွားဦးမည်ဖြစ်ကြောင်းလည်း သိရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင် သူမ၏သားငယ်ရောက်ရှိ

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဇွန် – ၁၉**

ဗြိတိန်နိုင်ငံ၌ နေထိုင်သည့် ဒေါ်အောင်ဆန်းစုကြည်၏ သားငယ်သည် ယနေ့ဇွန်လ ၁၉ ရက်တွင် ကျရောက်သော မိခင်၏ ၆၆ နှစ်ပြည့်မွေးနေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြောင်း သူမ၏ပါတီမှ ပြောရေးဆိုခွင့်ရှိသူဦးညဏ်ဝင်းက အတည်ပြုပြောကြားသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်တွေ့ရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်သူမ၏ သားငယ်

ဓာတ်ပုံ - အေပီ

နေအိမ်အကျယ်ချုပ်မှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပြီးစအချိန် ၂၀၁၀ နိုဝင်ဘာလ တတိယပတ် အတွင်းကလည်း မိခင်ဖြစ်သူထံ ရက်သတ္တနှစ်ပတ်ကျော်ကြာ လာရောက်လည်ပတ်နေထိုင်ခဲ့သည်။

၂၀၁၀ နိုဝင်ဘာလတွင် လာရောက်ခဲ့စဉ်က ထိုင်းနိုင်ငံရှိမြန်မာသံရုံးမှတစ်ဆင့် ဗီဇာလျှောက်ခဲ့ခြင်းဖြစ်ကာ ယခုတစ်ကြိမ်တွင် ဗြိတိန်နိုင်ငံရှိ မြန်မာသံရုံးမှ ဗီဇာရယူခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ၂၈ရက်ဗီဇာရရှိကြောင်း ၎င်းမိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။

"သူဘာတွေလုပ်ဖို့ရှိမယ်ဆိုတာတော့ သူနဲ့လည်းမတွေ့ရသေးတော့ သေချာပြောလို့မရသေးပါဘူး"ဟု ဒေါ်အောင်ဆန်းစုကြည်၏သားငယ် ကင်မ်အဲရစ်(ခေါ်) ကိုထိန်လင်း မြန်မာနိုင်ငံရောက်ခိုက် ပဋ္ဌင်းတက်ရန်အစီအစဉ်ရှိသည်ဆိုသည့်သတင်းများနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် ဦးညဏ်ဝင်းက ပြန်လည်ဖြေကြားသည်။

ကင်မ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် မိုက်ကယ်အဲရစ်တို့၏ သားငယ်ဖြစ်ပြီး သားကြီးဖြစ်သူမှာ အလက်ဇန္ဒားအဲရစ်ဖြစ်သည်။

# မလေးရှားနိုင်ငံသို့ မြန်မာလုပ်သား စေလွှတ်ခြင်းကို ခြောက်လကြာ ရပ်နားမည်

**အောင်သူရ**

**ရန်ကုန်၊ ဇွန် – ၁၈**

မလေးရှားနိုင်ငံသို့ မြန်မာ့အလုပ်သမားများစေလွှတ်ခြင်းအား ဇူလိုင်လတစ်ရက်မှစ၍ ခြောက်လကြာရပ်နားထားရန် အလုပ်သမားဝန်ကြီးဌာနက ဇွန်လ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မလေးရှားနိုင်ငံတွင် နေထိုင်လုပ်ကိုင်နေသော တရားမဝင် အလုပ်သမားများအား စီမံခန့်ခွဲရေး အစီအစဉ်များရှိသဖြင့် အလုပ်သမားအသစ်များ လက်ခံခြင်းကို ခေတ္တဆိုင်းငံ့သွားမည်ဖြစ်ကြောင်း ဇွန်လ ၃ ရက်က ထုတ်ပြန်ခဲ့သည်။

"Calling ကျပြီးသား ဗီဇာစောင့်နေတဲ့ဦးရေကငါးထောင်ကတစ်သောင်းကြားရှိနေသေးတယ်။ ဒီမှာ သံရုံးက တစ်ပတ်ကို လူ ၈၀၀ ပဲထုတ်ပေးနေတော့ ရက်ထပ်တိုးပေးစေချင်တယ်" ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူများက ပြောသည်။

သံရုံးတွင် တစ်နေ့လျှင် ဗီဇာရရန် တန်းစီနေသူများ ၅၀၀ မှ ၈၀၀ ကြားရှိပြီး ဗီဇာဝင်ခွင့်ရရန် မဲနှိုက်ဆောင်ရွက်နေကြရသည်။

မလေးရှားအစိုးရအနေဖြင့် မလေးရှားနိုင်ငံတွင် နေထိုင်လုပ်ကိုင်နေသော နိုင်ငံစုံမှတရားမဝင်လုပ်သား နှစ်သန်းခန့်အား မကြာမီ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်အစီအစဉ်ရှိသည်။

အဆိုပါ အစီအစဉ်အရ တရားမဝင် နေထိုင်လုပ်ကိုင်နေသူများသည် မိခင်နိုင်ငံသို့ တရားဝင်ပြန်ခွင့် ရရှိမည်ဖြစ်သလို မလေးရှားနိုင်ငံတွင် ဆက်လက်အလုပ်လုပ်ကိုင်လိုပါက တရားဝင် နေထိုင်လုပ်ကိုင်ခွင့် ရရှိကြမည်ဖြစ်သည်။

**လေယာဉ်တစ်စီး ပြေးလမ်းချော်သဖြင့် ရန်ကုန်လေဆိပ် ခေတ္တပိတ်လိုက်ရ**

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဇွန် –၁၈**

သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စီး ပြေးလမ်းချော်ခဲ့သဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဇွန် ၁၇ရက် ညနေတွင် ခေတ္တပိတ်လိုက်ရကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အတည်ပြုပြောကြားသည်။

"ညနေ လေးနာရီနောက်ပိုင်းဆင်းမယ့် လေယာဉ်တွေအားလုံး မဆင်းနိုင်ခဲ့ဘူး။ မန္တလေးသွားဆင်းတဲ့သူနဲ့ ဘန်ကောက်သွားဆင်းတဲ့သူ ဆင်းလိုက်ရတယ်"ဟု လေဆိပ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ရန်ကုန်မင်္ဂလာဒုံလေဆိပ်တွင် ပြေးလမ်းတစ်ခုသာရှိပြီး ဘီးချော်သွားသော လေယာဉ်အတောင်ပံမှာ ပြေးလမ်းနှင့် အနည်းငယ်ငြိနေသဖြင့် အခြားသော လေယာဉ်များမဆင်းသက်နိုင်ခြင်းဖြစ်ကြောင်း လေဆိပ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ သို့သော် ထိုကဲ့သို့ ဘီးချော်ပြီး နောက်တစ်နေ့နံနက်ပိုင်းမှစ၍ လေယာဉ်အားလုံး ပုံမှန်အဆင်းအတက်ပြုလုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။ "ပထမနေ့က ဖျက်လိုက်ရတဲ့ ခရီးသည်တွေကို နောက်တစ်နေ့ လေယာဉ်နဲ့ ပြန်ထည့်ပေးလိုက်ရတယ်" ဟု Air Asia လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။



7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

CRIME CORNER

## ဆိုင်ကယ်နှစ်စီးတိုက်ကာ မီးလောင်မှုဖြစ်



အိဖြူမွန်

ရန်ကုန်၊ ဇွန် – ၁၈

မန္တလေး-ရွှေဘို-မုံရွာ ကားလမ်း မိုင်တိုင်အမှတ်(၂၄/၂၅အကြားတွင် ဆိုင်ကယ်နှစ်စီးတိုက်ကာ မီးလောင်မှုကြောင့် ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူခဲ့ကြောင်း စစ်ကိုင်းမြို့ အမှတ်(၁) ရဲစခန်းမှ သတင်းရရှိသည်။

ဆိုင်ကယ်နှစ်စီးသည် မျက်နှာချင်းဆိုင် တိုက်မိခဲ့ပြီး ပြင်းထန်သောကြောင့် ဆိုင်ကယ်နှစ်စီး မီးလောင်ကျွမ်းခဲ့ကြောင်း တစ်ဖက်ဆိုင်ကယ်တွင် စီးနင်းလာသော ဘုန်းတော်ကြီးတစ်ပါးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဆေးရုံ၌ပင် ပျံလွန်တော်မူခဲ့ကြောင်း အခြားဆိုင်ကယ်တွင် စီးနင်းသူနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကာ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက် ကုသမှု ခံယူနေကြောင်း သိရှိရသည်။

ဆိုင်ကယ်တိုက်မှုမှာဇွန်၁၆ရက်ည၉နာရီမိနစ် ၂၀တွင်ဖြစ်ပွားခဲ့ခြင်းဖြစ် သည်။ ဆိုင်ကယ်မီးလောင်မှုကြောင့် ကားလမ်းတွင် ယာဉ်ကြောပိတ်ဆို့ခဲ့ပြီး မီးငြိမ်းသတ်ရန်အတွက် တစ်နာရီကြာမြင့်ခဲ့ကြောင်း မျက်မြင်တွေ့ခဲ့သူတစ်ဦးကပြောသည်။

"လမ်းမပေါ်မှာ မီးလောင်နေတာ တော်တော်ကြာတယ်။ ဆိုင်ကယ်နှစ်စီးမှာ တစ်စီးက ဘုန်းကြီးတစ်ပါးကတော့ သွေးအိုင်ထဲမှာ လဲနေတယ်။ လုံးဝ သတိမရတော့ဘူး။ နောက်နှစ်ယောက်ကတော့ သတိရသေးတယ်။ ဒါပေမဲ့ လုံးဝမထနိုင်တော့ဘူး။ စစ်ကိုင်း တိုးဂိတ်နဲ့ ပေ ၂၀၀၀ လောက်ကွာမယ်။ ရဲစခန်းကလည်းဝေးတော့ ကျွန်တော်ကိုယ်တိုင်ပဲ ရဲစခန်းကို ဖုန်းဆက်ပေးခဲ့ရတယ်။ ဆိုင်ကယ်တိုက်တာတော့မြင်ဖူးတွေ့ဖူးပါတယ်။ မီးလောင်တာတော့ မတွေ့ဖူးဘူး။ အတော်ပြင်းထန်တဲ့ပုံစံပဲ။ ဆိုင်ကယ်ဦးထုပ်ဆောင်းထားတာတော့မတွေ့မိဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယင်းယာဉ်တိုက်မှုကို စစ် ကိုင်းမြို့အမှတ်(၁)ရဲစခန်းတွင်ပန်ပါတ်၄၅၄/၂၀၁၁၊ပုဒ်မ၃၀၄-က/၃၃၈/၂၈၅ တို့ဖြင့် အမှုဖွင့်ထားသည်။

## အပေါင်ဆိုင်တွင် လုယက်မှုဖြစ်

အိဖြူလွင်

ရန်ကုန်၊ ဇွန် – ၁၆

အပေါင်ဆိုင်တွင်ရွှေဝယ်ချင်ယောင်ဆောင်၍ လုယတ်မှုတစ်ခု ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ မေလ ၃၁ ရက်ကဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၁၈ရပ်ကွက်၊မောင်းမကန်သာလမ်းရှိ မော်မော်အပေါင်ဆိုင်တွင် အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကျူးလွန်သူ၄ဦးမှာ လူငယ်များသာဖြစ်ကြောင်း သိရသည်။

အဆိုပါလူငယ်များထဲမှ ၂ဦးသည် အပေါင်ဆိုင်အတွင်းသို့ ရွှေဝယ်သူယောင်ဆောင်၍ ဝင်လာခဲ့ပြီး ရွှေဆွဲကြိုး ၂ ကုံးအား ထုတ်ပြစဉ် ဆွဲကြိုးများကိုယူ၍ အသင့်စောင့်ဆိုင်းနေသော နောက်ထပ်လူငယ် ၂ ဦးနှင့်အတူ စက်ဘီးများဖြင့် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အခင်းဖြစ်ပွားချိန်သည် နေ့ လယ် ၁ နာရီ ၄၅ မိနစ်ခန့်တွင်ဖြစ်ပြီး ရပ်ကွက်အတွင်းရှိလူများ၏သတင်းပေးချက်အရ နေ့လယ် ၃ နာရီခန့်တွင် ၁၈ ရပ်ကွက်ရှိ ပုလဲရတနာလမ်းနှင့် မြိတ်လမ်းထောင့်၌ပြစ်မှုကျူးလွန်သူများထဲမှနှစ်ဦးကိုဖမ်းဆီးရမိခဲ့ပြီး ညနေ ၄နာရီခန့်တွင် ကျန်လူငယ် ၂ဦးကိုလည်း ဖမ်းဆီးရမိခဲ့သည်ဟုသိရသည်။

ပြစ်မှုကျူးလွန်သူများမှာ အသက် ၁၇နှစ်မှ ၂၅ နှစ်အတွင်းရှိလူငယ်များဖြစ်ပြီး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါအမှုကို ဒဂုံမြို့သစ်တောင်ပိုင်းရဲစခန်းက၀၅၃၇/၂၀၁၁ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၈၂)၁၁၄ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိသည်ဟု သိရသည်။

ခရီးသွား လေကြောင်းလိုင်း

## အရှေ့အလယ်ပိုင်းအခြေစိုက်လေကြောင်းလိုင်းနှစ်ခု မြန်မာနိုင်ငံသို့ ပျံသန်းရန် စုံစမ်းမှုများ ပြုလုပ်

အောင်သူရ

ရန်ကုန်၊ ဇွန် – ၁၆

အရှေ့အလယ်ပိုင်း အခြေစိုက် လေကြောင်းလိုင်းများဖြစ်သော အမ်းမရိတ်လေကြောင်းလိုင်း နှင့် ကာတာလေကြောင်းလိုင်းများက မြန်မာနိုင်ငံသို့ ပျံသန်းရန်စုံစမ်းမှုများပြုလုပ်နေကြောင်း လေယာဉ်လက်မှတ်ရောင်း ကိုယ်စားလှယ်ကြီးများကပြောသည်။

"အမ်းမရိတ်လေကြောင်းလိုင်းက လာကြည့်ပြီးသွားပြီ။ မပြန်ဖြစ်ရင်တောင်ဂျီအက်စ်အေပေးဖို့တော့ သေချာသလောက်ရှိတယ်"ဟု Sun Far ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဂျီအက်စ်အေပေးတယ်ဆိုတာ ရုံးခွဲလာဖွင့်တာနဲ့အတူတူပါပဲ"ဟု လေယာဉ်လက်မှတ်ရောင်းကိုယ်စားလှယ်တစ်ဦးကပြောသည်။ အဆိုပါလေ ကြောင်းလိုင်းအနေဖြင့် ဂျီအက်စ်အေပေးရန် Sunfarနှင့် EPG ခရီးသွားကုမ္ပဏီတို့နှင့် ညှိနှိုင်းနေကြောင်းလည်း သိရှိရသည်။

အဆိုပါလေကြောင်းလိုင်း ပိုင် လေယာဉ်များမှာ မင်္ဂလာဒုံလေဆိပ်သို့ဆင်းသက်ရန် အခက်အခဲရှိသဖြင့် ယခုအခြေအနေအတိုင်း ပျံသန်းရန်ဖြစ်နိုင်ခြေနည်းကြောင်း အဆိုပါ တာဝန်ရှိသူက သုံးသပ်သည်။

ထို့အတူ ကာတာအဲဝေးလေကြောင်းလိုင်း၊ ဘန်ကောက်ရုံးခွဲမှ တာဝန်ရှိသူများလည်းလွန်ခဲ့သော နှစ်လခန့်မှစ၍ မြန်မာနိုင်ငံသို့ လာရောက်လေ့လာမှုများ ရှိခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်းတွင်တာဝန်ထမ်းဆောင်ခဲ့သူ ဝန်ထမ်းတစ်ဦးက ပြောသည်။

ကာတာလေကြောင်းလိုင်းသည် မြန်မာနိုင်ငံသို့ ပျံသန်းခြင်းအား ၂၀၀၈ ခုနှစ်မှ စတင်ရပ်နားထားခဲ့ပြီး ယခုအခါ အဒူဒါဘီအခြေစိုက် EY လေကြောင်းတစ်ခုသာ ဘန်ကောက်လေကြောင်းလိုင်းနှင့် Code Share စနစ်ဖြင့် ပျံသန်းလျက်ရှိသည်။

အဆိုပါ အရှေ့အလယ်ပိုင်း အခြေစိုက်နိုင်ငံများမှလေကြောင်းလိုင်းများ မြန်မာနိုင်ငံသို့ တိုက်ရိုက်ပျံသန်းပါက ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်ရာတွင် ပိုမိုလွယ်ကူသွားသဖြင့် ကမ္ဘာ့လှည့် ခရီးသွားများ ပိုမိုလာရောက်နိုင်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက သုံးသပ်ကြသည်။

လက်ရှိတွင် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်သူအများစုသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် လာရောက်ကြပြီး ၂၀၀၉ခုနှစ်တွင် ရန်ကုန်လေဆိပ်မှ ခရီးသည် ၄၄၄၁၀ဦးနှင့် ၂၀၁၀ပြည့်နှစ်တွင်၅၇၃၅၀ဦး ဇန်နဝါရီမှနိုဝင်ဘာလကုန်အထိ ဝင်ရောက်ခဲ့သည်။

## မိုးလွန်မိုးများ အန္တရာယ်သတိထားရတော့မည်

အောင်သူရ

ရန်ကုန်၊ ဇွန် – ၁၅

ယခုနှစ် မိုးလွန်ကာလဖြစ်သော အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာများတွင် မိုးလွန်မိုးများ၏ အန္တရာယ်ကို သတိထားရတော့မည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကပြောသည်။

"၁၉၇၈ ခုနှစ်နောက်ပိုင်းက စပြီး ဘင်္ဂလားပင်လယ်အော်မှာ တစ်နှစ်ကို ပျမ်းမျှမုန်တိုင်းခြောက်လုံးဖြစ်တယ်။ အဲဒီမတိုင်ခင်က တစ်နှစ်ကို ပျမ်းမျှလေးလုံးဖြစ်တယ်။ ဒီနှစ်အခြေအနေက မိုးကြိုမှာ တစ်လုံးမှမဖြစ်ဘူး။ ဒီအတိုင်းဆို စက်တင်ဘာအထိ တစ်လုံးမှမဖြစ်နိုင်တော့ဘူးဆိုတော့ မိုးလွန်ကာလဖြစ်တဲ့ အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ သတိထားဖို့လိုပြီ"ဟု ဦးထွန်းလွင်က ဟသ်ာတမြို့၌ ပြုလုပ်သော ဟောပြောပွဲတွင်ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ကလည်း မိုးကြိုကာလတွင်သာ မုန်တိုင်းတစ်လုံးဖြစ်ခဲ့ကာ မိုးတွင်းကာလတွင် တစ်လုံးမှမဖြစ်ပေါ်ခဲ့ဘဲ အောက်တိုဘာတစ်လအတွင်း မုန်တိုင်းသုံးလုံးဖြစ်ပေါ်ခဲ့ပြီး ဂီရိမုန်တိုင်းမှာ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်သော မုန်တိုင်းများအနက် မိုးကြိုနှင့် မိုးနှောင်းကာလများတွင် ဖြစ်ပေါ်သော မုန်တိုင်းများမှာ မြန်မာနိုင်ငံသို့ဝင်ရောက်လေ့ရှိသည်ဟု မိုးလေဝသမှတ်တမ်းများအရ သိရသည်။

ယခုဖြစ်ပေါ်နေသော မိုး လေဝသခန့်မှန်းချက်များအတိုင်း မိုးနှောင်းကာလတွင် မုန်တိုင်းမိုးများ ရွာသွန်းလာပါက မိုးစပါးများ အပျက်အစီးရှိနိုင်သဖြင့် တလင်းပျောက်စနစ်ကျင့်သုံးနိုင်သော ရိတ်သိမ်းခြွေလှေ့ စက်များ လိုအပ်လာပြီဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုကြသည်။

## သွေးလွန်တုပ်ကွေးရောဂါက နှစ်စဉ်ကပ်ရောဂါအသွင် ဖြစ်ပွားနေ

ဝတ်ရည်

ရန်ကုန်၊ ဇွန် – ၁၅



သွေးလွန်တုပ်ကွေးခြင်ပေါက်ဖွားရာနေရာများက ယခုကဲ့သို့ ရာသီချိန်တွင် အထူးသတိထားရမည့်နေရာများဖြစ်နေသည်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သွေးလွန်တုပ်ကွေးရောဂါသည် ယခင်ကနှစ်ခြား၍ ကပ်ရောဂါအသွင်ဖြစ်ပေါ်ရာမှ ၂၀၀၇ ခုနှစ်မှစ၍ နှစ်စဉ်ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားနေကြောင်း ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"အရင်ကဆို ၂ နှစ်၊ ၃ နှစ်လောက်မှ ကပ်ရောဂါပုံစံမျိုးဖြစ်ပေမယ့် ၂၀၀၇ နောက်ပိုင်းကစပြီး နှစ်စဉ် ကပ်ရောဂါပုံစံမျိုးဖြစ်တယ်။ ဒါပေမဲ့ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးတဲ့သူတော့ အရမ်းနည်းသွားတယ်" ဟု ကမ္ဘာ့သွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဦးလှမြင့်က ပြောသည်။

ပြောင်းလဲလာသော ရာသီဥတုများကြောင့် ရောဂါပိုးများ ပိုမိုပေါက်ဖွားကာ နေရာအနှံ့ရောဂါဖြစ်ပွားလာပြီး ယခုအချိန်တွင် သွေးလွန်တုပ်ကွေးရောဂါသည် ချင်းပြည်နယ်မှလွဲ၍ ကျန်နေရာဒေသအားလုံးတွင် ဖြစ်ပွားနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောဂါသည် မိုးတွင်းတွင်သာမဟုတ်တော့ဘဲ အချိန်မရွေးလည်း ဖြစ်ပွားနေပြီး ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများမှာ အဖြစ်အများဆုံးနေရာများဖြစ်ကြောင်း အဆိုပါ အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရာတွင် အရှေ့တောင် အာရှနိုင်ငံများ၌ အများဆုံးဖြစ်ပြီးဖြစ်ပွားသူများ၏ ၅၀ ရာခိုင်နှုန်းတွင်မြန်မာနှင့်ထိုင်းနိုင်ငံများ ပါဝင်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါပိုး စတင်တွေ့ရှိသည့် ၁၉၇၀ ပြည့်နှစ်တွင် ဖြစ်ပွားသူ ၁,၆၅၄ ဦးအနက် ၉၁ ဦးသေဆုံး၍ ရာခိုင်နှုန်းအားဖြင့်လူ၁၀၀လျှင်၆ဦးနှုန်းသေဆုံးခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင်လူ ၁၀၀ လျှင် တစ်ဦးနှုန်းသာ သေဆုံးတော့ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးက ပြောကြားသည်။


TRI
LIVES BRILLIANTLY
Accessories Pocket
2 Layers
Adjustable & Water-resistance Wrist
4 Colors
KEEP GO
FOR RAINING DAYS


Giorenzo
RAIN COAT
THE QUALITY OF DREAM
MEN'S AND LADIES' WEAR!

7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# ကစားကွင်းများတွင်အပန်းဖြေသူများအတွက် ထိခိုက်မှုအာမခံစနစ်ထားရှိသင့်



မတော်တဆမှုဖြစ်ခဲ့သည့် ပြည်သူ့ရင်ပြင်အတွင်းရှိ ရေလျှောလျှော

ဓာတ်ပုံ - နေလင်းထွန်း

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန် - ၉**

အများပြည်သူသွားရောက်အပန်းဖြေနားနေရန်အတွက် ဖွင့်လှစ်ထားသည့် ကစားကွင်းများအနေဖြင့်လာရောက် အပန်းဖြေသူများ ထိခိုက်မှုရှိပါက အထောက်အပံ့ရနိုင်မည့် အာမခံစနစ်ထားရှိမှုများပြုလုပ်ထားသင့်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က အကြံပြုပြောကြားသည်။

"ဒီမှာက အာမခံကြေးထားတယ်ဆိုတာကို အလေ့အကျင့်မရှိသလောက်ဘဲ။ အာမခံကြေးထားတာက တစ်ယောက်ကို ၁၀ ကျပ်၊ ၂၀ ကျပ်လောက်ပဲကုန်တာဆိုတော့ ဘယ်လောက်မှမရှိပါဘူး။ အပန်းဖြေရှင်း၊ ကစားရင်း ထိခိုက်တဲ့ အဖြစ်မျိုးတွေ မဖြစ်နိုင်ဘူးလို့ ရာနှုန်းပြည့်ပြောလို့မရဘူး။ ကစားကွင်းစည်းကမ်းသတ်မှတ်ချက်တွေထဲမှာ ထိခိုက်နစ်နာတဲ့ကာယကံရှင်ကိုလျော်ကြေးပြန်ပေးရမယ်ဆိုတဲ့ သတ်မှတ်ချက်မပါဘူး။ ကုမ္ပဏီက အတတ်နိုင်ဆုံးအနေနဲ့ အာမခံစနစ်လုပ်ပေးထားသင့်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြည်သူ့ရင်ပြင်ရေလျှောလျှောဥယျာဉ်အတွင်း ဖြစ်ပွားခဲ့သည့်မတော်တဆမှုများနှင့် ပတ်သက်၍ အကြံပြုပြောကြားသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကန်ထရိုက်ဆွဲကာအများပြည်သူ အပန်းဖြေကစားကွင်းများဖွင့်လှစ်ရန် စာချုပ်ချုပ်ရာတွင် လိုက်နာရမည့်အချက် ၂၀ ကျော်ပါဝင်ပြီး လာရောက်အပန်းဖြေသူများ ထိခိုက်ဒဏ်ရာရပါက ကာယကံရှင်များအားပြေပြေလည်လည် ဆောင်ရွက်ပေးရန်နှင့်မတော်တဆမှုများဖြစ်ပါက လိုင်စင်ပိတ်သိမ်းသည်အထိပြုလုပ်မည့်အချက်လည်းပါဝင်ကြောင်း သိရသည်။

"လာကစားတဲ့ သူတွေကလည်းကစားကွင်းတွေက ထုတ်ပြန်ထားတဲ့ စည်းကမ်းတွေကိုလိုက်နာဖို့ လိုအပ်ပါတယ်" ဟုအထက်ပါပုဂ္ဂိုလ်က ဆက်လက် အကြံပြုသည်။

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ပန်းဥယျာဉ်အတွင်း ရေလျှောလျှောစီးတွင် ပြီးခဲ့သည့်ဇွန်လ ပထမပတ်က ရေလျှောလျှောစီးစဉ် မတော်တဆဖြစ်ပွားမှုကြောင့် လူသေဆုံးမှုနှင့် လက်ချောင်းများပြတ်ရှခဲ့သည့်အမှုတို့ဖြစ်ပွားခဲ့ရာ ကစားကွင်းများတွင် မည်သို့စည်းကမ်းချက်များ ထုတ်ပြန်ထားသည်ဆိုသောအချက်ကိုမေးမြန်းရာ အထက်ပါပုဂ္ဂိုလ်က ယခုကဲ့သို့ ပြန်လည်ရှင်းပြခဲ့ခြင်းဖြစ်သည်။

## အစိုးရသစ်လက်ထက် နိုင်ငံရေး ပါတီသစ်တစ်ခု ပထမဆုံး တည်ထောင်ခွင့်လျှောက်ထား

**အိဖြူလွင်**

**ရန်ကုန်၊ ဇွန် - ၁၇**

ပြည်သူ့ဒီမိုကရေစီပါတီအမည်ရှိ နိုင်ငံရေးပါတီအသစ်တစ်ခုတည်ထောင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဇွန် ၁၃ ရက်ကလျှောက်ထားခဲ့ကြောင်း သိရသည်။

ပြည်သူ့ဒီမိုကရေစီ (People Democracy Party) ကိုတည်ထောင်ခွင့်ပြုရန် ဒေါက်တာသန်းထိုက်ဦး ပါဝင်သော ပုဂ္ဂိုလ် ၁၇ဦးက ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထိုလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ၄နှင့် ပုဒ်မ ၆ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိမရှိစိစစ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မေတ္တာရပ်ခံညှိနှိုင်းထားကြောင်း ဇွန် ၁၆ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြချက်အရသိရသည်။

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီအရေအတွက် ၃၇ပါတီရှိခဲ့သည်။

ယခုပါတီတည်ထောင်ရန် လျှောက်ထားသူများသည်ဥပဒေပြဋ္ဌာန်းချက်များနှင့်ညီ၍ ပါတီတည်ထောင်ခွင့်ရရှိပါက နိုင်ငံရေးပါတီ အရေအတွက် ၃၈ခုထိ ရှိလာတော့မည်ဖြစ်သည်။

## ကျောင်းအပ်နှံရာတွင် ငွေကြေးကောက်ခံကြောင်းတိုင်ကြားသည့်အမှု ၅ခုအရေးယူ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၁၇**

ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ ယခုနှစ်ကျောင်းဖွင့်ကာလ ကျောင်းအပ်နှံရာတွင်ငွေကြေးကောက်ခံမှုကြောင့် အရေးယူဆောင်ရွက်မှု၅မှုရှိခဲ့ကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှသိရသည်။

ကျောင်းအပ်နှံရာတွင် အလှူငွေကောက်ခံသော ကျောင်းများအား တိုင်ကြားနိုင်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းထုတ်ပြန်ပြီးနောက် ကျောင်းသားမိဘများလာရောက်တိုင်ကြားခြင်းပြုခဲ့ရာမှ ကျူးလွန်သောပြစ်ဒဏ်အလိုက် ထိုက်တန်သော အပြစ်ပေးမှုများရှိခဲ့ကြောင်း ၎င်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လက်ရှိအရေးယူထားတာငါးခုရှိပါတယ်။ ကျူးလွန်တာနဲ့ထိုက်တန်တဲ့အပြစ်ပေးတယ်။ အပြောင်းအရွှေ့လုပ်တယ်။ ပြင်းထန်စွာသတိပေးတယ်။ တိုင်ကြားတာ အရေးယူတာတွေက အရင်နှစ်တွေတုန်းကလည်းဒီလိုပဲရှိပါတယ်။ ဒီနှစ်တော့ မူလတန်းက အခမဲ့ပညာရေးဖြစ်တဲ့အတွက် ငွေကောက်တာကိုလုံးဝလက်မခံပါဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ကျောင်းများတွင် ငွေကောက်ခံခြင်းနှင့်ပတ်သက်၍တိုင်ကြားရာတွင် ပုဂ္ဂိုလ်ရေးမပြေလည်၍တိုင်ကြားသူများနှင့် မည်သူမည်ဝါဖြစ်ကြောင်း တိကျစွာဖော်ပြထားခြင်းမရှိသောတိုင်ကြားမှုများကိုလည်း တွေ့ရှိရကြောင်း၎င်းကပြောသည်။ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ တိုင်ကြားလိုပါက သက်ဆိုင်ရာအမည်၊ မှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာတို့ဖြင့် တိုင်ကြားရမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာအဆင့်တွင် ပညာရေးဝန်ထမ်းပေါင်း လေးသောင်းသုံးရာနှစ်ဆယ့်ခြောက်ဦးတာဝန်ထမ်းဆောင်လျက်ရှိကြောင်း အထက်ပါဌာနမှသိရသည်။

# မြန်မာနိုင်ငံတွင်ဆင်းရဲနွမ်းပါးမှုသိသာစွာလျော့ကျဟုဆို

**အေးမြကျော်**

**ရန်ကုန် - ဇွန် ၁၇**

**မြန်မာနိုင်ငံတွင်ဆင်းရဲနွမ်းပါးမှုနှုန်းမှာ၂၀၀၉ - ၂၀၁၀တွင်၂၆ရာခိုင်နှုန်းသို့လျော့ကျလာကြောင်းကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP ကသတင်းထုတ်ပြန်ခဲ့သည်။**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ယူအင်န်ဒီပီတို့ ပူးပေါင်းပြုလုပ်ခဲ့သော အိမ်ထောင်စုစားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်းတစ်ခုကို ၂၀၀၄-၂၀၀ တွင် စတင်ကောက်ယူခဲ့ပြီး၅ နှစ်အကြာတွင် ပြန်လည်ကောက်ယူခဲ့ရာထိုစစ်တမ်းအရမြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုသိသာစွာလျော့ကျလာသည်ကို တွေ့ရကြောင်း ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းကစစ်တမ်းကို ကိုးကားကာ ဇွန်လ၆ရက်နေ့က နေပြည်တော်တွင်ပြောကြားခဲ့သည်။

အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း၂၀၁၀တွေ့ရှိချက်ဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း နေပြည်တော်တွင် ဇွန်လ၆ရက်က ကျင်းပခဲ့ပြီး ဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူအင်န်ဒီပီနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံအနှံ့ရှိ မြို့နယ်၁၁၆ မြို့နယ်မှ အိမ်ထောင်စုပေါင်း ၁၈၆၆၀ကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် စတင်စစ်တမ်းကောက်ယူခဲ့ပြီးငါးနှစ်အကြာတွင် အရေအတွက်တူ၊ နမူနာအိမ်ထောင်စုများကိုစစ်တမ်းပြန်လည်ကောက်ယူခဲ့ကြောင်း ယူအင်န်ဒီပီက သတင်းထုတ်ပြန်သည်။

ထိုသို့စစ်တမ်းကောက်ယူခဲ့ရာ ၂၀၀၄ -၂၀၀၅ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေနှင့် ဆင်းရဲနွမ်းပါးမှုမှာ ၃၂ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၉-၂၀၁၀တွင် စစ်တမ်းတွင်မှု မြန်မာတစ်နိုင်ငံလုံးဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၆ရာခိုင်နှုန်းသို့လျော့နည်းကျဆင်းလာကြောင်း သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယူအင်န်ဒီပီ၏သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုမှာ သိသာစွာလျော့ကျလာပြီဖြစ်သော်လည်း နေအိမ်လုံလောက်စွာရရှိရေးမှာမူ လိုအပ်ချက်များရှိနေသေးကြောင်းထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးအလုပ်ရုံဆွေးနွေးပွဲကိုမေလ ၂၀ရက်မှ ၂၂ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# မောင်းနှင်နေသော ခရီးသည်တင်ကားပေါ်သို့ နှစ်ရှည်ပင်လဲပြိုပြီ

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန် - ၁၉**

**ယနေ့ နံနက် ၇း၄၅ နာရီခန့်တွင် ရန်ကုန် - အင်းစိန်လမ်းပေါ်ရှိ သံလမ်းမှတ်တိုင်အနီးတွင် အင်းစိန်ဘက်မှ မောင်းနှင်လာသော ခရီးသည်အပြည့်တင်ဆောင်လာသည့် (၂၁၄) အထူးယာဉ်လိုင်းတစ်စီးနှင့် ရပ်နားထားသည့် လိုက်အေ့စ်ကားတစ်စီးပေါ်သို့ နှစ်ရှည်သစ်ပင်ကြီးတစ်ပင်ပြိုလဲကျမှုကြောင့် နာရီအတန်ကြာ ကားလမ်းပိတ်ဆို့မှုတစ်ခုဖြစ်ပွားခဲ့သည်။**

လှိုင်မြို့နယ်၊ လှိုင်ရတနာ အိမ်ရာရှေ့ရှိ ညောင်ပင်မျိုးထားသော ကုက္ကိုပင်သည် အနောက်ပိုင်းတက္ကသိုလ်မှ ယုဇနဥယျာဉ်မြို့တော်သို့ပြေးဆွဲလျက်ရှိသည့် အထူးကားပေါ်သို့ ပြိုလဲကျခဲ့ပြီး ခရီးသည် ၃ဦး ဒဏ်ရာရခဲ့ကာ ပြင်းထန်စွာထိခိုက်မှုသေဆုံးမှုမရှိခဲ့ကြောင်း အခင်းဖြစ်ပွားနေရာတွင်လုံခြုံရေးနှင့် ကြီးကြပ်ရေးတာဝန်ကျလျက်ရှိသည့် ရဲအရာရှိတစ်ဦးကပြောသည်။

"နှစ်ရှည်သစ်ပင်ကြီးက မြေကနူးနေတော့ ဝိတ်မနိုင်ဘဲ လဲကျတာပါ။ အမျိုးသား နှစ်ယောက်နဲ့ အမျိုးသမီး တစ်ယောက်ပွန်းပဲ့ထိခိုက်ဒဏ်ရာနည်းနည်းပဲရတယ်။ အများကြီးမဟုတ်ဘူး"ဟု အထက်ပါ ရဲအရာရှိကပြောသည်။

အဆိုပါဒဏ်ရာရရှိသူများ ဦးခေါင်းထိပ်နာကျင်ခြင်း၊ ယာလက်ကောက်ဝတ်နှင့် တံတောင်ဆစ်ပြတ်ရှခြင်း၊ ယာခြေထောက်ဖူးရောင်ခြင်းတို့ကို အသီးသီးခံစားခဲ့ရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

"သံလမ်းမှတ်တိုင်မှာ ခရီးသည်တစ်ယောက်ချခဲ့ပြီး ထွက်လာတာ အဲဒီအပင်ရှေ့ရောက်တော့ သစ်ကိုင်းလေးတစ်ကိုင်းကျိုးကျတယ်။ ကားကိုဘရိတ်အုပ်ပြီး ရပ်လိုက်တော့ အပင်ကြီးက အမြစ်လိုက်ကျွတ်ပြီး တအိအိနဲ့



**ကားပေါ်တွင်ပိနေသည့် ညောင်ပင်မျိုးထားသည့် ကုက္ကိုပင်အား ခုတ်ထွင်ရှင်းလင်းကာ ဖယ်ရှားရန်ကြိုးစားနေစဉ်**
ဓာတ်ပုံ - ဇာဇာနီ

ကားပေါ်ကို ပြိုကျလာတယ်။ မောင်းပြေးရင် နောက်ခန်းကိုပိပြီး ခရီးသည်တွေသေနိုင်တယ်။ အဲဒါကြောင့် ခေါင်းဘက်အကျမှာ ကားကိုရပ်လိုက်တာ ပွန်းပဲ့တဲ့ ခရီးသည်တော့ ၂ ယောက်မြင်လိုက်တယ်။ ကျွန်တော်လည်း ခေါင်းပေါက်သွားတယ်"ဟု အဆိုပါအထူးယာဉ်မောင်းနှင်လာသည့် အသက် ၃၀ အရွယ်ယာဉ်မောင်းကို မင်းကျော်မြင့်ကပြောသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ အမှတ်(၁)ရဲဒေသမှူး ရဲမှူးကြီး မင်းချစ်ဦး ဦးဆောင်သော အဖွဲ့ဝင်များ၊ မြို့တော်စည်ပင်၊ ပန်းဥယျာဉ်ဌာနမှ ကရိန်းကားနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လာရောက်ကူညီရှင်းလင်းလျက်ရှိသည်ကိုတွေ့ရသည်။

# အထည်ချုပ်စက်ရုံ မီးလောင် စက်ရုံတွင်းပစ္စည်းအားလုံး ဆုံးရှုံး

**အိဖြူလွင်**

**ရန်ကုန်၊ ဇွန် - ၂၀**

သဃ်န်းကျွန်းမြို့နယ် ၁၆ရပ်ကွက် အပိုင်း-၄ရှိ အထည်ချုပ်စက်ရုံ မီးလောင်မှု ယနေ့နံနက်၉နာရီက ဖြစ်ပွားခဲ့ရာ စက်ရုံနှင့် အတွင်းရှိ ပစ္စည်းအားလုံး မီးလောင်ဆုံးရှုံးသွားခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက အတည်ပြုပြောကြားသည်။

မီးလောင်ကျွမ်းချိန် မိနစ် ၄၀ ခန့်ကြာမြင့်ခဲ့ပြီး စက်ရုံမှာ အလုံပိတ်ဖြစ်နေသောကြောင့် မီးလောင်မှု စတင်ဖြစ်ပွားခြင်းကို အနီးပတ်ဝန်းကျင်ရှိလူများ ချက်ချင်းမသိရှိခဲ့ရဘဲ အချိန်အတော်ကြာမှသာ သိရှိခဲ့ရသည်ဟု သိရသည်။

"စက်ရုံက အရင်က ပိတ်ထားတာ၊ အခု ပြန်ဖွင့်တာ သုံးလလောက်ပဲရှိဦးမယ်။ လူနေရပ်ကွက်ထဲမှာ ဒီလို စက်ရုံတွေ လာဖွင့်တာ မီးအန္တရာယ်ကြောက်ရလို့ အရင်ကတည်းက လန့်နေတာ၊ ပြီးတော့ အထည်ချုပ်စက်ရုံတွေက မော်တာနဲ့ဆိုတော့ မီးလည်း အရမ်းသုံးကြတယ်လေ"ဟု အထည်ချုပ်စက်ရုံများ လူနေရပ်ကွက်အတွင်း တည်ရှိနေခြင်းကို



**မီးငြိမ်းသတ်ပြီးနောက်တွေ့ရသည့် အထည်ချုပ်စက်ရုံအဆောက်အအုံ**
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မကြိုက်သော အဆိုပါ အပိုင်း-၄ ရပ်ကွက်၌ နေထိုင်သူတစ်ဦးက ပြောသည်။

"သူတို့ စက်ရုံပြန်ဖွင့်မှပဲ မီးအားလည်းကျသွားတာ၊ ၁၅၀-၁၆၀ လောက်ပဲ ဗို့အားရှိတော့တာ။ အိမ်တွေတောင် မီးအားမြှင့်စက်တွေ ခံသုံးမှရတော့တယ်"ဟု ရပ်ကွက်နေသူ အသက် ၅၀ခန့် အမျိုးသမီးတစ်ဦးကပြောသည်။

စက်ရုံ မီးလောင်ချိန်တွင် အထည်ချုပ် ဝန်ထမ်းအမျိုးသမီးများ အယောက် ၂၀ခန့်နှင့် အသက်၈၀ခန့်ရှိ အဘွားတစ်ဦးသာ စက်ရုံတွင်ရှိနေခဲ့သည်ဟု သိရသည်။

မီးလောင်ရာသို့မီးသတ်ယာဉ် ၂၀ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးဖြင့် ငြိမ်းသတ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ အဆောက်အအုံတန်ဖိုး ကျပ်သိန်း ၂၀ နှင့် စက်ပစ္စည်းတန်ဖိုး ကျပ်၁၇ သိန်းဖြစ်သည်ဟု မီးသတ်ဦးစီးဌာန၏ တွက်ချက်မှုအရသိရသည်။

မီးလောင်မှုဖြစ်ပွားသော အဆောက်အအုံသည် သုမင်္ဂလာလမ်းမပေါ်တွင် တည်ရှိခြင်းနှင့် အနီးပတ်ဝန်းကျင်ရှိအိမ်များမှာ တိုက်ခံအိမ်များသာဖြစ်ခြင်း၊ မီးသတ်ကားများ အချိန်မီရောက်လာခြင်းတို့ကြောင့်သာ မီးသည် အနောက်ဘက်ခြမ်းရှိ ရပ်ကွက်သို့ မကူးစက်ခဲ့ခြင်းဖြစ်ကြောင်း စက်ရုံ၏ အနောက်ဘက်ရပ်ကွက်တွင် နေထိုင်သူကပြောသည်။

အဆိုပါမီးလောင်မှုကို သဃ်န်းကျွန်းရဲစခန်းတွင် ပုဒ်မ ၂၈၅ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

# သံတွဲရေကြီးမှု လူအသေအပျောက်ရှိ

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန် - ၂၀**

ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ယခုလ ၁၈ရက်က စံချိန်တင်မိုးရွာသွန်းခဲ့မှုကြောင့် ရေကြီးမှုဖြစ်ခဲ့ကာ လူအသေအပျောက်ရှိခဲ့ကြောင်း သံတွဲဒေသခံတစ်ဦးကပြောသည်။


"ရေအားလျှပ်စစ်စီမံကိန်းရုံးနားမှာ လူတစ်ယောက် မူးပြီး ရေနစ်သေတယ်။ ပြီးတော့ ငပလီဘက်သွားတဲ့လမ်းပေါ် အမှတ် (၂) ရပ်ကွက်၊ တံတားချောင်းနားမှာ ကလေးတစ်ယောက် ချောက်ထဲပြုတ်ကျပြီးသေတယ်။ တံတားတွေက ရေကြီးတော့ ရေမြုပ်နေတယ်လေ။ အဲဒီနေ့က စာသင်ကျောင်းတွေလည်း ပိတ်လိုက်ရတယ်"ဟု သံတွဲမြို့လယ်ရှိစံရိပ်ငြိမ်တည်းခိုခန်းမှ ဒေသခံတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်၊ သံတွဲမြို့သည် မြန်မာနိုင်ငံ၏ မိုးရေချိန်လက်မအမြင့်ဆုံးရွာသွန်းလျက်ရှိရာ ပြီးခဲ့သည့် ၁၇ရက်မှ စတင်ကာ ရေကြီးလာသဖြင့် လူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရပြီး မြို့ပေါ်ရပ်ကွက်အလိုက် အလှည့်ကျ ကယ်ဆယ်ရေး ထမင်းထုပ်များ ဝေငှနေရကြောင်း ဒေသခံများထံမှသတင်းရရှိသည်။

"နွားတွေ၊ ကြက်တွေ၊ ဝက်တွေ၊ လူတွေအားလုံး ဓမ္မာရုံကို ပြေးကြတယ်။ မနေ့ညက မိုးတအားရွာတယ်။ ဒီလိုပဲ နှစ်တိုင်းပြေးကြရတယ်။ အခုတာဝန်ကျတဲ့ ရပ်ကွက်အလိုက် ထမင်းထုပ်တွေဝေနေကြတယ်။ ကျွန်တော်တို့ ရပ်ကွက်ကိုတော့ အလှည့်မရောက်သေးလို့ ထင်တယ်။ နှီးဆော်တာမျိုး မလုပ်သေးဘူး"ဟု သံတွဲမြို့ ငကျော်တောင်ရပ်ကွက်မှ ဒေသခံတစ်ဦးက ညောင်ပင်ဈေးရပ်ကွက်တွင် ရေကြီးနေသည့်အကြောင်း ရှင်းပြသည်။

ယနေ့ မနက်တွင် သံတွဲချောင်းမှ ရေပိုတက်လာပြီး မြို့ပေါ်ဈေးပိတ်ထားရကြောင်း သံတွဲဈေးအနီးတွင် နေထိုင်သူတစ်ဦးကပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## ၂၀၁၁ ခုနှစ် ဇွန်လ တတိယ ၁၀ ရက်ပတ် အတွက်

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ပါသည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ရက်မှ ၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်မှ ၄ရက်ခန့် မိုးရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၇၀စင်တီမီတာ(၉-ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၂၁၀ စင်တီမီတာ(၇-ပေခန့်) ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၈၀ စင်တီမီတာ (၆-ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၃၀၀ စင်တီမီတာ(၁၀-ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၂၁၀ စင်တီမီတာ(၇-ပေခန့်)လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## ပြည်သူလူထု လှူဒါန်းမှုဖြင့် ပုဂံ ရှေးဟောင်းသာသနိကအဆောက်အအုံ ၂၄၀၀ခန့် ပြုပြင်ပြီးစီး

**အိဖြူမွန်**


**ရန်ကုန်**
**ဇွန် - ၁၈**

ပုဂံမြို့ရှိ ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းနှင့် သာသနိက အဆောက်အအုံများကို ပြည်သူလူထု လှူဒါန်းငွေဖြင့် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ၁၄နှစ်ကျော်ကာလအတွင်း စုစုပေါင်း ၂၄၀၀ ခန့် ပြုပြင်ပြီးစီးခဲ့ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။

ယင်းပမာဏသည် ၁၉၉၆ ခုနှစ်မှစ၍ ပြည်သူလူထု လှူဒါန်းငွေများဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ပုဂံမြို့တွင် နှစ်ပေါင်း ၁၀၀၀ ကျော်သည့် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းနှင့် သာသနိက အဆောက်အအုံပေါင်း ၃၀၀၀ ကျော်ရှိသည်။ အချို့ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းနှင့် သာသနိကအဆောက်အအုံများသည် ၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်က အင်အားကြီးပြင်းထန်သော ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

ယခုနှစ်တွင်လည်း ယိုယွင်းပျက်စီးနေသော ဘုရားစေတီ ၁၂၃ ဆူ၊ မြေခပျက်စီးခဲ့သော မြေကုန်းကြီးသဖွယ်ဖြစ်နေသည့် အုတ်ကုန်းပေါင်း ၈၉၂ ကုန်း ပြုပြင်ထိန်းသိမ်းရန်အတွက် စေတနာရှင် အလှူရှင်များကို ဖိတ်ခေါ်လျက်ရှိသည်။

ပုဂံမြို့သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိရာ ရှေးဟောင်းမြို့တော် ဖြစ်ခဲ့သလို နိုင်ငံခြားသားခရီးသည်များနှင့် ပြည်တွင်းရှိခရီးသွားများလေ့လာရာ ခရီးသွားမြို့တော်လည်းဖြစ်သည်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လှည့်ပတ်မှုဖြင့် နိုင်ငံခြားငွေရှာဖွေပေးနေသော မြို့လည်းဖြစ်သည်။



ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

## နေပြည်တော်အတွင်း ဗုံးပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် အများပြည်သူ သွားလာရာနေရာများကို လုံခြုံရေးတပ်လှန့်ထား

**ကျော်သီဟ**

**ရန်ကုန်၊**
**ဇွန် - ၁၅**

နေပြည်တော်မြို့မဈေးနှင့် ရထားလမ်းပိုင်းတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားနေခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ သွားလာရာ အဆင့်မြင့်ဈေးကြီးများနှင့် အရောင်းစင်တာများတွင် လုံခြုံရေးတပ်လှန့်မှုများ ပြုလုပ်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေးအကြောင်းကြားထားသည်။

နေပြည်တော်မြို့မဈေးရှိ အများသုံးအိမ်သာ(သန့်စင်ခန်း)တွင် ဇွန်လ ၁၀ရက် ည ၉နာရီက ဗုံးပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး မေလ ၁၈ရက်က နေပြည်တော် တပ်ကုန်းမြို့နယ် ရထားလမ်းပိုင်း မိုင်တိုင် ၂၄၉ တွင် လူစီးရထားတွဲပေါ်၌ ဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးကာ ကိုးဦး ဒဏ်ရာရရှိခဲ့၍ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများအား မေလ ၂၉ရက်တွင် ဖမ်းမိခဲ့သည်။

အထက်ပါဖြစ်စဉ်များနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကလည်း လုံခြုံရေးဆိုင်ရာလိုအပ်ချက်များအား သတိပေးနိုးဆော်ခဲ့သည်။ ထိုသို့ အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုများ မရှိစေရေးအတွက် လုံခြုံရေးစနစ်တကျချထားရန်၊ အဆင့်မြင့်ဈေးများနှင့် အရောင်းစင်တာများတွင် စီစီတီဗီ(လုံခြုံရေးကင်မရာ) များမှတ်တမ်းတင်ထားရှိမှု စနစ်ကောင်း၊ မကောင်းပြန်လည်စစ်ဆေးရန်၊ အပ်နှံသည့်ပစ္စည်းများ အလွယ်တကူလက်မခံဘဲ သေချာစွာစစ်ဆေးရန်၊ လုံခြုံရေးဝန်ထမ်းများ မိုင်း/ဗုံးအသိသတိရှိရန်၊ လိုအပ်ပါက ပစ္စည်းပိုင်ရှင်ကိုယ်တိုင်အား ဖွင့်ဖောက်စေပြီး စစ်ဆေး၍ မသင်္ကာဖွယ်ပစ္စည်းများတွေ့လျှင် သဲအိတ်၊ ဆန်အိတ်၊ တာယာကွင်းများဖြင့် ကာရံထားရန်နှင့် ရဲတပ်ဖွဲ့အား ချက်ချင်းသတင်းပို့ရန် ဇွန်လပထမပတ်က သက်ဆိုင်ရာဈေးဝယ်စင်တာများအား တိုင်းဒေသကြီးရဲတပ်ဖွဲ့က အသိပေးတိုက်တွန်းထားကြောင်းရသည်။

## မထသ ၂၁၃အထူးယာဉ်လိုင်း ခရီးသည်နည်းသဖြင့် လမ်းကြောင်းခွဲပြေးဆွဲ

**မေဝင်းမွန်**

**ရန်ကုန်၊ ဇွန် - ၁၅**

ဒဂုံတက္ကသိုလ်သို့ပြေးဆွဲလျက်ရှိသည့် မထသ ၂၁၃ အထူးယာဉ်လိုင်းမှာ ယာဉ်အစီးရေများပြားကာ ခရီးသည်ရရှိမှုနည်းပါးသဖြင့် ယခုလ ၉ရက်မှစကာ စက်ဝိုင်းပတ်စနစ်ဖြင့် လမ်းကြောင်းခွဲပြေးဆွဲခဲ့သည်ဟု သိရသည်။

ဒဂုံတက္ကသိုလ်မှ ဒဂုံတောင်/မြောက်လမ်းဆုံ၊ သုဝဏ္ဏ၊ အေဘီစီ၊ စက်ဆန်း၊ ပုဇွန်တောင်၊ လသာ၊ အလုံ၊ ကြည့်မြင်တိုင်၊ ဆင်မလိုက်အထိပြေးဆွဲပြီး ခရီးမိုင် ၂၀ရှိကာ စက်ဝိုင်းပတ်စနစ်ပြောင်းလဲလိုက်သော်လည်း ပုံမှန်ယာဉ်စီးခ ၂၀၀ကျပ်ဖြင့်သာ ပြေးဆွဲကြောင်းသိရ သည်။

၂၁၃ အထူးယာဉ်လိုင်းမှာ ယခင်ကယာဉ်စီးရေ ၂၆ စီးဖြင့် ပြေးဆွဲခဲ့ရာမှ လက်ရှိတွင် ၃၉ စီးရှိကာ နေ့စဉ်ဝင်ငွေလျော့နည်းလာမှုအတွက် အဖွဲ့နှစ်ဖွဲ့ခွဲကာ၊ ယာဉ်အစီး ၂၀ ကိုလက်ဝဲရစ်၊ ယာဉ်၁၉စီးကိုလက်ယာရစ်အဖြစ်မူရင်းလမ်းကြောင်းကိုအခြေပြုကာ လမ်းကြောင်းမထပ်အောင်ပြေးဆွဲခြင်းဖြစ်သည်။

ခရီးသည်တင်ယာဉ်လိုင်းများတွင် ယာဉ်စီးရေများပြားကာ ခရီးသည်ရရှိမှုနည်းပါးသည့်ယာဉ်လိုင်းများကို စက်ဝိုင်းပတ်စနစ်ဖြင့်သာ ပြေးဆွဲသွားဖွယ်ရှိကြောင်း မထသမှသိရသည်။


## မသန်စွမ်းကလေးငယ်များအတွက် စိတ်ဓာတ်မြင့်တင်ရေးပြိုင်ပွဲများ ပြုလုပ်မည်

**မြတ်စုမွန်**

**ရန်ကုန်၊**
**ဇွန် - ၁၆**

ကိုယ်အင်္ဂါမသန်စွမ်းသည့် ကလေးငယ်များအား စိတ်ဓာတ်မြှင့်တင်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ပျော်ပွဲရွှင်ပွဲများ၊ ဂိမ်းပြိုင်ပွဲများကို ဇူလိုင် ၃ ရက်တွင်ကန်တော်ကြီး အပန်းဖြေဥယျာဉ်အတွင်း ပြုလုပ်သွားမည်ဖြစ်ရာ မသန်စွမ်းကလေးငယ်များ လာရောက်ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ သတင်းရရှိသည်။

"ကလေးတွေကို Physco Social Support လုပ်ပေးတဲ့အနေနဲ့ပြိုင်ပွဲလေးတွေ၊ ဂိမ်းဆော့တာတွေလုပ်ပေးဖို့ စီစဉ်ထားတယ်။ ကလေးအယောက် ၁၀၀ ဝင်ပြိုင်ခွင့်ရှိတယ်လို့ သတ်မှတ်ထားပါတယ်။ အဲဒီနေ့ကျင်ရင် မသန်စွမ်းကလေး မည်သူမဆိုအားလုံးပါဝင်နိုင်တယ်။ ကန်တော်ကြီးဝင်ပေါက်မှ ဂိတ်ဝင်ခွင့်ကြိုလုပ်ပေးထားပါမယ်" ဟု အသင်း၏ နည်းပညာအကြံပေးတာဝန်ခံ မအိုင်းရင်းက ပြောသည်။



**လှေလှော်ရေးခရီးအစီအစဉ်တစ်ခုတွင် ထောက်ကြန့်စစ်သချိုင်း၌ တွေ့ရသည့် မသန်စွမ်းကလေးငယ်တစ်ဦး** ဓာတ်ပုံ - မြတ်စုမွန်

အဆိုပါပြိုင်ပွဲကို မသန်စွမ်းမှုအမျိုးမျိုးနှင့် ကလေးငယ်များအတွက်ဖွင့်လှစ်ထားသည့် ကျောင်းများမှ ကလေးငယ်များ ပါဝင်ကြမည်ဖြစ်ပြီး ပြင်ပမှ မသန်စွမ်းကလေးငယ်များလည်း လာရောက်ဆင်နွှဲနိုင်ကာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အချိန်သတ်မှတ်ထားကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကဦးဆောင်သော Dream Boat အဖွဲ့က ကလေးများပျော်ရွှင်စေရန် ဂိမ်းဆော့ခြင်းဖြင့် ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Life
7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

**မတော်** တဆရလာသည့် လူ့ဘဝ လူ့လောကတွင် ခဏတာရှင်သန်နေထိုင်စဉ်အတွင်း မည်သို့သော ဘဝရှင်သန်မှုပုံစံဖြင့်နေထိုင်သွားကြမည်နည်း။ စားဝတ်နေရေးအတွက်သာ လူဖြစ်မည်လော၊ မိသားစုဥခွံကျဉ်းကျဉ်းလေး တည်ဆောက်ရုံလူဖြစ်မည်လော၊ မိသားစုဘဝသာမက ကိုယ့်ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး ကူညီစောင့်ရှောက်ရေးအတွက်လူဖြစ်မည်လော၊ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်၊ ထို့ထက်ဆိုရလျှင် လူမျိုး၊ ဘာသာမရွေး လူသားအားလုံးအတွက် တတ်စွမ်းသမျှဆောင်ရွက်နိုင်သည့်လူဖြစ်မည်လော မေးခွန်းများစွာရှိသလို အဖြေများစွာရှိပါလိမ့်မည်။

ခဏတာရှင်သန်နေထိုင်စဉ်အတွင်း ပရိယေသနဟုခေါ်သော ဝမ်းစာအရေးအတွက် ရှာဖွေစားသောက်ကြရာ၌ တရားနည်းလမ်းကျသော ရှာဖွေမှုနှင့် မတရားသောနည်းဖြင့် ရှာဖွေမှုဟူ၍ ရှိရာ ဗုဒ္ဓတရားတော်အရ တရားနည်းလမ်းကျသော ရှာဖွေမှုကို မဂ္ဂင်ရှစ်ပါးအဖြစ် ညွှန်းဆိုပြီးဖြစ်ပါ၏။

မိမိတို့ဝန်းကျင်တွင် ကြီးပွားချမ်းသာလာသည့် လူအများရှိသလို ၎င်းတို့ထဲ၌ ဖြတ်လမ်းလိုက်၍ မသန့်ရှင်းသော ငွေရှာနည်းဖြင့် ကြီးပွားသူများရှိကြပြီး အနည်းငယ်မျှသော လူပုဂ္ဂိုလ်တို့သာလျှင် နဖူးမှချွေး ခြေမထိတိုင်ကျလေအောင် ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ရိုးသားမှုကိုအရင်းတည်ကာဘဝအဆင့်ဆင့်တက်လှမ်းခဲ့ရပေသည်။ ယင်းတို့ထဲမှအတန်းပညာမတတ်သော်လည်း အောက်ခြေဘဝမှ အဆင့်



အီစိမ့်ခေါ်မုန့်လုံးများကို ဈေးကွက်တင်ပို့ရန် ထုပ်ပိုးနေကြသော အမျိုးသမီးလေးများ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အတန်းပညာမဲ့သော်လည်း အသိပညာဝင်းမှည့်သူ


■ ချမ်းငြိမ်း

ဆင့်တက်လှမ်း ချမ်းသာလာသော ရပ်ရွာအကျိုးပြုပုဂ္ဂိုလ်တစ်ဦးအကြောင်း ဖော်ပြလိုက်ရပါသည်။

(၁)

ယခုဦးလှသောင်းဟုအမည်ရသော မောင်လှသောင်းလေးကို လွန်ခဲ့သောငါးဆယ့်သုံးနှစ်ခန့်က ပဲခူးတိုင်း ပြည်ခရိုင် ဆင်စုရပ်ကွက် ပေါက်ကုန်း၌ မွေးဖွားခဲ့သည်။ မွေးချင်းကိုးဦးအနက် စတုတ္ထမြောက်ဖြစ်ပြီး မောင်လှသောင်းလေးမှာ ဆင်းရဲသော လယ်သမားမိဘများက ထွန်းကားခဲ့သည့်အတွက် ငယ်စဉ်က ပညာကောင်းစွာ သင်ယူခွင့်မရ၊ အိုးစားကြီးသော မိသားစုမို့ တစ်ဝမ်းတစ်ခါး ဝလင်ဖို့အရေး လက်လုပ်မှ ပါးစပ်လှုပ်ကြရသည်။ မောင်လှသောင်းလေးသည် ပညာလိုလားသော်ငြား မိဘက ကျောင်းဆက်မထားနိုင်၍ အတန်းပညာ လေးတန်းနှင့်ပင် ကျောင်းနုတ်ခဲ့ရသည်။ ကျောင်းခန်းထဲက အဖြူအစိမ်း ဝတ် သူငယ်ချင်းများနှင့် မျက်ရည်လည်ရွဲဖြစ်ကာ လမ်းခွဲခဲ့ရသော မောင်လှသောင်းလေးသည် ချက်ချင်းဆိုသလိုပြည်မြို့ကြီးပေါ်ရှိ တရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်၌ စားပွဲထိုးဝင်လုပ်ရလေသည်။ အသက်ကလည်း ဆယ်နှစ်ကျော်ကျော် ခိုင်းကောင်းသောအချိန်ဖြစ်၍ ထိုခေါက်ဆွဲဆိုင်၌ မောင်လှသောင်းလေး နားရသည်မရှိ လှည့်ပတ် စားပွဲထိုးခဲ့ရသည်။ အိုးခွက်ပန်းကန်ဆေးခဲ့ရသည်။ စားကြွင်းစားကျန်တို့ကို လှည်းကျင်းဆေးကြောကာ မသတီစရာ အမှိုက်များ ကိုင်တွယ်စွန့်ပစ်ခဲ့ရသည်။ ထိုခေါက်ဆွဲဆိုင်၌ လုပ်ကိုင်ရင်း အများသူငါ နောက်ပြောင်မှုကိုသာမက စားသောက်သူများ၏ အော်ငေါက်မှုကိုလည်း မကြာခဏခံရသည်။ ထိုမှတစ်ဖန် ခေါက်ဆွဲဆိုင်မှ ဝက်သားပေါင်းသူထံရောက်ပြန်သည်။ ဝက်ပေါင်းသူဟု ခေါ်သော်လည်း အမှန်မှာ ဝက်သတ်သမားဟု ဆိုရချေမည်။ ဤသို့ဖြင့် မောင်လှသောင်းလေးသည်မသတ်ချင်ဘဲ ဝက်ကိုသတ်ခဲ့ရသည်။

စာ(၁၁)သို့



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

### ငါးကြင်းခေါင်းချဉ်စပ်ဟင်း



မိုးကလည်း ဆက်တိုက်ကောင်းနေလေတော့ ဒီတစ်ပတ် ချိုချဉ်စပ် အရံဟင်းလေးတစ်ခွက် ချက်ကြရအောင်ပါ။

ငါးခေါင်းချဉ်စပ်ဟင်းလေးဖြစ်ပြီးတော့ လိုအပ်တာတွေကတော့ အရွယ်တော် ငါးကြင်းခေါင်းနှစ်ခေါင်း၊ ကင်ပွန်းချဉ်ရွက်သုံးစည်း၊ ငရုပ်သီးစိမ်း၊ ငါးပိအနည်းငယ်၊ ခရီးချဉ်သီးနှစ်လုံးနဲ့ နံနံပင်အနည်းငယ်တို့ပဲ လိုပါတယ်။

ထက်ခြမ်းခြမ်းထားတဲ့ ငါးခေါင်းတွေကို ပါးဟက်တွေထုတ်ပြီး ရေစင်စင်ဆေးပါ။ပြီးရင် ဗီနီဂါနည်းနည်းထည့်နယ်ပြီး ညှီနံ့ထွက်သွားအောင် ရေတစ်ကြိမ်ထပ်ဆေးရပါမယ်။ ပြီးရင်တော့ ဆား၊ နနွင်းနယ်ပြီးဖယ်ထားပါ။ ကင်ပွန်းချဉ်ရွက်တွေကိုလည်း ရေစင်အောင်ဆေးပြီး ခြွေထားရပါမယ်။ ခရမ်းချဉ်သီးနဲ့ငရုပ်သီးစိမ်းကိုလည်း ချက်ဖို့အသင့်ဖြစ်အောင်လှီးထားလိုက်ပါ။

ပထမဆုံးကတော့ ကြက်သွန်ဖြူနီဆီသတ်၊ ငါးခေါင်းအခြမ်းတွေထည့်ပြီး အိုးကိုလှုပ်ရင်း အသာအယာမွှေပေးပါ။ ကြက်သွန်ဖြူနီရဲလာပြီး မွှေးလာပြီဆိုမှ မီးဖိုပေါ်က ချပါမယ်။

ပြီးရင်ငါးခေါင်းလေးတွေကိုပဲအသာအယာဆယ်ထားပြီး ခုနလက်စအိုးထဲကို ဆီအနည်းငယ်ထပ်ဖြည့်ပြီး ကြက်သွန်ဖြူနီထောင်းအနည်းငယ် ထည့်ပြီးဆီသတ်ပါမယ်။ **စာ(၁၁)သို့**




## L'OREAL အလှကုန်တွေ ဈေးသက်သာစွာ ဝယ်နိုင်မယ့်နေရာ

**အိဖြူလွင်**

ပစ္စည်းအရမ်းကောင်းပြီး ဈေးနှုန်းက အရင်ဈေးတွေထက် ထက်ဝက်ကျော်ကျသွားတဲ့ပစ္စည်းတွေကို ဝယ်ဖို့ ဒီတစ်ပတ်မှာ ဈေးဝယ်ထွက်မယ်ကဏ္ဍလေးက လမ်းညွှန်ပေးပါရစေ။

အမျိုးသမီးတွေအတွက် အလှကုန်ပစ္စည်းဆိုတာ မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းတစ်မျိုးပါ။ နေ့စဉ်အပြင်သွားနေရသူတွေဆို ပိုလိုအပ်သလို အမြဲသုံးနေရလို့ပစ္စည်းတွေရဲ့ အရည်အသွေးကောင်းမွန်မှုကိုပါဦးစားပေးရွေးချယ်ဖို့လည်း လိုပါတယ်။

L'OREAL Paris ဆိုရင်တော့ ပစ္စည်းအရည်အသွေးကောင်းမွန်း လူတိုင်းသိပြီးသားဖြစ်ပေမယ့် ဈေးနှုန်းတွေက အချို့သူတွေအတွက် မဝယ်နိုင်တဲ့ဈေးနှုန်းတွေဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ အရင်ဈေးတွေထက် ထက်ဝက်ကျော်ကျသွားပြီးဆိုတဲ့အတွက် အဝယ်နောက်မကျရလေအောင် အပြေးလေးသွားဝယ်သင့်နေပါပြီ။

အရင်က ကျပ်သုံးသောင်းကျော်ရှိခဲ့တဲ့ ဖောင်ဒေးရှင်းမိတ်ကပ်တစ်ဘူးကို အခုတစ်သောင်းခွဲလောက်ပဲ ရှိတော့သလို၊ အခြားပစ္စည်းတွေ အားလုံးကလည်း ဈေးနှုန်းက ထက်ဝက်ကျော် ကျသွားတာပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

L'OREAL မှာ အသားအရည်အလိုက်ရော၊ အသက်အရွယ်အလိုက်ရော ပစ္စည်းအမျိုးအစားတွေကို ခွဲထားပြီး အမျိုးအစားအားဖြင့် ငါးမျိုးလောက်ရှိပါတယ်။

အရင် L'OREAL က အလှကုန်ပစ္စည်းဆိုတာမှာ အလှပြင်ပစ္စည်းတင်မကဘဲ အသားအရေထိန်းတဲ့ skin care တွေ ဆံပင်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေရော အမျိုးအစားစုံရှိတာပါ။

ကုန်တွေ ဈေးနှုန်းကြီးမြင့်ရတဲ့အကြောင်းက စင်ကာပူနိုင်ငံကတစ်ဆင့် တင်သွင်းရတာဖြစ်လို့ ကုန်ကျစရိတ်တွေကြီးမြင့်တာကြောင့်ဖြစ်ပေမယ့် အခုတော့ ပါရီကတိုက်ရိုက်တင်သွင်းတာဖြစ်ပြီး ဈေးကွက်ရောင်းချရေးအပိုင်းတွေကို လည်း ပါရီရုံးချုပ်ကပဲတာဝန်ယူပေးနေပြီးဖြစ်တဲ့အပြင် ဒေါ်လာဈေးနှုန်းတွေလည်းကျနေတာကြောင့် ဈေးနှုန်းအားလုံးကို နိုင်ငံတကာနဲ့အညီ ရောင်းချပေးနိုင်လာတာလို့ သိရပါတယ်။

L'OREAL အလှကုန်တွေက သာမန်လူတွေတင်မကဘဲ အနုပညာရှင်တွေ၊ အလှဖန်တီးသူတွေပါသုံးတဲ့ ပစ္စည်းတွေဖြစ်တဲ့ အတွက် ဒီတံဆိပ်ကိုအားပေးသူတွေကတော့ ဈေးနှုန်းတွေကျသွားတာ သတင်းကောင်းတစ်ခုပါ။

L'OREAL အလှကုန်တွေကို စူပါမားကက်တွေ၊ ရှော့ပင်းစင်တာတွေတိုင်းရဲ့ L'OREAL ကောင်တာတိုင်းမှာ ဝယ်ယူရရှိနိုင်ပြီး ကုမ္ပဏီရဲ့ပစ္စည်းအမှန်အကန်ဖြစ်ကြောင်းကတော့ La Source ကုမ္ပဏီရဲ့ရွှေရောင်စတစ်ကာလေးတွေက သိသာစေပါလိမ့်မယ်။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# ပြင်ဦးလွင်မှ ဂေါ်ရခါးလူမျိုး မင်္ဂလာပွဲများတွင် မြင်းရထား အသုံးပြုနေဆဲ

**စိုင်းသာအောင်**

**ပြင်ဦးလွင်၊ ဇွန် – ၁၇**

မန္တလေးတိုင်း ဒေသကြီးပြင်ဦးလွင်မြို့၌ ဒေသခံ ဂေါ်ရခါးလူမျိုးများက မိမိတို့၏ သားသမီးများ၏ မင်္ဂလာပွဲများတွင် ခေတ်ပေါ်မော်တော်ကားများကို အသုံးမပြုကြဘဲ ရထားလုံးများကိုသာ ယဉ်ကျေးမှုအရအသုံးပြုလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။



**မြင်းရထားသုံး ဂေါ်ရခါး မင်္ဂလာပွဲ တစ်ခု မြင်ကွင်း။**
ဓာတ်ပုံ – စိုင်းသာအောင်

ပြင်ဦးလွင်မြို့တွင် ဇွန်လ ပထမပတ်အတွင်းက ဂေါ်ရခါး မိသားစုမင်္ဂလာဆောင်၌ သတို့သား မိဘတစ်ဦးက "ကျွန်တော်တို့ ပြင်ဦးလွင်မှာ သားသမီးမင်္ဂလာကိစ္စ၊ ရထားလုံးကိုပဲ သုံးပါတယ်။ ကျွန်တော့်စီးပွားရေးအရ မော်တော်ကားသုံးနိုင်ပါတယ်။ ကျွန်တော်တို့ရိုးရာဓလေ့မပျောက်အောင်လို့ မြင်းရထားလုံးကိုသုံးတာပါ။ မင်္ဂလာပွဲတစ်ခုမှာ ရထားလုံးအနည်းဆုံး ၇ စီးကနေ အများဆုံး အစီး ၂၀ထိ အသုံးပြုပါတယ်" ဟု ပြောသည်။









7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011



## စာ – ၉၊ ငါးကြင်းခေါင်းချဉ်စပ်ဟင်းမှ

ပြီးရင် ခရမ်းချဉ်သီး ထည့်ပြီးမွှေပေးပါ။ ခရမ်းချဉ်သီး နွမ်းပြီးဆိုရင်ငါးပိမန်ကျည်းစေ့ခန့်ကိုထည့်ပြီး မွှေပေးပါ။ ငါးပိလည်း ခရမ်းချဉ်သီးနဲ့ရောကြေသွားပြီးဆိုရင်တော့ ကင်ပွန်းချဉ်ရွက်တွေ ထည့်ပြီး အချဉ်ထွက်လာအောင်နာနာလေးမွှေလိုက်ပါ။ ကင်ပွန်း ချဉ်ရွက်တွေ ဝါသွားပြီဆိုရင်တော့ ခုနဆီသတ်ထားတဲ့ငါးခေါင်းတွေ ထည့်ပြီး အိုးကိုင်းကနေကိုင်ပြီးလှုပ်ပေးပါ။ သုံး၊ လေးကြိမ်လှုပ်ပေးပြီးသွားရင် ရေအနေတော်ထည့်ပေးပါ။ အရေသောက်ဟင်းမဟုတ်တဲ့အတွက် အနေတောရေထည့်ပြီး ပွက်လာရင် ငရုတ်သီးလေးခပ်၊ နံနံပင်လေးအုပ်အရသာဟင်းခတ်မှုန့်နဲ့ ဆားအနေတော်ထည့်ပြီး ချလိုက်လို့ရပါပြီ။

ကင်ပွန်းချဉ်ရွက်၊ ခရမ်းချဉ်သီးအနှစ်လေးနဲ့ ငါးခေါင်းထဲက အသားလေးတွေ ဖွဲ့စာရင်း အရသာတွေ့မယ့် အရံဟင်းတစ်ခွက်ဖြစ်မှာမို့ ဒီတစ်ပတ်ထမင်းဝိုင်းမှာတော့ အသားဟင်းမျက်နှာငယ်ရမယ့် သဘောရှိနေပါတော့တယ်။



ဝမှ!

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## တရားအားထုတ်ခြင်းရဲ့ လျှို့ဝှက်ချက် ◦ ◦ ◦

သတိပဋ္ဌာန်တရားကို အားထုတ်တဲ့အခါ တဒင်္ဂအားဖြင့် ပတ်ဝန်းကျင်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာမသိဘဲစိတ်ငြိမ်းအေးမှုကလေးကို ရနိုင်တယ်။ အဲဒီတရားအားထုတ်မှုက လူတစ်ယောက်ကို သူနေထိုင်တဲ့ လောကကြီးအကြောင်း ကောင်းကောင်း နားလည်သဘောပေါက်ပြီး လောကကို ရင်ဆိုင်ရဲလို့ အနိုင်ရတဲ့ကိုယ်ဖြစ်အောင်လေ့ကျင့်ပေးတယ်။ ခေတ်သစ်ဘဝရဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့ကြရတဲ့အခါ မိမိကိုယ်ကို အံဝင်ခွင်ကျဖြစ်အောင် ဘယ်လိုပြောင်းလဲပြီး ခံနိုင်ရည်ရှိအောင် လုပ်ရမယ်ဆိုတာကိုလည်း လေ့ကျင့်သင်ကြားပေးတယ်။

တရားအားထုတ်ခြင်းအလုပ်က လောဘတဏှာပိုပြီးများလာအောင် လုပ်တာမဟုတ်ဘူး။ ရုပ်ဝါဒနဲ့ဆိုင်တဲ့ အလိုရမ္မက်တွေဟာ တရားအားထုတ်ခြင်း ဘာဝနာအလုပ်နဲ့မသင့်တော်ဘူး။ တရားအားထုတ်ခြင်းရဲ့ ခရီးပန်းတိုင်ဟာ လောကီနယ်ကိုကျော်လွန်ပြီး လောကုတ္တရာနယ်ကို ရည်မှန်းထားတာဖြစ်တယ်။ ဘာဝနာကမ္မဋ္ဌာန်းအလုပ်ကို လုပ်ကြလို့ရှိရင် မိမိအနေနဲ့ တခြားလူတွေရဲ့ နှောင့်ယှက်ဖျက်ဆီးခြင်းနဲ့ ကြုံတွေ့တဲ့အခါမှာတောင် သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက်လို ပြုမူဆက်ဆံနိုင်မှာဖြစ်တယ်။ တရားအားထုတ်ခြင်းဖြင့် ကိုယ်ခန္ဓာအပန်းပြေပြီး စိတ်တည်ငြိမ်လန်းဆန်းနေအောင် ဘယ်လိုလုပ်သင့်တယ်၊ ဘယ်လိုနေသင့်တယ်ဆိုတာကိုနားလည်လာမယ်။ မိမိကိုယ်ကို တည်ငြိမ်စေပြီး ချမ်းချမ်း သာသာ၊ ပျော်ပျော်ရွှင်ရွှင်နေပုံထိုင်နည်းကိုလည်း သိလာနိုင်မှာဖြစ်တယ်။

ရည်ညွှန်း – "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈ – ၂၀၀၂)

## စာ-၉၊ အတန်းပညာမဲ့သော်လည်း အသိပညာဝင်းမှည့်သူ မှ

ဝက်ကိုထိုးသတ်ရန် ငယ်ငယ်ရွယ်ရွယ်နှင့် သုံးမြှောင့်ဓားချွန်ကိုင်ကာ ရက်စက်ခဲ့ရသည်။ ဘဝပေးအခြေအနေအရ ဝက်သတ်ရမည့်အခါတိုင်း စိတ်တွေလေးလံနေခဲ့သည်။

ဝက်၏လည်ပင်းသို့ သုံးမြှောင့်အချွန်ဖြင့် ထိုးလိုက်တိုင်း ကိုယ့်ကိုယ်ကိုယ် မသတီသလို ခံစားရသော်လည်း ကလေးပီပီ မေ့မေ့ပျောက်ပျောက်၊ ဝက်ပေါ်သူ၏ စေခိုင်းချက်အရ သတ်ပြီးသောဝက်ကို ဈေးကွက်ထဲ ငွေပေါ်အောင် ရောင်းချသည်အထိ အစမှအဆုံးတိုင်မောင်လှသောင်းလုပ်ရ၏။ ဝက်ကို သန့်စင် အမွေးနုတ်၊ ခုတ်ထစ်တုံး၊ ပြီးလျှင် တံပိုးနှင့်တွဲချိတ်ကာ ရွာရိုးကိုးပေါက်နေပူမိုးရွာမရှောင် အော်ဟစ်ရောင်းရသည်။ အမိကက ပေါ်ပြီးသား ဝက်ကုန်စေဖို့၊ ဝက်ပေါ်သူကပေးသည့် ငွေစကြေးစလေးများကိုလည်း မိဘပြန်အပ်ရသည်။ တစ်ခုတော့ရှိသည်။ အဖေအမေတို့၏ ဆင်းရဲချို့တဲ့မှုကြည့်ကာ လယ်ထဲဆင်းဖို့တော့ မောင်လှသောင်းလေး စိတ်ကူးမရှိ၊ အခြားအလုပ်ဖြင့်သာ ရှာဖွေစားသောက်ချင်သည်။ သို့သော် ဝက်လည်း မသတ်ချင်၊ သည်လိုနဲ့ ငွေအနည်းငယ်စုမိလာတော့ ဘက်ထရီအိုးလုပ်ငန်းပြောင်းလုပ်သည်။ မအောင်မြင်၊ ရန်ကုန်ထိဆင်းကာတိုက်ချစာအုပ်တွေလိုက်ဝယ်ပြီး စာအုပ်အငှားဆိုင်ဖွင့်သည်။ မမြဲ၊ ငွေအမြတ်အစွန်းရနိုင်သည့်လုပ်ငန်းလေးတွေကိုလေ့လာလုပ်ကိုင်သည်။ စုမိဆောင်းမိမရှိ၊ သည်လိုနဲ့ နွားနို့လောကထဲရောက်လာသည်။ နို့ညှစ်ပညာသင်ယူသည်။ နို့ကိုစစ်မစစ်ခွဲခြားတတ်လာသည်။ ဤသည်ကား သူ့ဘဝ အချိုးအကွေ့။

(၂)

ကိုလှသောင်းတစ်ဖြစ်လဲ မောင်လှသောင်းလေးသည် ၂၂ နှစ်အရွယ် ၁၉၈၀ ၌ အိမ်ထောင်ကျသည်။ အိမ်ထောင်ဖက်မှာ နွားအကောင် ၈၀ ပိုင်ဆိုင်သော အိန္ဒိယဟိန္ဒူလူမျိုးကြီးတစ်ဦး၏ သမီးဖြစ်သည်။ မပြုံးကြည်ဟုခေါ်၏။ ယောက္ခမနှင့်အတူတကွ နေထိုင်ရင်း နွားမွေးမြူရေးနှင့်နွားနို့ညှစ်ရေးအလုပ်တွေမှာ ကိုလှသောင်းဝင်ကူရသည်။ နှစ်ပေါက်တော့ ယောက္ခမက အိမ်ထောင်ခွဲရန်ပြောသည်။ သူတို့ဆန္ဒအတိုင်း ကိုလှသောင်းတို့ဇနီး မောင်နှံသီးခြားခွဲထွက်ကာ စီးပွားလုပ်ကြသည်။ လိုအပ်သည်ကို ယောက္ခမက တတ်နိုင်သရွေ့ကူပါသည်။ နွားမွေးမြူရေးနှင့် နွားနို့အကြောင်း ကောင်းကောင်းသိလာသောကိုလှသောင်းသည်တစ်နိုင်တစ်ပိုင် နွားမွေးရင်း သမဝါယမကို နွားနို့သွင်းသည်။ တစ်ပိဿာ လေးကျပ်ခွဲနှင့် တစ်ရက်ပိဿာ ၆၀ သွင်းရသည်။ သမသို့ နွားနို့သွင်းရင်း ဘဝအချိုးအကွေ့တစ်ခုပေါ်လာပြန်သည်။ ၈၈ အရေးအခင်းကာလနှင့် ယင်း၏နောက်ဆက်တွဲ တိုင်းပြည်မငြိမ်မသက်အချိန်၊ သ/မက နွားနို့ယူသော အလုပ်လည်း ပျက်သလိုလို ရှိသွားသည်။ နေ့စဉ်နှင့်အမျှထွက်ရှိနေသော နို့ကိုမည်သို့လုပ်ရမည်လဲ၊ နောက်ဆုံး နို့ဆီကျိုပစ်ရ၏။ ကျို၍ရသော ချက်နို့ဆီကို ပြည်မြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်တွေမှာ လိုက်စပ်ရသည်။ ထင်သလိုမဖြစ်၊ မမျှော်လင့်ဘဲ စိတ်ညစ်ညစ်နှင့် ရန်ကုန်ရောက်သွား၊ ရန်ကုန်မြို့ ပလက်ဖောင်းပေါ်က လက်ဖက်ရည်ဆိုင်များနှင့် အဆက်ရ၊ ချက်နို့ဆီတစ်ခေတ်ဆန်းချိန်မို့ ရန်ကုန်ရှိ ဒိုင်တွေဆီ ပြည်မြို့မှတင်သွင်းရလေသည်။ ဤတွင် ငွေမနိုင်၍ အစုစပ်ခေါ်ရာမှ တစ်ဦးက ရောင်းရသမျှငွေကို ယူသုံးပစ်၏။ ကျန်တစ်ဦးကလည်းငွေမလည်ပတ်ဆိုကာအပျောက်ရိုက်သွား၏။ ထိုကာလသည် ကိုလှသောင်းအတွက် အမှန်တကယ် ရုန်းကန်ခဲ့ရသော ကာလတစ်ခုဖြစ်ခဲ့သည်။ သင်ခန်းစာလည်း အတော်ရသွား၏။ လုပ်ရင်းကိုင်ရင်း ၁၉၉၀ နှစ်မှာ မြင်းခြံမှ မလိုင်လုပ် ကျွမ်းကျင်သူအား ခေါ်ယူငှားရမ်းကာ မလိုင်လုံးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။

(၃)

အိန္ဒိယလူမျိုးကြီးထံမှ နွားနို့ပညာရခဲ့သော ကိုလှသောင်းတစ်ယောက် စွန့်ဦးတီထွင်အဖြစ် နို့ကိုပိဿာနှင့်မဝယ်၊ ကတ္တားနှင့် ချိန်တွယ်ဝယ်ယူခြင်းကို ပြောင်းလဲလုပ်ကိုင်၏။ နွားနို့မှာ အဖြူရောင်အဆင်းရှိသော်လည်း နွားနို့နှင့်



ဆက်စပ်လုပ်ကိုင်ကြသော လူအများစုမှာ ကလိမ်ကကျစ်များကြသည်။ နွားနို့ကို ဒီဂရီပြည့်ရန် ရောနှောကြရာ၌ ပုလဲဓာတ်မြေသြဇာပင် ရောသော နို့သမားမျိုး မြင်ဖူးသည်။ နွားနို့ကို ကတ္တားအချိန်ဖြင့် ဝယ်ယူတော့ အလေးချိန်ပြည့်ပြည့် ရလာသည်။ တစ်ဖက်ကလည်း နို့လောက ထုံးစံအတိုင်း ပေးချေရမည့်ငွေကိုတစ်ပတ်ဆိုင်း၍ လှည့်ပတ်သုံးစွဲသောစနစ်ကို မကျင့်သုံးဘဲ ခုလာရောင်း ခုလက်ငင်းငွေပေးသဖြင့်နွားနို့သွင်းသူများ စိတ်ကျေနပ်မှုရကာ ဖောက်သည်ပေါများလာ၏။ ချက်နို့ဆီနှင့် မလိုင်လုပ်ငန်းကိုဈေးကွက်အခြေအနေအရ လုပ်ကိုင်ရင်း မလိုင်နှင့် ဆက်စပ်သောလုပ်ငန်းကသိသိ သာသာဖွံ့ဖြိုးလာ၏။ ကိုလှသောင်းနေသော အရပ်သည် ပြည်မြို့နှင့် ရွှေတောင်မြို့ကြားရှိ၍ ဧရာဝတီမြစ်တစ်ဖက်ကမ်းဈေးကွက်သာမက အောက်အရပ် ပေါင်းတည်၊ နတ္တလင်း၊ သာယာဝတီ၊ သုံးဆယ်၊ ဥက္ကံမြို့များထိ မလိုင်ထုပ်များ တင်ပို့လာရသည်။ သားနှစ်ယောက် မွေးဖွားခဲ့ပြီး သမီးမွေးသောနှစ်တွင် စီးပွားသိသာသာတက်လာ၏။ ရွှေမင်းသမီး တံဆိပ် နို့မလိုင် နာမည်အတော်ရလာ၏။ ကိုလှသောင်းကိုယ်တိုင် မိမိကုန်ပစ္စည်း အရည်အသွေးကောင်းအောင် မပြတ်စောင့်ကြည့်၏။ ယင်းသို့ စောင့်ကြည့်ရင်း ရွှေမင်းသမီး သည် မြန်မာပြည်အနှံ့ ခရီးနှင်လေပြီ။ ရန်ကုန်-ပြည်လမ်းတစ်လျှောက်သာမက ပြည်အထက် အောင်လံ၊ တောင်တွင်းထိ ခရီးဆက်၏။ ရွှေမင်းသမီး ခြေစကြာဖြန့်၏။ ရေဝတီ အနောက်ဘက်ခြမ်းမြန်အောင်၊ ကြံခင်း၊ ဖရဲ၊ ဟင်္သာတ၊ ညောင်တုန်းအထိ လူးလားခေါက်ပြန် သဘော်တွေပေါ် ရွှေမင်းသမီး ပါသွားသည်။ ယင်း တံဆိပ်နှင့်ပင် ယိုစုံလုပ်ငန်းကို တွဲလုပ်ပြန်သည်။ ကျောက်ဖရုံယို၊ ခရမ်းချဉ်သီးယို၊ နာနတ်ယို စသည်ဖြင့် . . . မှန်မှန်ကန်ကန် စေတနာရှိရှိလုပ်သဖြင့် ကိုလှသောင်း လုပ်ငန်းများတွင်ကျယ်လာသလို ဈေးကွက်ဝယ်လိုအား စူးစမ်း၍ နှမ်းယို၊ မြေပဲယို၊ အီစိမ့်မလိုင်ကြော် စသည်ဖြင့် အမျိုးအမည်တွေခွဲကာ ဆက်စပ်စားသောက်ကုန်များ ဆက်တိုက်ထုတ်သည်။ ခြံဝင်းဝယ်ကာ တိုက်ဆောက်ပြီး နေအိမ်နောက်မှပင် စက်ရုံသဘောမျိုး တည်သည်။ ကိုလှသောင်းထုတ်လုပ်သော အီစိမ့်ခေါ် ဂျုံနှင့် သကြားကြော်ထားသည့် မုန့်လုံးများမှာနေ့စဉ်အထုပ်ပေါင်း၈၀၀၀ ကျော် ဒိုင်နာတစ်စီးစာ ကွင်းကောက်သို့ ပို့ရသည်။ မုန့်နှစ်ခုမျှကို ကျပ်တစ်ရာ့ငါးဆယ်ဖိုးစားပြီး ရေသောက်ကာတစ်မနက်ခင်းလုံး လယ်ထဲလုပ်ကိုင်ရသော လယ်သူမများ အီစိမ့်မုန့်ကို စားကြသည်။ လုပ်ငန်းအရှိန် ကောင်းနေဆဲ နာဂစ်မုန်တိုင်း တိုက်ခတ်သည်။ နာဂစ်ဒေသ မဟုတ်သော်လည်း မမျှော်လင့်ဘဲ လုပ်ငန်းတွေ ပိုးစိုးပက်စက်ထိခိုက်ပြန်သည်။ ကုန်သေတ္တာတင်ပို့သော ရေယာဉ်တွေ မုန်တိုင်းကြောင့် နစ်မြုပ်ကုန်၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးခဲ့ရသည်။ ရောင်းအားကျသွားသည်။ အလေအလွင့်အရှုံးပေါ်လာသည်။ သို့သော် ကိုလှသောင်း မမှု၊ မွန်ပြည်နယ်ဘက်က ဆက်သွယ်လာ၍ ဈေးကွက်အသစ်ထပ်မံရ၏။ ဘဝသည် ဤသို့ ဤနှယ်၊ နို့နှင့် ဆက်စပ်စားသုံးကုန်သာမက ဂျုံနှင့်ဆက်စပ်သော ပေါင်မုန့်၊ ကိတ်မုန့်ဖုတ်လုပ်ငန်းချဲ့ထွင်ခဲ့သည်။ အမျိုးအမည်စုံလေလေ ကိုယ့်အတွက် ကာမိလေလေ ယူဆသည်။ အရည်အသွေးတော့ ထိန်းရသည်။

(၄)

ဦးလှသောင်းတစ်ဖြစ်လဲ ကိုလှသောင်းသည် နေပြည်တော်ပေါ်လာသောအခါ နေပြည်တော်ဈေးကွက်ဖွင့်သည်။ တိုက်ကြီး၊ မှော်ဘီ၊ ရန်ကုန်အထိ ကိုယ်စားလှယ်ထားကာ လုပ်ငန်းကို ဖြည်းဖြည်းချင်း ချဲ့ထွင်ယူခဲ့သည်။ သူ့အယူအဆအရ ဈေးကွက်အားသွေးတိုးစမ်းကာ စိတ်ရှည်လက်ရှည် လုပ်ငန်းကို ဖြန့်ကြက်ခဲ့ရာ ရွှေမင်းသမီး မှာ နာမည်တစ်လုံးစိုက်ထူနိုင်ခဲ့သည်။ အတွေ့အကြုံအရ လုပ်ငန်းတစ်မျိုးတည်း လုပ်ကိုင်၍မရမှန်း သိလာတော့ နီးစပ်ရာရာမှာ မြေဝယ်ယူသည်။ ပြည်-ရွှေတောင် ပြေးဆွဲသည့်လိုင်းမှာ ကားထောင်သည်။ ပထမ တစ်စီး၊ နောက်တော့ နှစ်စီး. . . သုံးစီး။ ခုချိန်မှာတော့ ယာဉ်လိုင်းတွင် မြှုပ်နှံထားသည့် ကားခြောက်စီးထိရှိပြီး မုန့်လုပ်ငန်းအတွက် ကားနှစ်စီးနှင့် အိမ်စီး ဆလွန်းကားတစ်စီးဆိုလျှင် ကားကိုးစီးရှိပြီဖြစ်သည်။ ယာဉ်လိုင်းများတွင် ထပ်မံမြှုပ်နှံရန် နောက်ထပ် ကားကိုးစီးဝယ်ယူရန် ရည်ရွယ်ထားသည်။ မုန့်လုပ်ငန်းနှင့် ယာဉ်လိုင်းသည် တစ်ခါတစ်ရံ ဟန်ချက်ညီညီသွားသော်လည်း တစ်ခါတလေ မညီ၊ တစ်ခုနှင့်တစ်ခု ဖေးကူရန် လုပ်ငန်းချဲ့ထွင်ရေး ဦးလှသောင်းစဉ်းစားနေဆဲ၊ ယခုတော့ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နှင့် ပညာမသင်ကြားခဲ့ရသော ငယ်ဘဝကိုသာ ပြန်လွမ်းသည်။

(၅)

ငယ်စဉ်က ပညာသင်ချင်ပါလျက်နှင့် သင်ခွင့်မရခဲ့သောအခြေအနေကြောင့် ယခုတော့ သူ့ဆီက အလုပ်သမား သားသမီးတွေ ပညာရေးအတွက် တတ်စွမ်းသမျှ ထောက်ပံ့ပေးသည်။ ရပ်ရွာအတွင်းရှိ ချို့တဲ့နွမ်းပါးသောကလေးသူငယ်များ ပညာရေးအတွက် စာအုပ်၊ ခဲတံကအစ အကူအညီ တောင်းသည် ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ ပံ့ပိုးပေးခဲ့သည်။ ပညာပါရမီနည်းခဲ့သော မိမိလို ပညာမဲ့သူ မဖြစ်အောင် ပညာရေးနှင့်ပတ်သက်၍ တွန်းအားပေးခဲ့သည်။ အလုပ်သမား ၈၀ ကျော် ၉၀ နီးပါးအတွက် တစ်ဦးလျှင် တစ်လဆန်လေးပြည်နှုန်း ထောက်ပံ့ပေးခဲ့သည်။ မိသားစုဝင်သုံးဦးရှိသော အလုပ်သမား မိသားစုအတွက် ဆန်ဆယ့်နှစ်ပြည်သည် တစ်လစားလောက်ပါသည်။ သီလရှင်စာသင်ကျောင်းအချို့ကိုလစဉ်ဆွမ်း၊ကွမ်းထောက်ပံ့ပေးခဲ့သည်။ ပြည်မြို့နှင့် ရွှေတောင်တစ်ဝိုက်ရှိ မရှိနွမ်းပါးသော အဘိုးအို၊ အဘွားအိုများကို စာရင်းကောက်၍ လစဉ်ထောက်ပံ့ကူညီပေးသည်။ ကျန်းမာရေးအရရပ်ထဲရွာထဲ အချိန်မတော်တစ်ခုခုဖြစ်လာပါက လူကိုယ်တိုင်ကားဖြင့် ဆေးရုံပို့ဆောင်ခဲ့သည်။ အထူးသဖြင့် ရပ်ကွက်အတွင်းရှိကလေးငယ်များ ဆော့ကစားချင်ပါက ဆော့ကစားနိုင်ရန် သူ့ခြံဝင်းထဲ လွတ်လပ်စွာခွင့်ပြုထားခဲ့သည်။ ဘောလုံးကအစ ကစားစရာပစ္စည်း ဖြည့်ဆည်းပေးခဲ့ပါ၏။

အပူအပင်မရှိလွတ်လပ်ပေါ့ပါးစွာ ဆော့ကစားနေသော ကလေးငယ်များအားကြည့်ရင်း ငယ်ဘဝက ပထမအရွယ်တွင် ဝမ်းစာရှာဖွေခဲ့ရသော သူ့ဘဝကို ဦးလှသောင်းပြန်လွမ်းမိလေသည်။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## မျက်နှာဖုံး-ဝိုင်းမော်မြို့နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ မှ

KIA တပ်ဖွဲ့ဝင်များကခြိမ်းခြောက်ခြင်း၊ စတင်တိုက်ခိုက်ခြင်းများဆောင်ရွက်ခဲ့သည့်အတွက်မြန်မာတပ်မတော်စစ်ကြောင်းက မလွှဲမရှောင်သာ ပြန်လည်တိုက်ခိုက်ခဲ့ရကြောင်း ဇွန် ၁၇ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် လက်ရှိပစ်ခတ်မှုများနှင့်ပတ်သက်ပြီးရှင်းလင်းဖော်ပြထားသည်။

မြစ်ကြီးနားအခြေစိုက်ကချင် နှစ်ခြင်းအသင်း(KBC)က အဓိကဖြစ်ပွားလျက်ရှိသော ဗန်းမော်ခရိုင်အတွင်း ဝိုင်းမော်မြို့နယ်တစ်ဝိုက်တွင် ဒေသခံများအားကူညီကယ်ဆယ်ရေး ပြုလုပ်ရန်လူဦးရေအခြေအနေနှင့် အစားအသောက်သို့မဟုတ် ဆေးဝါးလိုအပ်ချက်အခြေအနေတို့ကိုစာရင်းဇယား လိုက်လံကောက်ယူနေပြီဖြစ်ကြောင်းနှင့် မကြာမီ ကူညီထောက်ပံ့ရေးပေးပို့နိုင်ရန် မျှော်လင့်ကြောင်း KBC ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးကပြောကြားသည်။

“ဝိုင်းမော်တစ်ဝိုက်က ကျေးရွာတွေမှာ အဓိကဖြစ်နေတာပါ။ အဲဒီရွာမှာနေနေတဲ့သူတွေတောင်မရှိတော့ဘူးလို့ ကြားရတယ်။ ရွာကလူတွေ ဘုရားကျောင်းတွေမှာပြောင်းရွှေ့နေထိုင်နေကြတယ်”ဟု ၎င်းက ပြောသည်။

KIA အဖွဲ့က ဝင်ရောက်ပြီးရဲတပ်သားတစ်ဦးနှင့် အရပ်သားတစ်ဦးကိုပါ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြခဲ့သည့် ဗန်း မော်ခရိုင် မန်စီမြို့နယ် မန်စီမြို့တွင်နေထိုင်ခဲ့ကာ ပြီးခဲ့သည့်နှစ်ရက်ကမှမြန်မာနိုင်ငံအလယ်ပိုင်းနေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံအမှုထမ်းမိသားစုဝင်တစ်ဦးက ထိုဒေသအခြေအနေနှင့်ပတ်သက်ပြီး ယခုကဲ့သို့ပြောကြားသည်။

“ညပိုင်းမှာ ပစ်ခတ်သံတွေကို ကြားနေရတယ်။ မြို့ထဲမှာကတော့ အေးအေးချမ်းချမ်းပါပဲ။ ရပ်ကွက်က လူကြီးတွေကတော့ ညဘက်မှာ တံခါးတွေလုံလုံခြုံခြုံပိတ်ဖို့၊ ၈ နာရီနောက်ပိုင်းအပြင်မထွက်ဖို့ လိုက်ပြောပါတယ်။ အခု တိုက်ပွဲတွေကြောင့် ပြန်လာတာပါ။ လိုင်းကားကတော့ ပုံမှန်ထွက်ပါတယ်”ဟု သူမ၏အတွေ့အကြုံကို ပြောပြသည်။

ဗန်းမော်မြို့တွင် သုံးဘီးမောင်းနှင်သူ အမျိုးသားတစ်ဦးကလည်း ဗန်းမော်မြို့အခြေအနေကို ယခုကဲ့သို့ တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားခဲ့သည်။

“မိုင်းသံတွေတော့ ညပိုင်းကြားရတယ်။ သုံးလေးရက်ရှိပြီ။ ကားကို ရွာတွေဘက်တော့ မဆွဲရဲတော့ဘူး။ မြို့ထဲမှာတော့ အေးအေးဆေးဆေးပါပဲ။ စားသုံးကုန်ပစ္စည်းတွေတော့ ဈေးနည်းနည်းတက်လာတယ်”

KIA တပ်ဖွဲ့များအား တပ်မတော်စစ်ကြောင်းများမှ တိုက်ခိုက်ရခြင်းနှင့်ပတ်သက်၍နိုင်ငံပိုင်သတင်းစာများတွင် “မိမိတပ်မတော်မှ အရာရှိများ အကြောင်းမဲ့ထိန်းသိမ်းဖမ်းဆီးထားခြင်းကိုပြန်ခေါ် ဆောင်နိုင်ရန်နှင့် အရင်းအနှီးတန်ဖိုး ထုတ်လုပ်မှုတန်ဖိုးကြီးမားပြီး နိုင်ငံအတွက်ရော၊ ဒေသအတွက်ပါ များစွာအကျိုးပြုနိုင်သည့် တာပိန်ရေအားလျှပ်စစ်စီမံကိန်းကို နှောင့်ယှက်ဖျက်စီးမည့် အန္တရာယ်ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့်သာ မလွှဲမရှောင်သာဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်”ဟု ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပစ်ခတ်ခြင်းဖြစ်ပြီး ယင်းပစ်ခတ်မှုများကြောင့်ပျက်စီးဆုံးရှုံးမှုများကို နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။ ဒေသတွင်းသွားလာရေးပုံမှန်ဟုဆိုသော်လည်း ဗန်းမော်ခရိုင်အတွင်း ပို့ဆောင်ရေးလိုင်းကားခများလည်း ပိုမိုမြင့်တက်လျက်ရှိကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

“ရွှေမှော်က ရွှေတူးတဲ့သူတွေလည်း ပြန်ခိုင်းတယ်။ တည်းခိုခန်းမှာ တည်းနေတဲ့သူတွေကိုလည်း ပြန်ခိုင်းတာရှိတယ်။ ဒါကြောင့် နေရပ်ရင်းကို ပြန်တဲ့သူတွေများပြီး ကားခတွေ တက်သွားတာ။ ကားတွေကတော့ ပုံမှန်ထွက်နေတယ်”ဟု မြစ်ကြီးနားအခြေစိုက် NGO အဖွဲ့ တစ်ဖွဲ့မှဝန်ထမ်းတစ်ဦးက ပြောသည်။

ယနေ့အထိ နိုင်ငံတော်အစိုးရနှင့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ရှိပြီးလက်နက်ဆက်လက်စွဲကိုင်နေသည့် အဖွဲ့နှစ်ဖွဲ့နှင့် ငြိမ်းချမ်းရေးရယူပြီးသည့် အဖွဲ့များအနက်သုံးဖွဲ့ပူးပေါင်းကာ လက်ရှိမြန်မာတပ်မတော်နှင့် ဆက်လက်ဆန့်ကျင်နေသည့်အဖွဲ့ ငါးဖွဲ့ရှိကြောင်းမကြာသေးမီက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မတ်ကိန်းအား နိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်သာ ရှိရမည်ဆိုသည့်အတိုင်း လက်နက်ကိုင်အဖွဲ့အစည်းများအား နယ်ခြားစောင့်တပ်များအသွင် ကူးပြောင်းရေးကို ဆောင်ရွက်လျက်ရှိရာ နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်းလိုက်သည့် လက်နက်ကိုင် အဖွဲ့အစည်းအချို့လည်းရှိသည်။

## မျက်နှာဖုံး-မြန်မာလူငယ်တစ်ဦးဖန်တီးထားသည့် ဗီဒီယိုဖိုင်ကို စီအင်(န်)အင်(န်)တွင်ထုတ်လွှင့်ပြသ မှ

ပြည်တွင်းတွင် အလွတ်တန်းဝက်ဘ်ဆိုက်ဒီဇိုင်းဖန်တီးသူ လူငယ်တစ်ဦးဖြစ်သော ကိုထူးတေဇာဖန်တီးထားသည့် ရွှေတိဂုံဘုရားပေါ်တွင် ဘုရားဖူးလာရောက်ကြသူများ၏ လှုပ်ရှားမှုများကို ဓာတ်ပုံများရိုက်ယူကာ အမြန်လှုပ်ရှားမှုပုံရိပ်များပါဝင်သောစက္ကန့် ၃၀ ကျော်ကြာ ဗီဒီယိုဖိုင်ကို စီအန်အန်၏ iReport ကဏ္ဍတွင် ထုတ်လွှင့်ပြသသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဗီဒီယိုဖိုင်ကိုဖန်တီးခဲ့သူ ကိုထူးတေဇာက “ကျွန်တော်ရိုက်ထားတဲ့ ဒီ Timelapse Videoကို စီအန်အန်ရဲ့ iReport ကဏ္ဍမှာ ပို့လိုက်တာ။ ဇွန်လ၆ရက်နေ့ကပို့လိုက်တာမှာ ပို့ပြီး၅နာရီကြာတော့အီးမေးလ်နဲ့အကြောင်းပြန်လာတယ်။ သူတို့ဒီဗီဒီယိုဖိုင်ကိုအသုံးပြုချင်တယ်ဆိုပြီးတော့။ ဇွန်လ၈ရက်နေ့မှာလွှင့်တယ်”ဟုပြောကြားသည်။ အဆိုပါဗီဒီယိုဖိုင်ကိုဓာတ်ပုံပေါင်း ၃၄၀၀ ကျော်ဖြင့်ဖန်တီးထားခြင်းဖြစ်ပြီး နေရာတူ၊ ရှုထောင့်တူ၊ အနေအထားတူကို ၂စက္ကန့်လျှင် ဓာတ်ပုံတစ်ပုံခန့် ရိုက်ကူးပြီးရိုက်ကူးပြီးစီးသောဓာတ်ပုံပေါင်း ၃၄၀၀ကျော်ကို Quick Time pro 7 ဟုခေါ်သော ဆော့ဖ်ဝဲလ်ဖြင့် Timelapse Video ဗီဒီယိုအဖြစ်ဖန်တီးထားခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါစက္ကန့် ၃၀ကျော်ကြာသော ဗီဒီယိုဖိုင်ကိုဖန်တီးနိုင်ရန်အတွက် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ အောင်မြေအနီးတွင် ၂နာရီကြာအောင် ဓာတ်ပုံများရိုက်ကူးခဲ့ပြီး ရိုက်ကူးရာတွင် ၂ စက္ကန့်လျှင် ဓာတ်ပုံတစ်ပုံနှုန်းကို သရီးဂျီအိုင်ဖုန်းအသုံးပြုကာ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ဖန်တီးခဲ့ပုံကို ကိုထူးတေဇာကရှင်းပြသည်။

ဒစ်စကာဗာရီနေရှင်နယ်ဂျီအိုဂရပ်ဖစ်ရုပ်သံများတွင်ပြသလေ့ရှိသောTimelapse ဗီဒီယိုများကိုသဘောကျနှစ်ခြိုက်ပြီးအပျော်တမ်းအနေနှင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲပုံရိပ်များ၊ရွှေတိဂုံဘုရားပုံရိပ်များနှင့် ရန်ကုန်မြို့ယာဉ်အသွားအလာရှုပ်ထွေးသောနေရာများကို ရိုက်ကူးကာ အမြန်လှုပ်ရှားမှု ပုံရိပ်များမြင်တွေ့ရသည့် Timelapse ဗီဒီယိုဖိုင်များဖန်တီးထားပြီးကိုယ်ပိုင်ဝက်ဘ်ဆိုက်နှင့်အခြား ဗီဒီယိုဖိုင်သီးသန့်ဝက်ဘ်ဆိုက်များတွင် တင်လေ့ရှိပြီး စိတ်ကြိုက်တွေ့သောဗီဒီယိုဖိုင်များကိုမူ စီအင်န်အင်န်၏ (iReport) အိုင်ရီပို့ကဏ္ဍအတွက် ပေးပို့လေ့ရှိကြောင်း ကိုထူးတေဇာကပြောသည်။

CNN ၏ iReport ကဏ္ဍဆိုသည်မှာ ကမ္ဘာတစ်ဝန်းမှ ပေးပို့လာသော အဖြစ်အပျက်မျိုးစုံ၊ အကြောင်းအရာမျိုးစုံကိုရိုက်ကူးထားသော ဗီဒီယိုဖိုင်များထဲမှ ၎င်းတို့စိတ်ကြိုက်ရွေးချယ်ပြသသည့်ကဏ္ဍတစ်ခုဖြစ်သည်။ စီအင်န်အင်န်၏ကဏ္ဍတစ်ခုတွင်မိမိ၏ဗီဒီယိုဖိုင်ဖော်ပြခြင်းခံရသည်နှင့်ပတ်သက်၍ “ဝမ်းသာတာပေါ့။ မြန်မာဆိုတဲ့ပုံရိပ်လေးတစ်ခုပါသွားတော့ကျေနပ်ပါတယ်”ဟု ကိုထူးတေဇာကပြောကြားသည်။ စီအင်န်အင်န်တွင်ထုတ်လွှင့်သွားသည်ကိုကိုယ်တိုင်ကြည့်ရှုလိုက်ရခြင်းမရှိသော်လည်း မိတ်ဆွေများ၏ ပြန်လည်ပြောပြချက်အရသိရကြောင်း သူကဆက်လက်ပြောကြားသည်။

အဆိုပါရွှေတိဂုံဘုရားဗီဒီယိုဖိုင်ကိုCNN ၏ iReport ကဏ္ဍတွင် ဇွန်လ ၈ရက်ကတစ်ကြိမ်၊ ဇွန်၁၇ရက်ကတစ်ကြိမ် ပြန်လည်ထုတ်လွှင့်ပြသခဲ့သည်။

“ပုဂံနဲ့မန္တလေးလိုမြန်မာ့ယဉ်ကျေးမှုအငွေ့အသက်တွေအပြည့်ရှိတဲ့နေရာမျိုးတွေမှာဒီလိုဗီဒီယိုဖိုင်အဖြစ် ဖန်တီးသွားဖို့စိတ်ကူးထားတာရှိပါတယ်”ဟု ကိုထူးတေဇာကသူ၏စိတ်ကူးကိုပြောကြားသည်။ စီအင်န်အင်န်တွင် ထုတ်လွှင့်ပြသခဲ့သော ကိုထူးတေဇာ၏ ရွှေတိဂုံဘုရား ဗီဒီယိုဖိုင်ကို www.htootayzar.com တွင်လည်းကောင်း၊ www.vimeo.com/24725155 တွင်လည်းကောင်းကြည့်ရှုနိုင်သည်။

## မျက်နှာဖုံး-မန္တလေးတိုင်းဒေသကြီးရှိ စိုက်ဧကအားလုံး၏ ၁၀ရာနှုန်းကို တစ်ဧကငါးသောင်းဖြင့် တိုင်းဒေသကြီး အစိုးရက ချေးငွေထုတ်ပေးမည် မှ

ယခုအစီအစဉ်သည်မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးတွင်ရှိသည့် မိုးစပါးစိုက်ဧက ခြောက်သိန်းစာအတွက် မဟုတ်သေးဘဲမန္တလေးတိုင်းဒေသကြီးအတွင်းရှိကျေးရွာ ၉၇ ရွာမှ မိုးစပါးစိုက်ဧက ခြောက်သောင်းကို တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ယခုနှစ်မိုးစပါးစိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ် ထုတ်ချေးပေးမည်ဖြစ်သည်။

“သက်ဆိုင်ရာ မြန်မာ့စိုက်ပျိုးရေးဌာနက တစ်ဧကကို ငွေကျပ် နှစ်သောင်းထုတ်ချေးနေပါတယ်။ သို့သော်လည်းပဲ အတိုင်းအတာနဲ့ပြန်ကြည့်ရင် လုံလောက်မှုမရှိသေးတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများက လိုအပ်တဲ့ ငွေကြေးတွေကို အပြင်ကနေပြီး အတိုးနှုန်းအင်မတန်ကြီးစွာနဲ့ ချေးငှားနေရတဲ့ အနေအထားတွေအားလုံး ခင်ဗျားတို့ကျုပ်တို့အသိပဲဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ်ဦးရဲမြင့်ကပြောသည်။

“ဒီအစီအစဉ်ဟာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တောင်သူလယ်သမားအပေါ်မှာ ဆောင်ရွက်ပေးတာ ပထမဆုံးသော ခြေလှမ်းဖြစ်ပါတယ်။ တိုင်းဒေသကြီးရဲ့လယ်ယာလုပ်ငန်းခွင်ကိုပြန်ကြည့်မယ်ဆိုရင် မိုးစပါးစိုက်ဧက ခြောက်သိန်းကျော်နဲ့ နွေစပါးစိုက်ဧက တစ်သိန်းတစ်သောင်းတစ်ထောင်ကျော်ရှိပါတယ်။ ထို့အတူ ပဲ၊ ဝါ စိုက်ဧကနှစ်သိန်းနှစ်သောင်းကျော် ရှိပါတယ်။ နောက်ဆုံးထုတ်လုပ်တဲ့အဆင့်ရောက်ရှိလာတဲ့အထိ လယ်ယာကုန်ထုတ်လုပ်ငန်းတွေမှာသုံးစွဲရတဲ့ ငွေကြေးဟာ အင်မတန်များပြားပါတယ်”ဟုဝန်ကြီးချုပ်ကအထက်ပါအစည်းအဝေးတွင် ပြောကြားသည်။

“စိုက်ပျိုးစရိတ်ချေးငွေကို အတိုးနှုန်းနှစ်ကျပ်ခွဲနဲ့ ချေးပေးမှာဖြစ်ပါတယ်။ မချေးမနေရပြုလုပ်တာမျိုးမဟုတ်ပါဘူး။ ချေးငွေတွေကိုလည်းတောင်သူ့လက်ဝယ်ထံ တိုက်ရိုက်ရောက်ရှိအောင် စနစ်တကျဆောင်ရွက်မှာဖြစ်ပါတယ်။ အခုကတော့ ကျွန်တော်တို့အစိုးရအဖွဲ့ဝန်ကြီးတွေ ကိုယ်တိုင်တစ်ပြိုင်နက်ကွင်းဆင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးမယ့်အစီအစဉ်တွေကိုတောင်သူတွေကိုကိုယ်တိုင်ရှင်းပြပေးမှာဖြစ်ပါတယ်”ဟုလည်း ဝန်ကြီးချုပ်ကပြောသည်။

“အခုအစီအစဉ်ဟာတောင်သူလယ်သမားတွေအတွက်တိုက်ရိုက်အကျိုးပြုမယ့်လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ပြည့်ပြည့်စုံစုံမဆောင်ရွက်နိုင်သော်လည်းပဲ ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ ပထမဆုံး ခြေလှမ်းအဖြစ် ဆောင်ရွက်ပေးတာဖြစ်ပါတယ်”ဟု၎င်းကပြောသည်။

နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ် ၉/ ၂၀၁၁ နှင့် ၁၉/ ၂၀၁၁ တို့ကို ယခုနှစ် မတ်လ ၃၀ ရက်နေ့စွဲဖြင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများကိုနိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးခြင်းသည် ရက်ပေါင်း တစ်ရာကျော်သွားပြီဖြစ်ပြီး၊ ယခုလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည့်ဇွန်လ ၁၃ ရက်၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ထမ်းဆောင်ခဲ့သည်မှာ ရက်ပေါင်း ၁၀၆ ရက်ရှိပြီဖြစ်သည်။

**-ပြင်ဆင်ချက်**

7Day News ဂျာနယ် အတွဲ(၁၀)အမှတ်(၁၃)မှ ‘မုံရွာမြို့တွင်ရောင်းချသည့်အီသနောပြင်ပဓာတ်ဆီဈေးနှုန်းတူညီ’သတင်းတွင်အသုံးပြုခဲ့သော ဓာတ်ပုံနှင့် သတင်း သက်ဆိုင်မှု မရှိပါကြောင်းပြင်ဆင်သိမှတ်ပေးပါရန်နှင့် သန်းကုဋေအောင်စက်သုံးဆီဆိုင်တွင် အီသနောရောင်းချခြင်းမရှိပါကြောင်းပြင်ဆင်သိမှတ်ပေးပါရန်။

**အယ်ဒီတာ**

## စာ-၇၊ မိုးရေချိန်လက်မအများဆုံး ရွာသွန်းခဲ့သည့် သံတွဲမြို့တွင် ရေကြီး မှ

“မနေ့ကတည်းက ဆိုင်ရှင်တွေအားလုံးပစ္စည်းတွေ သိမ်းပြီးကားတွေနဲ့အိမ်ကို သယ်သွားကြပြီ။ ဈေးတံခါးလည်း ပိတ်လိုက်ပြီ။ အခုရေက လမ်းမပေါ် ရောက်နေပြီ။ လမ်းကျော်ရင် ဈေးထဲရောက်ပြီ။ ရေက အခု တအားတက်လာတယ်။ လူတွေက အစားအသောက်တွေ ကြိုဝယ်ပြီး အိမ်မှာနေကြတယ်”ဟု သံတွဲဈေးတွင် မျက်မှန်ဆိုင်ဖွင့်ထားသည့်ဒေါ်ခိုင်ကပြောသည်။

သံတွဲမြို့သည် နှစ်စဉ်ရေကြီးသည့် မြို့ဖြစ်ပြီး၊ ၂၀၀၄ ခုနှစ်သည် အဆိုးဆုံးနှစ်တစ်ခုဖြစ်ခဲ့ကာ မြို့၏ စီးပွားရေးလုပ်ငန်းရှင်များ ဆုံးရှုံးမှုများကြုံခဲ့ကြကြောင်း သိရသည်။

“ချောင်းက မြေတွေဖို့ပြီး အရမ်းတိမ်နေတော့ မိုးတွင်းဆိုရင် အမြဲရေကြီးတယ်။ ၂၀၀၄ တုန်းက ရေမင်းကြီးကြီးလို့ (ရေအကြီးအကျယ်တက်ခြင်းကို ဆိုလိုသည်) ဈေးတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ ရေမြုပ်လို့ စီးပွားရေးသမားတွေလည်း ဆုံးရှုံးတယ်။ ဆေးရုံတက်နေတဲ့ လူနာတွေလည်း စက်လှေတွေနဲ့ ပြေးကြရတယ်။ မြို့က လူတွေရဲ့ စီးပွားရေးက ဈေးထဲမှာအဓိကရှိကြတာဆိုတော့ တော်တော်စီးပွားရေး ခက်ခဲခဲ့ရတယ်”ဟု ၂၀၀၄ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် ရေကြီးမှုအတွေ့အကြုံကို ဒေသခံအမျိုးသမီးတစ်ဦးက ရှင်းပြသည်။

“အဲဒီတုန်းက မြို့ကရေတွင်းတွေအားလုံးနုန်းတွေဖို့ကုန်လို့တစ်မြို့လုံးဒုက္ခရောက်ကြတယ်။ အိမ်တွေမှာတင်ကျန်နေတဲ့နုန်းတွေကိုသုံးရက်အတွင်း အပြီးရှင်းရမယ်လို့ အမိန့်ထုတ်လို့ အလုပ်သမားတွေကို သိန်းနဲ့ချီပေးပြီး နုန်းတွေရှင်းဖို့ ငှားရတယ်။ သဘာဝဘေးခဏခဏကြုံရပေမယ့် အဲဒါအတွက် ကြိုတင်စီမံထားမှုတွေ တစ်ခုမှ မရှိဘူး”ဟု ၎င်းကဆက်ပြောသည်။

သံတွဲမြို့တွင် မိုးရေချိန်လက်မ ၁၂ ဒသမ ၄၅ လက်မရွာသွန်းခဲ့ပြီး မြန်မာနိုင်ငံတွင် မိုးရေချိန်လက်မ အမြင့်ဆုံး ဖြစ်ခဲ့ကြောင်း ၁၉ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာများ၏ ထုတ်ပြန်ချက်အရသိရသည်။

# Health

7DAY NEWS JOURNAL

Vol.10, No.14 • JUNE 23, 2011

လူ့ခန္ဓာကိုယ်အတွင်းရှိ အူသိမ် အူမများအတွင်းတွင် ဘက်တီးရီးယား ပိုးများစွာရှင်သန်ပေါက်ဖွား လျက်ရှိကြရာ အဆိုပါဘက်တီး ရီးယား ပိုးများတွင် လူကိုအကျိုး ပြုသည့် ဘက်တီးရီးယားများရှိသ ကဲ့သို့ လူခန္ဓာကိုယ်အားဒုက္ခပေး နိုင်သည့် ဘက်တီးရီးယားပိုးများ လည်းရှိကြသည်။

# သန့်ရှင်းစွာနေထိုင်ခြင်းဖြင့် E.Coli ကို ကာကွယ်နိုင်

သီဟ

အဆိုပါ ဘက်တီးရီးယားပိုး များတွင် ယခုရက်ပိုင်းအတွင်း ဥရောပတစ်ခွင်တွင်ဒုက္ခပေးလျက် ရှိသည့် E-Coli ဘက်တီးရီးယား လည်းတစ်ခုအပါအဝင်ဖြစ်သည်။ ယင်းဘက်တီးရီးယားအား အဏု ကြည့်မှန်ဘီလူးဖြင့်ကြည့်ပါက ရှည် မျောမျောသဏ္ဌာန်တွေ့ရမည်ဖြစ် ကြောင်း ပညာရှင်များက ပြော သည်။

အဆိုပါဘက်တီးရီးယားများ တွင်အများစုသည်လူကိုဒုက္ခပေး လေ့မရှိကြဘဲ အစာခြေဖျက်ရာ တွင်ပင်အကူအညီပေးလေ့ရှိကြ ကြောင်းသိရသည်။

သို့သော် E-Coli ဘက်တီးရီး ယားအမျိုးကွဲပေါင်း ၇၀၀ ကျော်ရှိ ရာ လူကိုအကျိုးပြုသည့် E-Coli ဘက်တီးရီးယားရှိသကဲ့သို့ အန္တ ရာယ်ဖြစ်စေတတ်သည့် E-Coli ဘက်တီးရီးယားလည်း ရှိသည်ဟု သိရသည်။

ဒုက္ခပေးတတ်သည့် E-Coli ဘက်တီးရီးယားများသည် ခန္ဓာ ကိုယ်အတွင်းရှိ အူများအတွင်း တွင် အဆိပ်ဓာတ်များလွှတ်ကာ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားစေနိုင်သည့်အပြင် လူ၏ အသက်ကိုပါ ရန်ရှာတတ်သည်ဟု သိရသည်။




**ဟင်းရွက်များအားလည်း စင်ကြယ်စွာဆေးကြောခြင်းမရှိပါက E.Coli တွယ်ကပ်နိုင်သည်။**

လူကိုရန်ရှာတတ်သည့် E-Coli ဘက်တီးရီးယားများသည်လူ့ မစင်နှင့်ထိတွေ့ထားသည့် အစား အစာနှင့်ရေများမှတစ်ဆင့် လူ၏ ကိုယ်တွင်းသို့ဝင်ရောက်လာလေ့ ရှိသဖြင့်တစ်ကိုယ်ရေသန့်ရှင်းရေး ကို ဂရုပြုသင့်ကြောင်း ကျန်းမာ ရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေး ပညာဌာနမှ ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါက်တာခင်မောင် လွင်ကပြောသည်။

"E-Coli ကလူ့မစင်နဲ့ ထိတဲ့ အရာတွေမှာပါ အကုန်ပါနိုင် တယ်။ အစိမ်းစားရတဲ့အရာတွေထဲ မှာလည်းပါနိုင်တယ်။ ချက်ပြုတ် မထားတဲ့ အရာတွေထဲမှာ ပါနိုင် တယ်။ အသုပ်ထဲမှာ နံနံပင်တွေ ထဲမှာ ပါနိုင်တယ်"ဟု ဒေါက်တာ ခင်မောင်လွင်ကပြောသည်။

ထို့ကြောင့် ဟင်းသီးဟင်း ရွက်များအား အစိမ်းစားမည်ဆိုပါ ကရေသုံးကြိမ်ခန့်ဆေးကြောခြင်း၊ ရေနွေးဖြင့် ဆေးကြောခြင်းများပြု လုပ်ကာ စားသုံးသင့်ကြောင်း သိရ သည်။

ထို့အပြင် လမ်းဘေးအစား အစာများ၊ အကင်များ၊ မြစ်ရေ ချောင်းရေများတွင်လည်း E-Coli ဘက်တီးရီးယားရှင်သန်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် အချို့သောသူ များသည်တစ်နေရာမှအခြားတစ် နေရာသို့ခရီးသွားလာရာတွင်ဝမ်း ပျက်ခြင်းဖြစ်ပွားတတ်ခြင်းမှာ အ ဆိုပါဒေသတွင်ရှိသည့် E-Coli ဘက်တီးရီးယားနှင့် မယဉ်ပါးခြင်း ကြောင့်ဖြစ်သည်ဟု အထွေထွေ ရောဂါကု ဆရာဝန်တစ်ဦးကပြော သည်။

လူကို အကျိုးပြုသည့် E-Coli ဘက်တီးရီးယားများကြောင့် လူ့ခန္ဓာကိုယ်တွင် ဗီတာမင်ကေ ရရှိခြင်း အခြားရောဂါဖြစ်စေမည့် ပိုးမွှားများ မပေါက်ပွားနိုင်စေရန် တားဆီးပေးနိုင်ခြင်းစသည့်ကောင်း ကျိုး များရရှိနိုင်သည်။

သို့သော် အဆိပ်ထုတ်တတ် သည့် E-Coli ဘက်တီးရီးယား ကြောင့်လည်း ကျောက်ကပ်ပျက် စီးစေခြင်း၊ ဝမ်းသွားစေခြင်းမှ အစပြုကာ သွေးဝမ်းများသွားခြင်း ဖြစ်ပေါ်တတ်ပြီး အသက်ကိုပင် ရန်ရှာတတ်ကြောင်း ဒေါက်တာ မြင့်ဦး(ဂျီပီ)ကပြောသည်။

**စာ(၁၄)သို့**



# အိပ်နေစဉ် ဘီလူးစီးသလား

ဝတ်ရည်

လူများသည် နေ့စဉ်ရှင်သန်လှုပ်ရှားသွားလာမှုများအတွက် စွမ်းအင်ပေါင်းများစွာ လိုအပ်ပြီး ထိုလိုအပ် သော စွမ်းအင်များအား အိပ်စက်အနားယူခြင်းဖြင့် ပြန်လည်ဖြည့်တင်းရလေ့ရှိသည်။

နေ့စဉ်လှုပ်ရှားမှုများက စွမ်းအင်များကို ပြုန်းတီးစေပြီး နောက်တစ်နေ့ပြန်လည်လှုပ်ရှားနိုင်ရန် အတွက် မဖြစ်မနေကောင်းမွန်စွာအိပ်စက်ရလေ့ရှိပြီး လုံလောက်သော အိပ်စက်အနားယူမှု မရှိပါက ကျန်းမာရေးပြဿနာများကြုံတွေ့ခံစားကြရမည်ဖြစ်သည်။

အိပ်သည့်အခါ ကောင်းမွန်စွာ အိပ်စက်နိုင်သောသူများရှိသကဲ့သို့ အချို့မှာလည်း အိပ်သည့် အချိန်တွင် လွယ်လွယ်ကူကူအိပ်မပျော်နိုင်ခြင်း၊ အိပ်မက်ဆိုးများဖြင့် ချောက်ချားခြင်းများ ကြုံတွေ့ ရပြီး အချို့မှာ အိပ်နေသည့်အချိန်တွင် ကြောက်စိတ်များဝင်လာခြင်းများ ခံစားကြရလေ့ရှိသည်။

ထိုအခြေအနေအား အိပ်နေစဉ် ဘီလူးစီးသည်ဟု လူအများက ပြောဆိုကြပြီး ထိုကဲ့သို့ဖြစ်ပွားမှု သည် အိပ်တစ်ဝက်အနေအထားတွင် ရုတ်တရက်ဖြစ်ပေါ်လာသည့် ကြောက်စိတ်ကြောင့် ခံစားရ ခြင်းဖြစ်ကြောင်း စိတ်ပိုင်းဆိုင်ရာနှင့် ဦးနှောက်အထူးကု ဆရာဝန်ဒေါက်တာဝင်းဆွေကပြောသည်။

ရှေးကတည်းက ဖြစ်ပွားခံစားကြရပြီး ပက်လက်အိပ်သည့်အနေအထားတစ်ခုကြောင့် ဘီလူး စီးခြင်းဖြစ်ကာ လှုပ်ရှားမရ၊ အော်ဟစ်၍မရသည့် ဝေဒနာခံစားရခြင်းဖြစ်ကြောင်း မှတ်ယူကြလေ့ ရှိသည်။

**စာ(၁၄)သို့**



7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## စာ-၁၃၊ အိပ်နေစဉ် ဘီလူးစီးသလား မှ

"အိပ်စက်ခြင်းနှင့် ကြောက်စိတ်လို့ခေါ်တယ်။ ဖြစ်တဲ့အချိန်က အမြဲတမ်းအိပ်၊ မပျော်တပျော်ဖြစ်နေတဲ့အချိန်မျိုးမှာ ဖြစ်လေ့ရှိတယ်။ အဲအချိန်မှာ ရုတ်တရက်ကြောက်စိတ်ဝင်ပြီး လူကအော်ချင်လည်း အော်နေတယ်။ ဒါပေမဲ့ အသံမထွက်လာဘူး။ ခြေ၊ လက်တွေ လှုပ်လို့မရဘူး။ နှလုံးခုန်နှုန်းတွေမြန်ပြီး အသက်ရှူနှုန်းပြောင်း လဲလာတဲ့ဝေဒနာကိုခံစားကြရတယ်"ဟုဒေါက်တာဦးဝင်းဆွေကပြောသည်။

အိပ်စက်ခြင်းသည် မျက်လုံးအိမ် လှုပ်ရှားမှုမရှိသည့်အနေအထား(Non REN Sleep)နှင့် မျက်လုံးအိမ်လှုပ်ရှားမှုရှိသည့် အနေအထား(REN sleep)ဆို၍ရှိပြီး ဘီလူးစီးခြင်း ခံစားရသောအချိန်သည် မျက်လုံးအိမ်လှုပ်ရှားမှု မရှိသည့် အနေအထားတွင်သာ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

စတင်အိပ်သည့် အချိန် (Non REN sleep) အဆင့် ၁၊ ၂၊၃ တွင် ဦးနှောက်လှိုင်းများ တဖြည်းဖြည်း နှေးကွေးသွားပြီး အဆင့် ၄ အိပ်ပျော်တော့မည့်ဆဲဆဲတွင် အိပ်မက်လိုလိုဖြစ်ပွားခြင်းဖြစ်သည်။

"အမြဲတမ်းဖြစ်ရင် အိပ်မပျော်တပျော်အချိန်ပဲ အားလုံးကိုလည်း သိနေတယ်။ ဖြစ်ရင်လည်း ခြေလက်တွေလုံးဝလှုပ်လို့မရဘူး။ အော်တာလည်း အသံမထွက်ဘူး။ တစ်ယောက်ယောက်က အသားချင်းလာထိတာမျိုးတွေလုပ်မှ လန့်နိုးလာတာ။ ပြီးရင်လည်း ရင်တွေတုန်ပြီး မအိပ်နိုင်တော့ဘူး။ အဲဒါကလည်း အမြဲတမ်းဖြစ်နေတော့ သိပ်လည်း ဂရုမစိုက်ဖြစ်ပါဘူး"ဟု အသက် ၂၃ နှစ်အရွယ် မစုစုကပြောသည်။ အိပ်စက်ခြင်း၏ ရုပ်ဝန်းတွင် ခံစားမှုအာရုံတစ်ခုခုအားမသိစိတ်မှ ရုတ်တရက်ရောက်ရှိသွားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဝေဒနာမျိုးဖြစ်ပြီး ရောဂါတစ်ခုတော့မဟုတ်ကြောင်းဒေါက်တာဦးဝင်းဆွေက ပြောသည်။ ထိုဘီလူးစီးခြင်းသည် ကလေးငယ်များတွင် ပိုမိုဖြစ်ပွားလေ့ရှိပြီး လူ ၁၀၀၀တွင် ၁၇ဦးအထိ ဖြစ်ပွားတတ်ပြီး လူ ၁၀၀ တွင် ၃၊ ၄ ဦး အထိဖြစ်ပွားကြောင်း သိရသည်။


နိုးတစ်ဝက်၊ အိပ်တစ်ဝက်ဖြစ်နေသည့်အချိန်တွင် ဖြစ်ပွားလေ့ရှိသော ထိုဘီလူးစီးခြင်းဟုခေါ်သည့်ဝေဒနာသည် စိတ်ဖိစီးမှု များပြားနေသူများ၊ အမျိုးသမီးများ သွေးပေါ်နေသည့်အချိန်များ၊ ကိုယ်ဝန်ဆောင်နေစဉ် အချိန်များနှင့် အရက်၊ မူးယစ်ဆေးသုံးစွဲထားချိန်များတွင် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

"ရောဂါတစ်ခုမဟုတ်ဘူးဆိုပေမယ့် ဖြစ်လာတာအကြိမ်ရေများပြီး ဆိုးဆိုးဝါးဝါးဖြစ်လာရင်တော့ ရောဂါတစ်ခုဖြစ်လာနိုင်တယ်။ ဖြစ်တဲ့အခါမှာလည်း ဆေးဝါးတွေနဲ့ ကုသခြင်းထက် စိတ်ဖိစီးမှုတွေနည်းအောင်၊ ကောင်းမွန်တဲ့အိပ်စက်ခြင်းဖြစ်အောင် ပြုလုပ်ပြီးကုသနိုင်တယ်" ဟု အဆိုပါဆရာဝန်ကပြောသည်။

အိပ်ပျော်နေစဉ် သတိလွတ်သွားခြင်းကြောင့် ထိုကဲ့သို့ အိပ်စက်ခြင်းနှင့် ကြောက်စိတ်(ဘီလူးစီးခြင်း)ဆိုသည်များ ဖြစ်လေ့ရှိသကဲ့သို့ အချို့မှာ အိပ်ပျော်နေစဉ် လမ်းလျှောက်ခြင်းမှာလည်း ဘီလူးစီးခြင်းကဲ့သို့ စိတ်ဖိစီးမှုများနေသူများတွင် ဖြစ်ပွားလေ့ရှိကြကြောင်း သိရသည်။ "အဲဒီ နှစ်ခုလုံးက Non REN အခြေအနေတွေမှာပဲဖြစ်တယ်။ အိပ်ပျော်နေတဲ့အချိန် တချို့တွေဆို လမ်းလျှောက်ရုံတင်မကဘူး။ အစားတွေစား၊ အလုပ်တွေလုပ်၊ ကားတွေမောင်းကြတဲ့ သူတွေတောင်ရှိတယ်"ဟု ဒေါက်တာဦးဝင်းဆွေကပြောသည်။

သောက များပြားခြင်းကြောင့် ဖြစ်ပွားသည်များလည်းရှိသဖြင့် အတတ်နိုင်ဆုံး စိတ်ဖိစီးမှုနည်းပါးစေရန် နေထိုင်ခြင်း၊ ညအိပ်ပါက ထိုစိတ်ဖိစီးမှုများ နည်းပါးစေရန် စိတ်တည်ငြိမ်မှုရှိအောင် တရားမှတ်၍ အိပ်စက်ခြင်း၊ အချိန်မှန်မှန် လမ်းလျှောက်ပေးခြင်း၊ အိပ်ခါနီးအချိန်တွင် ကော်ဖီများသောက်ခြင်း၊ စာဖတ်ခြင်းအား ရှောင်ကြဉ်ခြင်း၊ အိပ်ရာအနီးနားတွင် ရုတ်တရက်ထိတ်လန့်မှုဖြစ်စေနိုင်မည့် ဆူညံသံများဖြစ်ပေါ်စေမည့်အရာများမရှိစေရန်ထားရှိခြင်း၊ ညဥ့်နက်သည်အထိ အိပ်ရေးပျက်မခံခြင်းစသည်များအား ဂရုစိုက်ထားသင့်ကြောင်း သိရသည်။

အိပ်နေစဉ် ထိုခံစားမှုများ ပိုမိုပြင်းထန်လာပါက တတ်ကျွမ်းသည့် ဆရာဝန်များဖြင့် ကုသသင့်ပြီး ဆေးဝါးကုထုံးများ အသုံးပြုရမည်ဖြစ်သော်လည်း အတတ်နိုင်ဆုံး အထက်ပါအတိုင်းကောင်းမွန်စွာ အိပ်စက်နိုင်မည့် နည်းလမ်းများအသုံးပြု၍ ကုသကြောင်း သိရသည်။



# ပုံမှန်သွေးလှူရှင်နည်းပါးနေခြင်းကြောင့် သွေးလိုအပ်ချက်ရှိနေဟုဆို

ဝတ်ရည်

ရန်ကုန်၊ ဇွန် – ၁၄

စေတနာသွေးလှူရှင်များ တဖြည်းဖြည်း များပြားလာသော်လည်း ပုံမှန်သွေးလှူရှင်များ နည်းပါးနေသဖြင့် သွေးလိုအပ်ချက်များရှိနေကြောင်း ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားတွင်ပြောကြားခဲ့သည်။

လှူဒါန်းသူအများစုမှာ သွေးလှူဒါန်းပွဲများနှင့် ကြုံကြိုက်မှသာ လှူဒါန်းမှုများရှိပြီး သွေးလှူဒါန်းပွဲများအပြီးတွင် သွေးများပိုလျှံနေသော်လည်း နေ့စဉ်လိုအပ်မှုများအတွက် ပုံမှန်သွေးလှူရှင်များ လိုအပ်နေခြင်းဖြစ်ကြောင်း သွေးရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီးဒေါက်တာဒေါ် အေးအေးကြီးက ပြောသည်။

"တချို့ရောဂါတွေအတွက် အသုံးပြုရတဲ့ သွေးက ရက်အကန့်အသတ်ရှိတယ်။ လွန်သွားရင် သွေးကသုံးလို့ မရတော့ဘူး။ ဥပမာ-သွေးလွန်တုပ်ကွေးအတွက် သုံးရတဲ့ သွေးရည်ကြည်ဆိုရင် ရက်လွန်သွားရင် သုံးလို့မရတော့ဘူး။ သွေးလာလှူတဲ့ပွဲတွေရှိရင် သွေးရည်ကြည်တွေ ပိုနေလို့ တခြားဆေးရုံတွေတောင် ပေးရတဲ့အခါတွေ ရှိပေမယ့် တစ်ခါတလေဆို လုံးဝမရှိတာတွေလည်းရှိတယ်။ မနှစ်က သွေးလွန်တုပ်ကွေး ရာသီတုန်းကတော့ အဖွဲ့အစည်းတစ်ခုကနေ အဲလိုလိုအပ်ချက်တွေမရှိအောင် တစ်နေ့ကိုလူ ၃၀လောက် သွေးလှူပေးတယ်" ဟု ကလေးဆေးရုံမှ ဆေးရုံအုပ်ကြီးဒေါက်တာအောင်ကြည်ဝင်းကပြောသည်။

နေ့စဉ် ပုံမှန်သွေးလှူဒါန်းသူ အယောက် ၂၀-၃၀ ခန့်ရှိလျှင်ပင် သွေးလိုအပ်ချက် ပြည့်မီနိုင်သော်လည်းပုံမှန် နှစ်ယောက်၊ သုံးယောက်ခန့်ပင်ရှိကြောင်း ဒေါက်တာအောင်ကြည်ဝင်းက ဆက်လက်ပြောသည်။

"မြန်မာနိုင်ငံတင်မကပါဘူး။ နိုင်ငံတိုင်းမှာ သွေးလိုအပ်မှုတွေရှိတယ်။ ဒါပေမဲ့ တခြားနိုင်ငံတွေက သွေးလှူဒါန်းပွဲတွေလုပ်ပြီး လှူကြတာမျိုးတော့ မဟုတ်ဘူး။ နိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက် မဖြစ်မနေကို လုပ်ရမယ့် တာဝန်တစ်ခုလိုမျိုး ပုံမှန်သူတို့ဘာသာသူတို့လှူကြတယ်။ ဒီမှာလည်း အဲလိုမျိုး ပုံမှန်လှူတဲ့အလေ့အကျင့်ဖြစ်ရင် သွေးလိုအပ်ချက်ကို လုံလောက်နိုင်စေပါတယ်"ဟုဒေါက်တာဒေါ် အေးအေးကြီးက ပြောသည်။ လူ ၁၀၀လျှင်ပင် ပုံမှန်သွေးလှူရှင်တစ်ဦးရှိလျှင် ထိုနိုင်ငံအတွက်သွေးလိုအပ်ချက်လုံလောက်စေမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားသွေးလှူဘဏ်ကို တစ်လလျှင် သွေးလှူရှင် ၂၀၀၀ဦးခန့် သွေးလှူဒါန်းလေ့ရှိပြီး စေတနာသွေးလှူရှင်များ၊ အစားထိုးသွေးလှူရှင်များ များပြားနေသော်လည်း ပုံမှန်သွေးလှူဒါန်းမှုများ နည်းပါးနေသေးသဖြင့် ပုံမှန်သွေးလှူရှင်များ လိုအပ်နေကြောင်း သိရသည်။

## အိတ်ဆောင်အအေးခံဆေးသေတ္တာဘူးများ ဖြန့်ချိမည်

သီဟ

ရန်ကုန်၊ဇွန် – ၁၇

လူနာများအတွက် လိုအပ်သည့် ထိုးဆေးများအား ခရီးသွားရာတွင် အလွယ်တကူသယ်ဆောင်သွားနိုင်ရန်အတွက် အိတ်ဆောင်အအေးခံဆေးသေတ္တာဘူးအားပြည်တွင်း၌ဖြန့်ချိနေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါဆေးသေတ္တာဘူးသည် ဘူးတွင်းအပူချိန်အား ၂-၈ ဒီဂရီစင်တီဂရိတ်အထိ လျှော့ချသိမ်းဆည်းနိုင်ကြောင်း သိရသည်။ အဆိုပါ အအေးခံ ဆေးသေတ္တာဘူးအား နေရောင်ခြည်စွမ်းအင်ဖြင့်လည်းကောင်း၊ အိမ်သုံး လျှပ်စစ် ၂၂၀ ဗို့ အေစီဖြင့်လည်း ကောင်း၊ မော်တော်ကား ၁၂ဗို့ဖြင့် လည်းကောင်း ချိတ်ဆက်အသုံး ပြုနိုင်ကြောင်း သိရသည်။

အလားတူ အအေးဒီဂရီ -၅ ဒီဂရီ စင်တီဂရိတ်အထိ အအေးခံနိုင်သည့် ၁၂ လီတာဆံ့ ဆေးသေတ္တာဘူးအားလည်းတစ်ပါတည်း ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

## စာ-၁၃၊ သန့်ရှင်းစွာနေထိုင်ခြင်းဖြင့် E.Coli ကို ကာကွယ်နိုင် မှ

အစားအစာများချက်ပြုတ်ရာတွင်လည်း အိမ်သာနှင့်နီးစပ်သည့်နေရာများတွင် ချက်ပြုတ်သည့်အစားအစာများတွင် E-Coli ဘက်တီးရီးယားတွယ်ကပ်နေတတ်ပြီး အဆိုပါအစားအစာများကိုစားသုံးမိပါကလည်းယင်းဘက်တီးရီးယားဝင်ရောက်နိုင်သည်။

ထို့အပြင် အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို လှီးဖြတ်သည့်စဉ်းတီတုန်းကိုလည်း ရေစင်ကြယ်စွားဆေးကြောခြင်း မရှိပါက E-Coli ဘက်တီးရီးယားများ ပေါက်ပွားနိုင်ကြောင်း သိရသည်။

E-Coli ဘက်တီးရီးယားများ ကိုယ်တွင်းဝင်ရောက်သွားပါက အချို့အကောင်များသည် အကောင်ရေသန်းချီများပြားလာမှသာလူကိုဒုက္ခပေးနိုင်ခြေရှိသည့်ပိုးမျိုးရှိသကဲ့သို့ အကောင်ရေ လေးကောင်၊ငါးကောင်ခန့်နှင့်ပင်လည်း လူကို ဒုက္ခပေးနိုင်သည့် ပိုးများလည်းရှိကြောင်း သိရသည်။

E-Coli ကြောင့် ဝမ်းပျက်ပါက ဝမ်းပျက်သူသည် အရည်ဝမ်းများ ဆက်တိုက်သွားခြင်း၊ ဝမ်းဗိုက်နေရာတွင် တောင့်တင်းခြင်း၊ နောက်ပိုင်းတွင် အချွဲဝမ်းများဖြစ်လာကာသွေးဝမ်းအဖြစ်ပြောင်းလဲသွားခြင်းတို့ဖြစ်ပွားနိုင်သည်ဟု ဒေါက်တာမြင့်ဦး(ဂျီပီ)ကပြောသည်။

ထိုသို့ဖြစ်သူများသည် တစ်ဆင့်စကားဖြင့်ညွှန်လေ့ရှိကြသည့် အလွယ်တကူရသည့် ဝမ်းပိတ်ဆေးများကို သောက်သုံးလေ့ရှိကြကြောင်းသိရသည်။

" E-Coli ဘက်တီးရီးယားကြောင့်ဝမ်းပျက်နေသူကို ပဋိဇီဝပိုးသတ်ဆေးတွေ တိုက်ပြီးကုမယ်ဆိုရင် အခြေအနေပိုဆိုးသွားနိုင်တယ်"ဟု ဒေါက်တာမြင့်ဦး(ဂျီပီ) ကပြောသည်။

ထိုသို့ကုသပါက လူနာသည် ဝမ်းပိတ်သွားသကဲ့သို့ထင်ရသော်လည်း ဝမ်းဗိုက်တစ်ခုလုံးတွင် 'တဂွီဂွီ'အသံများမြည်ကျန်ခဲ့ပြီး မအီမလည်ဖြစ်ကာ ဗိုက်တစ်ခုလုံးတင်းနေမည်ဖြစ်ကြောင်း သိရသည်။


ထို့ကြောင့် ခရီးသွားသည့်အခါ ရေပြောင်းရေလွဲကြောင့် ဝမ်းပျက်သည့်အခါတွင် ပဋိဇီဝပိုးသတ်ဆေးများနှင့် ဝမ်းပိတ်ဆေးများအားအလွယ်တကူမသောက်သင့်ကြောင်း သိရသည်။

သာမာန် E-Coli ကြောင့်ဝမ်းပျက်ပါက လေးငါးရက်ကြာပါကအလိုလျောက်ပြန်ကောင်းသွားနိုင်ပြီး အဆိုပါရက်များအတွင်းတွင် ဓာတ်ဆားရည်နှင့် သန့်ရှင်းလတ်ဆတ်သည့် အစားအစာများစားသုံး၍ အာဟာရဖြည့်တင်းရန်လိုအပ်ကြောင်းဒေါက်တာမြင့်ဦး (ဂျီပီ)ကပြောသည်။

သို့ရာတွင် အချို့သော E-Coli ဘက်တီးရီးယားများသည် ခန္ဓာကိုယ်အတွင်းရှိ သွေးနီဥများကိုဖျက်ဆီးပစ်သဖြင့်ကျောက်ကပ်ပျက်စီးသွားရခြင်းများလည်းရှိတတ်သဖြင့် ဝမ်းပျက်နေစဉ် သွေးပါလာပါက ဆရာဝန်နှင့်ပြသသင့်ကြောင်း သိရသည်။

အသက် ငါးနှစ်အောက်ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများတွင်E-Coli ကြောင့် ဝမ်းပျက်ကာ သွေးဝမ်းသွားပါက အသက်အန္တရာယ်နှင့်နီးစပ်နိုင်သဖြင့် ဂရုပြုကြရန်လိုအပ်ကြောင်း သိရသည်။

တကယ်တမ်းတွင် E-Coli ဘက်တီးရီးယားကိုယ်တွင်းသို့ဝင်ရောက်ခြင်းမှာ တစ်ကိုယ်ရေသန့်ရှင်းရေးအားနည်းခြင်းနှင့် အစာသန့်၊ ရေသန့်၊ လက်သန့်၊ အိမ်သာသန့် အားနည်းမှုတို့ကြောင့်ဖြစ်သဖြင့် အဆိုပါအချက်များအား သတိထားလိုက်နာပါက E-Coli ပိုးဝင်ရောက်ခြင်းအား ကာကွယ်နိုင်မည်ဖြစ်သည်ဟု ဒေါက်တာခင်မောင်လွင်ကပြောသည်။



Regional
7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# မိုးဦးကာလ ဇွန်လလယ်တွင် မန္တလေး၌ မီးနှစ်ကြိမ်လောင်

မင်းဒင်

**မန္တလေး၊ ဇွန် - ၁၈**

မန္တလေးခရိုင်အတွင်း ဇွန်လ ၁၃ ရက်နှင့် ၁၆ ရက်တို့တွင် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ရာ မိုးရာသီဖြစ်သော်လည်း မီးကို ဂရုစိုက်ရန်လိုအပ်ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မိုးတွင်းဆိုတော့ နွေရာသီမှာလို ဆော်ဩမှုတွေ မရှိပေမယ့် ဂရုစိုက်သင့်တယ်။ လေပြင်းတိုက်ခတ်မှုတွေ ရှိတယ်။ နွေမှာလိုပဲ မီး သတိပြုဖို့လိုတယ်" ဟုဂင်းက ဆက်လက်ပြောကြားသည်။

ဇွန်လ ၁၃ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ သီတာအေးကွက်သစ်၊ ၇၈ လမ်း၊ စပယ်လမ်းနှင့် နှင်းဆီလမ်းထောင့်အိမ်တစ်အိမ်တွင် ဘုရားမီး ပူဇော်ထားသည့် ဖယောင်းတိုင်မီးမှတစ်ဆင့် စတင်လောင်ကျွမ်းရာ အိမ်ငါးလုံးနှင့် ကျန်နှစ်အိမ်မှာ တစ်ခြမ်းစီ ပျက်စီးဆုံးရှုံးခဲ့သည်။



*ဆိုင်ခန်း ၁၈ ခန်းပျက်စီးခဲ့ရသည့် မဟာအောင်မြေမြို့နယ် မီးလောင်မှု*

ဓာတ်ပုံ - ဘိုဘိုလွင်(အလုပ်ကမ္ဘာ)

ဇွန်လ ၁၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အမှတ် (မ-၁၁)၊ ၅၉ လမ်းနှင့် လမ်း ၆၀ ကြား၊ သိပ္ပံလမ်းတွင် ဟင်းအိုးတည်ထားခဲ့ရာမှ စတင်လောင်ကျွမ်းရာ မျက်နှာပွင့် (၈) ပေ၊ အရှည် ပေ ၃၀၊ ဆိုင်ခန်းပေါင်း ၁၈ ခန်းပျက်စီးသွားသည်။


အထက်ပါ မီးလောင်ကျွမ်းမှုတည်နေရာနှင့် မျက်နှာချင်းဆိုင်တွင်ချမ်းမြသာစည် မီးသတ်ဌာနရှိသော်လည်း လေတိုက်ခတ်ခြင်း၊ ခေါင်တစ်ဆက်တည်း ဆိုင်ခန်းတန်းလျားဖြစ်နေခြင်းများကြောင့် မီးထိန်းချုပ်ရန် နာရီဝက်ခန့် အချိန်ယူရကာ ဆိုင်ခန်း (၁၈) ခန်းလောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါနေရာ နှစ်ခုလောင်ကျွမ်းသည့် အချိန်နာရီများသည် တူညီနေပြီးနံနက်၁၁နာရီ၄၅မိနစ်တွင် စတင်ဖြစ်ပွားခဲ့ကြသည်။

အဆိုပါလောင်ကျွမ်းမှုများအား ပ ၂၀၆၊ ပုဒ်မ ၂၈၅/ ၂၀၁၁ နှင့် ပ ၂၈၂၊ ပုဒ်မ ၂၈၅/ ၂၀၁၁ တို့ဖြင့် သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးခရိုင်အတွင်း ဇန်နဝါရီလဆန်းပိုင်းမှ ယခုဖြစ်ပွားခဲ့သည့်အမှုဖြစ်စဉ်များ အပါအဝင် မီးလောင်ကျွမ်းမှု (၄၈) မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ၄၈ မှုတွင် မီးဖိုမီး ၅ မှု၊ ပေါ့ဆမီး ၃၃ မှု၊ လျှပ်စစ်မီး ၅ မှု၊ ရှို့မီး ၁ မှုနှင့် အလိုအလျောက်မီး၄ မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

# နေပြည်တော် အဝေးပြေးယာဉ်များ ခရီးသည်ရရှိမှု စံချိန်တင်



ထူးသန့်

**နေပြည်တော်၊ ဇွန် - ၁၇**

နေပြည်တော်ကို ဗဟိုပြုပြေးဆွဲနေသော အဝေးပြေးခရီးသည် ပို့ဆောင်ရေး ယာဉ်လိုင်းများ ခရီးသည်ရရှိမှု ပုံမှန်မြင့်တက်လျက်ရှိကာ ပြီးခဲ့သည့် မေလအတွင်း စံချိန်တင် အရေအတွက်ထိ ရောက်ရှိခဲ့ကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ (အဝေးပြေး) မှသိရှိရသည်။

ရထားလုပ်ငန်းများ နေပြည်တော်ပျဉ်းမနားဘူတာမှ နေပြည်တော်ဘူတာကြီးသို့ ပြောင်းရွှေ့ခဲ့သည့် ၂၀၀၉ ခုနှစ် ဇူလိုင်လမှစ၍ ခရီးသည်ရရှိမှု မြင့်မားခဲ့ပြီး မေလအတွင်းက နေပြည်တော်မှ ရန်ကုန်သို့ခရီးသည်၆၉၇၄၂ဦးနှင့်နေပြည်တော်မှ မန္တလေးသို့ ၁၅၈၈၃ ဦး စီးနင်းခဲ့ကြောင်း နေပြည်တော် မထသ(အဝေးပြေး)မှသိရသည်။

ယခင်က ခရီးသည်အများဆုံးရရှိသော လအဖြစ် ယခုနှစ်မတ်လအတွင်းက ရန်ကုန်သို့ ၆၉၅၇၁ ဦးစီးနင်းခဲ့ပြီး ယခုကဲ့သို့ အရေအတွက်ထိ မရောက်ခဲ့သေးကြောင်းလည်း နေပြည်တော် မထသ (အဝေးပြေး)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နေပြည်တော်ကို ဝင်ထွက်တဲ့ လူတွေ များလာကာ ကားနဲ့ သွား/ပြန်ရတာ ပိုအဆင်ပြေလို့ ဖြစ်မှာပေါ့။ အမြန်လမ်းမကြီးဖွင့်ပြီးတဲ့ နောက် အချိန်တိုတိုနဲ့ ရောက်နိုင်တာကြောင့်လည်း ဖြစ်ပါလိမ့်မယ်" ဟုတာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

နေပြည်တော်မှ ရန်ကုန်သို့ မေလအတွင်း နှစ်အလိုက် ခရီးသည်စီးနင်းမှု အရ ၂၀၀၉ ခုနှစ်အတွင်း ၂၉၆၃၃ ဦး၊ ၂၀၁၀ ပြည့်နှစ်တွင် ၄၈၉၂၃ ဦး၊ ယခု ၂၀၁၁ ခုနှစ်တွင် ၆၉၇၄၂ ဦးရှိခဲ့သည်။

# မုံရွာမြို့နယ်တွင် လောင်းကစားလုပ်သူ သိသာစွာလျော့နည်းလာ

ရန်နိုင်ကျော်

**မုံရွာ၊ ဇွန်-၁၈**

မုံရွာမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် တရားမဝင်လောင်းကစားပြုလုပ်သည့် နှစ်လုံးထီ၊ သုံးလုံးထီ ရောင်းချသူများအား ပြီးခဲ့သည့် မေလကုန်ရက်ပိုင်းအတွင်း သက်ဆိုင်ရာမှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ မုံရွာမြို့နယ်အတွင်း လောင်းကစားပြုလုပ်သူ သိသိသာသာ လျော့နည်းလာပြီဖြစ်ကြောင်း သိရှိရသည်။

"မုံရွာမြို့ပေါ်မှာ နှစ်လုံးထီ၊ သုံးလုံးထီရောင်းချသူရော၊ ထိုးသူရောမေလအတွင်းကစပြီး ထိထိရောက်ရောက် အရေးယူခဲ့တယ်"။

ကျေးရွာတွေမှာလည်း နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူတွေကို ဥပဒေအရ အရေးယူခဲ့တယ်။ မြို့ပေါ်ဒေသခံတွေရော တောင်သူတွေပါ နှစ်လုံး ထီ၊ သုံးလုံးထီကြောင့် နေ့စဉ်ဝင်ငွေ လျော့ခဲ့ရသလို ဒေသခံတွေရဲ့ ငွေယိုပေါက်တွေဖြစ်ခဲ့တယ်။ အခုနှစ်လုံးထီ၊ သုံးလုံးထီနဲ့ တစ်လုံး(ဘောလုံးလောင်းကစား) တွေကို ထိထိရောက်ရောက်အရေးယူခဲ့တဲ့အတွက်ဒေသခံတွေငွေယိုပေါက်ပိတ်သွားတယ်" ဟု မုံရွာမြို့နယ် ထနောင်းတောကျေးရွာဒေသခံတစ်ဦးက ပြောသည်။

တရားမဝင်လောင်းကစားပြုလုပ်သူများအား တရားဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည့်နောက်ပိုင်း လောင်းကစားပြုလုပ်သူများ လျော့နည်း ပျောက်ကွယ်လာကြောင်း သိရှိရသည်။ တရားမဝင် လောင်းကစားတွင် နှစ်လုံးထီ၊ သုံးလုံးထီ ဘောလုံးလောင်းကစား (တစ်လုံး)၊ လက်တောက်ခုံ၊ ခြောက်ပေါက်ခုံ၊ ဒိုးဇက်၊ ဖဲ၊ လေးကောင်ဂျင်၊ ဒေသ အလိုက် ထီကံစမ်းမဲများနှင့် အခကြေးငွေဖြင့် ကစားနည်းအချို့ပါဝင်ကြောင်းသိရှိရသည်။ အဆိုပါတရားမဝင် လောင်းကစားပြုလုပ်သူများအား ယခုလအတွင်း သက်ဆိုင်ရာက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

# ကျောက်မျက်ပြပွဲတွင်ပြသရန် မန်း ကုန်သည်များ ကျောက်စိမ်း စတင်စုဆောင်း



စိုင်းသာအောင်

**မန္တလေး၊ ဇွန်- ၁၅**

မန္တလေးမြို့မှကျောက်မျက်ရတနာကုန်သည်များ(အထူးသဖြင့်ကျောက်စိမ်းကုန်သည်) သည် ဇူလိုင် ၁ ရက်က နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် တတိယအကြိမ် ကျောက်မျက်ရတနာပြပွဲအတွက် မဟာအောင်မြေကျောက်မျက်ဈေးနှင့်ပြင်ပကျောက်မျက်လောကတွင်ပစ္စည်းများ ရှာဖွေဝယ်ယူလျက်ရှိကြောင်း သိရသည်။

**စာ(၁၈) သို့**



7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# စက်ဘီးကို အိမ်တိုင်ရာရောက်အရစ်ကျစနစ်ဖြင့်ရောင်း

ညီညီဇော်

**မန္တလေး၊ ဇွန် - ၁၂**

မန္တလေးမြို့တွင် စက်ဘီးများကို အိမ်တိုင်ရာရောက် အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသည့် ဈေးကွက်တစ်ခုဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

ရောင်းချပေးနေသည့် ပုံစံမှာ အရောင်းကားပေါ် ပါလာသည့်စက်ဘီးမျိုးစုံကို မိမိနှစ်သက်ရာရွေးချယ်မှာယူပြီးနောက်တစ်နေ့တွင် ပစ္စည်းလာချပေးကာ ပစ္စည်းလက်ဝယ်ရောက်ရှိပါကစက်ဘီးတန်ဖိုး၏ ၂၅ ရာခိုင်နှုန်းကို



မန္တလေးတွင် မြို့တွင်းသွားလာရေး၌ပင် စက်ဘီးကအရေးပါနေဆဲဖြစ်သည်

ဓာတ်ပုံ - အားမာန်

ပထမအရစ်နေဖြင့်ပေးသွင်းရသည်။ ကျန် ၇၅ ရာခိုင်နှုန်းကို သုံးလခွဲကာ တစ်လတစ်ကြိမ်ပေးသွင်းရမည်ဟု အရောင်းဝန်ထမ်း အမျိုးသမီးကပြောသည်။

"အရစ်ကျစနစ်နဲ့ ရောင်းပေးရတာဆိုတော့ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ဒီစက်ဘီးဝယ်မယ့်သူဟာ ဒီရပ်ကွက်မှာ အမှန်တကယ်နေထိုင်ကြောင်းနဲ့ စက်ဘီး အမှန်တကယ် လိုအပ်ကြောင်း ထောက်ခံချက်ပါရှိရမှာဖြစ်ပါတယ်"ဟု ၎င်းအမျိုးသမီးက ပြောသည်။

ထို့အပြင် ငွေအခက်အခဲဖြစ်နေသည့်အခါ စက်ဘီးတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းထက် မနည်းသောငွေကို အပေါင်စနစ် ၃ ရာခိုင်နှုန်းဖြင့် ပေါင်နိုင်ပြီး လုံးဝမဆီးလိုတော့သည့်အခါ အဟောင်းပေါက်ဈေးတစ်ခုဖြင့် ကုမ္ပဏီသို့ပြန်လည်ရောင်းချနိုင်သည်ဟုသိရသည်။ ၎င်းစနစ်ကို ဆောင်ရွက်နေသော mts group လုပ်ငန်းပိုင်ရှင် ဦးကျော်သန်းဇော်က "ဒီလိုလုပ်ပေးရတဲ့ ရည်ရွယ်ချက်က အခြေခံလူတန်းစားတွေနဲ့ ကျောင်းသားကျောင်းသူတွေ သွားရေးလာရေးမှာ အဆင်ပြေစေဖို့တစ်ထောင့်တစ်နေရာကနေ ဖြည့်ဆည်းပေးတာပါ"ဟုပြောသည်။

စက်ဘီး လာရောက်ဝယ်ယူနေသော အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးက "ညီမက ဆယ်တန်းကိုညကျောင်းတက်ပြီး ဖြေရမှာပါ။ လက်ငင်းဝယ်ဖို့အဆင်မပြေတော့ အရစ်ကျနဲ့မို့ ဝယ်ဖြစ်တာပါ"ဟုပြောသည်။ ၎င်းအရစ်ကျစနစ်ကို ရောင်းချပေးနေသော လုပ်ငန်းမှာ ယခင်က ထီလုပ်ငန်းကို လုပ်ကိုင်ဖူးပြီး ယခုလက်ရှိတွင် စီးကရက် ဖြန့်ချိနေသော လုပ်ငန်းဖြစ်သည်။




## ဆိုးဆေးပါ အစားအသောက်များကို ရှောင်တခင် စစ်ဆေးအရေးယူ

မင်းဒင်

**မန္တလေး၊ ဇွန် - ၁၆**

ဈေးချိုဧရိယာအတွင်း ရောင်းချနေသည့် စားသောက်ကုန်များတွင် ဓာတုဆိုးဆေးပါဝင်မှုအား ဓာတ်ခွဲယာဉ်ဖြင့် ရှောင်တခင် စစ်ဆေးခဲ့ရာ လက်ဖက်များတွင် ဆိုးဆေးမတွေ့ရတော့သော်လည်း ငါးပိများ၌ တွေ့ရှိခဲ့ရကြောင်း စုံစမ်းသိရသည်။

အဆိုပါစစ်ဆေးမှုကို ဇွန်လ ၁၅ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဓာတ်ခွဲယာဉ်ပေါ်တွင် အမြန်စစ်ဆေးနည်းစနစ်ဖြင့် လက်ဖက်နှင့် ငါးပိအား စစ်ဆေးရာ ငါးပိတွင် ဓာတုဆိုးဆေးသုံးစွဲထားမှု တွေ့ရှိခဲ့ရသဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ထုတ်ပြန်ချက်နှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းတွေ့ရှိချက်ကြောင့် ဆိုးဆေးပါငါးပိ ပိဿာပေါင်း ၂၆၂ ပိဿာနှင့် ငါးပိထောင်း တစ်ရာကျပ်တန်ဘူးပေါင်း ၁၃၀ ဘူးအား သိမ်းဆည်းနိုင်ခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဈေးနှင့် သားသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဈေးချိုဧရိယာအတွင်း ၂၇ လမ်းနှင့် ၂၈ လမ်းကြား ဈေးရုံများ၊ ၈၆ လမ်းပလက်ဖောင်းတန်းရှိ ဈေးရုံများ၊ မန်းမြန်မာပလာဇာရှိ ဈေးဆိုင်ခန်းများတွင် ဖြစ်ကြောင်းသိရသည်။

ဓာတ်ခွဲယာဉ်ဖြင့် နယ်လှည့်စစ်ဆေးမှုများအား တစ်လတစ်ကြိမ်တိုင်းနှင့်ပြည်နယ်အလိုက် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုကဲ့သို့နယ်လှည့်စစ်ဆေးယာဉ်ဖြင့် အမြန်စစ်ဆေး၍ မရသည့် ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်နှင့် ပဲကြီးလှော်စသည့် စားသောက်ကုန်များအား နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ ယူဆောင်၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးချိုတော်ဧရိယာ အတွင်း စစ်ဆေးမှုတွင် ဆိုင်ပေါင်း ၃၂ ဆိုင်အား စစ်ဆေးခဲ့ရာ လက်ဖက် ၁၃ ဆိုင်၊ ငရုတ်သီးနှင့် အရောင်တင်မှုန့် ၉ ဆိုင်နှင့် ငါးပိ ၁၀ ဆိုင် ပါဝင်ခဲ့သည်။

## မုံရွာစီးပွားရေးတက္ကသိုလ် ဖွံ့ဖြိုးမှုပညာဘွဲ့လွန် ဒီပလိုမာ သင်တန်းအပတ်စဉ် (၇) ဖွင့်လှစ်

မျိုးမင်းဦး

**မုံရွာ၊ ဇွန် - ၁၆**

မုံရွာစီးပွားရေးတက္ကသိုလ်တွင် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်ဒီပလိုမာ သင်တန်း (Post- Graduate Diploma in Development Studies, Dip D.S) ကိုမုံရွာစီးပွား ရေးတက္ကသိုလ်တွင် ၁၉၉၉ ခုနှစ် ဇွန်လ ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်ဇွန် ၁၃ ရက်တွင် ဖွံ့ဖြိုး မှုပညာဘွဲ့လွန်ဒီပလိုမာသင်တန်း အပတ်စဉ် ၇ ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအပတ်စဉ်(၁)မှ(၆) အထိ ဖွံ့ဖြိုးမှုပညာဘွဲ့လွန် ဒီပလိုမာဘွဲ့ရရှိသူပေါင်း ၁၂၁ ဦးအား မုံရွာစီးပွားရေးတက္ကသိုလ်မှ မွေးထုတ်ပေးခဲ့ပြီး နှစ်စဉ်ပုံမှန်သင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းကာလမှာ ၉ လကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရန်လိုအပ်သည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ်သင်တန်းရေးရာဌာန ဖုန်း- ၀၇၁- ၂၃၆၅၈ နှင့်ဘောဂဗေဒဌာန ဖုန်း- ၀၇၁- ၂၄၇၃၇ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011



# မြစ်ကြီးနား – မန္တလေး အထူးအမြန်ရထားတွဲချော်

**မိုးညှင်း–သစ္စာ**

**မြစ်ကြီးနား၊ ဇွန်–၁၄**

မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ထွက်ခွာခဲ့သော အမှတ်(၅၆)အစုန်အထူးအမြန်ရထားသည် ဇွန်လ ၂ ရက်ညနေ ၅ နာရီအချိန်ခန့်တွင် နန့်စီးအောင်ဘူတာနှင့် မော်လူးဘူတာအကြား တံတားအမှတ်(၅၂၀)အနီးကြေးနန်းတိုင်အမှတ် ၆၁၁/၉နှင့် ၆၁၁/၁၁ အကြားတွင် လမ်းချော်ချို့ယွင်းမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

မြစ်ကြီးနားဘူတာမှ ထွက်ခွာလာသော အမှတ်(၅၆)အစုန်အထူးအမြန်ရထားသည် မိုးညှင်းဘူတာသို့ညနေ ၃ နာရီအချိန်တွင် ရောက်ရှိခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ နန့်စီးအောင်ဘူတာအလွန် မော်လူးဘူတာနှင့်ကြား၌စက်ခေါင်းလမ်းချော်မှုဖြစ်ပွားခဲ့သည်။

စက်ခေါင်းမှ စတင်လမ်းချော်သဖြင့် နောက်မှပါလာသောတွဲများ၏အရှိန်ကြောင့်စက်ခေါင်းအမှတ် (DD 968) သည် နောက်ဘက်မှ အရှိန်ဖြင့် ဆောင့်တွန်းခံရပြီး တွဲဆက်များ ပြုတ်ထွက်ကာ သံလမ်း ဝဲဘက်ဘေး ၁၃ ပေအကွာထိထိုးဆင်းသွားခဲ့သည်။ အဆိုပါစက်ခေါင်းမှာလည်း ဦးတည်ရာ လမ်းကြောင်း ပြောင်းပြန်ဖြစ်သွားခဲ့ကြောင်းသိရသည်။

ထိုသို့ဖြစ် ပွားခဲ့သဖြင့် စက်ခေါင်းနှင့် အနီးဆုံးတွဲဖြစ်သော ရိုးရိုးတန်း(တွဲ–၁)နှင့်(တွဲ–၂)တို့တွဲချော်မှုဖြစ်ပွားခဲ့သော်လည်း စက်ခေါင်းမောင်းအဖွဲ့နှင့် ခရီးသည်များ ပြင်းထန်စွာဒဏ်ရာ မရရှိခဲ့ကြပေ။ ထိုသို့လမ်းချော်မှုကြောင့် သံလမ်းငါးဆက်ပျက်စီးခဲ့ရပြီး အချိန်မီ ပြန်လည်ပြင်ဆင်မှုကြောင့် ဇွန် ၆ ရက် ညနေ ၄ နာရီ ၂၅ မိနစ်အချိန်တွင် မီးရထားများပုံမှန်အတိုင်းပြန်လည်ပြေးဆွဲနိုင်ခဲ့သည်။

မန္တလေး–မြစ်ကြီးနား မီးရထားလမ်းပိုင်းသည် စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်နှင့် ချင်းပြည်နယ် မိုးညှင်းမြို့နယ်ရထားလမ်းပိုင်းအတွင်းတွင် မိုးတွင်းကာလ၌ မကြာခဏ တွဲချော်မှုများ၊ တောင်ပြိုမှုများ၊ ရေကြီးမှုများကြောင့် ခရီးသွားပြည်သူများ အခက်အခဲ ဖြစ်ကြရကြောင်း သိရသည်။



*လမ်းချော်ကျနေသည့် မြစ်ကြီးနား–မန္တလေးအထူးအမြန်ရထားအား တွေ့ရစဉ်*

## ဒုတိယကမ္ဘာစစ်အတွင်း
## ဘူးသီးတောင်ချောင်းတွင် နစ်မြုပ်ခဲ့သော သင်္ဘောငါးစီး ဆက်လက်ဖော်မည်

**မောင်ကံ**

**ဘူးသီးတောင်၊ ဇွန်–၁၄**

ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်ခဲ့သော သင်္ဘောများကိုပြန်လည်ဖော်ယူခြင်း လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ဘူးသီးတောင်ချောင်းကျောက်ရစ်ရွာအနီးရှိ နစ်မြုပ်ခဲ့သော သင်္ဘောငါးစီးကို ဆက်လက်ဖော်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် NAAF အမည်ရှိသင်္ဘောတစ်စီးကိုဖော်ယူထားပြီးဖြစ်ပြီး စစ်တွေမြို့တွင်ပြုပြင်ကာ ဒေသတွင်း၌ ပြန်လည်သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ဘောဖော်ယူခြင်းလုပ်ငန်းကို ဘာသာရေးအထောက်အပံ့ပြုသောဒါယိကာဒါယိကာမများကလိုင်စင်ရရှိထားကြောင်း သိရသည်။

"လက်ရှိNAAF သင်္ဘောတော့အားလုံးပေါ်သွားပါပြီ။ ဆယ်ယူပြီးတဲ့သင်္ဘောတွေကို စစ်တွေမှာ ပြန်လည်ပြုပြင်ပြီးတော့ ဒေသတွင်းမှာပြန်သုံးမှာဖြစ်ပါတယ်။ နောက်ထပ်နစ်မြုပ်နေတဲ့ သင်္ဘောငါးစီးကိုလည်း ဆက်လက်ဖော်ဖို့စီစဉ်နေကြပါတယ်" ဟု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမြင့်အောင်က 7Day News သို့ ပြောသည်။

## စပါးမျိုးစေ့ အလွန်အကျွံ သုံးစွဲရာမှ လေလွင့် ဆုံးရှုံးမှု များပြား

**ထူးသန့်**

**နေပြည်တော်၊ ဇွန်–၁၇**

မိရိုးဖလာ နည်းစနစ်ဖြင့် စိုက်ပျိုးလျက်ရှိသော လယ်သမားများမှာ စပါးမျိုးစေ့ကို အလွန်အကျွံသုံးစွဲလျက်ရှိပြီး ထိုသို့ သုံးစွဲခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နေကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူက ပြောကြားသည်။

လယ်တစ်ဧကလျှင် မျိုးစေ့အဖြစ် စပါးလေးပြည်ခန့် အသုံးပြုနေသည့် ပမာဏမှာ ယင်းပမာဏထက် အဆ ၂၀ ခန့်ထိ များပြားနေကြောင်း၊ ထိုသို့အလွန်အကျွံသုံးစွဲခြင်းဖြင့် ရိက္ခာအတွက် စပါးများ လေလွင့် ဆုံးရှုံးသကဲ့သို့ မြေဆီခန်းခြောက်ခြင်းများလည်း ဖြစ်ပေါ်လာရကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ခေတ်မီသိပ္ပံနည်းကျစိုက်ရင်တစ်ဧက မျိုးစပါး လေးပြည်နဲ့ လုံလောက်တယ်။ အခု လယ်သမားတွေက တစ်ဧကကို သုံးတင်း (၄၈ ပြည်)၊ လေးတင်း (၆၄ ပြည်)၊ ငါးတင်း (ပြည် ၈၀) အထိစိုက်နေကြတယ်။ အဲဒီတော့ စားရမဲ့စပါးကအလေအလွင့်ဖြစ်သွားတယ်။ နောက်ပြီး တစ်ဧကမှာ ဝင်ဆံ့နိုင်တဲ့ အပင်အရေအတွက်ထက် အများကြီးပိုစိုက်တော့ မြေဆီလည်း ခန်းခြောက်သွားနိုင်တယ်" ဟူ၍ ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိအခြေအနေတွင် လယ်ယာလုပ်သားများ ရှားပါးနေပြီး လယ်သမားများကိုယ်တိုင် လယ်ယာလုပ်ငန်းကို စိတ်ပါဝင်စားမှု လျော့နည်းကာ ပြီးစလွယ်စိုက်ပျိုးလျက်ရှိနေသောကြောင့် ယခုအခြေနေအတိုင်း ဆက်သွားပါက နှစ်အနည်းငယ်အတွင်း ဆန်ကို ပြည်ပမှ ပြန်လည်တင်သွင်းစားသုံးရသည့် အခြေအနေအထိ ပင် ရောက်သွားနိုင်ကြောင်း ပြီးခဲ့သည့် အပတ်က ပြုလုပ်ခဲ့သော လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ အခမ်းအနားတွင် တာဝန်ရှိသူ တစ်ဦးက ဆွေးနွေးခဲ့သည်။

*စာ(၁၈) သို့*

## မန္တလေးမြို့တွင် ၁၈ ပိ ၃ခန့်ရှိ ကျောက်စိမ်းတုံး ကျပ်သိန်းနှစ်သောင်းဖြင့်အရောင်းအဝယ်ဖြစ်

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်–၁၇**

မန္တလေးမြို့မှ ကျောက်မျက်ရတနာကုန်သည်တစ်ဦးသည် ၁၈ ပိဿာ၊ ကီလို ၃၀ ခန့်တည်းဖြတ်ကျောက်စိမ်းတုံးအားမေလဒုတိယပတ်အတွင်း ကျပ်သိန်း ၂၀,၀၀၀ ဖြင့်ပေးဝယ်ပြီး ဇူလိုင် ၁ ရက် တွင် ကျင်းပပြုလုပ်မည့် တတိယအကြိမ်နေပြည်တော် ကျောက်မျက်ရတနာပြပွဲသို့ လေလံတင်ရောင်းချနိုင်ဖွယ်ရှိကြောင်း မန္တလေးအခြေစိုက် ကျောက်မျက်ရတနာကုမ္ပဏီတစ်ခုမှ ဒါရိုက်တာ တစ်ဦးက 7Day News သို့ပြောသည်။

မန္တလေးမြို့တွင် ၁၈ ပိဿာ ကီလို ၃၀ ခန့်ရှိ ကျောက်စိမ်းတုံးတစ်တုံးအား မြန်မာကျောက်မျက်ရတနာကုန်သည်တစ်ဦးက ကျပ်သိန်း ၂၀,၀၀၀ ပေး၍ ဈေးဖြတ်ဝယ်ခြင်းမှာ မြန်မာကျောက်မျက်လုပ်ငန်းရှင်များအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ယခင်က ဤမျှတန်ဖိုးကြီးဈေးမြင့်သော ကျောက်စိမ်းတုံးကိုမြန်မာကျောက်မျက်လုပ်ငန်းရှင်များ မဝယ်နိုင်ဘဲ တရုတ်ကုန်သည်ကြီးများကသာအများဆုံးဝယ်ယူနိုင်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ကျောက်စိမ်းလောကတွင် အင်အားတောင့်တင်းသော မြန်မာကျောက်မျက်ရတနာလုပ်ငန်းရှင်များပေါ်ပေါက်လာပြီဖြစ်ကြောင်း ယခုကျပ်သိန်း ၂၀,၀၀၀ ဖြင့် ဝယ်ယူထားသော ကျောက်စိမ်းတုံးအား တတိယအကြိမ် နေပြည်တော်ကျောက်မျက်ပြပွဲတွင် အနည်းဆုံးကြေးကျပ်သိန်း ၂၅,၀၀၀ အောက်ကြေးဖြင့် လေလံတင်ရောင်းချနိုင်ကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေးရုံးချုပ်) မှ အမှုဆောင်တစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

မန္တလေးမြို့ကျောက်မျက်ရတနာဈေးကွက်တွင် တရုတ်ငွေကျသဖြင့် အရောင်းအဝယ်အေးသော်လည်း ကြိုက်ရောင်းကြိုက်ဝယ်အရောင်းအဝယ်ဖြစ်ပြီး ကျပ်သိန်း ၂၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခြင်းသည် မန္တလေးကျောက်စိမ်းလောကအား ပိုမိုသွက်လက်လှုပ်ရှားလာစေကာ မန္တလေးအောင်မြေကျောက်မျက်ရတနာဈေးအား ပိုမိုစည်ကားစေမည့်တွန်းအားတစ်ခုဖြစ်ကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

မန္တလေးမှ ကျောက်မျက်ရတနာကုန်သည်များသည် ဇွန် ၂၁ ရက် နောက်ဆုံးထား၍ နေပြည်တော်ကျောက်မျက်ရတနာပြပွဲသို့ ကျောက်စိမ်းများ ပေးပို့လျက်ရှိကြောင်း သိရသည်။

## တရုတ်အဝယ်နည်း၍ မန်းပဲဈေးကွက် အေးစက်


**ညီညီဇော်**

**မန္တလေး၊ ဇွန်–၁၈**


ယခုတစ်ပတ် မန်းပဲမျိုးစုံ ဈေးကွက်တွင် ပဲတီစိမ်းများ တရုတ်အဝယ်နည်းသွားသည့်အတွက်ဈေးများကျဆင်းလာကြောင်းသတင်းရရှိသည်။ ဇွန်လ ၈ ရက်က ၅၆ ပိဿာ ၂၅ သားပါ ပဲတီစိမ်းအညာရွှေဝါသစ်ထိပ်စ တစ်အိတ်လျှင် ၈၁,၀၀၀ ကျပ်မှ ၈၂,၀၀၀ ကျပ်အတွင်း ဈေးပေါက်ခဲ့ပြီး အရောင်းအဝယ်အေးခဲ့ကာ ယနေ့ဇွန်လ ၁၈ ရက်တွင်မူ ၇၀,၀၀၀ ကျပ်ဈေးထိ ကျဆင်းလာကာ အရောင်းအဝယ်မှာလည်း အေးနေဆဲဖြစ်ကြောင်း သိရသည်။

မြေပဲဆန်များ ဈေးအနည်းငယ်ကျဆင်းကာ အရောင်းအဝယ်သွက်နေပြီး ဖြူလုံးဆန် တစ်ပိဿာ ၁,၉၂၅ ကျပ်၊ ဆီဆန် ၁,၈၂၅ ကျပ် ဈေးပေါက်နေသည်။

ပဲစင်းငုံအနီမှာ ဈေးငြိမ်နေပြီး ပိဿာ ၆၀ ပါတစ်အိတ်လျှင် ၃၈,၀၀၀ ကျပ်ဈေးပေါက်နေကာ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ဗိုတူးကုလားပဲမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ၅၇ ပိဿာ ၂၅ သားပါတစ်အိတ်လျှင် ၅၁,၀၀၀ ကျပ်မှ ၅၁,၅၀၀အတွင်းဈေးပေါက်နေသည်။ ထိုင်ဝမ်ကုလားပဲမှာ ဈေးငြိမ်နေပြီး ပုံမှန်အရောင်းအဝယ်ဖြစ်ကာ ၅၇ ပိဿာ ၂၅ သားပါ တစ်အိတ်လျှင် ၄၅,၀၀၀ကျပ်ဈေးပေါက်နေသည်။ ပဲဖတ်များအရောင်းအဝယ်သွက်နေပြီး တစ်ပိဿာလျှင် ၅၇၀မှ ၅၈၀ ကျပ်ကြားပေါက်နေသည်။ မတ်ပဲထိပ်စ ၄၈၀၀၀၊ အညံ့စ ၄၀,၀၀၀ ကျပ်ဈေးပေါက်နေပြီး ပုံမှန်အရောင်းအဝယ်ဖြစ်သည်။ ယခုတစ်ပတ်အတွင်း ပဲမျိုးစုံဈေးကွက်တွင်ပဲအများစုပုံမှန်သာ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။





7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# နေပြည်တော်ရှိ အုတ်၊ သဲ၊ ကျောက်ထုတ်လုပ်သူများ ရပ်တည်နိုင်ရုံသာ လုပ်ငန်းလည်ပတ်နေရဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဇွန်-၁၅**

နေပြည်တော်ရှိ အုတ်၊ သဲ၊ ကျောက်ထုတ်လုပ်သည့်လုပ်ငန်းရှင်အများစု ဝယ်လိုအား သိသာစွာလျော့နည်းသွားသည့်အတွက် လုပ်ငန်းလည်ပတ်နိုင်ရုံသာ ရပ်တည်နေရကြောင်း အခြေခံဆောက်လုပ်ရေးပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များထံမှ သိရှိရသည်။

နေပြည်တော်ရှိ စီမံကိန်းကြီးအများအပြားမှာ ပြီးစီးနေပြီး ထပ်မံပေါ်ပေါက်လာသည့်အသေးစားစီမံကိန်းလေးများသာရှိသည့်အတွက် အုတ်၊ သဲ၊ ကျောက်ဈေးကွက်လည်း ကျုံ့သွားခဲ့ကြောင်း လက်ရှိတွင် အလုပ်သမားများ အလုပ်ဆက်လက်ရရှိရေးအတွက်သာ လုပ်ဆောင်နေရကြောင်း လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"အခြေအနေကတော့ မြင်တဲ့အတိုင်းပဲ အလုပ်တွေပြတ်ကုန်ပြီး အချို့တွေလည်း လုပ်ငန်းပြောင်းကုန်ပြီ။ ကျွန်တော်ကတော့ အလုပ်သမားတွေအတွက် ဒီလိုပဲ မေ့ပြီး လုပ်နေဆဲပဲ။ အခုတော့ ဟိုတယ်လုပ်ငန်းလေးတွေနဲ့ ကြားပေါက်ပေါ်လာတဲ့ လုပ်ငန်းလေးတွေကိုမှီခိုနေရတယ်"ဟု လက်ရှိအခြေအနေကို ထင်ဟပ်ပြောဆိုသည်။ နေပြည်တော်တွင် တည်ဆောက်ရေး လုပ်ငန်းများပြီးသွားသည့်အတွက် အခြေခံအလုပ်သမားအများစု လုပ်ငန်းရှာဖွေနေရကြောင်း၊ အချို့လည်း နေရပ်ပြန်သွားရကြောင်း ယင်းအပြင် ဇိမ်ခံလုပ်ငန်းများသို့ လာရောက်လုပ်ကိုင်သော လူငယ်များပါဝင်ငွေရရှိမှုသိသာစွာလျော့နည်းသွားသည်။ ထိုကဲ့သို့ လုပ်ငန်းအများစု အဆုံးသတ်ပြီးသွားသည့်အတွက်လည်း စက်သုံးဆီဈေးကွက်ကျဉ်းမြောင်းသွားခဲ့ကြောင်း၊ အထူးသဖြင့် လုပ်ငန်းခွင်သုံး ဒီဇယ်စက်သုံးဆီ ဈေးကွက်ဝယ်လိုအား အလွန်နည်းသွားကြောင်း လုပ်ငန်းရှင်အချို့ကပြောသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းတံတားအခွန်အခများ သတ်မှတ်ချက်နှင့်အညီကောက်ခံဟုဆို

**ရန်နိုင်ကျော်**

**ရန်ကုန်၊ ဇွန်-၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်း၊ တံတားများအား B.O.T စနစ်ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများအား လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုလိုက်သည့်နောက်ပိုင်း လမ်းတံတားအခွန်အခများ သတ်မှတ်ချက်ထက် ပိုမိုတိုးမြှင့်ကောက်ခံခဲ့ရာမှ ယခုရက်ပိုင်းအတွင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရသစ်လက်ထက်တွင် လမ်း၊ တံတား အခွန်အခများ သတ်မှတ်ချက်နှင့်အညီကောက်ခံရန် ညွှန်ကြားခဲ့ကြောင်း သိရှိရသည်။

"အရင်တုန်းက ချင်းတွင်းတံတားမှာ ဆိုင်ကယ်တစ်စီးကျပ်နှစ်ရာပေးခဲ့ရပြီး အခု ဆိုင်ကယ်တစ်စီး ကျပ်သုံးဆယ်ဖြစ်သွားတယ်။ အခု စက်ဘီးတစ်စီး ငါးကျပ်၊ ဆိုင်ကယ်၊ မြင်းလှည်းတစ်စီးကျပ်သုံးဆယ်၊ ထော်လာဂျီခရီးသည် ကုန်မပါ ကျပ်ငါးဆယ်၊ ထော်လာဂျီခရီးသည် ကုန်ပါလျှင် တစ်စီးကျပ် နှစ်ရာ၊ ၂ တန်အောက် ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ တစ်စီး ခုနစ်ဆယ့်ငါးကျပ်၊ ဟိုင်းလတ်ခရီးသည်တင် ယာဉ်တစ်စီး နှစ်ရာကျပ်၊ ၂ တန်မှ ၅တန်အောက် ယာဉ်နှစ်ဆယ့်ငါးကျပ်၊ ၅ တန်ခရီးသည်တင်ယာဉ် လေးဆယ့်ငါးကျပ်၊ ၅ တန်မှ ၁၀ တန်ကုန် တင်ယာဉ်တစ်စီး ခုနစ်ရာကျပ်၊ ၁၀ တန်မှ ၂၀ တန်အထိ ကုန်တင်ယာဉ် တစ်စီးကျပ်တစ်ထောင်တန်ပို ကြေးအဖြစ် တစ်တန်လျှင် ကျပ် သုံးရာနှုန်း သတ်မှတ်ထားတယ်။ အရင်တုန်းက တံတားဖြတ်ခတွေထက် အများကြီး သက်သာသွားတဲ့အတွက် ခရီးသည်တင်ယာဉ်တွေရော၊ ကိုယ်ပိုင်ယာဉ်တွေပါ ခရီးစရိတ်သက်သာလာတယ်" ဟု ချင်းတွင်းတံတား (မုံရွာ)ဖြတ်သန်းခပြောင်းလဲမှုအား မုံရွာဒေသခံယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။

ချင်းတွင်းတံတားသာမက အခြားသော လမ်းတံတားအခွန်အခများအား သတ်မှတ်ဈေးနှုန်းနှင့်အညီ ကောက်ခံရန် သက်ဆိုင်ရာမှ ညွှန်ကြားခဲ့သည့်နောက်ပိုင်း လမ်းတံတားအခွန်အခများ သိသိသာသာသက်သာလာခဲ့ကြောင်း မုံရွာဒေသခံယာဉ်ပိုင်ရှင်များက ပြောသည်။ လမ်းတံတားအခွန်အခများ သိသိသာသာ လျှော့ချခဲ့သော်လည်း ခရီးသည်တင်ယာဉ်စီးခများ ပြောင်းလဲမှုမရှိသေးကြောင်းသိရသည်။

မုံရွာမြို့ ခရီးသည်တင်ယာဉ်ရပ်နားစခန်း အခွန်အခများမှာမူ ပြောင်းလဲမှုမရှိသေးကြောင်း သိရသည်။

ယခုနှစ်မေ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ B.O.T စနစ်ဖြင့် ခွင့်ပြုထားသော လမ်းတံတားကုမ္ပဏီများ၊ လေလံစနစ်ဖြင့် ခွင့်ပြုထားသော လမ်းတံတားဂိတ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်း၊ တံတားများပြုပြင်ခြင်း၊ လမ်းတံတားများ သတ်မှတ်နှုန်းထားနှင့် အညီကောက်ခံရေး၊ လမ်းတံတားများ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင်ဆောင်ရွက်ရေးတို့အား ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့သည့်နောက်ပိုင်း မုံရွာမြို့တွင် လမ်း၊ တံတားနှင့် မြို့ဝင်ကြေးတို့အား သတ်မှတ်နှုန်းထားများနှင့်အညီ ကောက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

# ဂီရိမုန်တိုင်းကြောင့် ကမ်းတင်ခဲ့သည့် ဗီယက်နမ်ကုန်တင်သင်္ဘော ယခုနှစ် မိုးရာသီတွင် ပြန်လည်ဆွဲချနိုင်ရန်ပြင်ဆင်

**မောင်ကံ**

**ကျောက်ဖြူ၊ ဇွန်-၁၄**

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်ကတိုက်ခတ်ခဲ့သောဂီရိမုန်တိုင်းကြောင့် ကမ်းတင်ခဲ့သည့် ဗီယက်နမ်ကုန်တင်သင်္ဘောကိုယခုနှစ်မိုးရာသီအတွင်းပြန်လည်ဆွဲချနိုင်ရန် ပြင်ဆင်နေကြောင်း သတင်းရရှိသည်။

ဂီရိမုန်တိုင်းကြောင့်ဗီယက်နမ်ကုမ္ပဏီပိုင် ပနားမားနိုင်ငံမှတ်ပုံတင်အမ်ဗွီဖူချိုင်မွန်း ကုန်တင်သင်္ဘောတစ်စီးနှင့် နိုင်ငံခြားကျူနာငါးဖမ်းသင်္ဘောတစ်စီးမှာ ကျောက်ဖြူမြို့အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာတွင် ကမ်းတင်ခဲ့ရာ ငါးဖမ်းသင်္ဘောတစ်စီးကို ဆွဲချပြီးစီးသွားပြီဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင်တစ်ဦးကပြောသည်။

လက်ရှိဗီယက်နမ်ကုန်တင်သင်္ဘောမှာ မြေပုံမြို့နယ်ပြင်ဝိုင်းကျေးရွာအနီးတွင်ရှိပြီး ရေထဲသို့ဆွဲချနိုင်ရေးအတွက် သင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ "ဆွဲချဖို့အတွက်သွားကြည့်ပြီးပါပြီ။ သင်္ဘောကုမ္ပဏီက တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းလို့ပြီးရင် ဒီမိုးတွင်းမှာပဲ ဆွဲချဖို့သေချာပါတယ်"ဟု အမြုပ်ဖော်အဖွဲ့ခေါင်းဆောင် ဦးမြင့်အောင်က ပြောသည်။ ဂီရိမုန်တိုင်းကြောင့်ကမ်းတင်ခဲ့သည့် သင်္ဘောနှစ်စီးမှ ရေယာဉ်အမှုထမ်းများမှာ ထိခိုက်မှုတစ်စုံတစ်ရာ မရှိခဲ့ကြောင်း သိရသည်။

## St. Paul's Day Mid-Year Dinner ကျင်းပမည်

စိန်ပေါလ်ကျောင်းသားဟောင်းများ၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်ညစာစားပွဲကို ၂၉-၆-၂၀၁၁ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ တွင် Panda Restaurant ၌ ကျင်းပမည်ဖြစ်ပါသည်။ Dinner Ticket များကို ဦးဟန်ထွန်းမောင် (စိန်လျှံ)ဖုန်း ၅၄၈၄၈၂၊ ဦးကျော်လင်း ၀၉၇၃၀၀၄၁၅၀၊ ဦးဝင်းသန်းဦး ၀၉-၅၁၅၂၇၄၀၊ ဦးမောင်မောင်မြင့်ကျော် ၀၉ ၈၀၃၀၅၅၉၊ ဦးမင်းထွဋ် ၀၉ ၅၁၃၈၀၉၅၊ ဦးမောင်မောင် ၀၉ ၅၀၀၉၉၁၅၊ ဦးစံရွှေ ၀၉ ၅၀၈၀၃၈၆ တို့ထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**(ယခုနှစ် Dinner တွင် ပျော်ရွှင်ဖွယ် အထူးအစီအစဉ်များပါဝင်မည်)**

## စာ(၁၅) ကျောက်မျက်ပြပွဲတွင်ပြသရန် မန်း ကုန်သည်များ ကျောက်စိမ်းများစတင်စုဆောင်း မှ

နေပြည်တော်တွင်ပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲသို့ ကချင်ပြည်နယ် ဖားကန့်၊ တာမခန်၊ ဆိုင်းတောင်ဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးဒေသတို့မှ ထွက်ရှိသော ကျောက်စိမ်းများကိုနေပြည်တော်သို့ ဇွန်ပထမပတ်မှစတင်၍ တင်ပို့နေပြီဖြစ်ကြောင်း၊ မန္တလေးမြို့မှ ကျောက်စိမ်းကုန်သည်များလည်းမိမိတို့ စိတ်ကြိုက်ရွေးချယ်ထားသော ကျောက်စိမ်းတုံးများကို ရွေးချယ်၍ နေပြည်တော်ဈေးကွက်သို့ တင်ပို့နေပြီဖြစ်ကြောင်း စိမ်းအားမာန်ရတနာလုပ်ငန်းမှ ဦးဖိုးကျော်က ပြောသည်။


၎င်းကဆက်လက်၍ "တရုတ်ငွေဈေးက ယခင်က မြန်မာငွေကျပ် ၁၀၀ ကို ၆ ဒသမ ၅ ယွမ်လောက်ကနေ ယခု(ယနေ့ပေါက်ဈေး)မြန်မာငွေကျပ် ၁၀၀ ကို ၈ ဒသမ ၅ ယွမ်လောက်ရနေတယ်။ မြန်မာငွေဈေးက မာနေတော့ တရုတ်ကုန်သည်တွေ မန္တလေး မဟာအောင်မြေကျောက်မျက်ဈေးနဲ့ ပွဲရုံတွေကို သိပ်မလာကြတော့ဘူး။ ဒီရက်ပိုင်းမှာတော့ ပိဿာ ၉၀၊ ကီလို ၂၂၀ ခန့်ရှိတစ်နန်းဖြတ်(ခါးခြမ်း)ကျောက်စိမ်းတစ်လုံး ကျပ်သိန်း ၂၀၅၀ နဲ့ ဈေးတည့်သွားပါတယ်။ အဲဒီကျောက် ဝယ်တာကတော့မြန်မာလူမျိုးပါ" ဟုပြောသည်။ ဇူလိုင် ၁ ရက် နေပြည်တော်တွင် တတိယအကြိမ်ပြုလုပ်မည့်ကျောက်မျက်ရတနာပြပွဲသို့မန္တလေးမြို့မှ ကျောက်မျက်ရတနာကုန်သည် ၅၀၀ခန့်သွားရောက် ပြသလေ့လာဝယ်ယူမည်ဖြစ်ကြောင်း မဟာအောင်မြေကျောက်မျက်ရတနာဈေးမှ သိရသည်။

## စာ(၁၇) စပါးမျိုးစေ့ အလွန်အကျွံသုံးစွဲရာမှ လေလွင့်ဆုံးရှုံးမှု များပြား မှ

ကမ္ဘာပေါ်တွင် ဆန်စားသုံးမှုနှုန်း အများဆုံးဖြစ်သော မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍကို နှစ်အနည်းငယ်အတွင်း ခေတ်မီအသွင်ကူးပြောင်းရန် တာဝန်ရှိသောဌာနများက ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်တွင် စံပြအဖြစ် ဦးစွာအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ နေပြည်တော်ဒေသခံလယ်သမားတစ်ဦးကမူ "ကျွန်တော်လည်း စိတ်ဝင်စားတယ်။ အခုပဲဈေးကျတယ်။ စပါးဈေးကျတယ်။ ဒါပေမဲ့လုပ်အားခ၊ ဓာတ်မြေဩဇာတွေကမကျတဲ့အပြင် တက်နေတယ်လို့ပြောနိုင်တယ်။ အားလုံးဟန်ချက်ညီရင်တော့ ပိုအဆင်ပြေမယ်" ဟူ၍ ၎င်း၏အမြင်ကို ပြောသည်။







7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011



# ထိုင်းနိုင်ငံတွင် အလုပ် လုပ်ကိုင်ရန် ရန်ကုန်မှ ကော့သောင်းနှင့်တာချီလိတ်သို့လေယာဉ်ဖြင့်သွားသူမြင့်တက်

အောင်သူရ

ရန်ကုန်၊ ဇွန်-၁၆

ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ရန် ရန်ကုန်မြို့မှ ကော့သောင်းနှင့် တာချီလိတ်မြို့များသို့ လေယာဉ်ဖြင့် သွားရောက်သူ သိသိသာသာများပြားလာကြောင်း သတင်းရရှိသည်။

"ဒီလထဲမှာ သွားမယ့်လူကများတော့ ပုံမှန်လေယာဉ်ခရီးစဉ်နဲ့ မလောက်လို့ စင်းလုံးငှားလေယာဉ်ခရီးစဉ်တွေပါ ပျံသန်းပေးလာရတယ်" ဟု လေယာဉ်လက်မှတ်ရောင်းကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ထိုကဲ့သို့ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် အေးဂျင့်များက လုပ်သားတစ်ဦးလျှင်ကျပ်သုံးသိန်းမှ လေးသိန်းအထိယူကြပြီး ရန်ကုန်မြို့မှ ကော့သောင်း(သို့မဟုတ်)တာချီလိတ်မြို့များသို့သာ ပို့ဆောင်ပေးရသည်။



ဓာတ်ပုံ - အေးမြကျော်

*ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ပြည်ပထွက်ခွာနေရာတွင် ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကိုတွေ့ရစဉ်*

ရန်ကုန်မြို့မှ ကော့သောင်းနှင့် တာချီလိတ်မြို့များသို့ သွားရောက်သည့်လေယာဉ်လက်မှတ်ခမှာကျပ်တစ်သိန်းနှစ်သောင်းခန့်သာကျသင့်ပြီး လေကြောင်းလိုင်းလေးခုဖြင့် ပျံသန်းပေးလျက်ရှိသည်။

ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုဒဏ်အဆိုးဝါးဆုံးခံခဲ့ရသော ပဲခူးတိုင်းဒေသကြီးမှ တောင်သူများလည်း ယခုရက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ သွားရောက်သူပိုများလာပြီး ၁၀ ဘီး ကားကြီးများဖြင့် သွားရောက်မှုများရှိနေကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

ထိုင်းအစိုးရအနေဖြင့်လည်း ယခုရက်ပိုင်းမှစ၍ တရားဝင်နေထိုင်အလုပ်လုပ်ခွင့် အလုပ်သမားကတ်များအားစတင်ထုတ်ပေးနေကြောင်း သိရသည်။

# ထရိတ်ဒါးဟိုတယ်က ပုဂ္ဂလိကရုံးခန်းများ ထပ်မံငှားရမ်းခြင်း မပြုတော့ဟုဆို

အောင်သူရ

ရန်ကုန်၊ ဇွန် - ၁၈

ကုန်သည်ကြီးများဟိုတယ်တွင် ဖွင့်လှစ်ထားသောစာချုပ်သက်တမ်းပြည့်ပုဂ္ဂလိကရုံးခန်းများအား ထပ်မံငှားရမ်းခြင်းမပြုတော့ကြောင်း သတင်းရရှိသည်။

"အိပ်ခန်းတွေပြန်ရချင်တာကြောင့် ဆက်မငှားတော့တာပါ" ဟု အဆိုပါဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ သို့သော်အဆိုပါဟိုတယ်တွင်ဖွင့်လှစ်ထားသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ WHO, Unicef, ILO, UNAIDS နှင့် IOM ရုံးခန်းများမှာမူ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ကုလအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာသည့် ၂၀၁၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့ရှိဟိုတယ်များမှာ တစ်နှစ်ပတ်လုံး ဧည့်သည့်အပြည့်နီးပါးရရှိလာကြသည်။

ထို့အပြင် ရန်ကုန်မြို့၏ အဆင့်မြင့်ဟိုတယ် တစ်လုံးဖြစ်သော ချက်ထရီယံဟိုတယ်ကလည်း ရုံးခန်းအသစ်များ ထပ်မံငှားရမ်းခြင်းမပြုတော့ကြောင်း အဆိုပါဟိုတယ်မှ တာဝန်ရှိသူက ပြောသည်။ ပြည်ပနိုင်ငံများ လာရောက်ဖွင့်လှစ်သော ရန်ကုန်မြို့ရှိဟိုတယ်ကြီးများသည် ၂၀၀၉ ခုနှစ်မှစ၍ ဧည့်သည်အဝင်နည်းသော မိုးတွင်းကာလ၌ပင် တစ်လပျမ်းမျှ ၆၀ ရာခိုင်နှုန်းဧည့်သည်ရရှိကြောင်း သိရသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

ဂျပန်ဆရာ/ဆရာမ
N2 (or) Level-2, B.A(Japanese)
Diploma in Japanese (၁)ဦး
အမြန်အလိုရှိသည်။
Shinpo Japanese Language School
**Ph: 526030**

---

အရောင်းဝန်ထမ်းအလိုရှိသည်။
-စာရင်းကိုင်နိုင်ရမည်။ - အတွေ့အကြုံရှိသူဦးစားပေးမည်။
အမှတ်(၄၀၁)၊(၄)လွှာ၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်။
ဖုန်း-၃၇၀၈၃၆-၉(လိုင်းခွဲ-၄၁၀)၊ ၃၉၃၃၈၂။

---

N27 Body Fitness မှ ကာယအလှနည်းပြ (မ)တစ်ဦး၊ အဆီချကျွမ်းကျင်ဝန်ထမ်းတစ်ဦး အလိုရှိသည်။
နေရာစီစဉ်ပေးမည်။
အမှတ်(၃၂၀)၊ ဒု-ထပ်၊(၂၅)လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၀၉ ၅၀၉၆၄၂၈

---

(၁) Photoshop ဝန်ထမ်း (ကျား)၊
(၂) Marketing ဝန်ထမ်း (ကျား/မ)အလိုရှိသည်။
(၃) အကူဝန်ထမ်း ကျား
လစာ-၃၅,၀၀၀ ကျပ်
အမှတ်(၉)အိုးဘိုလမ်း၊ ရွှေဘုန်းပွင့်ဘုရားအနီး ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉-၇၃၁၆၁၂၅၃

---

1. Officer (International Trading) (Japanese) - 3 Posts
2. Officer (International Trading) (Chinese) - 3 Posts
3. Trainee Engineer - 6 Posts
4. Driver - 3 Posts
No.34, Manaw Hari Rd, Dagon Tsp, Yangon, Myanmar.
Ph: 09-73098708, 01-223321

---

၁။ Marketing Leader ကျား/မ (၁၀)ဦး လစာ-၁၀၀,၀၀၀ +Bonus ၊ ၂။ Sale Staff ကျား/မ (၅၀) ဦး လစာ-၅၀,၀၀၀ + Bonus၊ ၃။ Sale Promoter မ(၁၀)ဦး၊ လစာ-၅၀,၀၀၀ + Bonus
**99 International Co., Ltd**
No.33/2, ရတနာလမ်း(၇)မိုင်၊ပြည်လမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၂၈၀၁

---

ဝန်ထမ်းအလိုရှိသည်
၁။ Networking Assistance - ကျား/မ (၁)ဦး၊ ၂။ IT Technician - ကျား/မ(၁)ဦး၊(၃) အရောင်းဝန်ထမ်း - ကျား/မ (၁)ဦး
Fiber World Showrom အမှတ်(၅၉၆)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံရပ်ကွက်၊ မန္တလေးမြို့။
ဖုန်း-၀၂-၅၁၇၈၂၈၈၊ ၅၁၇၈၃၈၈

---

အမျိုးသမီးဝန်ထမ်းအလိုရှိသည်
အသက် ၂၀ မှ ၃၀ အတွင်း အိမ်ထောင်မရှိသူဖြစ်ရမည်။
လစာ-၄၀,၀၀၀၊ ပညာသင်ပေး၍ နေစရာအဆောင်ပေးမည်။ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း
No.1, Kaba Aye Pagoda Rd, Yankin Tsp, Yangon, Room No.1007
**Ph:(95-1) 666900,Ext-7196**

---

Hardware Technician (ကျား)-၁ဦး၊ ရုံးအကူဝန်ထမ်း (ကျား)-၁ဦး၊ အရောင်းဝန်ထမ်း(မ)-၁ဦး
**TNT Computer Systems**
အမှတ် ၂၃/၃၀၊ အောင်ဆန်းအားကစားပြိုင်ကွင်းတောင်ဘက်၊
ဖုန်း-၃၇၄၈၅၇၊ ၇၂၀၉၁၀

---

Donut မုန့် ကျွမ်းကျင်စွာလုပ်တတ်သူ-၂ဦးအမြန်အလိုရှိသည်။
လစာထိုက်တန်စွာပေးမည်။
တိုက်(စီ)၊အခန်း(၁၀၁၈)၊
Thirigone Housing, 9-mile, Yangon လူတွေ့အတွက် ဖုန်းကြိုတင်ဆက်ပါရန်-
ဖုန်း-၀၉-၅၀၄၇၃၁၄

---

အလိုရှိသည်
SAT English (or) ဘာသာစုံ Guide - ၁ဦး၊ အလယ်တန်း T.T.C ကျူရှင်ဆရာမ -၁ဦး
ဖုန်း-၆၅၅၅၅၈၊ ၆၅၅၅၅၉

---

ဝန်ထမ်းအလိုရှိသည်
၁။ ယာဉ်မောင်း - ကျား(၁)ဦး
၂။ လုံခြုံရေးဝန်ထမ်း - ကျား(၅)ဦး
Mahabandoola Complex Service Centre
အမှတ်-၆၂မဟာဗန္ဓုလလမ်းနှင့် တာဝတိံသာလမ်းထောင့်၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၁၃၂၆၊ ၂၉၃၃၈၄

---

Assistant Marketing Manager ကျား-၄ဦး၊ ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်-ကျား ၁ ဦး
အမှတ်-၅၈၆၊ ပ-ထပ်၊မြွေရုံလမ်း၊ ၆မိုင်ခွဲ၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၈၆၂၀၆၀၀

---

ဝန်ထမ်းအလိုရှိသည်
၁။ Account - ၃ဦး၊ ၂။ GTI (EP) Engineer - ၃ဦး၊ ၃။ Office Staff - ၃ဦး၊ ၄။ Welding Worker - ၃ဦး၊ ၅။ လုံခြုံရေးဝန်ထမ်း - ၂ဦး
No.18(A/1), Tharyarwaddy Street, Sayarsan Qut; Bahan Tsp, Yangon,
**Ph: 542111, 400805**

---

ယာဉ်မောင်းအလိုရှိသည်
၁။ ကားကြီးယာဉ်မောင်း ကျား - ၃ ဦး၊ ၂။ ကားသေး ယာဉ်မောင်း - ကျား ၃ ဦး
ရန်ကုန်မြို့တွင်းနှင့် နယ်မြို့များတွင် ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
ဖုန်း-၀၉-၅၁၃၁၇၀၉

---

Operations (customer service) - junior and senior level, reservations and sales (senior level), Finance (senior accountant).
Minimun two years experience in travel industry. Interested? Send your CV to
**myanmar@khiri.com**

---

ခရီးသွားလုပ်ငန်းအတွက် Marketing ကျွမ်းကျင် မ-၂ဦး အမြန်အလိုရှိသည်။
အမှတ်-၂၇၁၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်းအပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၇၃၁၆၆၈၉၉

---

**Wang Wang Fa**
အမျိုးသမီး စာစီစာရိုက်ဝန်ထမ်း အမြန်အလိုရှိသည်။
နယ်မှလာသူဦးစားပေး၍နေစရာပေးမည်။
အမှတ်-၁၄၁၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၅၃၈၇၀

---

ဝန်ထမ်း အမြန်အလိုရှိသည်
၁။ Assistant Manager (Production) - ကျား/မ ၃ဦး၊ ၂။ Account/B.Com (or) LCCI (Level 3) - မ ၁ ဦး၊ ၃။ Machine Operator (Graduated) - ကျား ၁၀ဦး၊ ၄။ Quality Contrl (Food) - ကျား ၂ ဦး၊ ၅။ Maintenance (Machinery/Electrical) - ကျား ၂ဦး၊
အမှတ်(၅၃ တိုးချဲ့)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ အရှေ့ဒဂုံစက်မှုဇုန်သို့ (၉-၇-၂၀၁၁)နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

---

သူနာပြုအကူ လူနာစောင့် လိုအပ်ပါက Hospital-3000/- Home-3500/-
သူနာပြု/ဆေးဝါးကျွမ်းကျင်အကူဝန်ထမ်းများ လိုအပ်ပါက ဆက်သွယ်ပါရန်။
ဖုန်း-၀၁-၅၅၆၃၁၆၊ ၅၅၆၀၀၁၊ ၀၉ ၅၁၃ ၃၂၃၆

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Liv-up အသည်းအားဆေး
အသည်းအတွက်
မစိုးရိမ်ပါနဲ့
Liv-up
LIVER CORRECTIVE
LIVER PROTECTIVE

# Education

7DAY NEWS JOURNAL

Vol.10, No.14 • JUNE 23, 2011


## ဘယ်လမ်းကိုရွေးမလဲ ငွေလား၊ဝါသနာလား



နေလင်းထွန်း

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုကြသူများထဲမှ သုံးပုံတစ်ပုံခန့် အောင်မြင်ခဲ့ကြသည်။ အခြေခံပညာပြီးဆုံးအောင်မြင်ခဲ့သော ကျောင်းသားများသည် အဆင့်မြင့် ပညာရပ်များ သင်ကြားရန်တက္ကသိုလ်၊ကောလိပ်ရွေးချယ်မှုနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများမှသင်ကြားနေသော အသက်မွေးဝမ်းကျောင်းဆိုင်ရာဘာသာရပ်များ တက်ရောက်သင်ကြားရန် အတွက် လေ့လာပြင်ဆင်ရမည့် အချိန် ရောက်ရှိလာပြီဖြစ်သည်။

ပြည်တွင်းမှ ပညာရေးစနစ်သည်တက္ကသိုလ်ဝင်တန်းစာမေးပွဲရလဒ်ပေါ်မူတည်၍ တက္ကသိုလ်ရွေးချယ်မှု၊ အသက်မွေးဝမ်းကျောင်းဘာသာရပ် ရွေးချယ်မှုတို့ကို အဆုံးအဖြတ်ပေးလျက်ရှိသည်။

ကျောင်းသားများ၏ဝင်ခွင့်ကြိုးပမ်းချက်ကြောင့် တက္ကသိုလ်ဝင်တန်းရမှတ် သတ်မှတ်ချက်မြင့်မားသော တက္ကသိုလ်များမှာ ဆေးတက္ကသိုလ်၊နိုင်ငံခြားဘာသာတက္ကသိုလ်၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ဆေးဝါးတက္ကသိုလ်တို့ဖြစ်ကြသည်။

အထက်ပါတက္ကသိုလ်များသို့ တက်ရောက်လိုသောကျောင်းသားများသည်တက္ကသိုလ်ဝင်တန်းရမှတ် ၄၀၀ ကျော် ၅၀၀ နီးပါးရရှိထားရမည်ဖြစ်ကြောင်း ယခင်နှစ်ဝင်ခွင့်အမှတ် သတ်မှတ်ချက်များအရ သိရသည်။

"ကျောင်းသားတွေက ဆရာဝန်လိုင်း ပိုက်ဆံရတယ်။ အင်ဂျင်နီယာ ပိုက်ဆံရတယ်။ ငွေသီးတဲ့အကောက်ခွန်တို့၊ အခွန်ဦးစီးတို့ကိုဝင်မယ်ဆိုတာမျိုးက ကိုယ့်ဘဝမှာ မွေ့ပျော်မှာမဟုတ်ပါဘူး။ ကိုယ့်ဘဝအတွက် ကိုယ့်ဝါသနာကိုထည့်စဉ်းစားဖို့လိုတယ်။ အခုပဲကြည့်၊ ဆရာဝန်လိုင်းလုပ်ပြီးမှ သီချင်းဆိုတဲ့သူဖြစ်လိုဖြစ်၊ ကုန်သည်ဖြစ်လိုဖြစ် မျိုးစုံဖြစ်နေကြတာပါ။ အကျိုးမျှော်ပြီး လုပ်တာထက်ဝါသနာအခြေခံတာပိုကောင်းပါတယ်"ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဦးမော်သန်းက ကျောင်းသားများဘာသာရပ်ရွေးချယ်မှုနှင့်ပတ်သက်၍အကြံပြုသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရမှတ်ကောင်းကောင်းရရှိသော ကျောင်းသားများအနေဖြင့် မိဘ(သို့မဟုတ်)ဆွေမျိုးသားချင်းအသိုင်းအဝိုင်း၏ ဖိအားပေးမှုကြောင့် မိမိမနှစ်သက်၊ ဝါသနာမပါသော ဘာသာရပ်များကို ရွေးချယ်သင်ယူနေခြင်းများလည်း ရှိနေသည်။

"မိဘတွေ အတင်းတက်ခိုင်းလို့ တက်လိုက်ရတာပါ။ ကျွန်မမှာ သူငယ်ချင်းတွေအများကြီးတွေ့ရတယ်။ သူတို့ တကယ်မတက်ချင်ဘဲနဲ့ အတင်းအကျပ် တက်ခိုင်းလို့ တက်ကြရတာ။ တချို့က ကျောင်းထွက်သွားတယ်။ တချို့က စာမေးပွဲကျတယ်။ အခုတော့ ဘယ်တက္ကသိုလ်မှ မတက်နိုင်ကြတော့ဘူး။ အချိန်နဲ့ငွေတွေကို ဖြုန်းခဲ့ကြရုံသက်သက်ပါပဲ။ ကျောင်းသားတွေကို တကယ် စိတ်ပါဝင်စားမှုမရှိဘဲနဲ့ မိဘရဲ့ စေခိုင်းမှုကြောင့် မရွေးချယ်စေချင်ပါဘူး" ဆေးပညာဘွဲ့ရရှိခဲ့ပြီး ထိုင်းနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်းတက်ရောက်နေသောကျောင်းသူတစ်ဦးကအကြံပြုသည်။

ပညာရေးလိုအပ်ချက် မြင့်မားလာမှုကြောင့် ပြည်ပနိုင်ငံများသို့ မြန်မာကျောင်းသားများသွားရောက် ပညာသင်ယူမှုမြင့်တက်လာခဲ့ရာ

စာ(၂၂)သို့

ပ ညာ ရေး သ တ င်း တို များ

## လူမှုရေးစီမံခန့်ခွဲရေးဆိုင်ရာ အတွေးအမြင်ဟောပြောပွဲ ကျင်းပမည်

ရန်ကုန်၊ ဇွန် - ၁၅

ဆရာသိန်းဌေးမောင်နှင့် ဆရာဆန်းထွန်းသောင်တို့၏ "The Meaning of Success" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန်လ ၂၆ ရက်၊ နေ့လယ် ၂နာရီမှ ၄နာရီထိ ရွှေဂုံတိုင်လမ်းဆုံရှိ ယုဇနတာဝါ ၁၂၀၂ သင်တန်းကျောင်းတွင် ကျင်းပပြုလုပ်မည်ဟု သိရသည်။ အောင်မြင်မှု၊ အကျင့်သိက္ခာနှင့် နာမည်ဂုဏ်သတင်းကျော်ကြားမှုအကြောင်းအရာများ၊ အောင်မြင်သောသူအဖြစ် ရပ်တည်နိုင်ရန် လိုအပ်ချက်များကို လူမှုရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ အတွေးအမြင်များ တင်ပြဆွေးနွေးမည်ဖြစ်သည်။ စိတ်ဝင်စားသူများအနေဖြင့် တက်ရောက်လေ့လာနိုင်ကြောင်း အဆိုပါသင်တန်းကျောင်းမှသိရသည်။

## ဩစတြေးလျပညာရေးပြပွဲကျင်းပမည်

**ရန်ကုန်၊ ဇွန် - ၁၅**

ဩစတြေးလျနိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအတွက်ဩစတြေးလျပညာရေးပြပွဲကိုဇူလိုင်လ ၂ ရက်၊ နံနက် ၉နာရီမှ ညနေ ၅နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း AVSS ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။ ဩစတြေးလျနိုင်ငံ ပညာရေးစနစ်နှင့် ဘာသာရပ်ဆိုင်ရာအချက်အလက်များသာမက ကျောင်းသားဗီဇာလိုအပ်ချက်များကို ပိုမိုနားလည်သဘောပေါက်လာစေရန် ရည်ရွယ်ကြောင်းသိရသည်။

## အင်္ဂလိပ်စာဂုဏ်ထူးရသူများကို အင်္ဂလိပ်အဘိဓာန်စာအုပ်ပေးမည်

**ရန်ကုန်၊ ဇွန် - ၁၅**

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အင်္ဂလိပ်စာဂုဏ်ထူးရှိခဲ့သော ကျောင်းသားများအတွက် အင်္ဂလိပ်အဘိဓာန်စာအုပ်ပေးအပ်မည်ဖြစ်ကြောင်း ETC အင်္ဂလိပ်စကားသင်တန်းကျောင်းမှသိရသည်။ အင်္ဂလိပ်ဘာသာ ဂုဏ်ထူးရရှိထားသော ကျောင်းသားများအနေဖြင့် မြေနီကုန်း၊ မြေနုလမ်းရှိ GETC သင်တန်းကျောင်းတွင် ကန်းဘရစ်ချ်အင်္ဂလိပ်အဘိဓာန်စာအုပ်ထုတ်ယူနိုင်ကြောင်း သိရသည်။

## Biotechnology ဘာသာရပ် စိတ်ဝင်စားသူများ သီးသန့်ဘာသာရပ်အဖြစ် လျှောက်ထားနိုင်

**သီဟ**

**ရန်ကုန်၊**

**ဇွန် - ၁၅**

စင်ကာပူနိုင်ငံရှိ Management Development Institute of Singapore မှဗြိတိန်နိုင်ငံရှိ Northumbria University နှင့်ချိတ်ဆက်၍ ယခုနှစ်ဩဂုတ်မှစ၍ B.Sc(Hons) in Biotechnology ဘာသာရပ်အားသင်ကြားမည်ဖြစ်ကာ စိတ်ဝင်စားသည့်မြန်မာနိုင်ငံမှ ကျောင်းသားများလျှောက်ထားနိုင်ကြောင်းသိရသည်။

ယင်း Biotechnology ဘာသာရပ်တွင် လက်ရှိ ဆေးပညာ၌ ကြုံတွေ့နေရသည့် ပြဿနာများ၊ ကာကွယ်ဆေးထုတ်လုပ်မှုဖြစ်စဉ်များ၊ DNA နှင့်ပတ်သက်သည့်လေ့လာတွေ့ရှိမှုများအား စာတွေ့လက်တွေ့သင်ကြားရမည်ဖြစ်ကြောင်းသိရသည်။

"လောလောဆယ်မြန်မာနိုင်ငံကကျောင်းသားတွေ အသိများတာက Biomedical ဘာသာရပ်ဖြစ်ပြီး အဲဒီဘာသာရပ်က လူတွေရဲ့ကျန်းမာရေး၊ ရောဂါရှာဖွေကုသရေးတွေနဲ့ သက်ဆိုင်ပြီး အခု Biotechnology ဘာသာရပ်က အစားအသောက်၊ မွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်၊ရောဂါကာကွယ် ကုသရေးစတဲ့ဘာသာရပ်တွေလည်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပါတယ်"ဟု Crown Education မှပညာရေး အတိုင်ပင်ခံကို အောင်ကျော်ဆန်းကပြောသည်။




အဆိုပါသင်တန်းသည်သင်တန်းကာလ သုံးနှစ်ကြာမြင့်မည်ဖြစ်ကာအခြေခံကာလ ခြောက်လအပါဝင် စုစုပေါင်း သုံးနှစ်ခွဲတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထားသူများသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်ဖြစ်သည်။ အင်္ဂလိပ်စာ လိုအပ်ချက်အနေဖြင့် IELTS 6.0 ရရှိရမည်ဖြစ်ပြီး ယင်းအမှတ်မရှိပါက MDIS မှစစ်ဆေးသည့် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကြေးမှာ သင်တန်းကာလသုံးနှစ်အတွက် စင်ကာပူဒေါ်လာ သုံးသောင်းကျော်ကျသင့်မည်ဖြစ်ပြီး အခြေခံအတန်းအတွက်စင်ကာပူဒေါ်လာခြောက်ထောင်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။



# Technology

7 DAY NEWS JOURNAL

Vol.10, No.14 • JUNE 23, 2011


## e-Government စနစ်သုံးကာ လာဘ်စားမှုများကို ဖြေရှင်းမည်ဟုဆို

ယုဇနကိုကို

**ရန်ကုန်၊ဇွန် -၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့အနေဖြင့် e-Government စနစ်ကိုအသုံး ပြုကာ အစိုးရဌာနများနှင့် ပြည်သူများအကြား နေ့စဉ်ကြုံတွေ့နေရသည့် လာဘ်ပေးလာဘ်ယူကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဟုသတင်းရရှိသည်။

e-Government စနစ်ကို အောင်မြင်စွာအသုံးမပြုနိုင်သေးခြင်းကြောင့် ယခုလက်ရှိအချိန်ထိ အစိုးရဌာနများနှင့် လုပ်ငန်းကိစ္စများဆောင်ရွက်ရာတွင် ပြည်သူများဘက်မှ ကြုံတွေ့နေရသည့် လာဘ်ပေးလာဘ်ယူကိစ္စများ၊ ပွဲစားဆိုသည့် တရားဝင်မဟုတ်သောတစ်ဆင့်ခံအကျိုးဆောင်အမည်ခံပုဂ္ဂိုလ်များနှင့်ပတ်သတ်နေသည့် ကိစ္စရပ်များကို ကြုံတွေ့နေရခြင်းဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နေပြည်တော်တွင် ပြီးခဲ့သည့် ရက်သတ္တပတ်ကကျင်းပခဲ့သည့် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"ရုံးလုပ်ငန်းတွေကို လိုက်လံဆောင်ရွက်ပေးနေတဲ့ ကိုယ်စားလှယ်တွေ၊ ပွဲစားတွေဟာ အီလက်ထရွန်နစ်အစိုးရစနစ်ကို မသုံးတဲ့ ဒီလိုရှုပ်ထွေးတဲ့ ရုံးလုပ်ငန်းစနစ်တွေကြောင့်ပေါ်ပေါက်လာတာဖြစ်တယ်။ ပွဲစားတွေရဲ့ လိမ်လည်လှည့်ဖြားမှုကတစ်မျိုး၊ ရုံးတာဝန်ရှိသူတွေရဲ့ ရစ်တာ၊ ညှစ်တာတွေ၊ လာဘ်ပေးလာဘ်ယူတာတွေကြောင့် စာရွက်စာတမ်းနဲ့လုပ်ရတဲ့စနစ်တွေက အခုထိတွင်ကျယ်နေတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ၄င်း၏မိန့်ခွန်းတွင်ပြောကြားသည်။

ဆက်လက်ပြီး ၄င်းက "အခုဆောင်ရွက်အကောင်အထည်ဖော်မယ့် e-Government စနစ်ပေါ်မှာ ရှင်းလင်းလွယ်ကူအောင်လုပ်ပြီး အဲ့ဒီအပေါ်မှာ ပေါ်ပေါက်လာနိုင်တဲ့ မသာမှုတွေကိုပါ ထိန်းချုပ်နိုင်ရမယ်။ အပေါ်ဖား အောက်ဖိကိစ္စရပ်တွေမျိုးဟာ e-Government ကို အနှောင့်အယှက်ပြုကြမှာဖြစ်တယ်"ဟု သမ္မတရုံးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်က ဆက်လက်ပြောကြားသည်။

e-Government စနစ်ဆိုသည်မှာ အစိုးရဌာနများအချင်းချင်းသော်လည်းကောင်း၊ အစိုးရမှ ပုဂ္ဂလိကအချင်းချင်းသော်လည်းကောင်း လုပ်ငန်းကိစ္စများဆောင်ရွက်ရာတွင် အီလက်ထရွန်နစ်နည်းပညာကို အဓိကအသုံးပြုသည့် စနစ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ e- Government စနစ်ကိုအကောင်အထည်ဖော်ရာတွင် သန့်ရှင်းသောအစိုးရသစ်တစ်ရပ် (Good Governance) ကို အဓိကအလေးပေးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းလည်း အဆိုပါ ဆွေးနွေးပွဲကိုတက်ရောက်ခဲ့ကြသည့် အစိုးရဘက်မှတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

သန့်ရှင်းသော အီလက်ထရွန်နစ်အစိုးရသစ်တစ်ရပ်ဖြစ်လာစေရေးအတွက် အဓိကဆောင်ရွက်မည် ဟုဆိုသည့် အဆိုပါ e-Government စနစ်အကောင်အထည်ဖော်ရာတွင် ကိုယ်ကျိုးအတွက်သာကြည့်သည့်ရယူခြင်းမျိုးများနှင့် ဥပဒေနှင့်မညီသည့်ဖြစ်ရပ်မျိုးများပေါ်လာပါကလည်း အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။


စာ(၂၄)သို့


## ဆိုးလ်မြို့တော်တွင် ၄ နှစ်အတွင်း ဝိုင်ဖိုင်စနစ်အသုံးပြုနိုင်ရန် စီစဉ်



**ဆိုးလ်၊ ဇွန် - ၁၅**

တောင်ကိုရီးယားနိုင်ငံ၏မြို့တော်ဆိုးလ်သည် မြို့နေပြည်သူများအတွက်မြို့တွင်းလမ်းထောင့်တိုင်း၌အခမဲ့အင်တာနက်အသုံးပြုနိုင်မည့် ဝိုင်ဖိုင်ဇုန်များတည်ဆောက်ပေးသွားတော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဇုန်များဖော်ဆောင်ရေးစီမံကိန်းသည် တန်ဖိုးကန်ဒေါ်လာ ၄၄ သန်းခန့် ကုန်ကျမည်ဖြစ်ကာ မြို့တွင်းရှိ အများပြည်သူဆိုင်ရာနေရာများ၊ လမ်းနှင့် ပန်းခြံပေါင်း ၁၀,၄၃၀ ခုတွင် ၂၀၁၅ ခုနှစ်အရောက်၌ ဝိုင်ဖိုင်ကွန်ရက်များ တပ်ဆင်ပေးသွားမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် အင်တာနက်အသုံးပြုနိုင်သည့် စမတ်ဖုန်းများ၊ tablet ကွန်ပျူတာများ ပေါ်များလာသော်လည်း ဆိုးလ်မြို့တော်၌ ယခုအချိန်ထိမူ ဝိုင်ယာလက်စနစ်ဖြင့် အင်တာနက် အသုံးပြုနိုင်မှုမှာ နည်းပါးလျက်ရှိနေသေးသည်။ ထို့ကြောင့် မြို့တော်အုပ်ချုပ်ရေးအဖွဲ့က "ဝိုင် ဖိုင်ဝန်ဆောင်မှုပေးတာဟာ ဆိုးလ်မြို့ရဲ့ ပြင်ပဧရိယာ ၈၃ ရာခိုင်နှုန်းခန့်မှာ မရှိသေးပါဘူး။ ဒါပေမဲ့ မကြာမီမှာပဲ မြို့ရဲ့ လမ်းထောင့်တိုင်းမှာ ဝိုင်ဖိုင်စနစ်ကို အခမဲ့ရတော့မှာပါ" ဟုပြောသည်။

မြို့တော်အတွင်း ယခုကဲ့သို့ ဝိုင်ဖိုင်စနစ် တပ်ဆင်ရေးအတွက် ပုဂ္ဂလိက ကုမ္ပဏီများက ဝမ်ငွေ ၄၇ ဒသမ ၇ ဘီလီယံ (ကန်ဒေါ်လာ ၄၄ သန်း) ရင်းနှီးမြှုပ်နှံထားသည်။ အာဏာပိုင်များက ယခုနှစ်ကုန်ပိုင်း၌ ဆိုးလ်မြို့တော်အတွင်းရှိ ဘတ်စ်ကားများ၊ မြေအောက်ရထားများနှင့် တက္ကစီယာဉ်များအားလုံးတွင် လိုက်ပါလာသူခရီးသည်များအနေဖြင့် ဝိုင်ယာလက်စနစ်ဖြင့် အင်တာနက်သုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

—*Ref: AFP*









# Technology

## ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာများအား အွန်လိုင်းကတစ်ဆင့် ပိုမိုဆောင်ရွက်လာ

ယုဇနကိုကို

**ရန်ကုန်၊ဇွန် –၁၄**

ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာများအား ဆောင်ရွက်ရာတွင် အွန်လိုင်းမှတစ်ဆင့်ဆောင်ရွက်ခြင်းက ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်၌ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း သတင်းရရှိသည်။

ယခင်က ရုံးလုပ်ငန်းပုံစံများအတိုင်း စာရွက်စာတမ်းအဆင့်ဆင့်ဖြင့် လုပ်ကိုင်ခဲ့ရသည့် ပို့ကုန်သွင်းကုန်လိုင်စင်များလျှောက်ထားမှုအား အီလက်ထရွန်နစ်စနစ်ပုံစံဖြင့် အွန်လိုင်းမှတစ်ဆင့်လျှောက်ထားခဲ့သည့် ရာခိုင်နှုန်းက ၅၆ ရာ ခိုင်နှုန်းရှိလာကြောင်း အဆိုပါဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူး ဦးမင်းမင်းက နေပြည်တော်ခရိုင်တွင် ပြုလုပ်ခဲ့သည့် e-Government လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဝန်ကြီးဌာနအနေဖြင့် e- Government စနစ်ကိုလွန်ခဲ့သည့် ၂၀၀၂ခုနှစ်မှစတင်သုံးစွဲခဲ့ခြင်းဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် အခြားသောဝန်ကြီးဌာနများထက် ယင်းအီလက်ထရွန်နစ်စနစ်ဖြင့် အစိုးရလုပ်ငန်းများဆောင်ရွက်ခြင်းကို ပိုမိုဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း အထက်ပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများက သုံးသပ်ပြောကြားခဲ့ကြသည်။

ထို့အပြင် စီးပွား/ကူးသန်းဝန်ကြီး ဌာနအနေဖြင့် e-Payment စနစ်ကိုအသုံးပြုကာ အွန်လိုင်းမှတစ်ဆင့် ပို့ကုန်သွင်းကုန်လိုင်စင်ကြေးများပေးသွင်းခြင်းကို ကျပ်ငွေ ၃ ဒသမ ၃၆ ဘီလီယံအထိ ဆောင်ရွက်ပြီးခဲ့ကြောင်းသိရသည်။

အဆိုပါဝန်ကြီးဌာနအနေဖြင့် e- Government စနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်ကိစ္စများဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံသားများဘဏ်နှင့်ချိတ်ဆက်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်းသိရသည်။

## ရှယ်ယာများထုတ်ရောင်းပါက ဖေ့စ်ဘွတ်ခ်၏တန်ဖိုး ကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်နိုင်




**ဆန်ဖရန်စစ္စကို၊ ဇွန် – ၁၄**

လူမှုကွန်ရက် ဝက်ဘ်ဆိုက်ကြီး ဖေ့စ်ဘွတ်ခ်သည် လာမည့် ၂၀၁၂ ပထမ သုံးလပတ်ဘဏ္ဍာရေးကာလတွင် အများပြည်သူထံမှ ရင်းနှီးမြှုပ်နှံငွေများ ထည့်ဝင်ခွင့်ပြုမည်ဖြစ်ရာ ကုမ္ပဏီ၏ တန်ဖိုးမှာကန်ဒေါ်လာဘီလီယံ ၁၀၀ ကျော်နိုင်ကြောင်း အမေရိကန်မီဒီယာ CNBC ကဖော်ပြလိုက်သည်။

ကုမ္ပဏီနှင့် နီးစပ်သူတစ်ဦး၏ အဆိုအရလည်း ဖေ့စ်ဘွတ်ခ်သည် ယခုနှစ်အောက်တိုဘာ(သို့မဟုတ်) နိုဝင်ဘာခန့်တွင် အမေရိကန်အာမခံနှင့် အိတ်ချိန်းကော်မရှင် SEC သို့၎င်း၏ အာမခံစာချုပ်စာတမ်းများကို တင်သွင်းမည်ဟု သိရသည်။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီသည် အများပိုင်မဟုတ်သဖြင့် ဝန်ထမ်းများမှလည်း ၎င်းတို့ကိုယ်ပိုင်ရှယ်ယာများကို ဈေးကွက်သို့ ရောင်းချရန် ခွင့်ပြုချက်မရရှိပေ။ ယခု IPO ခေါ် အများ ပြည်ထံက နဦးရောင်းချမှုများ ဖြစ်လာပါက ကုမ္ပဏီလုပ်သားများလည်း ၎င်းတို့ပိုင်ရှယ်ယာများကို ငွေပေါ်အောင်ရောင်းချနိုင်မည်ဖြစ်သည်။ ဖေ့စ်ဘွတ်ခ်၏ ရှယ်ယာများကို ယခင်က Sharepost .com ကဲ့သို့သော ပုဂ္ဂလိကပိုင်ဈေးကွက်များတွင်ရောင်းဝယ်နိုင်ခဲ့ပြီး ယင်းကြောင့်ကုမ္ပဏီတန်ဖိုးမှာ ကန်ဒေါ်လာ ၈၅ ဘီလီယံရှိလာခဲ့သည်။

*—Ref: AP*

## e-Government လုပ်ငန်းများ အရှိန်မြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

ယုဇနကိုကို

**ရန်ကုန်၊ဇွန် –၁၅**

မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲတစ်ရပ်ကို အစိုးရဝန်ကြီးဌာနများ ရုံးစိုက်ရာနေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနတွင် ယခုလ ၁၄ ရက်နှင့် ၁၅ ရက်တို့ကကျင်းပခဲ့သည်။

သန့်ရှင်းသည့်အစိုးရသစ်တစ်ရပ်ကို အီလက်ထရွန်နစ်နည်းပညာသုံး လုပ်ငန်းဆောင်ရွက်မှုများဖြင့် ဖွဲ့စည်းသွားရန်အတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲတွင် အစိုးရဘက်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ CIO( Chief Information Officer) ရာထူးအဆင့်ရှိပုဂ္ဂိုလ်များ၊ ကွန်ပျူတာပညာရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင်တက်ရောက်ခဲ့ကြသည့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက e-Government ဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များ၊ပြုပြင်ရမည့်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့အပြင် International Multilateral Partnership Against Cyber Threats (IMPACT), National Trust Council, IDA အစရှိသည့်ပြည်ပနိုင်ငံမှ တာဝန်ရှိသူများလည်း အဆိုပါဆွေးနွေးပွဲတွင် e-Government ဆိုင်ရာလုပ်ငန်းဆိုင်ရာကိစ္စများကို ဟောပြောပြသခဲ့ကြကြောင်းသိရသည်။

ပထမဆုံးအကြိမ်ပြုလုပ်ခဲ့သည့် အဆိုပါဆွေးနွေးပွဲကို အစိုးရဘက်မှတာဝန်ရှိသူများနှင့် ပုဂ္ဂလိက ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းကာဆောင် ရွက်ခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က သဘာပတိအဖြစ် ဦးစီးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### စာ(၂၃) - e-Government စနစ်သုံးကာ လာဘ်စားမှုများကို ဖြေရှင်းမည်ဟုဆို မှ

ထို့အပြင် နိုင်ငံတကာမှထုတ်ပြန်ထားသည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ e-Government ဖွံ့ဖြိုးမှုအဆင့်များတွင် ထိပ်ဆုံးနံပါတ်(၁)နေရာကိုရောက်ရှိနေသည့် အာရှနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံကို အတုယူကာလုပ်ငန်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။






7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011



# ၂၀၁၁ ခုနှစ်၊ ရာသီဥတုရဲ့ လက်ရှိအခြေအနေနဲ့ ရှေ့အလားအလာ

မောင်ထွန်းလွင်(မိုးလေဝသ)

အခုဆိုရင် ရာသီကာလအပိုင်းအခြားအနေနဲ့ ၂၀၁၁ ခုနှစ်ရဲ့မိုးဦးကာလကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အခုနှစ်အဖို့အနောက်တောင်မုတ်သုံလေဟာလည်းမြန်မာတစ်နိုင်ငံလုံးကို မေ ၃၁ ရက်ကတည်းက ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။

ဒီတော့ ဒီနှစ် မိုးလေဝသ အခြေအနေကလေးတွေကို ပြောပြချင်လာပါတယ်။ ဘာပြုလို့လည်းဆိုတော့ အခု ဇွန် ၁၂ ရက်ကပဲ ဟသ်ာတမြို့မှာ သြဘာလယ်ယာသုံးပစ္စည်းကုမ္ပဏီက ဦးစီးကျင်းပပြုလုပ်ခဲ့တဲ့ တောင်သူလယ်သမားကြီးတွေကို ရာသီဥတုပြောင်းလဲမှုနဲ့အခုနှစ် ရာသီဥတု အလားအလာအခြေအနေ ဟောပြောပွဲမှာ တောင်သူဦးကြီးတွေ လက်ရှိဖြစ်နေတဲ့ ရာသီဥတု အခြေအနေကို အလွန်သိချင်နေကြတာ ကိုယ်တိုင်တွေ့ခဲ့ရပါတယ်။ ဒါဆိုရင် အခြားဒေသတောင်သူကြီးတွေလည်း သိချင်ကြပေလိမ့်မယ်လို့ ကျွန်တော်တွေးလာမိလို့ပဲဖြစ်ပါတယ်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

### လာနီညာဖြစ်စဉ် ပြီးဆုံးခဲ့ပြီ

၂၀၁၀ ခုနှစ်၊ ဇူလိုင်လကုန်ခါနီးကတည်းက ဖြစ်ပေါ်နေခဲ့တဲ့ လာနီညာဖြစ်စဉ်ဟာ ၂၀၁၁ မေလအကုန်မှာ ပြီးဆုံးလိမ့်မယ်လို့ကြိုတင်ခန့်မှန်းထားတဲ့အတိုင်း အခုမေလအကုန်မှာ ပြီးဆုံးခဲ့ပြီးဖြစ်ပါတယ်။ မေလအကုန်မှာ တိုင်းတာရရှိခဲ့တဲ့ပစိဖိတ်သမုဒ္ဒရာအလယ်က ပင်လယ်ရေမျက်နှာပြင် အပူချိန်တွေကိုကြည့်တဲ့အခါ လာနီညာစောင့်ကြည့်ဖို့ သတ်မှတ်ထားတဲ့ Nino-1, Nino-2 ဧရိယာတွေမှာ ပင်လယ်ရေအပူချိန်တွေဟာ ပုံမှန်ထက် +.7 C ပိုနေတာကို တွေ့ရပါတယ်။ ကျန်နေသေးတဲ့နေရာ(၂)နေရာဖြစ်တဲ့ Nino- 3.4 ဧရိယာတွေကိုကြည့်လိုက်တဲ့အခါမှာတော့ အခုမေလအကုန်မှာ ပထမဆုံးအကြိမ်အဖြစ် ပုံမှန်ရဲ့အောက် လျော့နည်းမှုဟာ လာနီညာဖြစ်စဉ်အတွက် သတ်မှတ်ထားတဲ့ -.5C မရှိတော့ဘဲ ပုံမှန်ရဲ့အောက် -0.1C သာရှိတော့တာကို တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၀-၂၀၁၁ လာနီညာရာသီဥတု ဖြစ်စဉ်ဟာ ၂၀၁၁ ခုနှစ်၊ မေလအကုန်မှာ လုံးဝပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။

### လာနီညာပြီးတော့ ဘာဖြစ်ဦးမှာလဲ

ဒါကို မစဉ်းစားဘဲ နေမလားဗျာ။ သိပ်စဉ်းစားတာပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကမ္ဘာ့လာနီညာ၊အယ်လ်နီညို စောင့်ကြပ်ကြည့်ရှုရေး ဗဟိုဌာန(၂၅)ခုတို့ရဲ့ အနာဂတ်ကာလခန့်မှန်းချက်တွေကို ကြည့်လိုက်တော့ ဒီခန့်မှန်းရေးဗဟိုဌာန အားလုံးအပေါ်က ပျမ်းမျှအမြင်ကတော့ အခုကျန်ရှိနေသေးတဲ့ ၂၀၁၁ လက်ကျန်ကာလတွေအတွင်း လာနီညာပြန်ဖြစ်ဖို့ ၂၃ ရာခိုင်နှုန်း၊ အယ်လ်နီညိုဖြစ်ဖို့ကလည်း ၂၁ ရာခိုင်နှုန်းရှိနေပြီး ဘယ်ဘက်မှ မလိုဘဲ ကြားနေနှစ်ဖြစ်ဖို့က ၅၆ ရာခိုင်နှုန်းရှိတယ်လို့ အဖြေထွက်ထားပါတယ်။ ပစိဖိတ်သမုဒ္ဒရာရဲ့ ပင်လယ်ရေမျက်နှာပြင်အပူချိန်ပြောင်းလဲမှုကလည်း Nino-3.4 ဧရိယာတွေမှာ အများဆုံးအပူချိန် +0.1C ခန့်သာရှိနိုင်တယ်လို့ ခန့်မှန်းထားတာကြောင့် လက်ရှိအခြေအနေအရတော့ ၂၀၁၁ နှစ်ကုန်တဲ့အထိ ကျန်ကာလတွေဟာ ကြားနေနှစ်ဖြစ်ဖို့ များနေပါတယ်။

### မိုးတိမ်တောင်တွေရဲ့ အန္တရာယ်

မြန်မာနိုင်ငံမှာ မိုးကြိုကာလ၊ မိုးလွန်ကာလနဲ့ မုတ်သုံလေအားပြတ်တဲ့ မိုးတွင်းကာလတွေမှာဖြစ်ပေါ်လေ့ရှိတဲ့မိုးတိမ်တောင်တွေရဲ့ အန္တရာယ်ဟာ ၂၀၀၆ ခုနှစ်ကစပြီး သိသိသာသာ တစ်နှစ်ထက်တစ်နှစ် တိုးလာနေပါတယ်။ အဲဒီအန္တရာယ်တွေကတော့ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနဲ့ မြေပြိုကျခြင်းဘေးတွေပဲဖြစ်ပါတယ်။ မုတ်သုံလေ အဝင်နောက်ကျလာလို့ မိုးကြိုကာလ ရှည်လျားလာတာတွေ၊ မုတ်သုံလေ အထွက်စောလို့ မိုးလွန်ကာလပိုရှည်လျားလာတာတွေအပြင် မုတ်သုံကာလအတွင်းမုတ်သုံလေ အားမမှန်ဘဲ မကြာခဏ အားပြတ်နေတတ်တာတွေကြောင့် မြန်မာနိုင်ငံမှာမိုးတိမ်တောင်တွေ ပိုအဖြစ်များလာပါတယ်။ ဒီတော့ မိုးတိမ်တောင်တွေကဖြစ်တတ်တဲ့ မိုးကြိုးပစ်တာ၊ လေပြင်းတိုက်တာ၊ လေဆင်နှာမောင်းတိုက်ခတ်တာ၊ စိုက်ဆင်းလေပြင်း တိုက်ခတ်တာ၊ နေရာကွက်မိုးကြီးတတ်တာတွေ ပိုအဖြစ်များလာခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်ကတည်းက နှစ်စဉ်ပါပဲ။ နေရာကွက် မိုးကြီးတဲ့အခါ နောက်ဆက်တွဲ ပါလာတာတွေကတော့ လျှပ်တစ်ပြက်ရေကြီးတာနဲ့ မြေပြိုကျတာတွေပဲဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်ကတည်းက အဖြစ်များလာကြတဲ့ ဒီမိုးတိမ်တောင်နဲ့ ဆက်နွယ်နေတဲ့ အန္တရာယ်တွေဟာ လက်ရှိ ၂၀၁၁ ခုနှစ်မှာလည်း လျော့မသွားခဲ့ကြပါဘူး။ ဒီနှစ်မိုး ကြိုကာလနဲ့ မုတ်သုံလေဝင်ရောက်နေစဉ် ကာလတွေမှာ ဖြစ် ပေါ်ခဲ့တဲ့ မိုးတိမ်တောင်တွေကြောင့် မိုးကြိုးပစ်တာ ထိမှန်လို့ သေဆုံးသူပေါင်း ၃၀ ကျော်ရှိခဲ့ပါပြီ။ လေဆင်နှာမောင်းတိုက်တာ ၇ ကြိမ်လောက်ရှိခဲ့ပြီ။ မြေပြိုကျတာ ၃ ကြိမ်လောက်ရှိခဲ့ပြီ။

### လောလောဆယ်မှာတော့ မိုးတိမ်တောင် လျော့နည်းနေပါတယ်

အခုလက်ရှိ အချိန်မှာတော့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခဲ့ပြီဖြစ်လို့ မိုးတိမ်တောင်တွေ ကုန်းမြေအပေါ်မှာ အဖြစ်နည်းသွားပါပြီ။ ပင်လယ်ထဲမှာပဲ ပိုအဖြစ်များနေပါတယ်။ ဒါကြောင့် ကုန်းမြေပေါ်မှာ မိုးတိမ်တောင်အန္တရာယ် လက်ရှိမှာ လျော့သွားနေပါတယ်။ အဲ. . တစ်ခုတော့ သတိထားရမှာက အခုနောက်ပိုင်းနှစ်တွေမှာမုတ်သုံလေဟာ အားမမှန်ရှိတတ်တာကြောင့် မုတ်သုံလေ အားနည်း၊ အားပျော့သွားတာနဲ့ မိုးတိမ်တောင်တွေပြန်ဖြစ်လာတတ်တာကိုတော့ သတိထားဖို့ လိုအပ်ပါတယ်။

### အသွင်တစ်မျိုးနဲ့ အဆင်ပျိုးနေတဲ့ ဒီနှစ်မုန်တိုင်းတွေ

ဘင်္ဂလားပင်လယ်အော်ရဲ့ ဒီနှစ်မုန်တိုင်းတွေကတော့ ကြွေကြီးပဲ့ါဗျာ။ အရှေ့ဘက်က တောင်တရုတ်ပင်လယ်၊ အနောက်ဘက်အာရေဗျပင်လယ်၊ ဒီဘေးတစ်ဖက်တစ်ချက်က ပင်လယ်တွေမှာ မုန်တိုင်းတွေ ဟောတစ်ခု၊ ဟောတစ်ခုဖြစ်နေကြတယ်။ ဘင်္ဂလားပင်လယ်အော်ကတော့ လှုပ်ရှားမှုအလျဉ်းမရှိ။ ဇွန်လလဝက်ရောက်တဲ့ အထိ မုန်တိုင်းတစ်ကြိမ်မှ မဖြစ်သေးပါဘူး။ ဇွန်လအကုန်အထိလည်း ဖြစ်ဖို့ အလားအလာ မတွေ့ရသေးပါဘူး။ မနှစ်ကအတိုင်းဆိုရင်တော့ စက်တင်ဘာမိုးကုန်တဲ့အထိလည်း တစ်ကြိမ်မှ မဖြစ်ဘဲ ရှိသွားနိုင်ပါတယ်။ ဒါဆိုရင်တော့ စဉ်းစားစရာ အချက်တွေရှိလာပြီ။

### စဉ်းစားစရာတွေ

မုန်တိုင်းတွေအဖြစ်နည်းတော့ မကောင်းဘူးလားလို့ မေးနိုင်ပါတယ်။ ပြောဖို့ ခက်တယ်ဗျာလို့ပဲ ကျွန်တော်ဖြေရမှာပါပဲ။ အကြောင်းကတော့ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေ အဖြစ်နည်းလာတာ ၁၉၇၈ ခုနှစ်ကတည်းကပါ။ ဒါပေမဲ့ ခက်တာက အဖြစ်နည်းသွားတဲ့ကာလက ကျွန်တော်တို့မြန်မာပြည်ကို မဝင်တဲ့ မိုးတွင်းကာလဖြစ်နေပါတယ်။ မြန်မာပြည်ကို အဝင်များတဲ့ မိုးကြိုနဲ့ မိုးလွန်ကာလတွေမှာတော့ ပိုတောင်အဖြစ်များလာနေပါသေးတယ်။ နောက်တစ်ချက်က မုန်တိုင်းတွေအဖြစ်နည်းလာတဲ့အခါ ဖြစ်လာသမျှ မုန်တိုင်းတွေကတော့ ပိုမိုပြင်းထန်လာတတ်ကြပါတယ်။ Frequency-Intensity ပြောင်းပြန် ဆက်စပ်မှုလို့ပဲ ဆိုကြပါတော့။ ကဲ. . လက်ရှိအနေအထားအရ စက်တင်ဘာလကုန်တဲ့အထိ မုန်တိုင်းတစ်ကြိမ်မှ မဖြစ်ဘူးဆိုပါတော့။ ဒီတော့ လက်ကျန်သုံးလဖြစ်တဲ့ အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ ဘယ်လိုဖြစ်လာနိုင်မလဲ။

### မုန်တိုင်းဘာလဲ၊ ဘယ်လဲ

ဒါကတော့ မုန်တိုင်းသမိုင်းစာရင်းအင်း မှတ်တမ်းနဲ့ဆိုင်လာပြီ။ လွန်ခဲ့တဲ့ မုန်တိုင်းသမိုင်းမှာ ဘင်္ဂလားပင်လယ်အော်မှာအနည်းဆုံးတစ်နှစ် မုန်တိုင်းလေးကြိမ်တော့ ဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်နောက်ပိုင်းကာလတွေမှာ မုန်တိုင်းပျမ်းမျှအနေနဲ့ တစ်နှစ်ကို ခြောက်ကြိမ်ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်အခု ၂၀၁၁ ခုနှစ်၊ လာမယ့်ဒီဇင်ဘာလအတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းလေးကြိမ်မှ ခြောက်ကြိမ်ဖြစ်နိုင်တယ်လို့ ခန့်မှန်းရင် အများလက်ခံနိုင်လောက်တဲ့ အယူအဆပဲ ဖြစ်ပါလိမ့်မယ်။

### အချိန်အခါမဟုတ်ရင် right theory wrong place ဖြစ်တတ်တယ်

ဒီတော့ ကျွန်တော်တို့အတွက် စဉ်းစားစရာဖြစ်လာပါပြီ။ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းလေးလုံးကနေ ခြောက်လုံးအထိ ဖြစ်နိုင်တယ်ဆိုလိုက်တာနဲ့ ကျွန်တော်တို့အတွက် အရေးကြီးတာ နှစ်ချက်ထွက်ပေါ်လာပါတယ်။ ပထမအချက်ကတော့ အဲဒီအောက်တိုဘာလကနေ ဒီဇင်ဘာလဆိုတာဟာ မြန်မာနိုင်ငံရဲ့ ဒုတိယ မုန်တိုင်းရာသီဖြစ်ပါတယ်။ မုန်တိုင်းအန္တရာယ်ကို သတိထားရတော့မယ်။ မနှစ်ကပဲ အောက်တိုဘာလထဲမှာ ဂီရိမုန်တိုင်းဝင်ခဲ့သေးတယ်လေ။ အဲ. . ဒုတိယအချက်ကတော့အဲဒီအောက်တိုဘာကနေ ဒီဇင်ဘာလအတွင်း မုန်တိုင်းတွေဖြစ်ရင် ဒီမုန်တိုင်းတွေရဲ့လမ်းကြောင်းနဲ့ အကျိုးသက်ရောက်မှုတွေဟာ အရှေ့မြောက်ဘက်ကိုချည့်ပါပဲ။ ဒီတော့ မြန်မာနိုင်ငံမှာ နှောင်းမိုးတွေ၊ အခါလွန်မိုးတွေ၊ အချိန်အခါမဟုတ်မိုးတွေ ရလာနိုင်ပါတယ်။

အဲဒီမိုးတွေဟာ ကောင်းကျိုးပေးမလားဆိုရင် ဖြေဖို့တော့ အတော်ခက်ခဲပါလိမ့်မယ်။ ဘာပြုလို့လည်းဆိုတော့ ဒါဟာ အသုံးပြုတဲ့သူရဲ့ အပေါ်မှာမူတည်နေလို့ပဲဖြစ်ပါတယ်။ ရေလိုနေသူတွေအတွက်တော့ "အောင်ရေ" ရေပိုနေသူတွေအတွက်တော့"ဖျက်မိုး" ဖြစ်သွားပါလိမ့်မယ်။

### တကယ်ဆိုရင် အစီအမံကောင်းပဲလိုတယ်

တကယ် အရေးကြီးတာက ရေလိုနေတဲ့ သူပဲဖြစ်ဖြစ်၊ ရေပိုနေတဲ့သူပဲဖြစ်ဖြစ်၊ အရေးကြီးတာက အစီအမံကောင်းတွေရှိဖို့ပဲ ဖြစ်ပါတယ်။ ဒါမှသာ ရေလိုနေတဲ့ သူတွေအနေနဲ့လည်း လိုနေတဲ့ရေတွေကို အကျိုးရှိရှိ အသုံးပြုနိုင်ပေလိမ့်မယ်။ ရေပိုနေတဲ့သူတွေအနေနဲ့လည်းရေတွေကိုထိထိရောက်ရောက် ကြိုတင်ကာကွယ်နိုင်ပေလိမ့်မယ်။

ဒီနေ့ ခေတ်ကာလအနေအထားအရတော့ ရာသီဥတုနဲ့ပတ်သက်လာရင်အရင်လို"ရေကန်အသင့်၊ ကြာအသင့်"မဖြစ်တာ ကြာပါပြီ။ အလွန်ပဲ ဖောက်ပြန်နေပါတယ်။ဖောက်ပြန်တာကို ခုခံကာကွယ်ဖို့ဆိုရာမှာ ပထမဆုံး အရေးကြီးတာက သြော်. . ဖောက်ပြန်တတ်ပါလားဆိုတာကို သိဖို့လိုပါတယ်။

နောက်ပြီး ဘာတွေ၊ ဘယ်လို ဖောက်ပြန်တတ်သလဲ သိဖို့ အရေးကြီးလာပါတယ်။ နောက်ဆုံးတော့ အဲဒီဖောက်ပြန်မှုတွေ ဘယ်လိုအသိတွေ၊ ခေတ်မီနည်းတွေနဲ့ ကျွန်တော်တို့ ကိုင်တွယ်ဖြေရှင်းကြမလဲ ဆိုတာပဲ ဖြစ်ပါတယ်။

ဖောက်ပြန်မှုဆိုတာ ကျွန်တော်တို့အတွက် မစိမ်းပါဘူးဗျာ။ ရာသီဥတုကသာ အခုမှ ဖောက်ပြန်လာတာပါ။ ကျွန်တော်တို့ လူသားတွေ ဖောက်ပြန်နေခဲ့ကြတာ ကြာပြီမဟုတ်ပါလားဗျာ။ ။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# သတင်းစာပညာနှင့် အဂတိလိုက်စားမှု (၂)

တင်အောင်ကျော်



ကမ္ဘာ့နေရာအတော်များများမှာ ကိုယ်ကြိုက်သော သတင်းပါအောင် ကုန်စည်တစ်ခုသဖွယ် ဝယ်ယူနိုင်တာတွေ ရှိနေပါသည်။

တစ်ရက် စကားဝိုင်းတစ်ခုမှာ အဂတိလိုက်စားမှုတွေကို စောင့်ကြည့်ဖို့ မီဒီယာများက တာဝန်ယူကြရပုံအကြောင်း ပြောဖြစ်သည်။ စကားဝိုင်းမှာ စီးပွားရေးလုပ်ငန်းရှင်ပါသည်။ ကုမ္ပဏီမန်နေဂျာပါသည်။ ဘဝရပ်တည်ချက်တွေ မတူသလို အမြင်ကွဲသည်များလည်း ရှိသည်။

တကယ်တော့ မတူကွဲပြားခြင်းကပင် အလှတရားတစ်ခု မဟုတ်လား။

ရှိစေတော့။ စောစောက အကြောင်းကို ပြန်ကောက်ချင်ပါသည်။ လူ့အဖွဲ့အစည်းတွင်း အဂတိလိုက်စားမှုနှင့် မသမာမှုများ လျော့နည်းကျဆင်းရေးအတွက် စတုတ္ထမဏ္ဍိုင်၏ အတွင်းကျကျ သတင်းလိုက်ဖော်ထုတ်ခြင်းသည် မရှိမဖြစ် အရေးကြီးသည်။ ဒါမီဒီယာသမားဖြစ်သော ကျွန်တော့် ဆွေးနွေးချက်။

သည်မှာ တစ်ယောက်က "မီဒီယာတွေကရော အဂတိလိုက်စားတာ မရှိဘူးလား" တဲ့။

ပြောရလျှင် မီဒီယာဟူသမျှ ခြောက်ပြစ်ကင်း သဲလဲစင်ဟူ၍ ကျွန်တော် မပြောခဲ့။ ပြောလို့လည်း မဖြစ်။ တစ်ခါတုန်းက ကျွန်တော်သည် သုတေသနသမားတစ်ယောက်အဖြစ်၊ မီဒီယာသမားတစ်ယောက်အဖြစ် ဘက်လိုက်မှု ကင်းသည်ဆိုပြီး ပြောခဲ့ဖူးသည်။

ဒါကို ကျွန်တော့်တက္ကသိုလ်ဆရာတစ်ယောက်က ဝေဖန်သည်။ "လူမှန်ရင် bias တော့ ရှိတာပဲ၊ မရှိဘူး ပြောရင် အဲဒါလိမ်တာပဲ"တဲ့။ သည်အကြောင်းကို "စံပယ်ဖြူ" မှာ ကျွန်တော်ရေးခဲ့ဖူးသည်။

သည်တော့ မီဒီယာမှန်သမျှ ပြစ်မျိုးမဲ့မထင်ဟူ၍ ကျွန်တော် မပြော။ မှန်သည်၊ မီဒီယာတွင်လည်း အဂတိတရားနှင့် မကင်းတာတွေ ရှိတတ်ပါသည်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုအကျိုးအကြောင်းတွေ ရှိနေသလဲ။

ယမန်နှစ် ကုန်ခါနီးတုန်းက 7Day News မှာ "သတင်းစာပညာနှင့် အဂတိလိုက်စားမှု" ဆိုပြီး ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ အဂတိလိုက်စားမှုများကို အတွင်းကျကျစူးစမ်းလေ့လာပြီး ဖော်ထုတ်သတင်းရေးသားခြင်းအကြောင်း ဖြစ်ပါသည်။

ယင်းမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ America.gov ဝက်ဘ်ဆိုက်ပေါ်မှ ဆောင်းပါးနှစ်ပုဒ်ကို အခြေခံပြီး ရေးခြင်းဖြစ်သည်။ တကယ်က ဆောင်းပါးဒုတိယအပုဒ်ကို ဒုတိယပိုင်းအဖြစ် ရေးမည်ဟု ရည်ရွယ်ခဲ့သည်။ လက်တွေ့မှာ ဟိုအကြောင်း၊ သည်အကြောင်းတွေဖြင့် မရေးဖြစ်ခဲ့။ ယခုစကားဝိုင်းလေး ဖွဲ့မိတော့မှပဲ ဆက်ရေးဖို့ သတိရတော့သည်။

သတင်းစာဆရာတွေ အဂတိလိုက်စားမှုဆိုသည်မှာ သူတို့တစ်ဦးချင်းပေါ်မှာ တည်တာများသည်။ လခနည်းလို့၊ လောဘကြီးလို့။ တချို့ကျတော့လည်း အစိုးရအကျိုးစီးပွား၊ နိုင်ငံရေးသမားအကြိုက်၊ စီးပွားရေးလုပ်ငန်းကြီးများအတွက်ဆိုပြီး ရေးကြလို့။ ထိုသို့ရေးပေးသည့်အတွက်လည်း တစ်ဖက်က သူတို့ကိုကျေးဇူးတုံ့ပြန်သည်။

သည်အကြောင်းကို နိုင်ငံတကာမီဒီယာ အထောက်အကူပေးရေး ဗိမာန်(CIMA: Center for International Media Assitance)အတွက် ဘီလ်ရက်စ်တောင်းက Cash for Coverage: Bribery of Journalists Around th World စာတမ်းကို ပြုစုတင်သွင်းခဲ့သည်။ ချုပ်ပြောရလျှင်တော့ "သည်လို သတင်းရေးပေး၊ သည်ငွေယူ" ဆိုခြင်းပင်။ ငွေမဟုတ်လည်း တခြားအခွင့်အရေးတစ်ခုခုပေါ့။

ယင်းမှာ "သတင်းစာပညာ၏ အမှောင်ခြမ်း"ဖြစ်ကြောင်းစာတမ်းထဲမှာဖော်ပြထားသည်။ CIMA က သည်လိုကိစ္စမျိုးတွေကို အများကြီး တွေ့နေတာတော့လည်း မဟုတ်။ သို့တစေ သတင်းစာဆရာဘက်က အကာအကွယ်ပေးနေသော သူတို့အတွက် ဂျာနယ်လစ်(သို့မဟုတ်) မီဒီယာဘက်က အဂတိလိုက်စားမှုတစ်ခုခုကို တွေ့လိုက်ရသည်ဆိုလျှင်ပင် သူတို့မှာ ရှက်လှပြီ။

သည့်အတွက် CIMA က ချိုမထား။ စာတမ်းထဲမှာ နမူနာတချို့ကို ထုတ်နုတ်ဖော်ပြထားသည်။ တောင်အာဖရိကတွင် သတင်းထောက်များသည် ပါတီဝင်များနှင့် အပြိုင်အဆိုင်ဖြစ်နေသော အာဖရိကန်နေရှင်နယ်ကွန်ဂရက်မှ အမတ်တစ်ဦးဘက်ကပင်းပြီး သတင်းရေးပေးခဲ့ဖူးသည်။ ကမ္ဘောဒီးယားတွင် သတင်းစာအချို့က လူပုဂ္ဂိုလ်အချို့ထံမှ အခကြေးငွေယူပြီး သူတို့မဟုတ်တာ လုပ်နေတာတွေကို သတင်းမဖော်ပြဘဲနေခဲ့ကြသည်။ ယူကရိန်းမှာ ကြော်ငြာအဖြစ်ထည့်သွင်းရမည်များကို သတင်းလုပ်ပြီး ဖော်ပြပေးခဲ့သည်။

တစ်ခုရှိတာက သည်လိုကိစ္စများတွင် သတင်းစာများ၊ သတင်းထောက်များသည် များသောအားဖြင့် လာဘ်လာဘ အမြောက်အမြားရတာမျိုး မရှိတတ်။ ငွေကြေးနည်းနည်း၊ မစို့မပို့ လက်ဆောင်ပေးမှုလောက်နှင့်ပဲ ကိစ္စပြီးခဲ့ကြတာများသည်။

မိမိသတင်းရင်းမြစ်ဆီက ငွေကြေး၊ လက်ဆောင်ယူထားမိပြီဆိုလျှင်တော့ ထိုသတင်းထောက်သည် ရထားသောသတင်းကို အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ရေးသားဖို့၊ ထုတ်လွှင့်ဖို့ ခက်သွားတော့သည်။

နောက်တစ်ချက်က မိမိ၏ သတင်းရင်းမြစ်ကောင်းများနှင့် ပတ်သက်သည်။ သတင်းထောက်ဆိုသည်က အချက်အလက်မှန်များကို အချိန်နှင့် တစ်ပြေးညီ ပေးနေသော၊ အကြားအမြင်များသော သတင်းရင်းမြစ်များထားရှိရသည်။ သူတို့ကို အားကိုးရသည်။

တစ်ခါတစ်ခါကျတော့ ထိုသတင်းရင်းမြစ်များလည်း ပုထုဇဉ်များပီပီ ဘက်လိုက်ပြီး သတင်းပေးတာမျိုးရှိတတ်သည်။ သတင်းထောက်ကို ဘယ်လို ဘယ်လို ရေးလိုက်ပေါ့ဗျာဆိုပြီး နှပ်ကြောင်းပေးတာတွေရှိတတ်သည်။ သည်အခါမျိုးတွင် သတင်းစာလွတ်လပ်မှု ရှိပါသည်ဆိုသော နိုင်ငံများတွင်ပင် ဓမ္မဓိဋ္ဌာန်ကျသော သတင်းမျိုးရေးဖို့ အခက်တွေ့ကြရသည်။

သတင်းစာပညာနယ်ပယ်တွင်းက သည်လိုပြဿနာတွေကို တည့်မတ်ပေးဖို့ဆိုသည်က ပြဿနာဖြစ်နေသည်။ အထူးသဖြင့် သတင်းထောက်များ၏ လစာအလွန်နည်းသော အခြေအနေမျိုး (သို့မဟုတ်) မီဒီယာပိုင်ရှင်က သူတို့ပိုင်ဆိုင်သည့်စင်ကို နိုင်ငံရေး၊ စီးပွားရေးတို့အတွက် အသုံးချချင်သော အခြေအနေမျိုးတို့တွင်ဖြစ်သည်။

CIMA တွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၌ပါဝင်ခဲ့သူများက သတင်းမီဒီယာပိုင်ရှင်များ၏ နိုင်ငံရေးအဆက်အသွယ်များနှင့် အာဏာဆက်နွယ်မှုများကို အတွင်းကျကျ စူးစမ်းလေ့လာကြဖို့ သဘောထား ကြိုက်ညီခဲ့ကြသည်။ သည့်အတွက် သူတို့၏ အယ်ဒီတာ့အာဘော်များနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုတို့ကိုလည်း စောကြောရန်လိုသည်ဟု ဆိုပါသည်။

ရက်စ်တောင်း၏ စာတမ်းထဲတွင် မည်သည့် သတင်းအဖွဲ့အစည်းမဆို ယုံကြည်အားထားရမှု ဆုံးရှုံးလျှင် ငါးပါးမှောက်မည်ဖြစ်ကြောင်း သတင်းပေးထားသည်။

"သတင်းစာပညာရဲ့ ဝိသေသက ကျင့်ဝတ်ရှိတယ်ဆိုတဲ့အချက်ပဲ"ဟူ၍ နိုက်စင်တာ(Knight Center)မှ ညွှန်ကြားရေးမှူး ရိုဆင်တဲလ် အဲလ်ဗက်စ်က ပြောသည်။

အားတက်စရာက သည်လိုကျင့်ဝတ်ရှိဖို့ လိုအပ်ကြောင်းကို ပို၍ ပို၍ သဘောပေါက်လာကြကြောင်း ဝါရှင်တန်အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ သမာဓိ(Global Intergrity)အဖွဲ့ကြီးကဆိုသည်။ အဖွဲ့ကြီးက တစ်ကမ္ဘာလုံးက အခြေအနေတွေကို ခြုံငုံသုံးသပ်ကာ ယခုလိုပြောခြင်းဖြစ်သည်။

ဥပမာ-လက်ဝဲယိမ်းအစိုးရများ အုပ်စိုးခဲ့သော အရှေ့ဥရောပနိုင်ငံများတွင် စုံစမ်းထောက်လှမ်းပြီး သတင်းရေးသားခြင်းဆိုတာ မရှိခဲ့။ သူတို့ဆီမှာ သတင်းက များသောအားဖြင့် "ဝါဒဖြန့်ဒေါက်တိုင်" သာဖြစ်ခဲ့သည်။ သည့်အတွက် သတင်းထောက်များကို လေ့ကျင့်သင်တန်းပေးတာတွေ လုပ်ရမည်ဟု အရှေ့ဥရောပနိုင်ငံတစ်ခုဖြစ်သော ရိုမေးနီးယားမှ ဆတီဖန်ကင်ဒီးယားက ပြောသည်။ သူက စုံစမ်းထောက်လှမ်းသတင်းစာပညာဗိမာန်တစ်ခု တည်ထောင်ထားသည်။

သတင်းစာဆရာများက အဂတိလိုက်စားမှုကို ရှောင်ရှားရာတွင် အရေးကြီးသော နောက်ကိစ္စတစ်ခုရှိသေးသည်။ နယူးယောက်တက္ကသိုလ်မှ သတင်းစာပညာဆရာမ ရို့စ်မေရီအာမော်က အင်တာဗျူးမပေးသော၊ မေးခွန်းကို မဖြေသော သတင်းရင်းမြစ်များကို ဖော်ပြဖို့ဝန်မလေးသင့်ဟု ပြောပါသည်။

အာမော်က ဘော့စနီးယားရှိ သတင်းဌာနတစ်ခုတွင် တာဝန်ထမ်းခဲ့ဖူးသည်။ အဲသည်မှာ ပင်စင်အခွန်မပေးဆောင်သော ကုမ္ပဏီများစာရင်း ဘော့စနီးယားအစိုးရထံမှ ရဖို့ လေးလစောင့်ခဲ့ရသည်။ ဒါကို သူက သတင်းထဲထည့်ရေးခဲ့သည်။

"အခွန်မဆောင်သော သူများစာရင်းကို ရရှိရန် လေးလတိုင်စောင့်ဆိုင်းခဲ့ရသည်"ဟူ၏။

အာမော်ဆိုလိုသည်က အဖြေမပေးသော သတင်းရင်းမြစ်များသည် သူတို့သတင်းကို ထိမ်ချန်ထားကြောင်း သတင်းထောက်က အများပြည်သူကို အသိပေးသင့်သည်ဟူ၍ ဖြစ်ပါသည်။

သို့သော် ကျွမ်းကျင်သူများက တစ်ချက်ထောက်ပြသည်။ အတွင်းကျကျ စူးစမ်းလေ့လာရေးသားသော သတင်းများအတွက် ထိပ်တန်းသတင်းရင်းမြစ်များဆီက သတင်းအချက်အလက်များ အခါခပ်သိမ်းမလို။ သာမန်လူများကလည်း အလွန်အဖိုးတန်သော သတင်းအချက်အလက်များကို ပေးနိုင်ပါသည်။

တကယ်တမ်းပြောရလျှင် လူသည် ဘုရားမဟုတ်။ လူသာမန်သည် လူတော်စင်မဟုတ်။ သတင်းစာဆရာတစ်ယောက်သည်လည်း ခြောက်ပြစ် မကင်းနိုင်။ သို့သော် မိမိပရော်ဖက်ရှင်၏ ကျင့်ဝတ်များ ခိုင်မြဲဖို့အတွက် မိမိကိုယ်တိုင်က ဥစ္စာရင်လို ဥစ္စာရင်ခဲ ရှိရပေမည်။

ကိစ္စတစ်ခု ဘာ့ကြောင့် ဖြစ်ရတာလဲဆိုတာကို သတင်းစာဆရာက မေးခွန်းထုတ်ရမည်။ သတင်းလိုက်ရမည်။ ဤသို့အားဖြင့် ပြည်သူတို့အပေါ် တိုက်ရိုက်သက်ရောက်နေသောအဂတိလိုက်စားမှု၏ အကျိုးဆက်များကိုစတင်တွေ့ရှိခြေရာခံမိလာလိမ့်မည်။

ယင်းသို့ မလုပ်ဆောင်ပါက သတင်းစာဆရာအလုပ်ကိုထိခိုက်ရုံမက သတင်းလွတ်လပ်မှုကိုပါ ထိခိုက်စေပါလိမ့်မည်။

ရက်စ်တောင်းက ယခုလို မှတ်ချက်ပေးသည်။

"တံစိုးလက်ဆောင်နှင့် မကင်းသောသတင်းစာသည်လည်း လွတ်လပ်မှုမရှိပါချေ"ဟူ၏။ ။

7DAY NEWS JOURNAL
# Current Affairs
Vol.10, No.14 • JUNE 23, 2011

# ကာကွယ်ဆေးထုတ်လုပ်သုံးစွဲတာနဲ့ပတ်သက်ရင် တိတိကျကျတားမြစ်ပိတ်ပင်သွားဖို့ဆုံးဖြတ်ချက် ချလိုက်ပြီ

## ဝက်နားရွက်ပြာရောဂါအကြောင်း တာဝန်ရှိသူနှင့် တွေ့ဆုံခြင်း

အားမာန်

**မြန်မာနိုင်ငံအတွက် တိရစ္ဆာန်ရောဂါအသစ်တစ်မျိုးဖြစ်သော ဝက်နားရွက်ပြာရောဂါမှာ ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်တွင် မန္တလေးတိုင်းဒေသကြီးတွင် စတင်ဖြစ်ပွားခဲ့သည်။ ထို့နောက် မကွေး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်သို့ ဆက်လက်ကူးစက်ခဲ့သည်။ ယခုနောက်ဆုံး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာပင် ရောဂါကူးစက်မှုထိန်းချုပ်ရန် ကြိုးပမ်းနေသည့်ကြားထဲမှ ဆက်လက်ဖြစ်ပွားခဲ့သည်။ ပထမပိုင်းရောဂါဖြစ်ပွားမှုများတွင် ဝက်အချင်းချင်း ကူးစက်ပျံ့နှံ့သည့်ပုံစံမှ လှည်းကူး၊ အိမ်မဲ၊ ပန်းတနော် စသည့်ဒေသမှ ဝက်ခြံများ၌ ရောဂါဖြစ်ပွားပုံမှာ ကာကွယ်ဆေးထိုးမှ ဝက်များသေဆုံးကာ ရောဂါကူးစက်ခြင်းဖြစ်သည်။ ထိုရောဂါထိန်းချုပ်ရန် ဆောင်ရွက်နေမှုများနှင့် ရောဂါမကူးစက်ရန် ကာကွယ်ရေးနည်းလမ်းများကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာအောင်ကြီး နှင့် ဇွန် ၁၈ရက်တွင် ၎င်း၏ရုံးခန်းသို့သွားရောက်တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်သူများအတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ပထမဆုံးဝက်နားရွက်ပြာရောဂါ မြန်မာပြည်ရောက်လာပုံကို ရှင်းပြပေးစေလိုပါတယ်။**

ဝက်နားရွက်ပြာရောဂါက အကြမ်းဖျင်းအားဖြင့်တော့ ၂၀၁၁ ဖေဖော်ဝါရီလမှာ မန္တလေးမှာစပြီး ဖြစ်ပွားခဲ့တာ။ ဖြစ်ပွားခဲ့တာကို ပြန်သုံးသပ်ရင် အဲဒီအချိန် တရုတ်ပြည်မှာ တရုတ်နှစ်သစ်ကူးလုပ်နေတယ်။ အဲဒီကို မန္တလေးက ဝက်ခြံတစ်ခြံကနေပြီးတော့ ဝက်တွေပို့တယ်။ သွားပို့တဲ့ဝက်ထိန်းတဲ့လူတွေပေ့ါ။ ဝက်ကိုင်တဲ့သူတွေက ဟိုကဝက်ခြံမှာ ဝက်တွေဝင်ချတယ်။ အဲဒီသူတို့ချတဲ့ဝက်ခြံက ဝက်တွေဝက်နားရွက်ပြာရောဂါဖြစ်တယ်။ အဲဒီလူတွေက သူတို့ရဲ့ ဖိနပ်တွေ ခြေထောက်တွေ သေချာမဆေးဘဲ နေ့ချင်းပြန်လာပြီး ဒီကဝက်ခြံမှာ ပြန်ပြီး အလုပ်လုပ်ရင်းနဲ့ နောက်နှစ်ရက်၊ သုံးရက်အကြာမှာ ဝက်နားရွက်ပြာရောဂါဖြစ်တာပေ့ါ။ အဲတော့ ပထမဆုံး မန္တလေးမှာဖြစ်တယ်။ ဝက်နားရွက်ပြာရောဂါက မျိုးပွားလမ်းကြောင်းနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာပြတဲ့ရောဂါ။ အထူးသဖြင့် အသက်ရှူလမ်းကြောင်းမှာဖြစ်တယ်ဆိုရင် ဝက်တွေက ဖျားမယ်၊ နှာစေးမယ်၊ အထူးသဖြင့် ကိုယ်အပူချိန် ၄၀ ကနေ၄၂ဒီဂရီဖာရင်ဟိုက်လောက်အထိတက်တယ်၊ နောက်အစာစားပျက်မယ်၊ နှာရည်ကျမယ်၊ ချောင်းဆိုးမယ်၊ ဒီလက္ခဏာတွေတွေ့ရှိရတယ်၊ နောက်တစ်ခါ တကယ်လို့မျိုးပွားလမ်းကြောင်းမှာဖြစ်မယ်ဆိုရင် ဝက်မတွေမှာဆိုရင် ဇီးလျှောမယ်၊ ကလေးအသေမွေးတယ်။ ဒီဗိုင်းရပ်စ်ပိုးဟာ RNA ဗိုင်းရပ်စ် အမျိုးအစားဖြစ်တယ်။ ဒီဗိုင်းရပ်စ်က လေကနေတစ်ဆင့် ကူးစက်နိုင်တယ်။ ဒီဝက်ရဲ့ တံတွေးတို့ မစင်တို့ ကျင်ငယ်ရေတို့ကနေလည်း ကူးစက်နိုင်သလိုပဲ တစ်ဖက်က ဝက်ဇီးလျှောတယ်ဆိုရင် ဇီးလျှောတဲ့ ဝက်ကလေးတွေရဲ့ အချွဲတွေ အရည်တွေကနေ တစ်ဆင့်လည်း ကူးစက်နိုင်တယ်။ အဲတော့ မန္တ လေးမှာ ဒီလိုမျိုးဝက်တွေသေတဲ့ ဟာကိုသိရပြီးတဲ့နောက် ကျွန်တော်တို့ဆီကို နမူနာပို့လာတယ်။ ပို့လာတော့ မန္တလေးဓာတ်ခွဲခန်းမှာ စမ်းတယ်။ ရန်ကုန်မှာ ထပ်ပြီးတော့ Confirm လုပ်တယ်။ လုပ်ပြီးတော့တို့က ဝက်နားရွက် ပြာရောဂါလို့ အကြမ်းဖျင်းတွေ့ရတယ်။ ဒီရောဂါက ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့အတွက် သူ့ကိုတိုက်ရိုက်တော့ ဆေးကုလို့မရဘူး။ ကျန်တဲ့လက္ခဏာတွေ သက်သာအောင်တော့ ဆေးကုသပေးတယ်ပေ့ါ။ ဆေးကုသပေးတော့ မန္တလေးမှာ အကြမ်းဖျင်းဝက်ကောင်ရေ ၁၀၀၀ ပတ်ဝန်းကျင် လောက်ဖြစ်တဲ့ဟာမှာ အကောင်ရေ ၁၅၀၊ ၂၀၀ လောက်ပဲ သေဆုံးခဲ့တယ်။ မန္တလေးဖြစ်တယ်၊ မတ္တရာဖြစ်တယ်၊ ပြင်ဦးလွင်ခရိုင် ဒီနေရာတွေမှာဖြစ်တယ်။ ဒီရောဂါကဝက်တွေ အသက်အရွယ်မရွေးဖြစ်ပွားနိုင်တယ်။အသက်အရွယ်မရွေးဖြစ်နိုင်ပေမယ့် ရောဂါပြင်းထန်မှုကိုခံစားတာတွေ ဝက်ငယ်လေးတွေက ပိုတော့ သေဆုံးမှုမှာတော့ ဝက်ငယ်လေးတွေပိုတယ်။ ဝက်ကြီးတွေမှာတော့ ဒီရောဂါပိုးကို ခံနိုင်ရည်တော့ရှိတယ်။ မသေဘူးပေ့ါ။ ဆက်ပြီးတော့ ဖြစ်နေနိုင်တယ်။ တစ်ဖက်က တို့ဌာနတွေအနေနဲ့ ပြည်သူလူထုကိုအသိပညာပေးတယ်။ မကျန်းမာတဲ့ဝက်တွေကို မရွှေ့ပြောင်းဖို့ပြောတယ်။ နောက်ဝက်ခြံတွေမှာ ကာကွယ်ဆေးဖျန်းတယ်။ နောက်တစ်ဖက်က ဝက်နားရွက်ပြာရောဂါနဲ့ပတ်သက်လို့ သိသင့်သိထိုက်တဲ့စာတွေပါတဲ့ပန်းဖလက်တွေဝေတယ်။ အဲတော့ ဖြစ်ပွားမှုနည်းနည်းလေးထိန်းချုပ်နိုင်တဲ့အခြေအနေရှိလာတယ်။ ပြီးခဲ့တဲ့ မေလဆန်းလောက်မှာ တစ်ခါသူက ဘယ်လိုဖြစ်လဲဆိုတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်း မဖြစ်အောင် ကျွန်တော်တို့က အတတ်နိုင်ဆုံးထိန်းခဲ့တယ်။ ထိန်းပေမယ့် မေလဆန်းလောက်မှာ လှည်းကူးကခြံတစ်ခြံကနေပြီးတော့ ဝက်နားရွက်ပြာကာကွယ်ဆေးသွားထိုးလိုက်တယ်။ အဲလိုသွားထိုးတော့ ဝက် ၉၃ကောင်လောက်က ကာကွယ်ဆေးထိုးပြီး ၂ ရက် ၃ရက်နေ့လောက်မှာသေတယ်။ လှည်းကူးမှာ စဖြစ်တော့ တချို့ကလည်း အစိုးရိမ်လွန်ပြီး တားမြစ်ထားတဲ့ကာကွယ်ဆေးတွေထိုးတဲ့အခါမှာ လှိုင်သာယာတို့အင်းစိန်တို့၊ လှည်းကူးတို့မှာ ဝက်နားရွက်ပြာရောဂါနည်းနည်းဖြစ်တယ်။ ဇွန်လ ၉ရက်နေ့က မြောင်းမြမှာ ဆန္ဒသုခဆိုတဲ့ ဝက်ခြံမှာ ဝက်သေတယ်။ ဘာလို့သေလဲဆိုပြီး စစ်ကြည့်တော့အဲဒီဝက်ခြံကလည်းသူတို့က အရင်ကဝက် ၂၆၅ကောင်လောက်မွေးတယ်။ အအိပ်ခင်းတွေနဲ့စနစ် တကျမွေးထားတာ။ အဲဒီခြံကလည်း ဝက်နားရွက်ပြာကာကွယ်ဆေးထိုးလိုက်တယ်။ ၆ ရက်မှ ထိုးတာပေ့ါ ၉ရက်မှာ စသေတယ်။ ၉ရက်က နေ ၁၂ ရက်အထိ ၄၆ ကောင်သေတယ်။ အဲဒါနဲ့ ၁၄ရက်က ကျွန်တော်ဆင်းပြီး စစ်ဆေးတယ်။ ကြည့်ရှုတယ်။ ခရိုင်အုပ်ချုပ်ရေးနဲ့လည်းတွေ့ပြီး သွားစစ်ဆေးကြည့်လိုက်တဲ့အခါမှာ ၅၄ ကောင် လောက်သေသွားတာတွေ့ရတယ်။ မြောင်းမြမှာ တရားမဝင် ထုတ်လုပ်တဲ့ဝက်နားရွက်ပြာရောဂါကာကွယ်ဆေးတွေကိုထိုးလို့ပေ့ါ။ နောက်တစ်ခါ ဦးဇော်မင်းထွန်းဝက်ခြံက ၂၄ကောင်လောက်သေသွားတယ်။ကျန်တဲ့တစ်ပိုင်တစ်နိုင်မွေးတွေကလည်း တစ်ကောင်စနှစ်ကောင်စသေတော့ အားလုံးစုစုပေါင်း အကောင် ၈၀ကျော်သေသွားတာတွေ့ရတယ်။ အဲတော့ တစ်ဖက်က တို့ဌာနအနေနဲ့ နိုင်ငံ



တကာက ကျွမ်းကျင်ပညာရှင်တွေခေါ်ယူပြီးဆွေးနွေးတယ်။ နောက် ကျွမ်းကျင်ပညာရှင်တွေရဲ့ အကြံပြုချက်ကလည်း ဝက်နားရွက်ပြာကာကွယ်ဆေးသည် အကျိုးပြုတာနည်းတယ်။ အထူးသဖြင့် သူကဒီကာကွယ်ဆေးက ဗိုင်းရပ်စ် မျိုးကွဲများစွာကြောင့်ဖြစ်နိုင်တယ်။ ကာကွယ်ဆေးတစ်မျိုးသည် ဗိုင်းရပ်စ်မျိုးကွဲအတွက်ပဲကာကွယ်နိုင်တယ်။ ဒီအတွက်ကြောင့်သူက ဒီတစ်မျိုးထိုးထားရုံနဲ့ မလုံလောက်ဘူး။ အဲဒီဟာအပြင် ကာကွယ်ဆေးထိုးရင် သူက ၂ကနေ ၃ လပဲခံနိုင်စွမ်းရှိတယ်။ အဲတော့ ခဏ၊ ခဏပြန်ထိုးရတယ်။ နောက်ဒီဗိုင်းရပ်စ်ကာကွယ်ဆေးထိုးထားတဲ့ ဝက်က ဗိုင်းရပ်စ်ပြန်ပြီး စွန့်ထုတ်တာပေ့ါ။ မှုတယ်ပေ့ါ။ သူရဲ့ ဆီး၊ မစင်၊ သူရဲ့ခန္ဓာကိုယ်ကနေ ဗိုင်းရပ်စ်ကို စွန့်ထုတ်နိုင်တော့ တခြားဝက်တွေကို ကူးနိုင်တယ်ပေ့ါ။ ဒ့ါအပြင် ဒီကာကွယ်ဆေးထိုးလိုက်ရင် ဇီးရှိတဲ့ဝက်မတွေမှာဆိုရင် ဇီးလျှောနိုင်တယ်။ အဲဒီအတွက်ကြောင့် ဒီကာကွယ်ဆေးတွေမထိုးဖို့ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်တွေကလည်းအကြံပြုခဲ့တယ်။ ဒ့ါအပြင် တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေပေ့ါ။ အထူးသဖြင့် တရုတ်မှာဆိုရင် ၂၀၀၆ ကတည်းက ဖြစ်ခဲ့တယ်။ ၂၀၀၇မှာဆို ဗီယက်နမ်နဲ့ဖိလစ်ပိုင်မှာဖြစ်တယ်။ ၂၀၀၈က ထိုင်းမှာ ဖြစ်တယ်။ ၂၀၀၉ ကမ္ဘောဒီးယားနဲ့ လာအိုမှာဖြစ်တယ်။ ဒီဖြစ်တဲ့ နိုင်ငံတွေမှာ ပြန်သုံးသပ်ကြည့်ရင် တရုတ်တို့ ဗီယက်နမ်တို့။ သူတို့ က ဒီလိုကာကွယ်ဆေးများများထိုးတယ်။ ထိုးတော့မထိန်းချုပ်နိုင်တဲ့အပြင်ကို နှစ်တိုင်း၊ နှစ်တိုင်း ပြန်ပြန်ဖြစ်တာတွေ့ရတယ်။ အဲတော့မနှစ်က ဗီယက်နမ်မှာ ၆၀၀,၀၀၀ ကျော်ဖြစ်တာမှာ ၃၀၀,၀၀၀ ကျော်လောက်သေကျေပျက်စီးခဲ့တယ်။ ဒါကြောင့်တို့နိုင်ငံမှာ ကာကွယ်ဆေးမသုံးဖို့ မွေးမြူရေးနဲ့ ကုသရေးဌာနကနေ တားမြစ်ထားခဲ့တယ်။

**ဘယ်အချိန်က စတားမြစ်တာလဲ။**

နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေက ဧပြီလတတိယ ပတ်မှာလာတယ်။ သူလာပြီးနောက်ပိုင်း မွေးမြူရေးနှင့် ကုသရေးဌာနအားလုံးကို အကြောင်းကြားပြီးတားမြစ်ခဲ့ပြီးဖြစ်တယ်။ ဧပြီလထဲပေ့ါ။ ဒီကြားထဲမှာ ဝိသမလောဘ သမားပေ့ါ။ နိုင်ငံခြားကနေမှာယူ တင်သွင်းတဲ့ကာကွယ်ဆေးရှိသလို၊ ပြည်တွင်းကနေလည်း တချို့ထုတ်လုပ်တဲ့ကာကွယ်ဆေးရှိတယ်။ အဲဒါတွေထိုးတဲ့အခါမှာ အခုလို သေဆုံးတာတွေ့ရတယ်။ ဒါနဲ့ပတ်သက်ရင်လည်း မနေ့(ဇွန်၁၇ရက်)က မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီရယ်၊ မွေးမြူရေးနဲ့ ရေလုပ်ငန်း ပညာရှင်အဖွဲ့ရယ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရယ်၊ တို့ဌာနက တာဝန်ရှိတဲ့လူကြီးတွေရယ်၊ ကျန်းမာရေးဦးစီးဌာန FDAက ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးပြီးတော့ ကာကွယ်ဆေး ထုတ်လုပ်သုံးစွဲတာနဲ့ ပတ်သက်ရင် တိတိကျကျတားမြစ်ပိတ်ပင်သွားဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးဖို့ ပြည်နယ်နဲ့တိုင်းတွေကို ဌာနအနေနဲ့စာထွက်ထားတယ်။ ကာကွယ်ဆေးလုံးဝမထိုးဖို့၊ ကာကွယ်ဆေးမသုံးစွဲအောင် စနစ်တကျဆောင်ရွက်ဖို့ စာထွက်ထားတယ်။ ဝန်ကြီးဌာနကိုလည်း တင်ပြထားတယ်။ တစ်အချက်ကတော့ ကာကွယ်ဆေးမသုံးဖို့အဓိကလုပ်နေတယ်။ ဘာကြောင့် မသုံးဖို့လိုလည်းဆိုတော့ ကာကွယ်ဆေးသုံးလို့အခုလိုဖြစ်ပွားတယ်ဆိုတာအထောက်အထားတွေခိုင်ခိုင်လုံလုံတွေ့ပြီ။ လောလောဆယ်တော့ ဒါကိုမသုံးဖို့တားမြစ်ပိတ်ပင်ထားတယ်။ နောက်ပိုင်းမှာတော့ အရေးယူဆောင်ရွက်သွားမယ်။ အခုဖြစ်ပြီးသွားခဲ့တာတွေကို ပြန်ကြည့်ရင် မန္တလေးတိုင်း၊ မကွေးတိုင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းမှာဖြစ်တုန်းကတော့ မကျန်းမာတဲ့ဝက်ကို သယ်ယူပို့ဆောင်ခြင်းက ဖြစ်တယ်ဆိုတာ အကြမ်းဖျင်းအားဖြင့်တွေ့ရတယ်။ အခုနောက်ပိုင်းလှည်းကူးမှာဖြစ်တဲ့ကိစ္စ၊ ဧရာဝတီတိုင်းက မအူပင်တို့ ညောင်တုန်းတို့ ပန်းတနော်တို့မှာ ကာကွယ်ဆေးထိုးလို့သေတာတွေ တွေ့ရတယ်။ အခုလည်းမြောင်းမြ၊ အိမ်မဲမှာလည်း ကာကွယ်ဆေးထိုးလို့ဆိုတာ တွေ့ရတယ်။ အဲဒါကြောင့် အဲဒီမြို့တွေကို ကျွန်တော်ကိုယ်တိုင်သွားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေနဲ့ တွေ့ဆုံပြီးတော့ ကာကွယ်ဆေးမသုံးဖို့ကာကွယ်ဆေးမသုံးတာ တားမြစ်ဖို့တစ်ဖက်ကလည်း ဝက်နားရွက်ပြာရောဂါက ဝက်အချင်းချင်းထိစပ်မှုကပိုဖြစ်နိုင်ခြေရှိတယ်။ အဲဒါကြောင့် မကျန်းမာတဲ့ဝက်စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ လွယ်လွယ်ခေါ်ရင်တော့ ဝက်နာကင်း၊ ဝက်နာကို စောင့်ကြပ်ကြည့်ရှုဖို့၊ ဝက်ခြံတွေမှာ ဝက်မကျန်းမမာဖြစ်ရင် တို့အဖွဲ့ကိုသတင်းလှမ်းပို့ဖို့၊ နေမကောင်းတဲ့ဝက်ကို တစ်နေရာမှ တစ်နေရာရွှေ့ပြောင်းသယ်ဆောင်ခြင်းမပြုဖို့ မကျန်းမာတဲ့ဝက်သေဆုံးသွားရင်လည်း သတ်စားတာမျိုးမလုပ်ဘဲ စနစ်တကျမြေမြှုပ်ပစ်ဖို့သွားပြီး ပညာပေးဆွေးနွေးခဲ့တယ်။ ကြံခင်းမှာ ဆိုရင်လည်း ဝက်နာစောင့်ကြပ်ကြည့်ရှုထားတဲ့အဖွဲ့ ဖွဲ့စည်းထားတယ်။အိမ်မဲဆိုရင်လည်းရပ်ကွက်အလိုက်နဲ့ ရွာသုံးရွာစုစုပေါင်း ရှစ်ဖွဲ့ဖွဲ့ပြီး စနစ်တကျ ဆောင်ရွက်နေပါတယ်။

**ကာကွယ်ဆေးမထိုးရဘူးဆိုတော့ ဒီရောဂါမဖြစ်ပွားအောင် အကောင်းဆုံးကြိုတင်ကာကွယ် နည်းကဘာပါလဲ။**

ဝက်တွေကို စနစ်တကျ သန့်သန့်ရှင်းရှင်းမွေးမယ်၊ ခြံကိုစနစ် တကျသန့်သန့်ရှင်းရှင်းထားမယ်။ အထူးသဖြင့် သန့်ရှင်းမှုပေ့ါ။ ဇီဝလုံခြုံမှုစနစ်။ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝတဲ့အစားအစာ စနစ်တကျကျွေးမယ်ဆိုရင်ရောဂါက မဖြစ်နိုင်ဘူး။ နောက်တစ်ခါ ကျွန်တော်တို့နိုင်ငံမှာ နဂိုတုန်းကတည်းက ဝက်ဝမ်းကျရောဂါနဲ့ ဝက်ပုလိပ်ရောဂါဖြစ်ခဲ့ဖူးတယ်။ ဒီရောဂါနှစ်မျိုးအတွက် ကာကွယ်ဆေးလည်းထုတ်ထားပြီးဖြစ်တယ်။ ခုန ဆန္ဒသုခဝက်ခြံဆိုရင် ဝက်မွေးလာတာ ၁၅ နှစ်လောက်ရှိပြီ။ အရင်က ကျွန်တော်တို့ဌာနက ထုတ်ပေးတဲ့ကာကွယ်ဆေးတွေ ထိုးခဲ့တယ်။ တောက်လျှောက် ဘာရောဂါမှမဖြစ်ခဲ့ဘူး။ အခုကျတော့မှသာ အစိုးရိမ်လွန်ပြီး ကာကွယ်ဆေးသွားထိုးလိုက်မိလို့ အခုလိုဖြစ်တာ။

**အမေရိကန် အပါအဝင် တခြားနိုင်ငံတွေမှာ ရော ရောဂါကာကွယ်ရေးအတွက် ဘယ်လိုနည်းလမ်းကို အသုံးပြုကြပါသလဲ။**

ရောဂါတစ်ခုကို ကာကွယ်ထိန်းချုပ်တဲ့နေရာမှာ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးခနအင်အားပေါ်မှာလည်း မူတည်တယ်။ နောက်တစ်ခုက မွေးမြူတဲ့နည်းစနစ်တွေမှာလည်း မူတည်တယ်။ ဆိုလိုတာက တချို့နိုင်ငံတွေက စီးပွားရေးအရ တတ်နိုင်တယ်။ ချမ်းသာတယ်။ စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံတွေပေ့ါ။ အဲဒီနိုင်ငံတွေမှာ ဥပမာ- နွားခွာနား၊ လျှာနာဖြစ်တယ်ဆိုရင်တောင် အားလုံးသတ်ပစ်တယ်။ ကျွန်တော်တို့နိုင်ငံဆိုရင် ကြက်၊ ငှက်တုပ်ကွေးဖြစ်ရင်တော့ တစ်ခါတည်း သုတ်သင်ရှင်းလင်းပစ်လိုက်တယ်။ ဒီလိုလုပ်တဲ့အတွက်လည်း မြန်မာနိုင်ငံသည် ကြက်၊ ငှက်တုပ်ကွေးဖြစ်ပြီး တစ်လလောက်အကြာမှာ ထိန်းချုပ်နိုင်တယ်။ ဝက်ကျတော့ ကြက်လိုမဟုတ်ဘူး။ တန်ဖိုးလည်းကြီးတယ်။ သူကိုတစ်ခါတည်း သုတ်သင်ရှင်းလင်းပစ်ဖို့ကတော့ ခက်တယ်။ သို့သော်လဲ မွေးမြူတဲ့ လူတွေသည် အသိစိတ်ဓာတ်ရှိဖို့လိုတယ်။ အထူးသဖြင့် ရောဂါဖြစ်တဲ့ ဝက်ကို ဖြတ်ပြီး မရောင်းဖို့လိုတယ်။ ဝေပြီးမစားဖို့လိုတယ်။ ဒီလိုလုပ်ရင် ရောဂါပိုးကို ပျံ့နှံ့အောင်လုပ်တာနဲ့အတူတူပဲ။ ဗီယက်နမ်မှာဆိုရင် ဝက်ကောင်ရေ သန်းငါးဆယ်ကျော်၊ တစ်ရာလောက်ရှိတယ်။ ကာကွယ်ဆေးထိုးတော့လည်း ထပ်သေပြီး ထပ်ဖြစ်နေတယ်။ နောက်ဆုံးကျတော့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ကနေပြီးတော့ တညီတညွတ်တည်း လက်ခံထားတာကတော့ ကာကွယ်ဆေးထိုးဖို့ထက် ဇီဝလုံခြုံမှုကိုမြှင့်တင်မယ်၊ သန့်သန့်ရှင်းရှင်းစနစ်တကျ မွေးမြူမယ်၊ အာဟာရပြည့်ဝတဲ့ အစားအသောက်ကျွေးမွေးမယ်ဆိုတဲ့ နည်းနဲ့ပဲဆောင်ရွက်ဖို့ အားလုံးက လက်ခံထားတယ်။ ကျွန်တော်တို့နိုင်ငံအနေအထားနဲ့လည်း အကြမ်းဖျင်း ဒီတိုင်း လက်ခံဖို့လိုတယ်။

**မန္တလေးမှာ ဝက်နားရွက်ပြာရောဂါဖြစ်ပြီးတော့ ကူးစက်သွားတဲ့ပုံစံကို ကြည့်လိုက်တဲ့အ ခါမှာ အပေါ်ကနေအောက်ကို ဆင်းသွားတာ တွေ့ရတယ်။ ဒါက တိုက်ဆိုင်မှုလား၊ ဘာကြောင့် ဒီလိုဖြစ်တာပါလဲ။**

အဲဒါက ကုန်စည်စီးဆင်းမှုလမ်းကြောင်းကြောင့်ပေ့ါ။ ကုန်စည်စီးဆင်းမှုသည် အဓိကကရန်ကုန်ပေ့ါ။ ရန်ကုန်မှာဆိုရင် ဝက်သားစားသုံးမှုက တစ်ရက်ကို ပိဿာလေးသောင်းကျော်စားသုံးတယ်။ အဲဒီဝက်သားတွေ ဘယ်ကလာသလဲဆိုတော့ အထူးသဖြင့် ပဲခူးတိုင်းကလာတယ်။ ဧရာဝတီတိုင်းကလာတယ်။ ရန်ကုန်တိုင်းမှာ မွေးထားတာရှိတယ်။ တစ်ခါတစ်ခါ မကွေးနဲ့ နေပြည်တော်ဘက်ကနေ ဆင်းတာရှိတယ်။ အခုနရှင်းပြသလို မန္တလေးကနေ မကွေးကိုကူးတာကတော့ အကြမ်းဖျင်း မန္တလေးမှာ ဝက်သားဈေးကျတဲ့အတွက် မကွေးက လူတွေကလာဝယ်ပြီး မကွေးကိုရောက်သွားတယ်။ အဲလိုမျိုးမန္တလေးမှာ ဖြစ်နေတဲ့အချိန်မှာ မန္တလေးမှာ ဝက်သားဈေးကျသွားတယ်။ မန္တလေးက တစ်နေ့ကို ဝက်သားပိဿာချိန် ၁၀,၀၀၀လောက်စားနေရာကနေ ၅,၀၀၀လောက်ကျသွားတယ်။ ဝက်သားဈေးကလည်း ၅,၀၀၀၊ ၆,၀၀၀(ကျပ်)ကနေပြီးတော့ ၃,၀၀၀၊ ၂၀၀၀ ပတ်ဝန်းကျင်လောက်ကျသွားတယ်။ အဲလိုကျသွားတော့ ဒီလောဘသားတွေကပေ့ါနော် ဝက်လိုင်စင်ဆီကနေ မကွေးက လူတွေကလာသယ်တယ်။ မကွေးမှာရောင်းတယ်။ အဲလိုနဲ့မကွေးမှာ ကူးစက်သွားတယ်။ မကွေးကနေပြီးတော့ နောက်ရေနံချောင်းမှာဖြစ်တယ်။ ပခုက္ကူမှာဖြစ်တယ်။ အဲလိုဖြစ်ရာကနေ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမှာဖြစ်တယ်။ လယ်ဝေးမှာဖြစ်တယ်။ နောက်ပျဉ်းမနားမှာ နည်းနည်းပါးပါးဖြစ်တယ်။ နောက်တစ်ခါ တောင်ငူတို့ ရေတာရှည်တို့ ညောင်လေးပင်တို့အဲမှာဖြစ်လာတယ်ပေ့ါ။ နောက် အုတ်တွင်းတို့မှာပေ့ါ။ အခုဒီရောဂါဟာ ဖြစ်ပွားခဲ့တဲ့တိုင်းကြီး ၃တိုင်းကို ပြန်ကြည့်မယ်ဆိုရင် မကျန်းမာတဲ့ ဝက်ကိုသယ်ယူပို့ဆောင်ရာကနေ ကူးစက်တယ်ပေ့ါ။ မကွေးကနေ နေပြည်တော်ကို ဆင်းတာလည်း အဲဒီသဘောနည်းနည်းပါတယ်။ နေပြည်တော်ကနေ တောင်ငူတို့၊ ရေတာရှည်တို့ကို ဆင်းတာကလည်း ဝက်လိုင်စင်ရဆီက ဈေးသက်သာတာ တက်ဝယ်ရင်းနဲ့ ဆင်းကုန်တာ။ ဒီဘက်မှာဖြစ်တာကတော့ ကုန် စည်စီးဆင်းမှုနဲ့ မဆိုင်ဘဲနဲ့ ကာကွယ်ဆေးထိုးလို့ဖြစ်တာ။

**ဒီရောဂါကြောင့်သေသွားတဲ့ ဝက်ကောင်ရေစုစုပေါင်း ဘယ်လောက်ရှိပြီလဲ။**

ဖြစ်တဲ့ဝက်၊ သေဆုံးတဲ့ ဝက်စုစုပေါင်းတွက်ကြည့်ရင် သေတဲ့အကောင်က သုံးထောင်ပတ်ဝန်းကျင်ပဲရှိသေးတယ်။ သုံးထောင်မကျော်သေးဘူး။

**ဝက်နားရွက်ပြာရောဂါဖြစ်ထားတဲ့ဝက်သားကိုလူစားရင်ဘာဖြစ် နိုင်ပါသလဲ။**

လူက အစာအာဟာရစားသုံးတယ်ဆိုတာက ကျန်းမာဖို့၊ ကြံ့ခိုင်ဖို့စားသုံးတာဖြစ်တယ်။ ဝက်သားတင်မကဘူး။

စာ(၃၀)သို့

7DAY NEWS JOURNAL
Vol.10, No.14 · JUNE 23, 2011

# လမ်းဘေးပျံကျဈေးသည်များကို မြို့နယ်ကန့်သတ်ရောင်းချစေမည်

## မြို့နယ်ကန့်သတ်ရောင်းချစေခြင်းက ဆင်ခြေဖုံးမှ မြို့တွင်းသို့လာရောက်ရောင်းချကြသည့် ဈေးသည်များကို အခက်တွေ့စေ

ဥက္ကာကိုကို

ရန်ကုန်၊ ဇွန် - ၁၇

ရန်ကုန်မြို့အတွင်းနေရာအနှံ့တွင်ရောင်းချလျက်ရှိသောလမ်းဘေးပျံကျဈေးသည် ငါးသောင်းကျော်အား ကိုယ်နေထိုင်ရာမြို့နယ်များတွင်သာရောင်းချစေတော့မည်ဖြစ်ပြီး အခြားမြို့နယ်များသို့ဝင်ရောက်ရောင်းချခြင်းမပြုစေရန် တင်းကျပ်စွာ စည်းကမ်းချက်ချတားမြစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ယခုလ ၁၇ ရက်က YCDC အစည်းအဝေးခန်းမတစ်ခု၌ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင်ပြောကြားလိုက်သည်။

ထိုသို့လုပ်ဆောင်ရခြင်းမှာ ရန်ကုန်မြို့တွင်း၌ ယာဉ်ကြောများပိတ်ဆို့သည်အထိ လူသွားစင်္ကြံများတွင်လမ်းဘေးဈေးသည်များပြည့်နှက်နေသည့်အတွက်ပြည်သူလူထုထံမှ တိုင်စာများစွာရရှိထားသောကြောင့်ဖြစ်သည်ဟု YCDC မှဗဟိုကော်မတီဝင်တာဝန်ရှိသူတစ်ဦးကပြောသည်။

"လမ်းဘေးဈေးသည်တွေကို ရှင်းလင်းတာမဟုတ်ပါဘူး။ စည်းကမ်းထိန်းသိမ်းတာဖြစ်ပါတယ်" ဟုရင်းကဆိုသည်။

လမ်းသွားလမ်းလာများသွားလာရလွယ်ကူစေရန်အတွက် ရန်ကုန်မြို့တွင်းခြောက်မြို့နယ်အနက် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာမြို့နယ်များ အတွင်းရှိလမ်းဘေးဈေးသည်များကိုအဓိကထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထိုသုံးမြို့နယ်၏ အခြေအနေပေါ်မူတည်၍ ကျန်မြို့တွင်းသုံးမြို့နယ်ဖြစ်သောဗိုလ်တထောင်၊ လမ်းမတော်၊ ပုဇွန်တောင်မြို့နယ်များကို ဆက်လက်ဆောင်ရွက်မည်ဟု သိရသည်။

ရန်ကုန်မြို့တွင်း သုံးမြို့နယ်ရှိလမ်းဘေးဈေးသည်များကိုမူ ဗိုလ်ချုပ်ဈေးအနီးရှိ လဟာပြင်ဈေးနေရာသို့ ဝင်ရောက်ရောင်းချစေမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၁၆၀၀ ကို ပြင်ဆင်ထားကာ ဆိုင်နေရာကြေးမယူဘဲ အခမဲ့ရောင်းချစေမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



လမ်းဘေးဈေးသည်ဆိုင်ရာစည်းမျဉ်းစည်းကမ်းချမှတ်ရာတွင် ဈေးသည်များ၏ရပ်တည်မှုနှင့် ယင်းတို့အပေါ် မှီခိုနေသည့် စားသုံးသူလူတန်းစားတစ်ရပ်ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ငါးပေပတ်လည်ဆိုင်နေရာ ၁၆၀၀ ပြင်ထားတယ်။ ရေ၊ မီး၊ အိမ်သာကအစ စီစဉ်ပေးထားတယ်။ ဈေးသည်တွေကမရမှာကို ပူတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပေးတဲ့နေရာမှာ မယူကြမှာကိုပူတယ်"ဟု အဆိုပါတာဝန်ရှိသူက ယခု ၁၇ ရက်က ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံရာ၌ ပြောကြားခြင်းဖြစ်သည်။

YCDC စာရင်းများအရ ရန်ကုန်တစ်မြို့လုံးအနေဖြင့် လမ်းဘေးပျံကျဈေးသည်ပေါင်း ၄၉,၀၀၀ ရှိပြီး မြို့တွင်းခြောက်မြို့နယ်တွင် ၃,၃၀၀ ဦးရှိကြောင်းသိရသည်။

ရန်ကုန်မြို့တွင်းတွင် ရောင်းချနေကြသည့်လမ်းဘေးဈေးသည်အများစုမှာ အခြားဆင်ခြေဖုံးမြို့နယ်များမှ လာရောက်ရောင်းချနေကြသောအခြေခံလူတန်းစားများဖြစ်ကြပြီး ယခုကဲ့သို့ မြို့နယ်ကျော်ဝင်ရောက်ရောင်းချမှု ကန့်သတ်လိုက်ပါက အခက်အခဲများစွာ ရှိနိုင်သည်။ ဈေးသည်အများစုမှာ အခြားမြို့နယ်အသီးသီးမှလာ ရောက်ခင်းကျင်းရောင်းချကြခြင်းဖြစ်ပြီး အခြားမြို့နယ်များတွင်လည်း ထိုသို့ပင်ဆင်ခြေဖုံး မြို့နယ်များမှ လာရောက်ရောင်းချသူများက အများစုဖြစ်သည်။

"ကိုယ့်မြို့နယ်နဲ့ကိုယ်ပဲပေးမှာ။ အခြားမြို့နယ်ကလာရောင်းတဲ့လူတွေကိုပေးဖို့ နေရာမရှိဘူး။ အချိန်ကတော့ ဈေးသည်တွေမြန်မြန်ပြောင်းမပြောင်းဆိုတဲ့အပေါ်မူတည်တယ်"ဟုဗဟိုကော်မတီဝင်တာဝန်ရှိသူကပြောသည်။

"အနော်ရထာလမ်း၊ ဗိုလ်ချုပ်လမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်းမကြီးတွေကို အဓိကရှင်း နေတယ်။ မရောင်းနဲ့လို့မပြောဘူး။ မရောင်းရဘူးဘဲပြောတာတဲ့။ လမ်းသွယ်တွေထဲဝင်ရောင်းလို့ရတယ်။ ခုလမ်းမပေါ်ကဆိုင်တချို့ လမ်းကြားတွေကို ပြောင်းထားတယ်။ ဒီလမ်းကြားတွေမှာကစားသူသိပ်မရှိဘူး။ ဒီဘက်မှာဘာသတင်းမှ မကြားသေးပါဘူး။ မြို့တွင်းကို အဓိကလုပ်နေတယ်ထင်တယ်။ ဈေးသည်တွေက ဒါပဲရောင်းပြီးစားဝတ်နေရေးလုံးပန်းနေရတာ။ စားစရိတ်၊ ကျောင်းစရိတ်၊ အိမ်စရိတ်တွေ ဒါနဲ့ပဲရှာနေကြရတာ။ ဝယ်သူကလည်း လူစည်တဲ့မြို့ထဲမှာပဲရှိတာလေ။






ဆင်ခြေဖုံးမြို့တွေမှာ ဘယ်သူလာဝယ်မှာလဲ”ဟုပုဇွန်တောင်မြို့နယ် ၅၂လမ်းတွင်လမ်းဘေးလက်ဖက်ရည်ဆိုင် အသေးစားဖွင့်ထားသော ဦးခင်မောင်ဆင့်က ပြောသည်။

မြို့နယ်အတွင်းဈေးရောင်းချမှုသတ်မှတ်ရာတွင် ၎င်းမြို့နယ်အတွင်း နေထိုင်သူစစ်စစ်ဖြစ်ရမည်ဖြစ်ပြီး သန်းခေါင်စာရင်းပုံစံ(၁၀)နှင့် မှတ်ပုံတင်မိတ္တူတို့ကို မှတ်တမ်းယူထားမည်ဖြစ်ကာ မှတ်ပုံတင်ထဲပါဝင်သူကိုသာ ရောင်းချစေမည့်အပြင် ကိုယ်ရရှိသောနေရာအားတစ်ဆင့်ပြန်လည်ရောင်းချမှုများ မဖြစ်ပေါ်စေရန်စိစစ်သွားမည်ဟုသိရသည်။

“မှတ်ပုံတင်ထဲပါတဲ့လူပဲ အဝင်ခံမယ်။ မှတ်ပုံတင်ကိုသေချာစစ်မှာဖြစ်တဲ့အတွက် နေရာပြန်ဝယ်တဲ့လူ အရှုံးပဲဖြစ်ပါလိမ့်မယ်” ဟုအထက်ပါ YCDC တာဝန်ရှိပုဂ္ဂိုလ်ကဆိုသည်။

သက်ဆိုင်ရာမြို့နယ်များမှ ကျော်၍ရောင်းချခြင်းကိုခွင့်မပြုသကဲ့သို့ကိုယ်နေထိုင်ရာမြို့နယ်များတွင် ရောင်းချမည်ဆိုပါကလည်း အမှန်တကယ် နေထိုင်ကြောင်း သန်းခေါင်စာရင်းပုံစံ(၁၀)နှင့် မှတ်ပုံတင်မိတ္တူကိုတင်ပြရမည်ဖြစ်ကာ ယင်းသို့ပြုလုပ်ခြင်းမှာလုံခြုံရေးအတွက်လည်း ဖြစ်ကြောင်းတာဝန်ရှိသူများက ပြောသည်။

“ဘာမှတော့ မကြားဘူးဗျ။ ညနေသုံးနာရီနောက်ပိုင်း မရောင်းခိုင်းတော့ဘူး။ ဈေးကောက်လည်း မကောက်ဘူး။ ကျွန်တော်က ဒလကလာရောင်းတာပါ”ဟု ဆူးလေဘုရားလမ်းဘေးတွင် အမဲအူစွပ်ပြုတ်ရောင်းချသူလူငယ်တစ်ဦးက ပြောသည်။

“သုံးနာရီနောက်ပိုင်း မရောင်းခိုင်းတော့တာ တော်တော်ဆိုးတယ်။ အရင်က တစ်ရက်လုံးရောင်းတယ်။ ခုသုံးနာရီဆိုင်ခင်းပြီးညနေခြောက်နာရီလောက်ဆိုလူကမရှိတော့ဘူး။ ဒီနေရာမှာပဲရောင်းတယ်။ ရောင်းမကောင်းဘူး။ အခု စီမံချက်ဆိုပြီး ဒီလ ၇ ရက်ကစပြီးတစ်ခါတစ်ခါလာလာဖယ်ခိုင်းတယ်”ဟု သိမ်ကြီးဈေးအနီး ပလက်ဖောင်းတွင် အသီးအနှံများရောင်းချနေသော လသာမြို့နယ်နေ အမျိုးသမီးတစ်ဦးက ပြောသည်။

၁၉၉၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲဖြင့်ထုတ်ပြန်ညွှန်ကြားထားသောလမ်းဘေးဈေးသည်များ စည်းကမ်းလိုက်နာရန် ညွှန်ကြားချက်၊အပိုဒ်(၁)၊ အပိုဒ်ခွဲ(ဆ) တွင် မီးဖိုများဖြင့်အစားအသောက်ဆိုင်များရောင်းချခြင်းမပြုရန်ဟု ပါဝင်သော်လည်းအချို့ဈေးသည်များမှာ မီးဖိုများဖြင့် အစားအသောက်များ ရောင်းချနေပြီး ထိုမီးဖိုများသုံးစွဲခွင့်အား မီးသတ်ဦးစီးဌာနမှလည်း ခွင့်ပြုထားခြင်းမရှိကြောင်း မီးသတ်ဦးစီးဌာနက ထုတ်ပြန်သည်။

လမ်းဘေး ဈေးသည်များကို သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ ဈေးများအတွင်း ရောင်းချနိုင်ရန် နေရာများလည်း စီစဉ်ထားပြီဖြစ်ကြောင်းသိရသည်။

လူသွားစင်္ကြံပလက်ဖောင်းများသည်ဈေးရောင်းချခွင့်ပြုထားသောနေရာမဟုတ်သည့်အတွက် ဇွန်လ ၁ ရက်မှစတင်ကာ ဈေးကောက်ကောက်ခံခြင်းများ မရှိတော့ကြောင်းလည်း သိရသည်။

“အခုဘာတွေလုပ်ပြန်ပြီလဲ မသိပါဘူး။ မြောက်ဥက္ကလာမှာ လက်လုပ်လက်စားတွေချည်းပဲ။ ဘယ်သူကလာဝယ်မတုံး။ ဒီမှာရောင်းနေတာနှစ်လေးဆယ်ကျော်ပြီ။ ကျွန်မတို့ကတော့ဖယ်ခိုင်းလည်း တစ်နာရီရရင်တစ်နာရီဝင်ရောင်းမှာပဲ”ဟု သိမ်ကြီးဈေးဘေးပလက်ဖောင်းပေါ်တွင် ပလတ်စတစ်ခရီးဆောင်အိတ်များ ရောင်းချနေသော မြောက်ဥက္ကလာမြို့နယ်နေ ဒေါ်ခင်ပြုံးက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်း

**သိမ့်သိမ့်စိုး၊ အောင်သူရ**

**ရန်ကုန်၊ ဇွန် -၁၇**

ပို့ကုန်ရငွေတန်ဖိုးကျဆင်းနေခြင်းကြောင့် စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေကြောင်း စက်သုံးဆီ ရောင်းချသူများက ပြောသည်။

“ဆီဈေးကျတာက ငွေဈေးတွေ ကျတာကြောင့်လည်း ပါတယ်။ ဈေးကတော့ပြီးခဲ့တဲ့လကုန်ကတည်းက ဆက်တိုက်ကျနေတာ။ ငွေဈေးအများကြီး မတက်လာဘူးဆိုရင် ဆီဈေးကျနိုင်သေးတယ်”ဟု ပြင်ပစက်သုံးဆီ ရောင်းချသူတစ်ဦးကပြောသည်။

ပြည်ပနိုင်ငံများမှ ဒီဇယ်တင်သွင်းမှုမှာ ယခုလမှစ၍ ထက်ဝက်လျော့နည်းသွားကြောင်း ဒီဇယ်တင်သွင်းသူများကပြောသည်။

“ပုံမှန်အားဖြင့် ပွင့်လင်းရာသီမှာ တစ်လကို ပျမ်းမျှတန်ချိန်တစ်သိန်းခွဲလောက်သွင်းရတယ်။ ဒီလမှာ တန်ချိန်ခုနစ်သောင်းခွဲပဲ တင်သွင်းနိုင်တယ်”ဟုဒီဇယ်တင်ပို့ရောင်းချသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဒီဇယ်တင်သွင်းမှု လျော့နည်းသွားခြင်းသည် အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းထား ကျဆင်းသွားရသည့် အကြောင်းရင်းများထဲတွင် အဓိကပါဝင်သော အကြောင်းအရာတစ်ခုဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ဒီဇယ်ဈေးနှုန်းများမှာ ယခုလဆန်းပိုင်းတွင် တစ်ပီပါလျှင် ၂၀၀၀၀၀ (တစ်ဂါလန်-၄၀၀၀) ရှိနေရာမှ ဆက်တိုက်ကျဆင်းလာရာ ဇွန် ၁၀ ရက်နောက်တွင် တစ်ပီပါလျှင် ကျပ် ၁၆၅၀၀၀ (တစ်ဂါလန်-၃၃၀၀)ထိဖြစ်လာ၍ တစ်ပီပါလျှင် ကျပ်၃၅၀၀၀ ထိ ကျဆင်းလာခဲ့သည်။

ပြင်ပဈေးကွက်၌ ရောင်းချလျက်ရှိသော ဓာတ်ဆီဈေးမှာလည်း ယခုလဆန်းပိုင်းတွင် တစ်ပီပါလျှင် ၂၅၀၀၀၀ ကျပ်မှ ယခုရက်ပိုင်း၌ တစ်ပီပါလျှင် ၁၉၀၀၀၀ ကျပ်(တစ်ဂါလန်-၃၈၀၀)ထိ ဈေးကျလာသဖြင့် တစ်ပီပါဈေးနှုန်းတွင်ပင် ကျပ်၆၀၀၀၀ ကျဆင်းလာခဲ့သည်။

“ဈေးလျှော့ရောင်းတာက ကမ္ဘာ့ရေနံဈေးတွေကျပြီး နိုင်ငံခြားဈေးကျလို့ မဟုတ်ဘူး။ ငွေဈေးကျတာကြောင့်လည်းပါတယ်။ ကုန်စည်စီးဆင်းမှုတွေမြန်ပြီး စားသုံးသူတွေ သက်သာအောင် ဈေးချတဲ့သဘောပဲ”ဟု နီလာရိုးမစက်သုံးဆီ အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပို့ကုန်ရငွေတန်ဖိုးမှာ ပြီးခဲ့သည့် လကုန်ပိုင်းတွင် တစ်ယူနစ်လျှင် ကျပ် ၉၀၀ ဝန်းကျင်ရှိနေရာ ယခု ဇွန် ၁၈ ရက်တွင် ၈၁၅ ကျပ်ရှိသည်။



7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## စာ – ၂၇၊ ဝက်နားရွက်ပြာရောဂါအကြောင်း တာဝန်ရှိသူနှင့် တွေ့ဆုံခြင်း မှ

ဘယ်အစာမဆို ထမင်းပဲဖြစ်ဖြစ်၊ ဟင်းပဲဖြစ်ဖြစ်၊ ကြက်ဉပဲဖြစ်ဖြစ်၊ နွားနို့ပဲဖြစ်ဖြစ်၊ လတ်လတ်ဆတ်ဆတ် သန့်ရှင်းတဲ့ဟာကိုစားရင် အစာအဟာရဖြစ်တယ်။ ပုတ်သိုးနေတဲ့ဟာကိုစားရင်တော့ အစာအာဟာရမဖြစ်ဘူး။ ပိုးမွှားတွေပါပြီးတော့ အန္တရာယ်ဖြစ်နိုင်တယ်။ ဝက်နားရွက်ပြာဖြစ်တဲ့ ဝက်သားသည်လည်း မကျန်းမာတဲ့ဝက်ဖြစ်တဲ့အတွက် အနံ့နံမယ်။ ညှီစို့စို့ဖြစ်မယ်။ ရောဂါကြောင့် အသားအရေသည် အနီကွက်၊အပြာကွက်တွေဖြစ်နေမယ်။ ပုံမှန်အားဖြစ်တော့ အသေသားသည် လုံးဝမစားသင့်ဘူး။ ဒါပေမဲ့မဖြစ်လို့ အကြောင်းအကြောင်းကြောင့် စားမယ်ဆိုရင်လည်း နူးနူးနပ်နပ်ချက်ပြုတ်စားမယ်ဆိုရင်တော့ ဥပဒ်တော့ မဖြစ်ဘူး။ အဟာရသိပ်မပြည့်ဝဘူး။ ဖြစ်နိုင်ရင်တော့ မစားသင့်ဘူး။

**ဒီရောဂါကမ္ဘာပေါ်မှာ စဖြစ်တဲ့ နှစ် ၂၀ကျော်ကာလမှာ နိုင်ငံတကာမှာရော ပြည်တွင်းမှာပါ လူကို ကူးစက်တာ ရှိပါပြီ လား။**

အခုချိန်ထိတော့ လူကို ကူးစက်တာမရှိသေးဘူး။

**ပြီးခဲ့တဲ့ မတ်လကုန်နဲ့ ဧပြီလမှာ ပုဂံညောင်ဦးက လူတချို့မှာ ရောဂါဆန်းတစ်မျိုးဖြစ်တယ်။ လူတွေက ပါးချိတ်ရောင်လိုမျိုး စရောင်ပြီးတော့ မျက်နှာပြင်တစ်ခုလုံးရောင်ကိုင်းပြီး ဆယ်ပြားစေ့လိုဖြစ်တယ်။ ဖျားတယ်။ မျက်နှာက ဝက်နဲ့တူလို့ ဝက်နားရွက်ပြာရောဂါလားဆိုပြီးတော့ ဖြစ်တဲ့သူတွေကတော့ ပြောကြတယ်။ ဒီလိုဖြစ်တဲ့သူတွေက အဖျားပျောက်ဆေး၊ အရောင်လျော့ဆေးနဲ့ ပိုင်းရပ်စ်သေတဲ့ဆေးတွေ ပေးလိုက်၊ တိုက်လိုက်တော့ ပျောက်သွားတယ်။ အဲဒီဖြစ်စဉ်က ဆရာတို့ဌာနကို ရောက်လာပါသလား။**

ကျွန်တော်တို့ဌာနကို လူဖြစ်တဲ့ရောဂါကိုတော့ လာပြောတာတော့မရှိဘူး။ ဒါပေမဲ့အသက် ရှူလမ်းကြောင်းမှာဖြစ်တဲ့ ရောဂါပုံစံမျိုး လည်ပင်းအထက်ရောင်ကိုင်းပြီးဖြစ်တယ်ဆိုရင်တော့ လူတွေလည်း ဂရုစိုက်ဖို့လိုတယ်။ ဒီရောဂါက ဆေးရုံကြီးတောင်မရောက်ဘဲ ဆေးခန်းတွေမှာပဲ ပျောက်သွားတယ်ဆိုတာလည်း တကယ်တော့ မကောင်းဘူး။ အမှန်တော့ ဆေးဝါးကုသတယ်ဆိုတာ ရောဂါလက္ခဏာပေါ်မှာ မူတည်ပြီးတော့ ကုသတာ။ ဆိုလိုတာ ဖျားတယ်၊ အဖျားပျောက် ဆေးထိုးလိုက်တယ်။ ရောင်တယ်၊ အရောင်ပျောက်ဆေးထိုးလိုက်တယ်။ တကယ့်တကယ်ကျတော့ ဘာရောဂါဖြစ်တယ်ဆိုတဲ့ အရင်းအမြစ်ကို မရှာဘူး။ ရောဂါအရင်းအမြစ်ကိုမသိတဲ့အတွက် ဒီရောဂါ တကယ်ပျောက်မသွားတာမျိုးဖြစ်နိုင်တယ်။ ရောဂါရဲ့အရင်းအမြစ်ကို ရှာဖွေပြီးကုသရင် ရောဂါအမှန်ကိုသိရမယ်။ ရေရှည်မှာလည်း အဲလိုလုပ်မှ အမြစ်ပျောက်အောင်ကုနိုင်မှာ။ နောက်တစ်ခုက ဒါနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင်လေ့လာချင်တယ်ဆိုရင် အခွင့်အရေးဆုံးရှုံးသွားတာပေါ့။

**ဘာကြောင့် တိရစ္ဆာန်တွေမှာ ရောဂါအသစ်အဆန်းတွေ ပိုပြီးတော့ ဖြစ်လာတာပါလဲ။**

အထူးသဖြင့် ရာသီဥတုတွေက ဖောက်ပြန်လာတယ်။ ရာသီဥတုတွေ ပိုပြီးပြင်းထန်လာတယ်။ ပြင်းထန်လာတဲ့ ရာသီဥတုတွေနဲ့အညီ လူတွေကတော့ အသိအဉာဏ်ရှိတော့ နေတတ်ထိုင်တတ်တယ်။ တိရစ္ဆာန်တွေမှာကြတော့ ရာသီဥတုကိုလိုက်လျောညီထွေဖြစ်အောင်နေထိုင်ဖို့က လူတွေကလုပ်ပေးမှ နေလို့ရတာ။ ဥပမာ-နွားတွေကို လယ်ကွင်းထဲမှာ ကြိုးချည်ထားပြီး နေပူလည်း ကြိုးမဖြုတ်၊ မိုးရွာလည်း ကြိုးမဖြုတ်ဘူးဆိုရင် ဒီနွားရောဂါဖြစ်တော့မှာပေါ့။ ဝက်တွေဆိုလည်း ကျွန်တော်တို့နိုင်ငံမှာ ဝက်ကောင်ရေ ၁၀သန်းရှိတယ်။ အဲဒီထဲမှာ ၈၀ရာခိုင်နှုန်းလောက်က တစ်ပိုင်တစ်နိုင်မွေးကြတာ။ ကျန်တဲ့ နှစ်သန်းလောက်ကပဲ စနစ်တကျမွေးမြူတာ။ တစ်နိုင်တစ်ပိုင်မွေးတဲ့ဝက်တွေကတော့ ဖြစ်သလိုထားတာတွေကြောင့် ရာသီဥတုဒဏ်ပိုခံရတယ်။ အဲလိုပဲ တခြားကျွဲတွေ တိရစ္ဆာန်တွေမှာလည်း သဘာဝဘေးဒဏ်ပိုခံကြရတယ်။ မွေးမြူတဲ့သူတွေက ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် စနစ်တကျမမွေးမြူနိုင်ကြတဲ့အတွက် အာဟာရနည်းပါးပြီး ရောဂါတွေ ပိုဖြစ်ပွားလာတဲ့သဘောပေါ့။ နောက်တစ်ခုက ကမ္ဘာကြီးက ပိုပြီးဖွံ့ဖြိုးတိုးတက်လာပြီး ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးမှာ လူတွေက ပိုပြီးတော့ ခရီးသွားလာကြတယ်။ ဒီလိုခရီးသွားလာကြပြီး လူတွေနဲ့အတူ ရောဂါတွေက ပါလာတာတွေလည်းရှိတယ်။ ဥပမာ တရုတ်နှင့် မြန်မာနိုင်ငံနဲ့ဆိုရင် ဥဒဟိုသွားနေတယ်။ အဲလိုသွားတော့ ဟိုဘက်ကရောဂါဒီဘက်လာ၊ ဒီဘက်က ရောဂါဟိုဘက်သွား။ အဲဒါမျိုးတွေ ပိုပြီးတော့ဖြစ်တယ်။

**အစိုးရအနေနဲ့ကောဒီရောဂါထိန်းချုပ်ဖို့ဘယ်အဆင့်ကထိပူးပေါင်းဆောင်ရွက်ပါသလဲ။**

ဇွန် ၄ရက်ကဆိုရင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်လာပြီးတော့ ဆင်းကြီးကြပ်ပြီးတော့ ရန်ကုန်တိုင်းမှာ ရောဂါမဖြစ်ပွားဖို့ဆောင်ရွက်တယ်။ ဒီလ ၁၃ရက်မှာလည်း ဒုဝန်ကြီး တစ်ခါလာပြီးတော့ ရောဂါမဖြစ်သေးတဲ့တိုင်းတွေ ပြည်နယ်တွေက ဦးစီးမှူးတွေကိုခေါ်ပြီး ရောဂါမကူးစက်အောင် အရှိန်မြှင့်ဆောင်ရွက်ဖို့မှာတယ်။ ပဲခူးတိုင်းကိုဖြစ်လာတော့ ရန်ကုန်တိုင်းကို မကူးအောင် ဆောင်ရွက်ဖို့ သမ္မတကြီးကိုယ်တိုင် ညွှန်ကြားတယ်။ ကျွန်တော်တို့ဌာနအနေနဲ့လည်း ဒီဝက်နားရွက်ပြာကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစီမံချက်ရေးဆွဲထားတယ်။ ဆက်စပ်နေတဲ့ အခြားဌာနတွေလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။

**ဒီရောဂါထိန်းချုပ်နိုင်မယ်လို့ ယုံကြည်ပါသလား။**

ထိန်းချုပ်နိုင်မယ်လို့ ယုံကြည်မှုရှိပါတယ်။

**ဒီရောဂါမှာ ဖြစ်ပွားနေပြီး ဆုံးရှုံးမှာဆိုးလို့ဖုံးကွယ်ထားတာမျိုးတွေရော ရှိနိုင်ပါသလား။ ပွင့်လင်းမြင်သာမှုက ရောဂါထိန်းချုပ်မှုအတွက် ဘယ်လောက်အရေးပါပါသလဲ။**

ဘယ်ကိစ္စမှမဆို ပွင့်လင်းမြင်သာမှုရှိဖို့လိုတယ်။ ဖြစ်လာရင် ပွင့်ပွင့်လင်းလင်းသတင်းပို့ရမယ်။ ဌာနကလူကြီးတွေကိုယ်တိုင်ကလည်း ဖုံးကွယ်မထားဖို့မှာထားတယ်။ ဖြစ်ရင်တင်ပြခိုင်းထားတယ်။ ကျွန်တော်တို့ဌာနကလည်း ဖြစ်ရင်ဖြစ်တဲ့အကြောင်းကို နိုင်ငံတော်နဲ့ပြည်သူတွေကို စာနယ်ဇင်းတွေကပါတစ်ဆင့် အသိပေးတယ်။ အဲလိုအသိပညာပေးမှလည်း ထိန်းချုပ်နိုင်မှာ။ ရောဂါထိန်းချုပ်တဲ့အပိုင်းမှာ ဒေသဆိုင်ရာအဖွဲ့အစည်းတွေ၊ ကျွန်တော်တို့နဲ့ ပတ်သက်ဆက်ဆံနေတဲ့ဌာနတွေကလည်း ဝိုင်းပြီး ကူညီဖို့လိုတယ်။ ဖြစ်ရင် ကျိတ်ကုမနေဖို့လိုတယ်။ ဆိုလိုတာက ကိုယ်တစ်ယောက်တည်းရဲ့အကျိုးစီးပွားထက် ကိုယ့်တစ်နိုင်ငံလုံးအကျိုးစီးပွားကို ကြည့်ပြီးတော့ အားလုံးကတာဝန်သိသိ၊ သစ္စာရှိရှိဆောင်ရွက်မယ်ဆိုရင် အမှန်ထိန်းချုပ်နိုင်မယ်။

**ဘာများ ထပ်မံဖြည့်စွက်ပြောကြားလိုပါသလဲ။**

ဒီရောဂါကသိပ်ပြီးတော့ ကြောက်စရာတော့မလိုပါဘူး။ ဘာလို့လဲဆိုတော့ ဖြစ်ပွားရင် ရောဂါရဲ့သဘာဝကိုကဝက်အကြီးတွေမှာ ၂၀ ရာခိုင်နှုန်းလောက်ပဲသေတယ်။ အကုန်မသေဘူး။ ကြက်၊ငှက်တုပ်ကွေးရောဂါမှာဆို ဖြစ်တဲ့အကောင်အကုန်သေတာ။ ဝက်ကလေးဆိုရင် ၅၀နဲ့ ၈၀ ရာခိုင်နှုန်းကြားသေတယ်။ ဒီရောဂါဖြစ်တယ်ဆိုရင်တောင်ဖြစ်တဲ့ရောဂါကို စနစ်တကျပြုစုမယ်။ စောင့်ရှောက်ပေးမယ်။ အဖျားကြီးတယ်ဆိုရင် အဖျားပြတ်ဆေး တိုက်မယ်။ နောက်သောက်ရေ အစားကောင်းကောင်းကျွေးမယ်ဆိုရင် ဝက်ကမသေဘူး။ မသေတော့ပြန်ဝအောင် ကျွေးမွေးပြီးတော့ ရောင်းစားလို့ရတယ်။ ရောင်းရင်လည်း ဒီပြင်နေရာတော့ မရောင်းရဘူး။ ဒီဝက်က ဒီမြို့မှာ ဖြစ်တယ်ဆိုရင် ဒီမြို့မှာပဲ ပေါ်ပြီးရောင်းလိုက်။ ဒီဝက်ကို မျိုးဖြစ်တော့ သုံးလို့မရဘူး။ လက်ရှိမှာ ဖြစ်ပြီးခဲ့တဲ့ နေရာတွေမှာ ခြံတွေမှာဆက်သေတာမရှိဘူး။ ဆိုလိုတာက အားလုံးအကုန်မဆုံးရှုံးစေဘူး။ ဒီအတွက်ကြောင့် မွေးမြူသူတွေအနေနဲ့ အစိုးရိမ်လွန်ပြီး ရောဂါဖြစ်တဲ့ဝက်ကို ရောင်းထုတ်တာမျိုးတော့မလုပ်သင့်ဘူး။ ဒါကြောင့် ဇီဝလုံခြုံမှုအပြည့်နှင့် မွေးမယ်ဆိုရင် စုဘူးတွေကွဲမသွားနိုင်ဘူး။ သေသွားရင်တော့ မစားနဲ့၊ မရောင်းနဲ့၊ မြေမြှုပ်ပစ်တာအကောင်းဆုံး။ **(အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်)**



## မျက်နှာဖုံး-လေလံအောင်ထားသူအချို့ မြေနှင့် အဆောက်အအုံများ ပြန်ရောင်းနေ မှ

ထို့အပြင် ဖေဖော်ဝါရီလ ၂၄ရက်က အဆိုပြုလွှာများ လက်ခံခဲ့သော အဆောက်အအုံနှင့် မြေကွက်စုစုပေါင်း ၂၆၈ ခုပါသည့် လေလံတွင် အောင်ခဲ့သူများထဲမှ အချို့မှာ ဇွန်လ နောက်ဆုံးပတ်၌ ငွေပေးသွင်းရမည်ဖြစ်၍ ယခုရက်ပိုင်း အတွင်း ငွေအမြန်ဖော်လို၍ ပြန်ရောင်းခြင်းဖြစ်နိုင်ကြောင်း အထက်ပါ လုပ်ငန်းရှင်များက ဆက်လက်ပြောသည်။


နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် နောက်ဆုံးကျင်းပခဲ့သော လေလံပွဲတွင်လေလံအောင်သူများမှာ ပထမအရစ်ဖြစ်သော ၃၀ ရာခိုင်နှုန်းကိုပြီးခဲ့သည့်မတ်လ ၂၃ရက် နောက်ဆုံးထား ပေးသွင်းရသည်။ ကျန် ၇၀ ရာခိုင်နှုန်းအား လေလံအောင်သော တန်ဖိုး ကျပ်သန်းတစ်ထောင်မကျော်ပါက သုံးလအတွင်း၊ ကျပ်သန်း တစ်ထောင်ကျော်ပါက ခြောက်လအတွင်း ပေးသွင်းရန် သတ်မှတ်ထားသည်။ ထို့ကြောင့် လေလံအောင်သောမြေနှင့်အဆောက်အအုံတန်ဖိုး ကျပ်သန်းတစ်ထောင် (ကျပ်သိန်းတစ်သောင်း)မကျော်သူများမှာ ဇွန်လ ၂၃ရက်မတိုင်ခင် ပေးသွင်းရမည်ဖြစ်ကြောင်း လေလံစီးပွားလုပ်ကိုင်သူများက ပြောသည်။ လက်ရှိမန္တလေးမြို့နှင့်ပြင်ဦးလွင်မြို့တို့၏ တန်ဖိုးကြီးမြေကွက်နှင့် အိမ်ခြံမြေရောင်းဝယ်မှုမှာလည်း ဇွန်လတွင် အေးနေကြောင်း မန္တလေးမြို့မှ အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်လည်းနောက်ဆုံးကျင်းပသည့်နိုင်ငံပိုင်အဆောက်အအုံလေလံပွဲတွင် လေလံအောင်ပြီးပြန်ရောင်းရန်စီစဉ်နေသူအချို့မှာ ဝယ်လိုအားတန့်နေ၍ ရောင်းမထွက်ကြသေးကြောင်း သတင်းရရှိသည်။


"Foreign Investment (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ)ဝင်လာမယ်ထင်လို့လေလံဆွဲထားကြတာ။ အခုက ထင်ထားသလို ဝင်မလာလို့တန့်နေတဲ့သဘောပဲ"ဟု နိုင်ငံပိုင်အဆောက်အအုံလေလံပွဲတွင် လေလံဝင်ဆွဲပြီး အောင်ခဲ့သောလုပ်ငန်းရှင်တစ်ဦးက တန်ဖိုးကြီးမြေကွက်နှင့် အဆောက်အအုံ ပြန်ရောင်းသောအခါ ဝယ်သူနည်းပါးနေခြင်းနှင့်ပတ်သက်၍ သူ၏ အမြင်ကိုပြောသည်။

စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွင်း စိတ်ဝင်စားမှုများသော နိုင်ငံပိုင်အဆောက်အအုံလေလံပွဲမှာ မကြာမီ ကျင်းပရန်ရှိကြောင်း သတင်းရရှိသည်။ ထိုလေလံတွင်မြေကွက်နှင့်အဆောက်အအုံ ၆၀၊ ၇၀ပါ ကြောင်းလည်း ထပ်မံသတင်းရရှိသည်။

သို့သော် စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် ဇွန်လအတွင်း ဒေါ်လာနှင့် ရွှေဈေးများ ပြုတ်ကျခဲ့သော်လည်း အိမ်ခြံမြေအရောင်းအဝယ်မှာ ပုံမှန်ဖြစ်နေကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဦးကပြောသည်။ ကျပ်သိန်းတစ်ထောင်အောက် မြေကွက်နှင့် လုံးချင်းအိမ် အရောင်းအဝယ်သွက်နေပြီး၊ ကျပ်သိန်းနှစ်ထောင်မှ ငါးထောင်တန်ဖိုးရှိမြေနှင့် ကျပ်သိန်းသောင်းချီသော မြေနှင့်အဆောက်အအုံများ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ဦးသန်းဦးကရှင်းပြသည်။ ထိုသို့ရန်ကုန်တွင် အိမ်ခြံမြေအရောင်းအဝယ် ပုံမှန်ရှိနေခြင်းမှာ လာမည့်ဩဂုတ်လတွင် သက်တမ်းကုန်ဆုံးမည့် အိမ်ခြံမြေဝယ်သူ၏ အထူးသက်သာခွင့်သက်တမ်းကုန်တော့မည် ဖြစ်၍ဖြစ်ကြောင်းဗင်းကဆိုသည်။ သို့သော် ထိုသက်သာခွင့်မှာ ဝင်ငွေရလမ်းဖော်ပြစရာမလိုဘဲ တန်ဖိုး၏ ၁၅ ရာခိုင်နှုန်း အခွန်ဆောင်ကာ အိမ်ခြံမြေများ ဝယ်ယူနိုင်သည်။



7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011



# တာအတွက်

မောင်နေ(မြကျွန်း)

ကျွန်တော်တို့ ငယ်စဉ်က မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၄ သန်းရှိသည်ဟု ကျောင်းသင်ခန်းစာများအရသိရပါသည်။ ထိုအချိန်က မြန်မာနိုင်ငံ၏အကျယ်အဝန်းသည် ၂၆၁,၂၂၈ စတုန်ရန်းမိုင်ဖြစ်ပါသည်။ သည်ကနေ့ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၉ သန်းကျော်ပြီဟု သိရသော်လည်း အကျယ်အဝန်းကား မပြောင်းလဲခဲ့။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် နှစ် ၄၀ ရှိခဲ့ပြီး ယခု ၂၀၁၁ ခုနှစ်တွင် ၆၃ နှစ်ပြည့်ခဲ့ လေပြီ။

၁၉၆၅ ခုနှစ်တွင် စင်ကာပူကျွန်း လွတ်လပ်ရေးရသည့်အခါ ဝန်ကြီးချုပ်လီကွမ်းယူက တိုင်းပြည်သို့မိန့်ခွန်းပြောကြားရာတွင် နောင်အနှစ် ၂၀ တွင် မြန်မာနိုင်ငံကို မီရမည်ဟုပါရှိလေသည်။ ၁၉၈၅ ခုနှစ်တွင် စင်ကာပူ လွတ်လပ်ရေးအနှစ် ၂၀ ပြည့်ခဲ့သည်။ ထိုစဉ်ကပင် စင်ကာပူသည် အရှေ့နှင့် အနောက်၏ ကုန်သွယ်ရေးဆိပ်ကမ်းမြို့ကြီးအဖြစ် ပီပြင်ခဲ့ပြီးသယံဇာတ မကြွယ်ဝဘဲ ကမ္ဘာတွင် တစ်ဦးချင်း ဝင်ငွေကောင်းမွန်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ကျွန်တော်တို့ ကျောင်းသားဘဝ ကျောင်းသင်ရိုးညွှန်းတမ်းများသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အာဘော်နှင့်မကင်းသည့် သင်ရိုးများဖြစ်လေသည်။ ကျွန်တော်တို့၏အသိတွင် ဆိုရှယ်လစ်မျိုးစေ့ဖြစ်သည့် မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်ဆိုသည်များ ထုံမွှမ်းလျက်ရှိသည်။ ကောင်းအောင် ကြိုးစားမည်ဟူသည့်အသိသည် ကျောင်းသားတိုင်း၏ စိတ်ထဲတွင် စွဲငြိခဲ့သော်လည်း လုပ်နည်းနှင့် ဥပမာများကို နားမလည်ခဲ့။ ကောင်းအောင် ကြိုးစားခြင်းနှင့် အောင်မြင်ခြင်းဟူသည် ထပ်တူညီသကဲ့သို့ မှတ်ယူမိလေသည်။ ထိုခေတ်က စာနယ်ဇင်းများ၏ အာဘော်များ၊ ရေဒီယိုအသံလွှင့်ချက်များ (တီဗီမပေါ်သေး)မှလွဲ၍ကိုယ်စွမ်းကိုယ်စ မပေါ်ထွက်ခဲ့။ တစ်နည်းအားဖြင့် မှီခိုသူစိတ်ဓာတ်များ ကိန်းအောင်းကာ ဒို့အရေးသုံးကြိမ်အော်ပြီးလျှင် အောင်ရမည် တစ်ကြိမ်အော်ရမည်ဆိုသည့်ဖော်မြူလာဖြင့်သာ ရပ်တည်ခဲ့ကြပါသည်။

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှစ် ၄၀ ကာလအတွင်း အိမ်နီးချင်းနိုင်ငံများ၊ ယနေ့အခေါ် အာဆီယံနိုင်ငံများ အပါအဝင် ကမ္ဘာတစ်ဝန်းနိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးမှုအား မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်။ ထိုအချိန်တွင် ကျွန်တော်တို့သည် ဆိုရှယ်လစ်ပန်းတိုင်ကို အရောက်သွားမည်ဟူသည့် ကြွေးကြော်သံများ၊ ဆောင်ပုဒ်များဖြင့် မွေ့လျော်နေခဲ့ပေသည်။ ၁၉၈၈ ခုနှစ်မတိုင်မီအထိ မြန်မာနိုင်ငံသားများသည် ဈေးကွက်စီးပွားရေးကို မြည်းစမ်းခွင့်မရခဲ့။ နိုင်ငံတကာရေးရာများကိုလည်း ဘောင်အတွင်းမှသာ သိရှိရလေသည်။ ကျွန်တော်တို့အဖို့ ဝါးလုံးခေါင်းအတွင်း လသာနေသကဲ့သို့ပင်။ ဒါကြောင့်လည်း မြန်မာလူမျိုးသည် ရောင့်ရဲလွယ်သည်ဟူသည့် ဂုဏ်ပုဒ်ထွက်ပေါ်လာခဲ့ပုံရပေသည်။

သို့ရာတွင် မြန်မာလူ့ပတ်ဝန်းကျင်သည် လက်ပိုက်ကြည့်မနေခဲ့ပါ။ ဆရာဇော်ဂျီ၏ ကဗျာပါ စာသားအတိုင်း (ထလော့မြန်မာ၊ မြန်မာထလော့)ဖြင့် အသွင်ကူးပြောင်းရေးကာလကို ဖော်ဆောင်ခဲ့လေသည်။ အိမ်နီးချင်းတရုတ်သည် လူဦးရေ သန်း ၁,၃၅၀၊ အိန္ဒိယသည် လူဦးရေသန်း ၁,၂၀၀ ခန့်ရှိကာ မြန်မာနိုင်ငံလူဦးရေနှင့် အဆပေါင်းများစွာ များပြားလေသည်။ မိသားစုများသော အိမ်ထောင်ဦးစီးသည် မိသားစုစားဝတ်နေရေးအတွက် မိသားစုနည်းသော အိမ်ထောင်ဦးစီးထက် ပိုမိုရုန်းကန်ရသည်မှာ သဘာဝပင်ဖြစ်ပါသည်။ လူဦးရေနည်းသော သယံဇာတလည်း ပေါကြွယ်ဝသောကျွန်တော်တို့နိုင်ငံတိုးတက်မှု နှောင့်နှေးရခြင်းမှာ အဘယ်ကြောင့်နည်း။ လသာတုန်း ဗိုင်းငင်ယခုခေတ်စကားဖြင့်ပြောရပါလျှင် မီးလာတုန်း ထမင်းချက်/ရေတင်ပါမှ အခါအားလျော်စွာ မီးပျက်ချိန်တွင် ထမင်းအဆင်သင့်၊ ရေအရန်သင့်ဖြစ်ပါလိမ့်မည်။ မျက်စိဖွင့်၊ နားစွင့်ခြင်းအားနည်းလျှင် မိသားစုအင်တော်ပြဿနာနှင့် ရင်ဆိုင်ရပါမည်။ ဥပမာများ၊ သင်ခန်းစာများ၊ နမူနာများသည် ခြံစည်းရိုးချင်း ကပ်လျက်ရှိနေပေသည်။ ကျွန်တော်တို့၏ ရောင့်ရဲလွယ်သည်ဟူသည့် ဂုဏ်ပုဒ်အားပြန်လည်ဆန်းစစ်သင့်ပါသည်။

၁၉၈၈ ခုနှစ်သည်မြန်မာနိုင်ငံ၏ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး အပါအဝင် ရေးရာအားလုံးကို ပြောင်းလဲစေခဲ့လေသည်။ နိုင်ငံအကျိုး၊ ဒေသအကျိုးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သူများ ပေါ်ထွက်လာသလို တောမီးလောင်၍ လက်ပန်းပေါင်း ထခတ်သည့် တောကြောင်များ၊ ပြည်နာမှ ငွေရှာ၍ကောင်းသည်ဟူသည့်စကားနှင့်အညီ လောဘဇောတက်ကြသူများကိုလည်းတွေ့ရပေသည်။ မည်သို့ပင်ဆိုစေ မြန်မာလူမျိုးများသည် ရောင့်ရဲလွယ်သည့်လူမျိုးများ မဟုတ်တော့ကြောင်း သက်သေများထွက်ပေါ်လာခဲ့ပါသည်။ သည်နေရာတွင် ဘာလုပ်မလဲ၊ ဘယ်လို လုပ်မလဲဟူသည့် မေးခွန်းများကို ဆန်းစစ်ရပါမည်။

ပင်စင်စားတစ်ဦးဖြစ်သည့် ကျွန်တော့်ကိုယ်ကျွန်တော် နေ့စဉ်မေးဖြစ်သောမေးခွန်းများမှာ “ငါ အခု အသက် ၆၀ ရှိပြီ၊ နောင် အနှစ် ၂၀ ခန့်နေရပေဦးမည်။ အိုနာစာ လုံလောက်ရဲ့လား၊ ဒါဆို ဘာလုပ်မလဲ”ဟူ၍ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံသည် အဖက်ဖက်က အရှိန်ရစပြုနေပြီဖြစ်ပါသည်။ ကျွန်တော်တို့လက်ထက်သာမက သားစဉ်မြေးဆက်အတွက် ကျွန်တော်တို့ ဘာလုပ်ပေးခဲ့မလဲ၊အိုနာစာလုံလောက်ရဲ့လား၊ လောကနီတိကျမ်း၊ ရာဇကဏ္ဍမှ ဆရာတော်ဦးဗုဓ်၏ ဘာသာပြန်စာစုတွင် ‘ရဟန်းများအဖို့ရောင့်ရဲခြင်းမရှိမူ ရဟန်းသိက္ခာပျက်တတ်၏’၊ ‘အရှက်မရှိမူ မိန်းမကောင်းဂုဏ်သိက္ခာပျက်တတ်၏’၊ ‘ပြည့်ရှင်မင်းအဖို့ ရောင့်ရဲလွယ်လျှင် တန်ခိုးအာဏာ ပျက်တတ်၏’။

ဘောလုံးပွဲစကားနှင့်ပြောရလျှင် ပွဲစရန် အချက်ပေးခရာမှုတ်ခဲ့လေပြီ။ ပွဲချိန်ကာလအတွင်း အဝါကတ်၊ အနီကတ်ပြခံရမည့်သူများ၊ လူစားလဲခံရမည့်သူများ၊ အဆုံးသတ် မသေချာသူများ၊ အကျီချွတ်၍ အောင်ပွဲခံမည့်သူများကို အလွဲမသွေတွေ့မြင်ရပေတော့မည်။ မည်သို့ပင်ဆိုစေ ပွဲကြည့်သူ ပြည်သူလူထုအနေဖြင့် ငါးနှစ်ပြည့်လျှင် စင်ပေါ်၌အောင်ပွဲခံနိုင်ရန်သာ လိုလားလျက်ရှိကြပါသည်။ ။

# အတိတ် – ပစ္စုပ္ပန်မှသည် အနာဂတ်ပညာရေး




ခင်မောင်ဌေး(ပညာရေး)

မီဒီယာ၏ စာမျက်နှာများစွာအပေါ်တွင် ပညာရေးနှင့်ပတ်သက်၍ အတွေးအမြင်စုံဖတ်ရှုနေရပါသည်။ ပညာရေးဝန်ထမ်းဘဝမှ အနားယူခဲ့ကြပြီးသော်လည်း ထဲထဲဝင်ဝင်ရှိခဲ့သူများပီပီ ပညာရေးအပေါ် သံယောဇဉ်မပြတ်နိုင်ကြသေးပါ။ ပညာရေးလောက၏အမြီးအမောက်မတည့်မှုများအပေါ် မနေစိမ့်ကြပါ။ ဥပေက္ခာ မပြုနိုင်ကြသူများစွာရှိနေပါသေးသည်။ ထို့ကြောင့် ယင်းတို့၏ စေတနာ မေတ္တာပါသော အပြုသဘောဆောင်သည့် အကြံပြုတိုက်တွန်းချက်များကိုဖတ်ရှုနေရပါသည်။ ဤသည်မှာ နှစ်ပေါင်း ၂၀-၃၀ အတွင်း ထူးခြားမှုတစ်ခုဟုဆိုရမည်ဖြစ်သည်။

ပညာရေးသည် အလွန်သိမ်မွေ့နက်နဲသောလုပ်ငန်းစဉ်ဖြစ်သည်။ မည်သို့သောလုပ်ငန်းမျိုးနှင့်မျှ နှိုင်းစာ၍ မရသောထူးခြားသည့်ဝိသေသများစွာရှိနေပါသည်။ ထို့ကြောင့် ပညာရေးအစီအမံများ ဖော်ဆောင်ရာတွင်တစ်ဦးကောင်းတစ်ဖွဲ့ကောင်းဖြင့် မရနိုင်ခဲ့သည်ကို အတိတ်နှင့် လက်ရှိ ပစ္စုပ္ပန် အခြေအနေများက အထင်အရှားပြသနေပါသည်။ ပြုပြင်ရန် ခက်ခဲသော ကြိုးနီစနစ်၏အောက်တွင် အသားကျသလို နေလာခဲ့ရင်း အသွင်သဏ္ဍာန်များ မည်မျှပင်ပြောင်းလဲစေကာမူ အစမ်းသပ်ခံ ပညာရေးစနစ်မှ ရုန်းမထွက်နိုင်ခဲ့ကြပါ။ ဖြတ်သန်းခဲ့ရသည့်အတိတ်၏ နှစ်ကာလအချို့တို့ကို တွေးကြည့်မိသည်။

**စမ်းသပ်မှု-၁**

၁၉၆၈ ခုနှစ်တွင် ရှစ်တန်းစာမေးပွဲကို တိုင်းမှစစ်၍ ဝိဇ္ဇာ၊ သိပ္ပံခွဲလိုက်သည်။ ကိုးတန်းမှစ၍ ဝိဇ္ဇာကျောင်းသား၊ သိပ္ပံကျောင်းသားဟူ၍ နှစ်စုကွဲသွားသည်။ အရင်းစစ်တော့ အစမ်းသပ်ခံကလေးများ၏ ဘက်စုံထူးချွန်မှု ပြဿနာ ဖြစ်လာသည်။ သိပ္ပံကျောင်းသားများက ဝိဇ္ဇာဘာသာရပ်များမသိ။ ဝိဇ္ဇာကျောင်းသားများကလည်း သိပ္ပံဘာသာရပ်အတွေးအမြင်မရှိကြတော့။ ဆယ်တန်းကလည်း (က)စာရင်း၊ (ခ)စာရင်းခွဲသည်။

**စမ်းသပ်မှု-၂**

ပိုင်းခြားခဲ့သည့် ဝိဇ္ဇာ၊ သိပ္ပံပေါင်းစည်းသွားပြန်သည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာက Compulsory ၊ ကျန်သည့်ဘာသာရပ်များမှ (ရူပ၊ ဓာတု၊ ဇီဝ)ပေါင်း၍ တစ်ဘာသာ၊ (ပထဝီ၊ သမိုင်း၊ ဘောဂ) ပေါင်း၍ တစ်ဘာသာ ပေါင်းလျှင် ငါးဘာသာဖြစ်သွားသည်။ အလွန်ကျယ်ပြန့်သည့် ဘာသာရပ်များကို စုပေါင်းလိုက်၍ ဖြေဆိုရသည့်ကလေးများအတွက်ဝန်ထုပ်ဝန်ပိုးဖြစ်ရပြန်သည်။ ဘာသာရပ်တစ်ခု၏ ပေးအပ်ရမည့် အသိပညာကလည်း အကန့်အသတ်ခံဖြစ်ခဲ့ရတော့သည်။

**စမ်းသပ်မှု-၃**

သုံးဘာသာပေါင်းစည်းရာမှ ပြန်လည်ဖြေလျှော့ရပြန်သည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ ဘာသာရပ်များကို Compulsory အဖြစ် ဆက်လက်ထားရှိကာ ကျန်ဘာသာရပ်များကို သိပ္ပံတွဲ၊ ဝိပ္ပံတွဲ၊ ဝိဇ္ဇာတွဲဟူ၍ စိတ်ကြိုက်ရွေးချယ်သင်ယူခွင့်ပြုခဲ့ပြန်သည်။ ဤသို့ဖြင့် ဘာသာရပ်ခြောက်ခု (ယနေ့ကျင့်သုံးနေသော)ဖြစ်လာခဲ့သည်။ စာမေးပွဲစစ်ဆေးအကဲဖြတ်ပုံစနစ်က ကိုးတန်းအထိ ပြောင်းလဲသွားသည်။ အများသိသည့် စဉ်ဆက်မပြတ် အကဲဖြတ်သည့်စနစ်ဖြစ်သည်။ Chapter End Test - ခေါ် အခန်းဆုံးစာမေးပွဲစစ်စနစ်ဖြစ်သည်။ လစဉ် စာမေးပွဲဖြေရသည်။ အမှတ် ၁၀၀ ဖိုးမရှိ။ ၂၅ မှတ်ဖိုး၊ ၅၀ မှတ်ဖိုးသာဖြစ်သည်။ ဤစနစ်သည်လည်း ကျောင်းသားများ၏ အရည်အသွေးကို အကဲဖြတ်ရာတွင် ယေဘုယျဆန်သည်။ စာမေးပွဲစနစ်ကို မနှစ်မြို့သော်လည်း အကြိမ်ကြိမ် စာမေးပွဲဖြေခြင်းဖြင့်သာ အကဲဖြတ်နေရဆဲဖြစ်သည်။ သည်အထဲ အကျအရှုံးနည်းနည်းရှိသည်ကိုပင် ‘ကုစား’ဟုဆိုကာ အအောင်ပေးလိုက်ကြပြန်သေးသည်။ ဤသို့ဖြင့် အချို့ကျောင်းများတွင် အတန်းအားလုံး ကျရှုံးသူမရှိ အောင်မြင်သည်ဟု စာတစ်ကြောင်းဖြင့် အောင်စာရင်းထုတ်ပြန်ရသည်အထိဖြစ်ခဲ့သည်။

ချုပ်လိုက်သော် ဘာမျှမတတ်သည့် မျိုးဆက်သစ်များပွားများလာခြင်းပင်ဖြစ်သည်။ ဤစနစ်ကိုအကောင်အထည်ဖော်ဆဲကာလမှာပင် မအောင်မြင်နိုင်မှန်းသိခဲ့ကြသည်။ မြင်ခဲ့ကြသည်။

အစီအမံတစ်ခု၏ အဓိက မအောင်မြင်ရသည့် အကြောင်းတစ်ချက်မှာ လက်တွေ့နယ်ပယ်တွင် ထဲထဲဝင်ဝင်ရှိပြီး ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ အကြံပြုတင်ပြချက်များကို အလေးဂရုမပြုခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေဖြစ်ရမည်။ ပေါက်မြောက်အောင်မြင်ရမည်ဆိုသည်မှာ အပြောလွယ်လှပါသည်။ လုပ်ငန်းတိုင်းတွင် လိုအပ်ချက်များသည် အကန့်အသတ်ရှိနေပါသည်။ အဓိက ကန့်သတ်ချက်တစ်ခုကိုပြပါဆိုလျှင် ပညာရေးအသုံးစရိတ်ပင်ဖြစ်သည်။ လက်ရှိသုံးစွဲနေသော ရာခိုင်နှုန်းသည် နိုင်ငံတကာနှင့် နှိုင်းစာ၍မရပါ။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

တစ်နေ့သ၌ကျွန်ုပ်သည်မြန်မာစာပေလောကတွင်ဆရာကြီးတစ်ဆူဖြစ်တော်မူသောဆရာကြီးရန်ကုန်ဘဆွေ၏'မြန်မာပြည်သား'ဝတ္ထုကြီးကို အရသာခံကာပြန်လည်ဖတ်ရှုဖြစ်နေပါ၏။ကျွန်ုပ်တို့၏ ဘိုးစဉ်ဘောင်ဆက် ဓားထက်ခဲ့ကြသော ရှေးသရောအခါက မြန်မာကြီးများ၏ အမျိုးဘာသာသာသနာကိုစောင့်ထိန်းသည့်စိတ်ဓာတ်၊ သတ္တိဗျတ္တိ အရာမှာအများတကာထက်သာသည့်သွေးရဲသူ မျိုးရိုးစဉ်ဆက်တို့၏ ဇာတ်သွားများကား မှတ်သားစရာများနှင့်အပြည့်ပါလေ။

ယဉ်ကျေးမှုအရာမှာ အဆင့်အတန်းမြင့်လှစွာသော ရှေးမြန်မာကြီးများကား စံထားထိုက်သည့်စရိုက်လက္ခဏာရှိသူများပါလေ။ မဟုတ်မခံ သူတစ်ပါးကို စတင်ရန်မလုပ် အချုပ်အချယ်ကင်းကင်း စိတ်သောကရှင်းရှင်းဖြင့် ဘဝတစ်သက်တာ ပျော်ရွှင်စွာဖြတ်သန်း လိုသူများပင်ဖြစ်ပါ၏။ ဆွေမျိုးမတော်သော်ငြား နှမအရင်း ကလေးများကဲ့သို့ အမျိုးသမီးပျိုလေးများကို စောင့်ရှောက်ကြသည့် ပီဘိအမျိုးသားများ၊ ဆွေမျိုးမဟုတ်သော်ငြား အစ်ကိုရင်းများကဲ့သို့တကယ့်ကို အားကိုးကာရပ်ရွာမှာဗိုင်းကောင်းကျောက်ဖိဂုဏ်ယူစရာဖြစ်လျက် မိဘမျက်နှာရစေပါသည့် ဆယ်ကျော်သက်မိန်းမပျိုလေးများ၏ ဖြူစင်မှုမှာအတုယူစရာများသာဖြစ်ပါ၏။

စာအုပ်ကို ပြန်လည်ဖတ်ရှုဖြစ်သည့်အခါ ပြန်လည်သတိရမှတ်သားစရာများစွာကိုတွေ့မြင်ရပြန်ပါ၏။ ရှေးမြန်မာတို့၏ ရွာငယ်ဇနပုဒ်မှနောက်ဆုံး နေပြည်တော်အထိ အုပ်ချုပ်ပုံအဆင့်ဆင့်မှအစ ညည ကျေးရွာသဘာဝ လူပျိုလှည့်ခြင်းအလယ်၊ယောက်ျားပီသစွာ သတ္တိအရာမှာ မခေသူဖြစ်ကြောင်း သက်သေခံ ပေါင်ခြံမှာထိုးကွင်းအပြည့် ရေးထိုးကြပုံအဆုံး ဗဟုသုတလှိုင်းလုံးကြီးများမှာ စာဖတ်သူရင်ခွင်တွင် စွဲထင်ရိုက်ခတ်စေပါ၏လေ။ 'မြန်မာ' ဆိုသည့် လူမျိုးစု၏ ရိုးသားမှု၊ ငဲ့ညှာမှု၊ သတ္တိရှိမှု၊ ထူးချွန်မှု၊ ဖြောင့်မတ်မှုအစုစုကို'မြန်မာပြည်သား'မှာမြင်ကြားရပါပေ၏။

ဤသို့ဖြင့် စာအုပ်ထဲ စိတ်စွဲမျောပါနေခိုက် ကတိုက်ကရိုက် တံခါးခေါက်သံသုံးချက်ပေါ်ထွက်လာပေရာ ကျွန်ုပ်မှာ စာအုပ်ကို အသာချကာ တံခါးကိုအသာဟလိုက်ရပါ၏။ အပေါက်ဝတွင်ကား မတွေ့တာကြာပြီဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ပျော်ပျော်နေတတ်သူကြီး'ကိုဟက်ပီး'ကို ပြုံးပြုံးကြီးတွေ့ရပါပေ၏။

“ဟယ်လို ဆာသော်ဒိုး. . ဟောင်းတာယူ”

“ဖိုင်း. . ဖိုင်း. . တဖိုင်းဖိုင်းပါပဲခင်ဗျာ”

အနှီ ကိုဟက်ပီးမှာ လက်ထောက်ညွှန်ကြားရေးမှူးဘဝမှ အငြိမ်းစားယူခဲ့သူဖြစ်ကာ ယခုအခါ ကျွန်ုပ်နှင့် စာရေးဖက်မိတ်ဆွေတစ်ယောက်ဖြစ်ပြီး ဒီလူကြီးမှာ စာတအားရေးနိုင်သူဖြစ်ပါ၏။ အင်္ဂလိပ်မှ မြန်မာ ဘာသာပြန်ရာမှအစ ကိုယ်တိုင်ရေးအက်ဆေး၊ အတွေးအမြင်၊ ဟာသအလယ် ကျန်းမာရေးဆောင်းပါးနှင့် ဘောလုံးအဆုံး မနုံးမခွေရေးနိုင်စွမ်းရှိသူပါပေ။ သူပိုင်ဆိုင်သော ကလောင်များကား ၁၂ခုကြီးများတောင်မှပါလေ။ ဘာသာရပ်အစုံကို စိတ်ဝင်စားသလို ဘာလာလာချောမွေ့စွာရေးသားတင်ဆက်နိုင်သည့်ပညာရှိသူပါပေ။

ကျွန်ုပ်တို့လည်း မတွေ့တာကြာပြီဖြစ်သည်နှင့်အညီ စကားတွေစီလိုက်ကြသည်မှာ တစ်နာရီခန့်ပင်ရှိသွားပါပေ၏။ စမ်းချောင်းအရပ်သို့ ယနေ့ သူရောက်လာရသည့်ကိစ္စကား အခြားမဟုတ်။ စမ်းချောင်းမှာ အခြေစိုက်သည့် ဂျာနယ်တိုက်တစ်ခုက သူ့အားဆက်သွယ်ကာ အယ်ဒီတာချုပ်လုပ်ပေးပါရန် ပန်ကြားလာသည့်အတွက် ယနေ့ယခု သူလာရောက်တွေ့ဆုံမှုပြုခြင်းသာဖြစ်ပါပေ၏။ ကိစ္စတွေအပြီး မိတ်ဆွေကြီးကျွန်ုပ်ထံဝင်လာခြင်းဖြစ်ပါ၏။

ခဏအကြာ ဖုန်းမြည်သံတစ်ခုထွက်ပေါ်လာရာ ကိုဟက်ပီးမှာ သူ့လွယ်အိတ်ထဲသို့ လက်နှိုက်ကာ ဖုန်းပြောရန်ပြင်ပါ၏။ လွယ်အိတ်ထဲ ဟိုနှိုက်သည်နှိုက် ဟိုစမ်းသည်စမ်း လုပ်သော်ငြား သူ့လက်တွင်းမှာ ဖုန်းပါမလာပါပေ။ ဖုန်းမြည်သံမှာ သူ့လွယ်အိတ်ထဲမှမဟုတ်ဘဲ ကျွန်ုပ် ရှိုးကေ့စ်ပေါ်မှ သူ့ဖုန်းနှင့် Ring Tone ခပ်ဆင်ဆင်တူ ကျွန်ုပ် အိမ်သူ၏ဖုန်းဖြစ်နေရာ ဇနီးသည်မှာ ပြေးလာပြီး ကိုင်ပါလေ၏။ ကိုဟက်ပီးကား လွယ်အိတ်စာအုပ်များကြားထဲ ဖုန်းစမ်းဆဲပါလေ။

“အဲ. . အကုန်နှံ့နေပြီ။ ဖုန်းဘယ်ဆီရောက်နေပါလိမ့်”

သူ့လွယ်အိတ်ထဲသာမက သူ့အင်္ကျီအိတ်ကပ်နှင့် ဘောင်းဘီအိတ် ရှိရှိသမျှ တစ်ခုမှမကျန် ထပ်မံရှာဖွေသော်ငြား ဖုန်းကားမတွေ့ပါလေ။ သူနေထိုင်ရာ အင်းစိန်အိမ်မှအထွက်တွင်ဂျာနယ်တိုက်မှ ဖုန်းတစ်ခါဝင်လာ၍ ထုတ်ဆက်ဖြစ်ကြောင်း၊ ပြီးသော် လွယ်အိတ်ထဲထည့်လိုက်ပြီး ကမန်းကတန်း ဘတ်စ်ကားပေါ် ပြေးတက်ခဲ့ကြောင်း၊ ယခုအထိလမ်းမှာ၊ဂျာနယ်တိုက်မှာ နောက်ထပ်တစ်ခါဖုန်းမပြောဖြစ်ပါကြောင်း ပြန်ပြောင်းစဉ်းစားပြီး ပြောပါလေ၏။

သို့ဖြင့် သူရောက်ခဲ့ရာ ဂျာနယ်တိုက်ကို ကျွန်ုပ်အိမ်မှနေ၍ လှမ်းကာ စုံစမ်းကြည့်ရာ အဲဒီမှာ မကျန်ရစ်ခဲ့ကြောင်း သိရပါလေ၏။ နောက်ဆုံးတွင်ကား ကျွန်ုပ်အိမ်သူ၏ဖုန်းကို ဒုတိယအကြိမ် ငှားကာ သူ၏ ယာယီပျောက်ဆုံးနေသည့် ခရီးဆောင် မိုဘိုင်းဖုန်းနံပါတ်အား နှိပ်လိုက်သည်ရှိသော် ဟိုတစ်ဖက်မှ ပြန်ထူးပုံရပါပေတော့၏။

“ဗျာ. . ဟုတ်ပါတယ်၊ဟုတ်ပါတယ်။ အဲဒါ. . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ ညနေ ၄နာရီဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ”




အပြုံးယဲ့ယဲ့ဖြင့် ကိုဟက်ပီးကား သက်ပြင်းများ အကြိမ်ကြိမ်ချလျက် ရင်ဘတ်ကိုဖိကာ လျှာထုတ်ပြန်ပါလေ၏။ သူ့ထံမှ သိရသည်မှာ ဖုန်းကောက်ရထားသူက ယနေ့ ညနေ ၄နာရီတွင် အင်းစိန်ပန်းခြံနားမှာဆုံမည်ဖြစ်ကြောင်း သူ့ကို ချိန်းဆိုသည်ဟုသိရပါပေ၏။

“အေးဗျာ။ ဆာသော်ဒိုးရာ၊ အဲဒီ ဂျီဝယ်တုန်းက ၃၂ တောင်ပေးခဲ့ရတာဗျ။ အခုလို လူသူတော်ကောင်းနဲ့တွေ့လို့ အကျိုးမနည်းတာဗျို့”

ယခုမှ နေ့လယ် ၁ နာရီပဲရှိသေးရာ ညနေ အင်းစိန်ပြန်လျှင် ကျွန်ုပ်ကို အဖော်လိုက်ခဲ့ရန်ခေါ်ပြန်ရာ ကျွန်ုပ်လည်း လိုက်ခဲ့ပါမည်ဟု ကတိပြုလျက် လက်ဖက်ရည်ဆိုင်သို့ ထွက်လို့လာခဲ့ကြပါ၏။ လက်ဖက်ရည်ဆိုင်မှာ စကား အတန်ကြာပြောပြီးနောက် မြေနီကုန်းမှတ်တိုင်မှ အထူးဘတ်စ်ကိုစီးကာ အင်းစိန်ပန်းခြံမဟာသို့လိုက်ပါခဲ့ကြပါ၏။

ချိန်းဆိုထားရာ ပန်းခြံအနီး လက်ဖက်ရည်ဆိုင်သို့အရောက် ဆိုင်ပေါက်ဝမှ အထဲကို အကဲခတ်ကြရာ သုံးဝိုင်းသာ လူရှိနေပါ၏။ တစ်ဝိုင်းမှာ ထိုင်နေသူကား မုတ်ဆိတ်ရှည်ရှည်နှင့် အိန္ဒိယနွယ်ဖွားဘူတာကြီး၊ တစ်ဝိုင်းမှာ ထိုင်နေသူများကား တက္ကသိုလ်ကျောင်းသူအရွယ် အပျိုငယ်တစ်သိုက်၊ တတိယဝိုင်းတွင်ကား မျက်စိများနားများကို အစွမ်းကုန်ဖွင့်ကစားနေဟန်တူသည့် ငါးဆယ်ဝန်းကျင်စုံတွဲတစ်တွဲ။ သို့ဖြင့် အခြေအနေအရပ်ရပ်ကို အကဲခတ်ကာ အနှီစုံတွဲထံ တန်းတန်းမတ်မတ်ဝင်ရောက်ခဲ့ကြပါ၏။

“အဲ. . ဟို. . ဖုန်းဆက်ထားတဲ့သူ”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကျွန်တော် ကိုဟက်ပီးပါ။ နေ့လယ် သူ့အိမ်ကျမှ ဖုန်းကပါမလာမှန်းသိတော့တယ်”

သို့ဖြင့် တစ်ဦးနှင့် တစ်ဦး မိတ်ဆက်ပြီး ဖုန်းအကြောင်း စာလုံးပေါင်းလိုက်ကြသည်မှာ အတော်ပင် ကြာသွားပါပေ၏။ ကိုဟက်ပီးကလည်း သူ့ဘဝမှာ သည်လို တစ်ခါမှ နမော်နမဲ့မဖြစ်ဖူးပုံ၊ ယနေ့မနက်မှာတော့ မည်သို့သောအကြောင်းကြောင့် ဤသို့ ဖုန်းကျကျန်ရစ်မှန်း စဉ်းစားမရပုံ၊ ကောက်ရသူက ယခုလို ခေါ်၍ ပြန်ပေးခြင်းမှာ ရိုးသားသည့် မြန်မာစိတ်ဓာတ်တွေ မပျက်စီးသေးကြောင်း ဥပမာတစ်ခုဖြစ်ပုံတို့ကို အားပါးတရပြောနေပါပေ၏။ ထို့နောက်တွင်ကား ထိုလင်မယားကို ကျေးဇူးတင်ပါသဖြင့် လက်ဖက်ရည်မှာပါ၊ အအေးမှာပါ၊ မုန့်မှာပါ ကြိုက်ရာမှာပါဟု လောကွတ်ပြုပေရာ အနှီလင်မယားကား လက်ကာကာ ကာကာလုပ်ပြီး သကာလ ဤသို့ စကားဟလာပါတော့၏။

“ဟောဒီမှာ ငါ့ညီရဲ့ဖုန်း၊ အစ်ကိုတို့ကို ငါးသောင်းပဲပေးပါ”

“ခင်ဗျာ”

“ဟုတ်တယ်ညီလေး။ ဟောဒီဟန်းဆက်က သုံးသိန်းနဲ့ခြောက်သောင်းတန်တယ်လို့သိရပါတယ်။ ဒါပေမဲ့လို့အစ်ကိုတို့ကိုငါးသောင်းပဲပေးပါ”

“ခင်ဗျာ”

“မနက်က ဟောဒီက မင်းအစ်မနဲ့ အစ်ကို ကားတွေ ဥဒဟိုအပြင်းမောင်းနေတဲ့ ဟောဒီလမ်းမအလယ်မှာ ဟောဒီဖုန်းကို အသက်နဲ့လုပြီး ပြေးကောက်ခဲ့ရတာကွ။ ဖုန်းက ကားကြိတ်မသွားတာ ကံကောင်းတယ်။ ဒီတော့ ကိုယ့်ညီရယ် အစ်ကိုတို့ကို ငါးသောင်းပဲပေးပါ”

“အာ. . အဲ”

“ငါ့ညီဆီက ငါးသောင်းကို အစ်ကိုတို့ အလဟဿဖြုန်းမပစ်ပါဘူး။ အစ်ကိုနဲ့မင်းအစ်မကောင်းကောင်းမစားရတာကြာပြီ။ ဒါကြောင့်မို့ ဒီညတော့ ငါ့ညီကျေးဇူးနဲ့ သင့်တင့်တဲ့ စားသောက်ဆိုင်တစ်ခုမှာ အရက်ကောင်းကောင်းတစ်လုံးမှာမယ်။ ပြီးတော့ ဟင်းလေးငါးပွဲမှာပြီး ဒီညကိုပျော်ပျော်ကြီးဖြတ်သန်းမလားလို့ပါ ငါ့ညီရာ”

သို့ဖြင့် ကိုဟက်ပီးမှာ ငြင်းရမှာ အခက်တွေ့လျက်သားဖြစ်ကာ သူ့ပိုက်ဆံအိတ်ကို အပြန်ပြန်အလှန်လှန်ဖွင့်လေသော် သုံးသောင်းကျော်ရှိသည်ကိုတွေ့ရပြီး ကျွန်ုပ်ထံ အကြည့်ရောက်လာရာ ကျွန်ုပ်လည်း မနေသာဘဲ ကျွန်ုပ်ပိုက်ဆံအိတ်အတွင်း ခပ်ပျင်းပျင်းခွေနေသောခြင်္သေ့ကိုးကောင်ကို ထုတ်ပေးလိုက်ရာ လေးသောင်းကျော်ကျော်လေးရသွားပါတော့၏။ “ဒီလိုလုပ်ပါ အစ်ကိုရာ၊ တကယ်လည်း ကျေးဇူးတင်ပါတယ်။ ဟောဒီအထဲက အစ်ကိုတို့ကိုကျွန်တော် လေးသောင်းပေးလိုက်ပါ့မယ်။ အစ်ကို ဘလက်လေဘယ်ဝမ်းလီတာတစ်လုံးမှာဗျာ။ ကျန်တာ အမြည်းနဲ့ ထမင်းဖိုးအတွက်ကောင်းကောင်းလောက်ပါတယ်”

“ကောင်းပြီလေ ကိုယ့်ညီ၊ ဒီညတော့ မောင်ရင့်ကျေးဇူးနဲ့ အစ်ကိုနဲ့မင်းအစ်မ ဒင်နာကလေး လှတော့မှာ”။ ။

## JOKE

### ပဲ့ကိုင်ရှင်

နိုင်ငံရေးသမားနှစ်ယောက် ဒေါနှင့်မောနှင့် ငြင်းခုံနေကြသည်။ ထိုအချိန်မှာပင် တစ်ယောက်က မတ်တပ်ထရပ်၍ အခုလိုအော်ပြောလိုက်သည်။ “ခင်ဗျားကိုနောက်ကွယ်က ဩဇာပြု၊ အမိန့်ပေးနေတဲ့ လူကိုစွကျတော့ရော ဘယ်လိုလုပ်မလဲ”

ဤတွင် ဒုတိယနိုင်ငံရေးသမားက ယခုလိုပြန်ပြောသည်။

“ခင်ဗျားနဲ့ ကျွန်တော်နဲ့ငြင်းခုံတဲ့နေရာမှာ ကျွန်တော့်မိန်းမကိုဆွဲမထည့်နဲ့”

### ပြောင်းလဲမှု

အိမ်ထောင်သည်များ ကလေးရလာပါက ပြောင်းလဲမှုများဖြစ်ပေါ်လာသည်။ ကလေးတစ်ယောက်ထပ်ရတိုင်း ပြောင်းလဲမှုများထပ်မံဖြစ်ပေါ်လာသည်။

အဝတ်အစား

**ပထမကလေး** - သားဖွားဆရာဝန်က ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း အတည်ပြုပေးချိန်မှာပင် ဗိုက်ဖုံးအင်္ကျီစတင်ဝတ်ဆင်ပါသည်။

**ဒုတိယကလေး** - ဝတ်နေကျအဝတ်အစားများကို တတ်နိုင်သမျှ အချိန်ကြာကြာဝတ်သည်။

**တတိယကလေး** - ဗိုက်ဖုံးအင်္ကျီများမှာ သင်ဝတ်နေကျ အဝတ်အစားများ ဖြစ်လာသည်။

ကလေးနာမည်

**ပထမကလေး**- နာမည်ပေးနည်း စာအုပ်များ၊ ဗေဒင်ဆရာများနှင့် တိုင်ပင်၍ ကလေးနာမည်အမျိုးမျိုးပေးကြည့်၊ အသံထွက်ရွတ်ဖတ်ကြည့်ကြသည်။

**ဒုတိယကလေး** - ကလေးနာမည်ကို အဘိုး၊အဘွားတွေက ရွေးပေးကြသည်။ ကိုယ်ကိုယ်တိုင်လည်းပေးတာလည်းဖြစ်နိုင်သည်။

**တတိယကလေး** - ကလေးနာမည်ပေးနည်း စာအုပ်ကိုဖွင့်ပြီး နာမည်တစ်ခု မျက်စိမှတ်ရွေးလိုက်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမို၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၁၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7DAY NEWS JOURNAL

Vol.10, No.14 • JUNE 23, 2011

## ဆန်အရောင်းအဝယ်အေးကာ ဈေးကျလာ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

တစ်အိတ်ဈေးနှုန်းကျဆင်းနေသော်လည်း ဘူးနှင့်ချင်တွယ်ဝယ်ယူရသည့် လက်လီဈေးကွက်တွင်မူ ထူးခြားမှုမရှိပေ

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန် -၁၅**

ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့် ပြည်တွင်းဆန်ဈေးကွက်တွင် အရောင်းအဝယ်အေးပြီး ဈေးနှုန်းများပါ ကျဆင်းလာကြောင်း ဆန်ကုန်သည်များထံမှ စုံစမ်းသိရသည်။

လက်ရှိအချိန်တွင် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းနေခြင်း၊ ပြည်ပသို့ဆန်တင်ပို့မှု ရပ်ဆိုင်းနေခြင်းတို့ကြောင့်ပြည်တွင်း ဆန်ဈေးကွက်တွင် တစ်အိတ်လျှင် ကျပ် ၅၀၀ မှ ၁,၀၀၀ ကြား ဈေးကျဆင်းလာသည်။

“ဝယ်လက်တွေကမဝယ်နိုင်ဘူး။လက်လီသမားတွေလည်းအရင်ကလို များများဝယ်မထားတော့ဘူး။ ဒါကြောင့် ဈေးကကျလာတာ”ဟုမော်တင်မှဆန်ကုန်သည်တစ်ဦးက ဆိုသည်။

လက်ရှိဈေးကွက်အတွင်း၌ ရောင်းချနေသော ဆန်ဈေးမှာ ဆန်ကြမ်းရှယ်တစ်အိတ်လျှင် ၁၅,၅၀၀ ကျပ်ဝန်းကျင်မှ ၁၄,၅၀၀ ကျပ်ဝန်းကျင်သို့ ကျလာသည်။ ထို့အပြင် ပြည်ပသို့ အဓိကတင်ပို့နေရသည့် အကျိုးအကြေ ၂၅ ရာခိုင်နှုန်း (၂၅ မတ်) အမျိုးအစားမှာလည်း တစ်အိတ်လျှင် ၁၃,၂၀၀ ကျပ်မှ ၁၂,၈၀၀ ကျပ်ဝန်းကျင်သို့ ကျလာသည်။

ယင်းကဲ့သို့ပင် စပါးဈေးမှာလည်းဒေါ်လာတန်ဖိုးနှင့်ပြည်ပပို့ကုန်ရငွေတန်ဖိုးကျဆင်းချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၌ တင်းတစ်ရာလျှင်ကျပ်နှစ်သောင်းကျော်ခန့် ဈေးကျလာကြောင်း၊ တင်းတစ်ရာကို ကျပ်သုံးသိန်းလေးသောင်းဝန်းကျင်မှ ကျပ်သုံးသိန်းတစ်သောင်းထိ ဈေးကျလာကြောင်း ဖျာပုံမြို့မှ စက်ပိုင်တစ်ဦးက ပြောသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးမှစပါးအစိုများမှာ တင်းတစ်ရာလျှင် ကျပ်နှစ်သိန်းခုနစ်သောင်းဝန်းကျင်နှင့် သာရောင်းချနေရကြောင်း ပဲခူးတိုင်းကုန်သည်၊ စက်မှုအသင်းချုပ် ဥက္ကဋ္ဌက ပြောကြားသည်။

စာ(၃၄)သို့

## ကန်ဒေါ်လာဈေးနှင့်အတူ ရွှေဈေးပြန်မြင့်လာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၁၅**

နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ်မူတည်၍ ပြည်တွင်းရွှေဈေးနှုန်း အတက်အကျနှင့် အရောင်းအဝယ်မှာ မြန်ဆန်စွာပြောင်းလဲနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

အမေရိကန်ငွေဈေးနှုန်း တစ်ယူနစ်လျှင် ၇၅၀ ကျပ်ဝန်းကျင်ဖြစ်ခဲ့သော ယခုလ ၁၃ရက်တွင် ရွှေဈေးနှုန်းမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၆၃၀,၀၀၀ ကျပ်ထိ အနိမ့်ဆုံးကျဆင်းခဲ့ပြီး အမေရိကန်ငွေဈေးမှာယခုလ ၁၈ ရက်တွင် ၇၈၀ ကျပ်ထိ ပြန်လည်မြင့်တက်လာချိန်တွင် ရွှေဈေးနှုန်းမှာလည်း ၆၅၁,၀၀၀ ကျပ်ထိ ပြန်လည်မြင့်တက်လာခဲ့သည်။

“ရွှေဈေးက ဒီရက်ပိုင်း ဒေါ်လာဈေးအတက်အကျပေါ်မူတည်ပြီး အပြောင်းအလဲမြန်တော့ အရောင်းအဝယ်ဈေးကွက်ကလည်း မြန်တယ်။ ဈေးနှုန်းကျတဲ့အချိန်မှာ ဝယ်တဲ့သူရှိပေမယ့် သိပ်အများကြီးမဟုတ်ဘူး။ ဈေးက တက်ရိပ်လည်းပြရော ဝယ်လိုအားက တက်လာတယ်”ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ဈေးကွက်အနေအထားကို ရှင်းပြသည်။

ဈေးနှုန်းအတက်အကျ မြန်ဆန်စွာပြောင်းလဲနေသော်လည်း အထည်ဈေးကွက်တွင် အရောင်းအဝယ်အတက်အကျများစွာ ပြောင်းလဲမှုမရှိကြောင်းသိရသည်။ သို့သော် အပိုင်းဈေးကွက်တွင် အရောင်းအဝယ်အတက်အကျ မြန်ဆန်စွာဖြစ်ပေါ်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၅၁၆ ဒေါ်လာမှ ၁,၅၂၀ ဒေါ်လာဝန်းကျင်သာရှိပြီး ဈေးနှုန်းပြောင်းလဲမှုများစွာမရှိကြောင်း သိရသည်။

ဇွန်လ ၁၅ရက်တွင် ၁၅ ပဲရည် ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင်၆၁၁,၇၀၀ ကျပ်ရှိသည်။



ပြီးခဲ့သည့် တစ်ပတ်အတွင်းက ရွှေဝယ်စုသူများအတွက် အချိန်ကောင်းဖြစ်ခဲ့သည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မြန်မာ၊ ဗီယက်နမ် စီးပွားရေးသဘောတူညီမှုစာချွန်လွှာသုံးခု လက်မှတ်ထိုး

**ဇာဇာနီ**

**ရန်ကုန်၊ ဇွန် - ၁၂**

ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာ-ဗီယက်နမ်စီးပွားရေးအဖွဲ့တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ သဘောတူညီမှု စာချွန်လွှာသုံးခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း အဆိုပါအစည်းအဝေးပွဲမှသိရှိရသည်။

ယင်းပွဲတွင် Myanamr Golden Wealth ကုမ္ပဏီ၊ Universal Link Service ကုမ္ပဏီနှင့် Golden Export & Import Consultancy ကုမ္ပဏီတို့နှင့် MOU ရေးထိုးခဲ့သည်။

ဗီယက်နမ်ကုမ္ပဏီ ၃၃ ခုမှ စီးပွားရေးလုပ်ငန်းရှင် ၈၂ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့မှာ ပြီးခဲ့သည့်ဇွန်လ ၁၂ရက်က ရန်ကုန်မြို့ကုန်သည်/စက်မှုအသင်းချုပ်၌ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဆိုင်ရာလုပ်ငန်း၊ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ဓာတ်မြေဩဇာလုပ်ငန်း၊ Oil & Gas လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ရာဘာစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်း၊ လျှပ်စစ်နှင့် လျှပ်စစ်ဆိုင်ရာအပိုပစ္စည်းလုပ်ငန်း၊ မှန်၊ ကြွေပြား၊ကျောက်ပြားနှင့် ဘိလပ်မြေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၉၃ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၃၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၄၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၁၅ | ကျပ် |

၂၀၁၁ ဇွန် ၁၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၇၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၉၈၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၀၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၇၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၃၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၅. ၈၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၇၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၇၉၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၂၃၀၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၄၀ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၈. ၀၂၁၉ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၃၉. ၁၀၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၂၁၀ |
| ငွေ | ၁ အောင်စ | ၃၅. ၇၄၈ |
| ကြေးနီ | ပေါင် | ၄၁၂. ၁၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၂၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဇွန် ၁၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## EMG ကို အများပိုင်ကုမ္ပဏီအဖြစ် ထူထောင်မည်

**ရန်ကုန်၊ ဇွန် - ၈**

Eleven Media Group ကုမ္ပဏီကို လာမည့် သုံး၊ လေးနှစ်အတွင်း အများပိုင်ကုမ္ပဏီအဖြစ်ပြုလုပ်သွားရန်ရှိကြောင်း အဆိုပါကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဒေါက်တာသန်းထွဋ်အောင်က ပြောကြားသည်။

“အရေးကြီးဆုံး ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်ကိုပြောရမယ်ဆိုရင် နောက် သုံး၊ လေးနှစ်အကြာမှာ ကျွန်တော်တို့တစ်ဦးတည်း၊ ကျွန်တော်တို့ကုမ္ပဏီတစ်ခုတည်းပိုင်ဆိုင်ထားတဲ့နေရာကနေ အများပြည်သူပိုင်ဆိုင်တဲ့လုပ်ငန်းအဖြစ် Publicize လုပ်ပစ်မယ်ဆိုတာကို ဒီနေရာကနေ ကတိပြုပြောကြားလိုပါတယ်”ဟု ဒေါက်တာသန်းထွဋ်အောင်ကဇွန်လ ၇ရက်တွင်ကုန်သည်ကြီးများဟိုတယ်၌ကျင်းပခဲ့သော EMG ၏ ၁၁ နှစ်ပြည့် အခမ်းအနားတွင်ပြောကြားသည်။

ထိုသို့ တစ်ဦးတည်းပိုင်မှ အများပိုင်အဖြစ် ပြောင်းလဲရန် စီစဉ်ရခြင်းမှာဂျာနယ်ဖတ်ပရိသတ်များကပိုင်ဆိုင်သည့်သတင်းမီဒီယာတစ်ခုဖြစ်သင့်သည်ဟုယူဆ၍ ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။ EMG အနေဖြင့် နေ့စဉ် သတင်းစာထုတ်ရန် အဆင်သင့်ဖြစ်နေပြီး သတင်းရုပ်သံလိုင်း (News Channel) တစ်ခုကို ၂နှစ်အတွင်းလုပ်ကိုင်နိုင်သောအရည်အသွေးရှိနေပြီဖြစ်ကြောင်းလည်း ၎င်းကပြောသွားသည်။

EMG သည် ယခုအခါ First Eleven၊ Premier Eleven အားကစားဂျာနယ်၊ Weekly Eleven နှင့် Bi Weekly Eleven သတင်းဂျာနယ်တို့ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# ကျဆင်းခဲ့သည့် ငွေဈေးအရှိန်နှင့် ပဲဈေး ဆက်အေးနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် -၁၆**

နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းချိန်တွင် ဈေးကျခဲ့သော ပဲဈေးမှာ ယခုနိုင်ငံခြားငွေဈေး ပြန်လည်တက်ရိပ်ပြလာသော်လည်း ဆက်အေးနေကြောင်း ပဲကုန်သည်များကပြောသည်။

ပြီးခဲ့ သည့် တစ်ပတ်တွင် တစ်တန်လျှင် ၅၂၀,၀၀၀ ကျပ်ရှိခဲ့သော မတ်ပဲ RC မှာ ဈေးနှုန်းအတက်အကျမရှိသော်လည်း SQRC မတ်ပဲမှာတစ်တန်လျှင်၆၃၅,၀၀၀ ကျပ်ရှိနေရာမှ ယခု တစ်ပတ်တွင် ၆၀၀,၀၀၀ ကျပ်ထိ ဈေးနှုန်းများ ဆက်လက်ကျဆင်း နေခဲ့ကြောင်း သိရသည်။

ပို့ကုန်ရငွေတန်ဖိုးမှာ ပြီးခဲ့သည့် တစ်ပတ်အတွင်း၌ တစ်ယူနစ်လျှင်၇၈၉ကျပ်ထိကျဆင်းသွားရာမှ ယခု ၈၀၅ ကျပ်သို့ ပြန်လည်မြင့်တက်လာသကဲ့သို့ အမေရိကန်ငွေဈေးမှာလည်း ၇၄၈ ကျပ်ထိ ကျဆင်းရာမှ ၇၈၀ ကျပ်ထိ ပြန်လည်မြင့်တက်လာခဲ့သည်။

ထို့အတူ ပဲစင်းငုံမှာလည်း တစ်တန်လျှင် ၄၃၀,၀၀၀ ကျပ်ရှိနေရာမှ ၄၂၅,၀၀၀ ကျပ်ထိ ဈေးနှုန်းများ ဆက်လက်ကျဆင်းနေခဲ့သည်။

"ပဲဈေးတွေ ပြန်တက်မလာတာက ရှေ့မှာဝယ်ထားတာတွေ အရမ်းများတယ်။ အကုန်မအပ်ရသေးတော့ ကုန်သည်တွေလက်ထဲမှာလည်း ငွေနည်းတာကြောင့် အရောင်းအဝယ်အများကြီး မဖြစ်တော့ ဈေးကဆက်ကျနေတဲ့ သဘောပဲ"ဟု ပဲကုန်သည်တစ်ဦးကပြောသည်။



ဓာတ်ပုံ - အောင်အောင်

လက်ရှိပဲဈေးကွက်တွင် ပြည်တွင်း၌ ထုတ်ရောင်းထားသော ကုန်သည်အချို့နှင့် ကျဈေးကြိုက်သော ကုန်သည်အချို့ ဝယ်ယူမှုရှိနေပြီး ပို့ကုန်လုပ်ငန်းရှင်ကြီးများ ဝယ်ယူမှုနည်းနေခြင်းကြောင့်လည်း ပဲဈေးများ အတက်နည်းနေခြင်းဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

"ပဲဈေးက ဒီရက်ပိုင်းမှာ ဈေးမတက်ဘူးပြောလို့ရပေမယ့် အနိမ့်ဆုံးဖြစ်ခဲ့တဲ့ပြီးခဲ့တဲ့ လဆန်းနဲ့စာရင်တော့ မြင့်နေသေးတယ်။ ဒါပေမဲ့ ပဲဈေးက နဂိုကကောင်းခဲ့တဲ့ ဈေးနှုန်းကိုတော့ ဘယ်လိုမှ ပြန်မရောက်နိုင်သေးဘူး"ဟု ပဲကုန်သည်တစ်ဦးက ဈေးကွက်ကို သုံးသပ်ပြောသည်။

သို့သော် လတ်တလောတွင် ဝယ်လိုအားနည်းနေသော ပြည်ပဈေးကွက်နှင့် ငွေဈေးနှုန်းများ မြင့်တက်လာပါက ပဲဈေးနှုန်း များပြန်မြင့်လာနိုင်ကြောင်း ပဲကုန်သည်များက ပြောသည်။

"ပဲဈေးနှုန်းတွေက ငွေဈေးနဲ့ဆက်စပ်ပြီး အရောင်းအဝယ်ပေါ် မူတည်ကာ ဈေးအတက်အကျပြောင်းလဲမှုက မြန်နေတယ်။ မနေ့ကနဲ့ ဒီနေ့ပဲ ပဲအမျိုးအစားပေါ် မူတည်ပြီးတော့ နှစ်သောင်း၊ သုံးသောင်းလောက်အထိ ဈေးနှုန်းကွာခြားချက်တွေဖြစ်နေတယ်"ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိပဲဈေးနှုန်းများမှာ ဇွန် ၁၇ရက်တွင် မတ်ပဲ(RC)မှာ ၅၃၀,၀၀၀ကျပ်၊ SQRC မှာ တစ်တန်လျှင် ၆၃၅,၀၀၀ ကျပ်၊ ပဲတီစိမ်း အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၈၃,၁၀၀ ကျပ်ရှိပြီး ပဲစင်းငုံမှာ တစ်တန်လျှင် ၄၄၀,၀၀၀ ကျပ်ရှိခဲ့သည်။ ယနေ့ ဇွန်၁၈ရက်တွင် မတ်ပဲ(RC)မှာ ၅၂၀,၀၀၀ ကျပ်၊ SQRCမှာတစ်တန်လျှင်၆၁၀,၀၀၀ ကျပ်၊ ပဲတီစိမ်း အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၈၂,၂၀၀ ကျပ်နှင့် ပဲစင်းငုံမှာ တစ်တန်လျှင် ၄၂၈,၀၀၀ ကျပ်ရှိသည်။





## စာ(၃၃) - မြန်မာ၊ ဗီယက်နမ် စီးပွားရေးသဘောတူညီမှုစာချုပ်လွှာ သုံးခု လက်မှတ်ထိုး မှ

စားသောက်ကုန်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ လေကြောင်းဆိုင်ရာများ စသည့်လုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံဆွေးနွေးခဲ့ကြရာ အထက်ပါကုမ္ပဏီသုံးခုက နားလည်မှုစာချုပ်ချုပ်ဆိုခဲ့သည်။

"ဗီယက်နမ်က ခုနောက်ပိုင်းမှာ မြန်မာနဲ့ စီးပွားရေးတော်တော်များများမှာ လာရောက်လုပ်ကိုင်တာတွေ့ရတယ်။ ပြီးခဲ့တဲ့ရက်ကလည်း ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီနဲ့ အုတ်စက်ရုံ၊ ကြွေပြားစက်ရုံတွေ ဒီမှာ တည်ထောင်ဖို့ ပြောတာတွေရှိတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက 7Day News သို့ပြောသည်။

မြန်မာ-ဗီယက်နမ်ကုန်သွယ်မှုမှာ အဆင့် ၂၀ တွင်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာသန်း ၁၆၀ ခန့်ရှိကြောင်း အင်တာနက်သတင်းများအရသိရသည်။

## စာ(၃၃) - ဆန်အရောင်းအဝယ်အေးကာ ဈေးကျလာ မှ

"ပဲခူးတိုင်းဒေသကြီးက နွေစပါးအထွက် နောက်ကျတယ်။ ဒီနှစ်မိုးကစောတော့ ဘာမှ မလုပ်နိုင်ဘူး။ စပါးအစိုတွေများပြီး ဈေးမရဘူးဖြစ်နေတယ်။ ပြည်ပတင်ပို့မှုလည်း မရှိတော့ တောင်သူတွေ စိတ်ညစ်နေကြတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ယင်းကဲ့သို့ စပါးဈေးများ ကျဆင်းလာမှုသည် တောင်သူများအတွက် မိုးစပါးစိုက်ပျိုးမှုတွင် အားစိုက်မှုများ လျော့ကျနိုင်သည်။ လက်ရှိဈေးနှုန်းသည် စိုက်ပျိုးစရိတ်ကုန်ကျငွေနှင့် ကွာခြားမှုမရှိပေ။ နွေစပါးတစ်ဧကအတွက် စိုက်ပျိုးစရိတ်သွင်းအားစုနှင့် အလုပ်သမားခစုစုပေါင်း ကုန်ကျငွေမှာ ကျပ်တစ်သိန်းငါးသောင်းမှ နှစ်သိန်းကြားတွင်ရှိသည်။ စပါးအထွက်မှာလည်း တစ်ဧကလျှင် တင်း ၇၀ ဝန်းကျင်မှ တင်း ၈၀ ဝန်းကျင်သာ ထွက်ကြောင်း ပဲခူးတိုင်းဒေသကြီးမှ ကုန်သည်/စက်မှုအသင်းဥက္ကဋ္ဌက ဆိုသည်။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# 7DAY BOOK REVIEW

## နိုင်ငံရေး၏ ကိုယ်ကျင့်တရား အခြေခံ၊ အုတ်မြစ်များ (ဦးမရန်ဘောက်လာ မောင်မောင်ဇေယျ)



ယခုစာအုပ်သည် အမေရိကန်ပြည်ထောင်စု ယေးလ်တက္ကသိုလ် နိုင်ငံရေးသိပ္ပံပညာဌာန ပါမောက္ခ အိုင်ယန်ရှာပီရိုရေးသားခဲ့သော The Moral Foundations of Politics စာအုပ်ကို တိုက်ရိုက်ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ ကချင်လူမျိုးစာရေးဆရာ ဦးမရန်ဘောက်လာက အဆိုပါစာအုပ်ကို ဘာသာပြန်ဆိုနေစဉ်အတွင်း ကွယ်လွန်ခဲ့၍ စာရေးသူမောင်မောင်ဇေယျက ဆက်လက်ဘာသာပြန်ဆိုတည်းဖြတ်ကာ စာအုပ်အဖြစ် ထွက်ရှိလာခြင်းဖြစ်သည်။

စာအုပ်တွင် ပညာအလင်းခေတ်နိုင်ငံရေး၊ ဂန္ထဝင်အသုံးကျမှု အဓိကဝါဒ၊ အခွင့်အရေးနှင့် လက်တွေ့အသုံးကျမှု အကျိုးတို့ကို တစ်ပေါင်းတစ်စည်းတည်းဖြစ်အောင်ပေါင်းစပ်ခြင်း၊ မာ့က်စ်ဝါဒ၊ လူမှုပဋိညာဉ်၊ ပညာအလင်းခေတ်ကို ဆန့်ကျင်သော နိုင်ငံရေး၊ ဒီမိုကရေစီ၊ ရင့်ကျက်သော ပညာအလင်းခေတ်အတွင်းရှိ ဒီမိုကရေစီဟူ၍ အခန်း ၈ ခန်းခွဲကာ ရေးသားထားသည်။ "အစိုးရတွေအပေါ်မှာ ပြည်သူပြည်သားတွေက ဘယ်အချိန်မှာ သစ္စာစောင့်သိ ရိုသေလေးစားပြီး ဘယ်အချိန်မှာ ငြင်းပယ်နိုင်ခွင့် ရှိပါသလဲ။ ဤပြဿနာမှာ ခေတ်အဆက်ဆက် သမနိရှည်စွာတည်ရှိခဲ့သည့်ဘေးကျပ်နံကျပ်အဖြစ်ဆုံး နိုင်ငံရေးပြဿနာတစ်ခုဖြစ်ပါသည်။ ဤပြဿနာ တွန်းအားပေးမှုကြောင့်ပင် ယခုလေ့လာစိစစ်ချက်ပေါ်ထွက်လာခြင်းဖြစ်ပါသည်"ဟူ၍ မူရင်း စာရေးဆရာကဆိုထားပြီး ဆိုကရေးတီး၊ မူတင်လူသာနှင့် သောမတ်မိုးတို့သည် လေ့လာ စိစစ်ချက်အတွက် ချင့်ချိန်စရာ စံနမူနာပေးခဲ့သူများဖြစ်ကြသည်ဟု ဆက်လက်ဖော်ပြထားကာ အခန်း(၂)နှင့်(၃)တို့တွင် ရှေ့ကရည်ညွှန်းထားသည်များကို ကွင်းဆက်အဖြစ် ရှင်းလင်းထားသည်။ အခန်း (၄) မာ့က်စ်ဝါဒတွင် မာ့က်စ်ဝါဒ ယုံကြည်လက်ခံပုံ အဆက်ဆက်ကို ထည့်သွင်းထားသည်။ ထိုအခန်း၌ "မာ့က်စ်ဝါဒီတို့သည် နိုင်ငံရေးအရတရားဝင်မှုကို အကဲဖြတ်ရာ၌ မတရားခိုင်းစေ သွေးစုပ်ခြင်း ရှိမရှိဆိုသည့်အခြေခံစံအမှတ်ဖြင့် တိုင်းတာကြပါသည်။ မာ့က်စ်ဝါဒီများအကြား အချင်းချင်းကွဲလွဲမှုမှာ အထူးပြင်းထန်လှပါသည်"ဟု ရေးသားထားသည်။ အခန်း(၅) ဖြစ်သော လူမှုပဋိညာဉ်အခန်းတွင် "ယခုအခါ လူမှုပဋိညာဉ်သည် ခေတ်သစ်ပုံသဏ္ဍာန်တစ်မျိုးနှင့် ပေါ်ထွက်နေပါပြီ။ ၁၉၅၁ ခုနှစ်တွင် ထုတ်ဝေသော သောမတ်ဟော့ဘ်စ်၏ လီဗီယာသန်ကျမ်းနှင့် ဂျွန်လော့ခ်၏ ၁၉၈၀ ခုနှစ်ထုတ် အစိုးရနှင့် ပတ်သက်သော ဒုတိယကျမ်းတို့စာတမ်းဖြစ်ပါသည်"ဟု ရေးသားခဲ့သည်။

အခန်း (၆) ပညာအလင်းခေတ်ကို ဆန့်ကျင်သော နိုင်ငံရေးတွင် "ပညာအလင်းခေတ်နိုင်ငံရေး တွေးခေါ်မှုကိုဝေဖန်ခဲ့ကြသူများတွင် အက်ဒ်မန်ဘားကဲ့သို့ ထုံးတမ်းစဉ်လာအပေါ် အစွဲအလမ်းကြီးသူများမှစပြီး မျက်မှောက်ခေတ်စာပေလောကမှ ပို့စ်မော်ဒန်သဘောတရားရေး ဆရာများ၊ ဒေသန္တရဘုံအဖွဲ့စနစ်ကို နှစ်သက်သော သဘောတရားရေး ဆရာများအထိ ဝေဖန်သူ တသီတတန်းကြီး ရှိနေလေသည်" ဟု ဖော်ပြပါရှိသည်။

အခန်း(၇)ဒီမိုကရေစီနှင့် အခန်း(၈)ရင့်ကျက်သော ပညာအလင်းခေတ်အတွင်းရှိဒီမိုကရေစီတို့တွင် ဒီမိုကရေစီစတင်ပေါက်ဖွားချိန်၊ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်ပတ်သက်၍ ကွဲပြားသော အယူအဆနှင့်ကွဲပြားခြားနားမှုများကို ပညာအလင်းခေတ်၏ နားလည်သဘောပေါက်မှုဖြင့်သာ ပြည့်ဝသော အဓိပ္ပာယ်ကို ဖော်ကျူးနိုင်မည်ဖြစ်ကြောင်း စာရေးသူက ဆိုထားပါသည်။ စိတ်ကူးချိုချိုစာပေမှ တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge

## အိမ်ထောင်ထိန်းသိမ်းမှုကို မျှဝေပြီး မလုပ်ချင်တဲ့သူ

အမျိုးသားများသည် လက်မထပ်ခင်အတူနေသည့်ကာလများ၌ အိမ်ထောင်ထိန်းသိမ်းမှုကို လက်တွဲဖော်နှင့် မျှဝေလုပ်ဆောင်ပေးသော်လည်းလက်ထပ်ပြီးပါက ယင်းသို့လုပ်ဆောင်မှုမရှိကြောင်း စစ်တမ်းတစ်ခုအရ သိရသည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ လူဦးရေ ၁၇၀၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့ရာတွင် လက်မထပ်ရသေးဘဲ အတူနေထိုင်ကြသည့်စုံတွဲများမှာ အိမ်ထောင့်တာဝန်ကို စိတ်ဝင်တစားညီတူညီမျှဆောင်ရွက်ကြသည်ကို တွေ့ရသည်။

စစ်တမ်းကောက်ယူခဲ့သည့်အဖွဲ့မှ လူမှုဗေဒပညာရှင်ရှန်နွန်ဒေးဗစ်က "စုံတွဲတွေအချင်းချင်း အမျိုးသား၊ အမျိုးသမီးညီတူညီမျှပဲလို့ခံယူထားကြတာတောင်မှ လက်ထပ်ခြင်းက ဘဝရဲ့ထုံးတမ်းဓလေ့တစ်ခုလို အကျိုး သက်ရောက်မှုအဖြစ်ပြောင်းလဲသွားစေပါတယ်"ဟုပြောကြားသည်။ အကယ်၍တာဝန်ကိုယ်စီနှင့်မျှဝေခံစားကာ ပျော်ရွှင်သောဘဝတစ်ခုတည်ဆောက်မည်ဆိုပါက လက်မထပ်ဘဲအတူနေခြင်းက ပိုမိုအဆင်ပြေသည့် အနေအထားရှိသည်ဟုဆိုသည်။

*—Source: Reader's Digest*

# တစ်ပတ်တာကံကြမ္မာ

ဇွန် ၂၂ ရက် မှ ၂၈ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ငွေကြေးကံကောင်းမည်။ စီးပွားတိုးတက်မည်။ ကြံစည်ကြိုးပမ်းမှုများမှ ထူးခြားစွာအောင်မြင်ခြင်း ဖြစ်ထွန်းစေမည်။ ရုတ်တရက် ငွေအစုလိုက်ဝင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ အိုးအိမ်ကိစ္စအတွက် စကားပြောဆိုမှုများ အဆင်ပြေမည်။ အတိတ်ကံမြင့်မားသူများအဖို့ အိုးပိုင်၊ အိမ်ပိုင်၊ ခြံကား အခန်းဝင် မည်။ လူမျိုးခြား၊ တိုင်းတစ်ပါးမှ ဆက်နွယ်သော လုပ်ကိုင်မှုများ အထူးအဆင်ပြေမည်။ တက်လမ်းအသစ်ပေါ်မည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အရာရာ အဆင်ပြေမည်။ ငွေကြေးကံ တိုးတက်နေမည်။ လုပ်ငန်းသစ်များကို ရှေ့တိုး၍ဆောင်ရွက်ပါ။ တိုးတက်မည်။ ရည်မှန်းထားသည်များကို အကောင်အထည်ဖော်နိုင်မည်။ အပြိုင်အဆိုင်များကြားမှ တိုးတက်မည်။ အိုးအိမ်ကိစ္စဆောင်ရွက်အဆင်ပြေမည်။ တန်ဖိုးဩဇာမြင့်မားမည်။ ပတ်ဝန်းကျင်တွင် စိုးမိုးနိုင်ခြင်းရှိမည်။ ဘုရားဖူးခရီးရှိမည်။ အလှူနှင့်ပတ်သက်သောခရီးရှိမည်။ ပျောက်နေသော ပစ္စည်းပြန်လည်ရရှိမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

မိမိဆောင်ရွက်ကြိုးပမ်းမှုကြောင့် တိုးတက်ဖြစ်ထွန်းမည်။ အလုပ်၊ ငွေကြေးစီးပွားတိုးတက်မှုရမည်။ လာဘ်ပွင့်မည်။စိတ်ကူးသစ်နှင့် ဆောင်ရွက်သည်များမှ ကောင်းသော တက်လမ်းပွင့်မည်။ အလုပ်သစ်၊ အကြံသစ်များလုပ်ကိုင်ရန် အနေအထားသစ်ပေါ်မည်။အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်မည်။ အရှေ့အရပ်၊ အနောက်တောင်အရပ်များနှင့် ဆက်စပ်လုပ်ကိုင်မှုများမှ ထူးခြားသော တိုးတက်မှုများ ဆက်တိုက်ရရှိမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ဘဝတိုးတက်ခြင်းရှိမည်။ ကိုယ်ပိုင်စိတ်ကူးများကို လက်တွေ့ အကောင်အထည်ဖော်၍ အကျိုးရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ အပြောင်းအလဲကိစ္စအောင်မြင်မည်။ ငွေကြေးခန တိုးပွားပြည့်စုံမည်။ ယှဉ်ပြိုင်ပြီးလုပ်သောလုပ်ငန်းတိုးတက်မှုဖြစ်ပေါ်မည်။စကားပြောဆိုမှုများ အဆင်ပြေမည်။ ငွေကြေးမြှုပ်နှံမှုများတွင်ကောင်းကျိုးပေးမည်။ စနေနံ၊ တနင်္လာနံမွေးသူများ၏ ပူးပေါင်းမှု၊ တွဲဖက်ကူညီမှုများရမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ဆန္ဒရှိရဲရဲရှေ့တိုးဆောင်ရွက်ပါ။ အလုံးစုံအဆင်ပြေမည်။ အလုပ်ကိစ္စအောင်မြင်မည်။ အခက်အခဲမှန်သမျှကျော်လွှန်၍ တိုးတက်မှုရရှိမည်။ ရပ်ဝေးနှင့် ဆက်သွယ်၍ လုပ်ငန်းစီးပွားဆောင်ရွက်မှုများမှ ကောင်းသော အကျိုးဆက်ရရှိမည်။ ထီကံပွင့်သည်။ ငွေကြေးကိစ္စစကားဖြေဆိုမှုများအောင်မြင်မည်။ အပြောင်းအလဲများအတွက် ကြီးကဲသူများထံဝင်ရောက်တွေ့ဆုံခြင်းများအတွက် အခါကောင်းဖြစ်သည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

စီးပွားဥစ္စာတိုးတက်မည်။ ပညာအတတ်ကို အခြေတည်၍ အောင်မြင်မှုရရှိမည်။ အကြီးအကဲထံမှ အကူအညီရရှိမည်။ မိသားစုစီးပွားရေးကိစ္စများတွင် အခြေအနေကောင်းများ ပေါ်ပေါက်မည်။ ဤကာလအတွင်း လာဘ်လာဘကံ အထူးကောင်းပေရာ ထီပေါက်ကိန်း ကြုံပေရာ လာဘ်ပွင့်မည်၊ ငွေဝင်မည်။ ငွေကြေးကိစ္စပြောဆိုအောင်မြင်မည်။ မိတ်ကောင်း၊ ဆွေကောင်းများထံမှ အကူအညီရတတ်သည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အနောက်စူးစူးသို့ ခရီးသွားပါ။ ထူးခြားသည့်အကြောင်းအရာတစ်ခုဖြစ်ပေါ်မည်။ လူမျိုးကွဲများ ရောက်ရှိ၍ စီးပွားလုပ်ကိုင်ခြင်းများ ကမ်းလှမ်းခံရမည်။ အနက်ရောင် ကျောက်တစ်လုံးလက်ဆောင်ရပါက အထူးကောင်းသည်။ ထိုကျောက်ကို အဖြူရောင်ပိတ်စဖြင့် ချည်နှောင်သိမ်းဆည်းခြင်းပြုပါ။ အထူးကံကောင်းမည်။ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်းခရီးနှင့်ပတ်သက်သော ကံကောင်းသည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အလုပ်အကြံအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စီးပွားလာဘ်လာဘတိုးမည်။ တိုင်းတစ်ပါးနှင့် ဆက်သွယ်ပြီးလုပ်သော ကိစ္စများမှ တိုးတက်မှုရရှိမည်။ အပြိုင်ကြားမှ တိုးတက်မည်။ ရုတ်တရက်ဆုံးဖြတ်ပြီး လုပ်သောကိစ္စများမှ ကောင်းကျိုးရရှိမည်။ ကိုယ်ကပြောသော စကားထက် သူတစ်ပါးပြောသော စကားကိုနားထောင်သင့်သောကာလဖြစ်သည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

အခက်အခဲများကျော်လွှားနိုင်မည်။ ပြောဆိုဆောင်ရွက်သမျှ ထိထိမိမိရှိမည်။ အနှောင့်အယှက်ပေးသောသူများကို ကျော်လွှားအောင်မြင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။တိုင်းတစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်သော ကိစ္စများမှ တိုးတက်အောင်မြင်မည်။ ခရီးသွားရင်း ထူးခြားသော စန်းများပေါ် ထွန်းသော အနေအထားကြုံမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

မလုပ်ဖူးသေးသော လုပ်ငန်းများလက်တွေ့လုပ်ကိုင်နိုင်မည်။ ယှဉ်ပြိုင်ပြီးလုပ်သောကိစ္စများ အောင်မြင်မည်။ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ခရီးအဆင်ပြေမည်။ သူတစ်ပါးနှင့်မတူသော ရှုထောင့်မှ တွေးခေါ်လုပ်ကိုင်ရင်း အဆင်ပြေမှုများရရှိမည်။ အလုပ်ကိစ္စနှင့် အရှေ့မြောက်အရပ် ခရီးသွားပါက ထူးခြားသော ကံလမ်းကြောင်းများပေါ် ပေါက်မည်။ ရပ်တန့်ထားသော လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်မည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ပြောဆိုလုပ်သမျှ အဆင်ပြေမည်။ လာဘ်လာဘစီးပွားရေးပြည့်စုံမည်။ ရုတ်တရက်ဆောင်ရွက်လိုက်သည်များမှ အကျိုးကောင်းရရှိမည်။ အိမ်၊ ခြံ၊ မြေကိစ္စ ပြောဆိုအောင်မြင်မည်။ မိသားစုတွင် အင်္ဂါနေ့၊ စနေနေ့မွေးသူများကြောင့်ဖြစ်ပေါ်သော စိတ်အနှောင့်အယှက်များဖြေရှင်းပေးနိုင်မည်။ ဆွေမျိုးမိတ်သင်္ဂဟများတွင် မျက်စိနှင့်ပတ်သက်သော ရောဂါအတွက် မိမိကပါဝင်ကူညီပေးရတတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အတိတ်ကာလကခက်ခဲသောကိစ္စများကို ဖြေရှင်းနိုင်မည်။ မိသားစုတွင် ဖြစ်ပေါ်နေသော စိတ်အနှောင့်အယှက်များ ဖယ်ရှားနိုင်သည်။ စီးပွားကိစ္စ လုပ်ငန်းမှန်သမျှ ရှေ့တိုးဆောင်ရွက်နိုင်သည်။ ငွေကြေးမြှုပ်နှံသူများအတွက် အခါကောင်းဖြစ်သည်။ သောကြာနံ၊ ကြာသပတေးနံ လုပ်ငန်းများကောင်းကျိုးပေးမည်။ ရပ်တန့်ထားသည့် လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည့်ကာလဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

မေလအတွင်း နိုင်ငံ၏ငွေကြေးဖောင်းပွမှုသည် ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း အစိုးရအချက်အလက်ဒေတာများက ပြဆိုနေရာ တရုတ်နိုင်ငံသည် ငွေကြေးဖောင်းပွမှုတိုက်ဖျက်ရေး အစီအစဉ်ကို အရှိန်မြှင့်တင်လိုက်ပြီး လက်လက်ထနေသည့်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဇက်ကြိုးသတ်ရန် ကြိုးပမ်းနေသည်။ ယင်းမှာဘဏ်များ၏ ငွေချေးမှုကို ကန့်သတ်လိုက်ခြင်း ဖြစ်သည်။

ဘဏ်များအနေဖြင့် သီးသန့်ဖယ်ထားရသည့် ငွေပမာဏကိုပြဆိုသည့် အရန်ငွေကြေးလိုအပ်ချက်နှုန်းထားကို ဗဟိုဘဏ်က ထပ်မံမြှင့်တင်လိုက်ရာ ဘဏ်များ၏ငွေချေးနိုင်မှုပမာဏအားလျှော့ချပြီးသားဖြစ်သွားသည်။ ယင်းအရန်ငွေကြေးထားရှိမည့် နှုန်းထားကို ယခုနောက်ဆုံးအကြိမ်တွင် ဒသမ ၅ ရာခိုင်နှုန်း (0.5 percent) မြှင့်တင်လိုက်သည်။

ယခုနှစ်တစ်နှစ်တည်းမှာပင် ယင်းအရန်ငွေကြေးထားရှိမှုနှုန်းထားကို ခြောက်ကြိမ်တိုင်တိုင် မြှင့်တင်ခဲ့ပြီဖြစ်ရာ ငွေချေးငှားမှုအများဆုံးဘဏ်များအတွက် ၎င်းနှုန်းထားမှာ ယခုအခါ ၂၁ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာပြီဖြစ်သည်။ သို့သော်လည်း ယင်းသို့ အရေးယူခြင်းမှာ ယခုအချိန်အထိ ငွေကြေးဖောင်းပွမှုနှင့် ပတ်သက်၍ နိုင်ငံ့စီးပွားရေးကို အေးစက်သွားစေရန် မတတ်နိုင်သေးပေ။ သို့ဖြစ်ရာ ရှေ့လာမည့်လများတွင် ငွေကြေးဆိုင်ရာ ထိန်းချုပ်မှုများ ထပ်မံ၍ ရှိလာဦးမည်ဟု ခွဲခြမ်းစိတ်ဖြာလေ့လာသူများနှင့် စီးပွားရေးပညာရှင်များ မျှော်လင့်ထားကြပါသည်။

ဘဏ်များ၏ ချေးငှားမှုကို တင်းကျပ်ရန် ယခုနောက်ဆုံးအရေးယူဆောင်ရွက်မှု မတိုင်မီနာရီပိုင်းအတွင်းကပင် တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းများသည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်နေကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းမှာလေ့လာသူများ မျှော်မှန်းထားသည်ထက် အနည်းငယ်ပိုမြင့်ပြီး ဧပြီလ၏ ၅ ဒသမ ၃ ရာခိုင်နှုန်းထက်လည်း ပိုများနေသည်။

အားလုံးခြုံကြည့်ပါက တရုတ်နိုင်ငံ၏ စီးပွားရေးသည် အနည်းငယ် နှေးကွေးလာသော်လည်း အားကောင်းမောင်းသန် ချီတက်နေဆဲပင်ဖြစ်သည်။ တရုတ်စီးပွားရေးမှာ နိုင်ငံတကာ စီးပွားရေးကို အဓိကမောင်းနှင်နေသည့် အင်ဂျင်လည်းဖြစ်သည်။ ပြီးခဲ့သည့်လအတွင်း တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှု ၁၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ လက်လီရောင်းချရမှုမှာလည်း ၂၀၁၀ ပြည့်နှစ် မေလနှင့် နှိုင်းယှဉ်လျှင် ၁၆ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာကြောင်း အစိုးရက ထုတ်ပြန်သည့်အချက်အလက်များတွင် ပြဆိုနေသည်။



# တရုတ်ငွေကြေးဖောင်းပွမှု တိုက်ဖျက်ခြင်း

**ကြည်နေဝင်းမင်း**

သို့သော် ယင်းတိုးတက်မှုများမှာ ဧပြီလနှုန်းထားများကို လိုက်မမီဘဲရှိရာ လွန်ခဲ့သောလ အနည်းငယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလာကြောင်း ဒေတာများက ပြသနေသည်။ သို့သော်ယင်းမှာ ငွေကြေးဖောင်းပွမှုကိုတိုက်ဖျက်ရန် နောက်ထပ်အရေးယူဆောင်ရွက်မှုများ လိုအပ်နေသေးသည်ဟုပင် အဓိပ္ပာယ်ရပြီးအထွေထွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမထိခိုက်စေဘဲ တစ်ချိန်တည်းမှာပင် ငွေချေးငှားမှုများကို ဘေဂျင်းအနေဖြင့် ဇက်သတ်၍ ရနိုင်သေးကြောင်း ပြဆိုနေခြင်းလည်းဖြစ်သည်။

"ငွေကြေးဖောင်းပွမှုကလည်း ထင်ထားတာထက် မြင့်နေတယ်။ စီးပွားရေးဖွံ့ဖြိုးမှုကလည်း မျှော်လင့်ထားတာထက် အားကောင်းနေတယ်ဆိုတော့ အတိုးနှုန်းကို ထပ်ပြီးတင်းကျပ်လို့ရသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ" ဟု၍ ဟောင်ကောင်အခြေစိုက် စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပါသည်။

ကုန်ဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်လာမှု၊ အားကောင်းသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လုပ်ခတိုးပေးရန် ဖိအားများနှင့် အချို့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုများ ရှိနေရာ ကမ္ဘာ့နေရာအနှံ့အပြား၌ ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လာခဲ့သည်။ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသော စက်မှုစီးပွားထွန်းသစ်လာသည့် နိုင်ငံများတွင် ငွေကြေးဖောင်းပွမှု ပိုများသည်။ အိန္ဒိယနိုင်ငံမှလာသော အချက်အလက်များကလည်း ယင်းအခြေအနေသစ်ကို ပို၍ထင်ရှားလာစေသည်။ ထို့အတွက် ပေါ်လစီချမှတ်သူများ အပေါ်တွင်လည်း ငွေကြေးဖောင်းပွမှုတိုက်ဖျက်ရေးကို ပိုမိုလုပ်ဆောင်ရန် ဖိအားပြင်းထန်လာသည်။

တရုတ်တာဝန်ရှိသူများကလည်းစားသုံးသူကုန်ကျစရိတ်များ မြင့်တက်လာခြင်းကို အလွန်အလေးထားနေကြပြီး အစားအစာနှင့်လောင်စာဈေးနှုန်းများ မြင့်တက်မှုမှနေ၍ လူမှုရေးတင်းမာမှုများဖြစ်ပေါ်လာနိုင်သည်ကို သတိရှိနေကြသည်။ တရုတ်နိုင်ငံတွင် တစ်နေ့တခြား ကြွယ်ဝမှုများတိုးပွားလာသော်ငြားလည်း လောင်စာနှင့် အခြားနေ့စဉ်စားသုံးကုန်များ ဈေးမြင့်လာမှုက သာမန်အလုပ်သမားများအပေါ် ဝန်ပိလာပါသည်။

"ငွေကြေးဖောင်းပွမှု ဖိအားတွေ က ပြင်း ထန် နေ ဆဲ ပါ ပဲ" ဟောင်ကောင်ရှိ HSBC ဘဏ်မှ စီးပွားရေးပညာရှင် ကျူဟောင်ဘင်ကမှတ်ချက်ပေးပြီး တစ်ဆက်တည်းမှာပင် စားသောက်ကုန်ဈေးနှုန်းများမှာ လွန်ခဲ့သော ငါးလဆက်တိုက် တစ်ဆယ်ရာခိုင်နှုန်းစီခန့်မြင့်တက်လာခဲ့ကြောင်းပြောကြားပြီး ထို့အတွက် စီးပွားရေးဖွံ့ဖြိုးမှုထက် ငွေကြေးဖောင်းပွမှုကပေါ်လစီချမှတ်သူများအတွက် အဓိကဖြေရှင်းရမည့် အရေးကိစ္စဟု တရုတ်စီးပွားရေး ပညာရှင်က ပြောကြားပါသည်။

သို့သော် တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံ၏ နောက် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးပိုင်ဆိုင်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးမှာ အလွန်နှေးကွေးသွားခြင်းမဟုတ်ဟူ၍လည်း အစိုးရက ထုတ်ပြန်သည့် အချက်အလက်များတွင် ပြဆိုနေပြန်ပါသည်။

အကျနာမည်ကို စိုးရိမ်မှုများနှင့်အာဏာပိုင်များက အလွန်အကျွံနှိပ်ကွပ်မည်ကို စိုးရိမ်မှုများကြောင့်လည်း မကြာမီလပိုင်းအတွင်း တရုတ်နိုင်ငံနှင့် အခြားနိုင်ငံတကာဈေးကွက်များရှိ စတော့ရှယ်ယာဈေးကွက်များတွင် ထိန်းထိန်းသိမ်းသိမ်းရောင်းဝယ်မှုများ ဖြစ်ပေါ်ခဲ့ပြီး တရုတ်ပြည်မကြီး ရှန်ဟိုင်းဈေးကွက်၏ အရေးပါသောညွှန်းကိန်း CI မှာ ၁၀ ရာခိုင်နှုန်းကျဆင်းလာသည်။ ယခုနောက်ဆုံး အစိုးရအချက်အလက်များထွက်ပေါ်လာချိန်တွင်လည်း ၎င်းညွှန်းကိန်းတစ်ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။

တရုတ်နိုင်ငံတွင် အကျနာမည်ကို ဈေးကွက်က တစ်နေ့တခြား စိုးရိမ်ပူပန်လာကြောင်း၊ သို့သော်ယခုအချိန်အထိ တရုတ်နိုင်ငံ၏ စီးပွားရေးအားကောင်းနေသေးသည်ကို အချက်အလက်ဒေတာများက ပြသနေကြောင်း ဘေဂျင်းမြို့ရှိတရုတ်စီးပွားရေးသုတေသနအဖွဲ့ အကြီးအကဲတောင်ဝမ်းကပြောပါသည်။ သို့သော် လက်ရှိအခြေအနေမှာ လအနည်းငယ်သာတာရှည်ခံနိုင်ကြောင်း မစ္စတောင်ဝမ်းက ဆက်လက်ပြောကြားပါသည်။

ထို့အတွက် ရှေ့လာမည့်လများတွင် တရုတ်ဗဟိုဘဏ်က ငွေချေးနှုန်းများကို တိုးမြှင့်လိမ့်မည်ဟုစီးပွားရေးပညာရှင်များက သုံးသပ်ထားကြပြီး ဘဏ်များအတွက် အရန်ရန်ပုံငွေထားရှိမှု နှုန်းထားကိုလည်း ထပ်မံတိုးမြှင့်နိုင်သည်ဟုမျှော်လင့်ကြသည်။ သို့သော် ဈေးနှုန်းမြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟုလည်း စီးပွားရေးပညာရှင်များက သုံးသပ်ကြပါသည်။

—*Ref: NY Times*




REALLY USEFUL DIRECTORY!
လုပ်ငန်းရှင်တွေရဲ့ အမှန်တကယ် လိုအပ်ချက်နဲ့ ကိုက်ညီပြီး
နယ်မြို့တွေက လုပ်ငန်းလိပ်စာ(၂)သိန်းကျော်ကို ပထမဦးဆုံးဖော်ပြခဲ့တဲ့လမ်းညွှန်
2011
YANGON
BUSINESS DIRECTORY
တကယ်
အသုံးတည့်တဲ့
လမ်းညွှန်
www.myanmarbusinessdirectory.com
Times Printers (Singapore)


TOP Country
Mistine


candid

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 56,900 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 94,100 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 99,000 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 157,600 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 251,600 |
| **Motherboard** | |
| MSI G4 1M-P33/P23 (775) Motherboard | 50,300 |
| MSI H55M-E32 (1156) Motherboard | 78,400 |
| MSI P67A-GD55 (B3) (1155) Motherboard | 160,900 |
| ASUS P5G41T-MLX (775) Motherboard | 51,200 |
| ASUS P7H55-MLX (1156) Motherboard | 74,300 |
| ASUS P7H55M/USB3 (775) Motherboard | 99,000 |
| Gigabyte P41MT-S2P (775) Motherboard | 51,200 |
| Gigabyte H55M-S2V (1156) Motherboard | 82,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 38,800 |
| 1 GB DDR2 (800) Kingston Memory | 14,900 |
| 2 GB DDR2 (800) Kingston Memory | 23,900 |
| 4 GB DDR3 (1333) Kingston Memory | 35,500 |
| **Harddisk** | |
| 500 GB Seagate SATA | 41,300 |
| 1 TB Seagate SATA | 54,500 |
| 2 TB Seagate SATA | 80,000 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 46,200 |
| MSI NX 8400GS 512MB PCI Express Card | 36,300 |
| MSI R5450 1GB DDR3 PCI Express Card | 45,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 118,000 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 44,600 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 49,500 |
| Gigabyte 8400STC 512I 512MB PCI Express Card | 33,000 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB (C802) | 9,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick Apacer 4 GB(C903) | 9,500 |
| Memory Stick Adata 8 GB (C003) | 14,000 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 14,000 |
| Memory Stick Imation 16 GB | 22,000 |
| **UPS** | |
| SVC (600 VA) | 24,800 |
| SVC (1.2 KVA) | 52,000 |
| Power Pro (650 VA) | 34,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 31,000 |
| Allways (1.2 KVA) | 64,000 |
| Star (650 VA) | 28,050 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,750 |
| ASUS DVD Writer (SATA) | 25,575 |
| HP DVD Writer (SATA) | 23,925 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ ဇွန်လ (၁၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i5 2.30Ghz 4GB DDR3, 640GB HDD,15.6″ | 643,000 |
| AMD Dual Core C-50 2GB DDR3, 32GB SSD,10.1″ | 499,000 |
| **Asus** | |
| Intel Core i5 2.30Ghz 4GB DDR3, 640GB HDD,14.0″ | 717,000 |
| **Apple** | |
| Intel Core i5 2.3Ghz 4GB DDR3, 320GB HDD,13.3″ | 1,113,000 |
| **Hp** | |
| Intel Core i7 2.0Ghz 4GB DDR3,500GB HDD,15.6″ | 866,000 |
| **Sony** | |
| Intel Core i5 2.30Ghz 4GB DDR3,500GB HDD,14.0″ | 1,060,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 490,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန် (၁၇)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်း ရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၇၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၇,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၄၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၇၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၁၈) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁၅၀၀-၂၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၅၀၀-၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇွန် (၁၈) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၀၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၆၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၂,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

ဇွန်(၁၈)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၆၀ |
| စုဇူကီး ဝက်ဂွန် R+ | - | ၁ဂ/၂ဂ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂဇ | ၂၀၀ |
| စုဇူကီး R- (2Way) | - | ၂ဂ | ၁၅၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | လ/သ/အ | ၁၉၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၄ | ၄ဂ | ၁၁၅၀ |
| နီဆန်းစူပါစလွန်း | ၈၆ | ၄ဂ | ၂၅၀ |
| ပါဂျဲရို | ၉၇ | ၅ဂ | ၁,၀၀၀ ကြား |

ဇွန် (၁၇) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ် ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။


## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | June (11) | June (12) | June (13) | June (14) | June (15) | June (16) | June (17) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၇၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane ဒီဇယ် | ၃,၉၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |

7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# 'အ'ငါးပါးနှင့် မြတ်ဆရာ

မြင့်မြတ်ဖြူ
(မြောက်ဦး)



"ကျောင်းအပ်ရတာ ပိုက်ဆံမကုန်လို့ စိတ်ချမ်းသာရမလား မှတ်နေတာ ကျူရှင်ခတွေက မနှစ်ကထက်ပိုများလာပြီ"

အိမ်ဘေးရှိ ကလေးနှစ်ယောက်မိခင်ဖြစ်သူ၏ စကားသံဖြစ်သည်။

"သုံးတန်းကလေးကို ကျူရှင်သွားအပ်တာ ရိုးရိုးတန်းနဲ့ ရှယ်တန်းဆိုပြီး ခွဲထားသေးတယ်လေ။ ရှယ်အတန်းဆိုရင် တစ်လကို တစ်သောင်းပေးရမယ်တဲ့"ဟု မြောက်ဦးမြို့၊ တောင်ရပ် ရပ်ကွက်မှ ကလေးတစ်ယောက်မိခင်စက်ဆရာမတစ်ဦးဖြစ်သူ ဒေါ်အေးအေး(အမည်လွှဲ)၏ ညည်းတွားသံပင်။

ကျောင်းအပ်နှံရာတွင် ယခင်နှစ်များကဲ့သို့ ငွေကုန်ကြေးကျမများဘဲ သတ်မှတ်နှုန်းထားဖြင့်သာ ကျောင်းအပ်နှံရကြောင်း ကြားသိရသည့်အတွက် မိဘများ နည်းတူဝမ်းသာပျော်ရွှင်ခဲ့မိသည်။

ဂျာနယ်များ၊ သတင်းစာများတွင် ဖတ်ရ၍ ပညာရေးခေတ်ပြောင်းလဲလာပြီဟု ကြည်နူးခဲ့ရသည်။ သို့သော် ကြည်နူးဝမ်းသာစိတ်များကား ကောက်ရိုးမီးပမာ ကြာရှည်မခံခဲ့။ ရှစ်တန်းတစ်ယောက်အငယ်ကောင်က လေးတန်း၊ ရှစ်တန်းကျောင်းသူအတွက်က ကျူရှင်ခတစ်သောင်းခွဲ၊ အငယ်ကောင်အတွက်က ရှစ်ထောင်ပေးရတယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ သားသမီးပညာရေးအတွက်ဆိုတော့ အကုန်ခံရမှာပေါ့" ဟု မြောက်ဦးမြို့၊ တောင်ရပ် ရပ်ကွက်မှ ဈေးသည်အမျိုးသမီးတစ်ဦးက ပြောသည်။

"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်"ဆိုသည့် ပညာရေးရည်မှန်းချက်ကား အမှန်တကယ် မြင့်မြတ်လှပေသည်။

ထိုသို့ ပညာရေးစနစ်ဖြစ်ပေါ်လာစေရန်အတွက် အရေးကြီးဆုံး ပုဂ္ဂိုလ်များမှာ အနန္တဂိုဏ်းဝင်ဆရာများပင် ဖြစ်ပေသည်။

"အခု ကျောင်းအများစုမှာ ဆရာတွေ သင်နေကြတာက ကျောင်းမှာ တစ်မျိုး၊ ကျူရှင်မှ တစ်မျိုးဖြစ်နေကြတယ်။ ကျောင်းမှာကျတော့ အဖြစ်သင်ပြီး ကျူရှင်ကျတော့မှ အတတ်သင်ပေးနေကြတယ်" ဟု မြောက်ဦးမြို့မှ ပညာရေးလေ့လာသူဝန်ထမ်းတစ်ဦးက ပြောသည်။

"ဆရာကောင်း၊ ဆရာတော်တစ်ယောက်ဖြစ်ချင်လို့ ရှိရင် 'စ'ငါးပါးဆောင်ပြီး 'အ'ငါးလုံးကို ရှောင်နိုင်မှ ဖြစ်မယ်။ အ ငါးလုံးထဲက အသပြာလောက လွှမ်းမိုးမှုနဲ့ အချောင်ခိုမှုစတာတွေကို ရှောင်နိုင်မှ ဆရာကောင်းဖြစ်နိုင်မယ်" ဟု ရန်ကုန်ပညာရေး တက္ကသိုလ်တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်စဉ်က ဆရာမ ဒေါ်ခင်သန်းနွယ်၏ ဆုံးမစကားကား အဖိုးတန်လှပေသည်။

**စ ငါးပါးဖြစ်သည့်**

-စိတ်ဓာတ်မှန်ကန်မွန်မြတ်ခိုင်မာခြင်း၊
-စေတနာမှန်ခြင်း၊စာရိတ္တကောင်းမွန်ခြင်း၊
- စာပေကို စနစ်တကျ လေ့လာသင်ပြခြင်း၊
-စိစစ်ဝေဖန်သည့် ကျင့်စဉ်ရှိခြင်း တို့ကိုဆောင်၍ 'အ'ငါးပါးဖြစ်သည့်
- အဂတိတရားလေးပါး၊
- အရှက်တရား မရှိသည့် အလဇ္ဇီ (ဝါဒုသီလ)ဖြစ်ခြင်း၊
-အချောင်နိုင်မှု၊
- အစွန်းရောက်မှုကျင့်စဉ်၊
- အသပြာလောက လွှမ်းမိုးမှု စသော အ -ငါးလုံးကို ရှောင်နိုင်မှသာ အာစရိယ ဂုဏော အနန္တောဟူသည့် ဆရာကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း ဆရာမ ဒေါ်ခင်သန်းနွယ်က ဆုံးမခဲ့သည်။

"ပိုက်ဆံချမ်းသာချင်တယ်ဆိုရင် ကျောင်းဆရာ၊ ဆရာမ မလုပ်တာ အကောင်းဆုံးပဲ။ ကျူရှင်သင်ပြီး ကြီးပွားအောင် ပိုက်ဆံရှာတယ်ဆိုတာ စေတနာဆရာ မဟုတ်ဘဲ အသပြာ ဆရာဖြစ်သွားပြီ"ဟု ရန်ကုန်ပညာရေးတက္ကသိုလ် သင်ပြနည်းဌာနမှ နည်းပြဆရာတစ်ဦးဖြစ်သူ ဆရာဦးဌေးဝင်းက ပြောသည်။

"အခုခေတ်က ကျူရှင်ခေတ်လေ၊ ကျူရှင်မထားလို့ရှိရင် အခန်းထဲမှာ ဘယ်တော့မှ ထိပ်တန်းအဆင့်တွေထဲကိုမရောက်ဘူး"ဟု ဒေါ်အေးအေးက ဆက်လက်ပြောကြားသည်။

ဒေါ်အေးအေးကဲ့သို့ မိဘအများစု၏ စိတ်ထဲတွင်ကား ကျူရှင်မထားလျှင် မိမိ၏ ကလေးမျက်နှာငယ်ရသည်ဟူသည့် စိတ်များကိန်းအောင်းနေကြသည်။

မိမိ၏ သားသမီးကို ပညာတတ်စေလိုသည့်စိတ်နှင့် မိမိ၏ ရင်သွေးကျောင်းတွင် မျက်နှာမငယ်စေရန်အတွက် ယခုကဲ့သို့ ကျူရှင်များကို ထားရှိအပ်နှံရခြင်းဖြစ်ကြောင်း မြောက်ဦးမြို့ရှိ မိဘအများစုက ပြောသည်။

"သုံးတန်းကလေးကျူရှင်သင်တာတောင်မှ ရိုးရိုးနဲ့ရှယ်ဆိုပြီး ခွဲထားတယ်တဲ့၊ ရှယ်ဆိုရင် တစ်လကို တစ်သောင်းပေးရမယ်ဆိုတော့။ ကျူရှင်စရိတ်၊ စာအုပ်ဖိုးနဲ့ တခြား စရိတ်တွေ တွက်လိုက်ရင် တစ်လကို တစ်သိန်းနီးပါးလောက်ဖြစ်နေပြီ။ ကျွန်မတို့က သမီးတစ်ယောက်ပဲရှိတော့ တော်သေးတယ်" ဟု မြောက်ဦးမြို့မှ မိဘတစ်ဦးက ရင်ဖွင့်ပြောကြားသည်။

ကမ္ဘာ့ပညာရေးပညာရှင်တစ်ဦးဖြစ်သူ ရစ်ချတ်ရယ်ဂျီနယ်(လ်) ဂရင်"၏ "တိုင်းပြည်ရဲ့ အနာဂတ်ဟာ ဆရာတွေရဲ့ ပခုံးပေါ်မှာ ကျရောက်နေတယ်။ ဆရာတွေက တပည့်တွေကိုဘယ်လိုစေတနာထားပြီး သင်ကြားပေးနေသလဲဆိုတဲ့ အပေါ်မှာ တည်နေတယ်။ ကမ္ဘာကြီးရဲ့ အနာဂတ်ကတော့ ဆရာတွေသင်ပြနေတဲ့ စာသင်ခန်းတွေမှာ ရှိနေတာပေါ့" ဆိုသည့် ဆွေးနွေးတင်ပြချက်ကလည်း မိမိကိုယ်ကို ဆရာဟူ၍ခံယူထားသူတို့၏ စိတ်တွင်စဉ်းစားသင့်ကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များမှ သင်ကြားပို့ချပေးလိုက်သည့် သင်ကြားလမ်းညွှန်ချက်များက ပညာရေးစနစ်အတွက် အထူးကောင်းမွန်သော်လည်း လက်တွေ့တွင် လမ်းညွှန်သည်အတိုင်း လိုက်နာသည့် ဆရာအရေအတွက်မှာ အထူးပင် နည်းပါးနေသေးကြောင်း ရန်ကုန်ပညာရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားတစ်ဦးကပြောကြားသည်။

"အခု ဖြစ်နေကြတာက ဆရာတွေကလည်း ကိုယ့်ဆီမှာ ကျူရှင်မနေရင် ကျူရှင်မတက်ရင် ကိုယ်တပည့် မဟုတ်သလိုဘဲ တပည့်တွေကလည်း ကိုယ့်ကိုသင်တဲ့ဆရာ၊ ဆရာမမဟုတ်ရင် ဆရာလို့ မသတ်မှတ်ချင်ကြဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာစကားအရ-

"မြတ်ဆရာဟူသည် အနန္တဂိုဏ်းဝင်၊ ဆရာသခင်ကျေးဇူးရှင်" ဟူ၍ ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာရိုသေလေးစားကြသည်။

ဆရာများဘက်မှလည်း သင်္ဂဇာဆရာတော်၏ စကားအတိုင်း "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့"ဟူသည့် ဝတ္တရားများကျေပွန်မှသာ အနန္တဂိုဏ်းဝင် ဆရာတစ်ဦး ဖြစ်နိုင်မည်ဖြစ်သည်။

ယူနက်စကိုမှ စူးစမ်းလေ့လာခဲ့သော 'ဆရာဆိုတာ'နှင့်ပတ်သက်သည့် ကလေးများ၏ ထင်မြင်ယူဆသော သဘောထားများထဲမှ ရုရှားနိုင်ငံမှ အသက် ၁၂ နှစ်အရွယ် ကျောင်းသူတစ်ဦး၏ "ဆရာဆိုတာ ကျောင်းသားရင်သားမခွဲခြားရဘူး၊ စည်းကမ်းတိကျ လိုက်နာသူဖြစ်ရမယ်"ဆိုသည့်အတိုင်း တပည့်များအပေါ် သာတူညီမျှ ဆက်ဆံရန် တပည့်များက မျှော်လင့်ကြသည်။

"အတန်းပိုင်ဆီမှာ ကျူရှင်မနေလို့ရှိရင် ကျောင်းမှာ အနှိမ်ခံရတယ်ဗျ။ အတန်းပိုင်ဆီမှာ တက်မှပဲသူများတွေထက် မျက်နှာသာပေးခံရတယ်။ ပြီးတော့ လပတ်တွေမှာ မေးမယ့် စာတွေကိုလည်း ပြောပြတယ်" ဟု မြောက်ဦးမြို့ တောင်ရပ် ရပ်ကွက်မှ အသက် ၁၅ နှစ်အရွယ် ကိုးတန်းကျောင်းသားတစ်ဦးက ပြောသည်။

"အခုနောက်ပိုင်း ကျူရှင်ဆိုတဲ့ စနစ်က ပေါ်လာတော့ ကျူရှင်မနေနိုင်ရင် စာမတတ်ဘူးလို့ ဖြစ်နေပါပြီ။ ကျူရှင်ဆိုတာကလည်းသူငယ်တန်းကနေတက္ကသိုလ်ပါရဂူဘွဲ့ယူတဲ့ အချိန်ထိ ရှိနေတော့ ခေတ်ရေစီးကြောင်းအတိုင်း လိုက်ရတော့တာပေါ့။ ပဲပြုတ်သည်ရဲ့သားက လူရည်ချွန်ဖြစ်နိုင်တယ်ဆိုတာ အရင်ခေတ်တွေတုန်းက မှန်ပေမယ့် ဒီခေတ်မှာတော့ မလွယ်ကူတော့ပါဘူး" ဟု စစ်တွေတက္ကသိုလ်မှ နည်းပြဆရာတစ်ဦးက ပြောသည်။

"ဆရာ၊ ဆရာမအများစုက လစာမလောက်ငမှုဆိုတဲ့အကြောင်းပြချက်ကြောင့် ကျူရှင်သင်နေကြတယ်ဆိုတာကို လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ကျူရှင်သင်တဲ့အခါမှာလည်း ကျောင်းသားမိဘတွေအတွက် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုလို မဖြစ်နိုင်ဖို့ကိုလည်း စဉ်းစားဖို့တော့လိုပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကျောင်းဝင်ကြေးကိစ္စများကဲ့သို့ ကျူရှင်ကိစ္စများကိုလည်း သက်ဆိုင်ရာမှ သေချာစိစစ်နိုင်မှသာ မျှော်မှန်းထားသည့်အတိုင်း ပညာခေတ်ကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ပညာရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

ဆရာတို့၏ အဆုံးအမစကားသည် ကလေးများအတွက် အဖိုးထိုက်တန်သော ပြည်တန်စကားများဖြစ်သည်။

ထို့ကြောင့် ကလေးများအပေါ် ကျူရှင်နေသော ကလေးနှင့် ကျူရှင်မနေသော ကလေးဟူ၍ ခွဲခြားကာမဆက်ဆံရန်အရေးကြီးလှပေသည်။

ယနေ့သည် မနေ့ကနှင့်မတူတော့။ မနက်ဖြန်သည် ကမ္ဘာကြီးအတွက် အံ့ဖွယ်ကောင်းသော တိုးတက်မှုများကို ပြသနေပေသည်။ တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် အရှိန်ပြင်းစွာပြောင်းလဲဖြစ်ပေါ်နေသောမြန်မာနိုင်ငံ၏ ပညာရေးခရီးစဉ်၌ လိုက်ပါနေသူ ဆရာ၊ ဆရာမများအနေဖြင့် 'အာစရိယဆရာ'ဟူသော အဓိပ္ပာယ်ကို အစဉ်တန်ဖိုးထားလျက် အဆိပ်လူးသော ပျားရည်စက်ဖြင့် မသုတ်လူးမိစေဘဲ ဟုတ်သောအကြံ၊ မှန်သော အကျင့်၊ သင့်သော အယူ၊ ဖြူသောနှလုံးသားပိုင်ရှင်ကလေးများပေါ် ထွန်းလာစေရန်အတွက် "ကျောင်းနေပျော်၍ စာတော်ရမည်" ဟူသည့် လုပ်ဆောင်ချက်အတိုင်း လုပ်ဆောင်ရန် အရေးကြီးပြီး "ကျူရှင်တက်မှ စာတော်ရမည်" ဆိုတာမျိုးမဖြစ်စေရန် အရေးကြီးလှပေသည်။ ။

## စာ (၃၁) အတိတ်-ပစပြန်မှသည် အနာဂတ်ပညာရေး မှ

ဤသို့ဆိုလျှင် နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် ပညာရေးမျိုးကို မည်သို့တည်ဆောက်မည်နည်း။

ကျောင်းများက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်က သင့်တင့်မျှတသည့် အသုံးစရိတ်ချမှတ်ပေးရမည်။ ပညာရေးအပေါ်တွင် ငွေကိုသုံးခြင်းသည် ငွေကိုကောင်းစွာရင်းနှီးမြှုပ်နှံခြင်းမည်ပါသည်။ (Money spent on education is money well spent.)။ ကျောင်းသားမိဘများထံမှ အလှူခံ၍ ပညာရေးကို မြှင့်တင်၍မရပါ။ 'အလှူခံပညာရေး' ဖြင့် နိုင်ငံတော်သစ်ကို တည်ဆောက်၍မရနိုင်ပါ။

နိုင်ငံတကာသို့ ပညာတော်သင်သွားရသူများ၊ ပညာရေးလေ့လာသူများအနေနှင့် နိုင်ငံတကာ၏ပညာရေးအခြေအနေကိုကြည့်၍ အားကျနိုင်ပါသည်။ ကိုယ့်နိုင်ငံတွင်လည်း ဤသို့သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးစေလိုကြမည်လည်းဖြစ်သည်။ နိုင်ငံတကာနည်းစနစ် နှုန်းစံကောင်းများကိုလည်း သယ်ဆောင်လာကြမည်သာဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ခဲ့ကြသည်လည်း ရှိခဲ့ကြသည်။ သို့သော် အခြေအနေကား အစမ်းသပ်ခံကာလမှာပင် ရှိခဲ့ကြသည်။

နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ အစီအမံအခင်းအကျင်းများ၊ ဓမ္မဓိဋ္ဌာန်ကျကျ အဖြေရှာမှု၊ အပြန်အလှန် ပေါင်းစုဖြေရှင်းနိုင်မှုစသည်တို့ အားနည်းခဲ့၍ ကိန်းဂဏန်းအရ အောင်မြင်ခဲ့သော်လည်း လက်တွေ့ထွက်ကုန်များ အရည်အသွေး အညံ့ဖျင်းဆုံးသို့ ရောက်ရှိခဲ့သည်။ ဆိုလိုသည်မှာ ပို၍ တိုးတက်လာသောခေတ်ကြီးတွင် ပို၍ခေတ်မီသော အစီအမံအခင်းအကျင်းများဟု သတ်မှတ်ကာ ဆောင်ကြဉ်းခဲ့သော်လည်း အနိမ့်ပါးဆုံးအခြေအနေ ရောက်ရှိခဲ့ခြင်းပင်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရှင်အစုအဖွဲ့များ စုဝေးနှီးနှောနေကြလေပြီ။ ပညာရေးအစီအမံများ ဖော်ဆောင်ရာတွင် ပညာရေးဌာန၌ အရိုးစွဲနှစ်မြှုပ်ကာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ၊ ဝါရင့်သမ္မာရင့်အတွေးအမြင်အယူအဆ စံထားရလောက် သူများစွာရှိပါသည်။ ယင်းတို့ထဲမှ အကြံကောင်း ဉာဏ်ကောင်းများ၊ အတွေ့အကြုံကောင်းများ တောင်းခံပါ။ လွတ်လပ်ပွင့်လင်းစွာ ဖော်ထုတ်လာနိုင်မည့် နည်းလမ်းကောင်းများပေးပါ။ ရေရှည်တိုက်ပွဲဖြစ်၍ အလျင်စလို မဆုံးဖြတ်စေလိုပါ။ အမျိုးသားပညာရေး (National Education) ဖြစ်၍ ပေါင်းစည်းနိုင်သမျှ အကျိုးရှိပါသည်။

ဤနေရာတွင် စာရေးသူ၏ စေတနာ အကြံပြုစကား စိုးစဉ်းမျှ တင်ပြလိုပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး လိုက်နာကျင့်ကြံနေသည့် ဆောင်ပုဒ်တစ်ခုရှိပါသည်။ ယင်းမှာ 'Think Globally, act locally'ဖြစ်၏။ အဓိပ္ပာယ်မှာ 'ကမ္ဘာလိုတွေး၊ ဒေသရေမြေဖြင့် လက်တွေ့ကျင့်'ဟူ၏။

ထို့ကြောင့် ကောင်းပေ့ညွှန့်ပေ့ဆိုသည့် နိုင်ငံတကာမှ သင်ကြားခြင်း၊ သင်ယူခြင်းဆိုင်ရာ နည်းနိဿယများ၊ သင်ရိုးညွှန်းတမ်းများ၊ လူ့စွမ်းရည်မြင့်မားစေနိုင်မည့် နှုန်းစံများ၊ ယင်းတို့ကို အပံ့အပိုးပြုမည့် သင်ထောက်ကူများ (Teaching Aids)ကို ယူဆောင်ခဲ့ကြပါ။ ယင်းတို့ကို ကိုယ့်တိုင်းပြည်၏ မြို့ပြကျေးလက်ဒေသအသီးသီးနှင့် အံဝင်ခွင်ကျဖြစ်မည့်ပညာရေးအစီအမံအခင်းအကျင်းများကိုသာ ရေးဆွဲ၍ နိုင်ငံတော်ကကျခံမည့် ပညာရေး အသုံးစရိတ်နှင့် ချင့်ချိန်ကာ လက်တွေ့ကျင့်သုံးကြဖို့ လိုအပ်မည်ဟု ထင်မြင်မိပါကြောင်း. . ။ ။

Environment
7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## ရွှေနှင့် ကျောက်မျက်တူးဖော် ပျက်စီးနေသော သဘာဝပတ်ဝန်းကျင်ကို ဖာထေးမှုအချို့ ပြုလုပ်ပေးနေဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန် - ၁၁**

ရွှေတူးဖော်မှုနှင့် ကျောက်မျက်ရတနာ တူးဖော်မှုများကြောင့် ပျက်စီးနေသော သဘာဝပတ်ဝန်းကျင်ပြန်လည်ပြုပြင်ရေးအတွက် သက်ဆိုင်ရာကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ဖားကန့်မြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများလုပ်ဆောင်ပေးနေကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

"ဥရုချောင်း ရေစီးရေလာကောင်းအောင် လုပ်ပေးနေတာတော့ရှိတယ်။ သစ်ပင်စိုက်တယ်လို့တော့ မကြားရသေးဘူး။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ ကိုယ်တိုင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို လုပ်ငန်းရှင်တွေ ပါဝင်လာအောင် တွန်းအားပေးတာတွေရှိလို့ လုပ်တာများလား၊ တကယ် လက်တွေ့ကျဖို့၊ စိတ်ပါဝင်စားအောင် လုပ်ဖို့တော့လိုတယ်" ဟု ဖားကန့်မြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသူတစ်ဦးကပြောသည်။

ဥရုချောင်း နှစ်စဉ် မိုးရာသီအတွင်း ရေလွှမ်းမိုးမှုမရှိစေရေးအတွက် ရေစီးရေလာကောင်းမွန်အောင် ဖားကန့်မြို့နယ် လုံးခင်းကုဠေရွာမှ ဖားကန့်၊ ဟောင်ပါး၊ ဝှေခါမှ သဲနုန်းများကို စက်ယန္တရားကြီးများဖြင့်တူးဖော်ခဲ့သည်။ ထို့အပြင် မိုးကုတ်မြို့နယ်ရှိ ရေနီချောင်းတွင်လည်း ရေစီးရေလာကောင်းမွန်ရေးအတွက် သဲနုန်းများ တူးဖော်ခဲ့သည်။

သက်ဆိုင်ရာမြို့နယ်နှစ်ခုမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကို မေးမြန်းရာ၌ ယခုနှစ်တွင် သစ်ပင်စိုက်ပျိုးရေးအတွက် စွန့်ပစ်မြေများအား မြေပြန်ဖို့၍စိုက်ပျိုးမည်ဟုဆိုသည်။

"ဘယ်နေ့စိုက်မယ်ဆိုတာတော့ အတိအကျမပြောနိုင်သေးဘူး။ ဒီနေ့တော့ ဘယ်နေရာစိုက်ပျိုးရင်ကောင်းမလဲလို့စစ်ဆေးကြတယ်။ သစ်တောဦးစီးဌာနနဲ့လည်းတိုင်ပင်နေတယ်။ ကျောက်မျက်တူးဖော်မှုပယ်ဖျက်ပြီး နေရာတွေမှာပြန်စိုက်ဖြစ်ဖို့များတယ်" ဟုမိုးကုတ်မြို့နယ် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဝင်တစ်ဦးက ပြောသည်။

တွင်းထွက်တူးဖော်သူများအနေဖြင့် သတ္တုတွင်းဝန်ကြီးဌာနကိုလျှောက်ထားရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်သော အချက်သည်သတ္တုတွင်းတူးဖော်ခြင်းဥပဒေတွင်ပါရှိပြီးဖြစ်ကြောင်း၊ သို့သော် လုပ်ငန်းရှင်များ လိုက်နာမှုအားနည်းသောကြောင့် သက်ဆိုင်ရာအစိုးရအနေဖြင့် မူလရှိပြီးသားဥပဒေကိုသာ တွန်းအားပေးလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်သော Ecodev မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောကြားသည်။

ရွှေတူးဖော်မှုနှင့် ကျောက်မျက်တူးဖော်မှုမှ ထွက်ရှိသော စွန့်ပစ်မြေစာများ မြစ်ချောင်းများသို့ တိုက်ရိုက်စွန့်ပစ်ခြင်းကြောင့် ယင်းမြို့နယ်နှစ်ခု၌ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ယခုနောက်ပိုင်းတွင် မကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် ကားလမ်းများတွင် ရေလွှမ်းမိုးမှုကြောင့် ကားလမ်းကျပ်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒီရေတောပြုန်းတီးမှုအများဆုံးဖြစ်



ဘိုကလေးမြို့နယ်အတွင်းရှိ ဒီရေတောများကို တွေ့ရစဉ်

ဓာတ်ပုံ - အေးမြကျော်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန် - ၁၇**

ဒီရေတောအများအပြား ပေါက်ရောက်သော ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်သုံးမြို့နယ်အနက် မော်လမြိုင်ကျွန်းမြို့နယ်သည် ဒီရေတောပြုန်းတီးမှု အများဆုံးဖြစ်ကြောင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဒီရေတောပျိုးပင် စိုက်ပျိုးခြင်းလုပ်ကိုင်နေသည့် ဖွံ့ဖြိုးရေးအဖွဲ့များထံမှ စုံစမ်းသိရှိရသည်။

လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ သုံးမြို့နယ်အနက် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကြိုးဝိုင်းများ ပြုန်းတီးခြင်းဖြစ်သည်။ ယင်းမြို့နယ်သုံးခုတွင် ဒီရေတောကြိုးဝိုင်းတော ကိုးခုရှိသည်။ လပွတ္တာတွင်ကြာကန်ကွင်းပေါက်၊ ပြင်အလန်း၊ ကကရံ၊ ဘိုကလေးမြို့နယ်၌ ကဒုံကနိ၊ ပြဒရယ်၊ မိန်းမလှကျွန်း၊ မော်လမြိုင်ကျွန်း၊ လပွတ်ကွဲ၊ ကုလားဆိုက်၊ ညီနောင် ကြိုးဝိုင်းတောတို့ ဖြစ်သည်။ မော်မြိုင်ကျွန်းမြို့နယ်ရှိ ကြိုးဝိုင်းတောများတွင် ဒီရေတောဖုံးလွှမ်းသည့် ဧရိယာလျော့ကျမှုများခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ တိုးပွားလာသည်။ သို့သော် အခြားမြို့နယ် နှစ်ခုရှိ ကြိုးဝိုင်းခြောက်ခုအနက် ကြာကန်ကွင်းပေါက်နှင့် ကဒုံကနိ ကြိုးဝိုင်းတော နှစ်ခုသာ ဒီရေတောပြုန်းတီးမှုရှိကြောင်း သတင်းရရှိသည်။

"ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ ဒီရေတောပျက်စီးတဲ့အထဲမှာ မော်လမြိုင်ကျွန်းက ပထမ၊ ဒုတိယ လပွတ္တာ၊ ဘိုကလေးကတော့ တတိယရှိတယ်။ မော်လမြိုင်ကျွန်းကတော့ တောကိုမရှိတော့တာ။ လပွတ္တာကတော့ တောကောင်းတွေ ကျန်သေးတယ်။ ပျက်တဲ့အထဲမှာတော့ လုံးဝနည်းသွားတာက မော်လမြိုင်ကျွန်း။ ဒါပေမဲ့ လပွတ္တာကြိုးဝိုင်းတောက မော်လမြိုင်ကျွန်းကြိုးဝိုင်းတောထက်ဧရိယာကျယ်တယ်။ မြစ်ဝကျွန်းပေါ်ဧရိယာတွင် ဒီရေတောစိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့သူတစ်ဦးက ပြောသည်။

ယင်းသို့ဒီရေတောများပြုန်းတီးရခြင်းမှာ ဒီရေတောများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ လူဦးရေတိုးပွားလာ၍ သစ်တောကြိုးဝိုင်းအတွင်း လူများနေထိုင်လာခြင်း၊ အိမ်ခြံဥယျာဉ်များတိုးပွားလာခြင်း၊ လယ်ကွင်းများ၊ ဆားကွင်းများနှင့် ပုစွန်ကွင်းများ တိုးချဲ့လာခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။ ပျက်စီးပြုန်းတီးလာခြင်းကို ပြန်လည်ဖြည့်တင်းရန်အတွက် ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင်ခြင်းအပြင် ပြုန်းတီးမှုလျော့နည်းရေးအတွက် မြေယာအသုံးချမှုဝါဒများ ပြတ်သားမှုရှိရန်လိုအပ်ကြောင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသူတစ်ဦးက ပြောသည်။

## မ.င.ပ ပါတီက ဘိုကလေးတွင်သစ်ပင်စိုက်မည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇွန် - ၁၁**

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက နာဂစ်ဒေသအတွင်း သစ်တောများပြန်လည်ထူထောင်ရေးအတွက် မျိုးစေ့ပေါင်းနှစ်သိန်းကျော်ကို ယခုလမှစ၍ ဘိုကလေးမြို့နယ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။ သစ်စေ့များကို သစ်ပင်ဖောက်၍ ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ပြီး ကုက္ကိုစေ့ပေါင်း ခုနစ်သောင်းကျော်၊ မဟော်ဂနီသစ်စေ့ ငါးထောင်ကျော်၊ မလေးရှားပိတောက်စေ့ပေါင်း တစ်သောင်းကျော်၊ ယူကလစ်စေ့ပေါင်းလေးသောင်းကျော်ဖြင့် စုစုပေါင်း မျိုးစေ့ပေါင်း နှစ်သိန်းကျော်ကိုစိုက်ပျိုးသွားမည်ဟု သိရသည်။

"ဘိုကလေးမြို့ပေါ်နဲ့ ရွာတွေမှာ စစိုက်မှာပါ။ သစ်ပင်စိုက်တာတရားဝင်တာပေါ့" ဟု မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီမှ ဥက္ကဋ္ဌဦးနေမျိုးဝေကပြောသည်။ ဘိုကလေးမြို့နယ်ရှိရွာ ပေါင်းငါးရာကျော်အနက် ငါးပြေမ၊ ကုလားကြီးချောင်း၊ ဥတို၊ မြင်းကကုန်း၊ သစ်တိုချောင်း၊ သံလိုက်၊ စက်ဆန်း၊ ကြိမ်ချောင်း၊ မုန်တိုင်းကြီးမုန်တိုင်းလေး၊ ခါးပြချောင်း၊ ကျွန်းညိုကွမ်းသီးချောင်း၊ ကျားချောင်း၊ ငါးခူချောင်း၊ တုံးလှဲ၊ လှည်းဆိပ် အစရှိသောရွာများတွင် စတင်စိုက်ပျိုးသွားမည်ဟု ၎င်းကဆိုသည်။ ယခု စိုက်ပျိုးမည့် သစ်စေ့များမှာ အလှူခံထားခြင်းဖြစ်ကြောင်း သိရသည်။

### Environment Cartoon








Tourism
7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# လာမည့်ခရီးသွားရာသီတွင် ငပလီမှ ဟိုတယ်အချို့ အခန်းငှားခများ ၂၀ ရာခိုင်နှုန်းခန့်တိုးမြှင့်မည်

မြတ်စုမွန်

**ရန်ကုန်၊ ဇွန်-၁၁**

လာမည့် ပွင့်လင်းရာသီ ခရီးသွား ကာလတွင် ငပလီကမ်းခြေရှိ ဟိုတယ်အချို့ အခန်းငှားခနှုန်းထားများ ၂၀ ရာနှုန်းခန့် တိုးမြှင့်သွားမည်ဖြစ်ကြောင်း ငပလီကမ်းခြေဟိုတယ်အချို့မှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် မေလအတွင်း စံချိန်တင်ထိုးကျခဲ့သည့် နိုင်ငံခြားငွေလဲနှုန်းကြောင့် အမြတ်ငွေရာခိုင်နှုန်းလျော့နည်းခဲ့ရသည်များကို ပြန်လည်ကာမိစေရန် ယခုကဲ့သို့ ကြိုတင်စဉ်းစားလာခြင်းဖြစ်ကြောင်း ငပလီကမ်းခြေ၊ ဇီးဖြူကုန်းကျေးရွာရှိအမေးဇင်းရီဆော့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ငွေလဲနှုန်း ပြဿနာက အဓိကပြဿနာပဲ။ မြန်မာငွေနဲ့ ကုန်ကျထားတာတွေကို ဒေါ်လာနဲ့ ပြန်ရတော့ အမြတ်ငွေရဲ့ ၄၄ ရာခိုင်နှုန်းကျဆင်းနေတယ်။ နောက်နှစ်ရာသီအတွက် အခန်းခတွေ ၂၀ ရာခိုင်နှုန်းတင်မယ်ပြောတော့ ပွတ်လောတွေ ရိုက်ကုန်ကြလို့ ကျွန်တော်တို့ဘက်က အခက်အခဲတွေကို ရှင်းပြရတယ်။ ဒီနှစ်မှာ ဧည့်သည်အဝင်များလို့ အလုပ်တွေ အများကြီးလုပ်ခဲ့၊ ဝန်ထမ်းတွေကို လစာတိုးပေးခဲ့ပြီး အမြတ်က ရာခိုင်နှုန်းကျတယ်" ဟု အမေးဇင်းရီဆော့မှ မန်နေဂျာက ပြောသည်။



*နိုင်ငံခြားဧည့်သည်အများစု သွားရောက်အပန်းဖြေရာ ငပလီကမ်းခြေ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လွန်ခဲ့သည့်နှစ်များကငပလီကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ကမ္ဘာ့လှည့် ခရီးသွားဧည့်သည် ၂၀ ရာခိုင်နှုန်းခန့်သာရှိခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ခရီးသွားရာသီတွင် ၅၀ နှင့် ၆၀ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

"လာမယ့် နှစ်မှာ အဲဒီထက် ပိုဖို့ရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

"လာမယ့်နှစ်မှာ အခန်းခတွေ ဈေးနည်းနည်းတင်ဖို့ရှိတယ်။ ၂၀ ရာနှုန်းလောက်ထပ်တင်မယ်။ လာနေကျဧည့်သည်တွေများတော့ သိပ်အများကြီး မတင်ပါဘူး။ ဒေါ်လာဈေးပြန်တက်ရင်တော့ ပုံမှန်အတိုင်းပဲ ဖြစ်မှာပါ။ ဒေါ်လာ၊ အက်ဖ်အီးစီတွေနဲ့ ပေးတာထက် စာရင် မြန်မာငွေနဲ့ လက်ခံရတာ ပိုအဆင်ပြေတယ်။ ငပလီဟိုတယ် ဇုန်ဖွင့်ခါစတုန်းက ဒေါ်လာဈေးက ၅၀၀၊ ၆၀၀ လောက်ပဲရှိတယ်။ အဲဒီတုန်းက ကုန်ဈေးနှုန်းမမြင့်သေးဘူး။ အခု မီတာခတွေက ဈေးမြင့်နေပြီ" ဟု ငပလီကမ်းခြေ၊ လင်းသားကျေးရွာရှိ Memento Resort မှမန်နေဂျာက ပြောသည်။

ငပလီကမ်းခြေတွင် ဟိုတယ်အခန်းပေါင်း ၄၃၀ ဝန်းကျင်ရှိပြီး လာရောက်လည်ပတ်သည့် ခရီးသည်နှင့် မျှတမှုမရှိသည်မှာ မူလပြဿနာဖြစ်ကြောင်း ငပလီကမ်းခြေဟိုတယ်ဇုန်ဥက္ကဋ္ဌကပြောသည်။

"ဟိုတယ်အခန်းခတွေ မြှင့်မယ်ဆိုတော့ နိုင်ငံခြားသား ဦးဆောင်နေတဲ့ ခရီးသွားအေဂျင်စီတွေက ပြောတယ်။ မြန်မာပြည်က အခုမှ ပရိုမိုးရှင်း လုပ်နေတုန်းပဲ ရှိသေးတယ်။ အခြေနေစကောင်းလာချိန်မှာ ကိုယ့်ကိုယ်ကို ရိုက်ချလိုက်သလိုပဲတဲ့။ မြန်မာနိုင်ငံက ထိုင်းထက်၊ ကမ္ဘောဒီးယားထက် ဈေးပိုနေရင် ဈေးပိုချိုတဲ့နေရာကို သွားမှာပေါ့တဲ့"ဟု အမေးဇင်းရီးဆော့မှ မန်နေဂျာက ပြောသည်။

## ထူးကုမဏီက မန္တလေးရှိ အင်းဝဟိုတယ်ကို လွှဲပြောင်းယူ

ယဉ်ယဉ်လှ

**မန္တလေး၊ ဇွန် - ၁၀**


မန္တလေးမြို့၏ အဓိကအချက်အချာကျသော နန်းမြို့ကျုံးအရှေ့ဘက်ရှိ အင်းဝဟိုတယ်အား ထူးကုမ္ပဏီက လွှဲပြောင်းရယူပိုင်ဆိုင်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးမြို့)မှ အမှုဆောင်တစ်ဦးက 7Day News သို့ပြောသည်။

ယင်းအင်းဝဟိုတယ်အား ထူးကုမ္ပဏီအုပ်စုက ရယူခဲ့ခြင်းဖြစ်ပြီး အကျယ်အဝန်းမှာ တစ်ဧကေပတ်လည်ငါးကေခန့်ကျယ်ဝန်းပြီး တန်ဖိုးငွေကျပ်သိန်း ၄၀,၀၀၀ ဖြင့် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# နိုင်ငံခြားသား ဧည့်သည်များ၏ ခရီးစဉ် ဝင်ပေါက်၊ ထွက်ပေါက်တင်ပြမှုကိုက်ညီမှုရှိမှသာ ဝန်ကြီးဌာနက သွားလာခွင့်ပြုမည်

အောင်သူရ

**ရန်ကုန်၊ ဇွန်-၁၆**



နိုင်ငံခြားသားများ ပြည်တွင်းခရီးသွားလာခွင့်များ တင်ပြရာတွင် ဝင်ပေါက်၊ ထွက်ပေါက်များကိုက်ညီမှု မရှိပါက ခွင့်ပြုမည်မဟုတ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ဇွန်၇ရက်ထုတ်ပြန်ချက်အရ သိရသည်။

"တာချီလိတ်ကဝင်ရင် ရန်ကုန်က ထွက်ရမယ်။ မင်္ဂလာဒုံကဝင်ရင်မူဆယ်က ထွက်ရမယ်။ နောက်လျှောက်ထားတဲ့အတိုင်း ဝင်ရထွက်ရမယ့် သဘောမျိုးပြောတာပါ"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးကပြောသည်။

ထို့ကြောင့် ခရီးသွားကုမ္ပဏီများအနေဖြင့် ခရီးစဉ်များ တင်ပြရာတွင် ဝင်ပေါက်၊ထွက်ပေါက်များကိုက်ညီမှုရှိမှသာ တင်ပြရန် အဆိုပါထုတ်ပြန်ချက်တွင် ထပ်မံ ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများ ဝင်ထွက်နိုင်သော နယ်စပ်ဝင်ပေါက် ၇ ခုရှိပြီး အများစုမှာ ကော့သောင်း၊ တာချီလိတ်နှင့် မူဆယ်မြို့များကသာ အဓိက ဝင်ထွက်နေကြသည်ဟု သိရှိရသည်။

# နေပြည်တော်ကျောက်မျက်ပွဲတွင် ခရီးသွားပြပွဲ ထည့်သွင်းမည်

အောင်သူရ

**ရန်ကုန်၊ ဇွန်-၁၆**

နေပြည်တော်တွင် ဇူလိုင်လ ၁ ရက်မှ ၁၃ ၇က်အထိ ပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံခရီးသွား ပြပွဲပါထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ရန်ကုန်မှာရှိတဲ့စားသောက်ဆိုင် ၂၀ လောက်ရယ်၊ အသင်း ၁၁ သင်းက အဖွဲ့တွေရယ်၊ ဟိုတယ်ဇုန် ၁၁ ဇုန်က ပြခန်းတွေ ပါ ပြသသွားမှာပါ"ဟု မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးကပြောသည်။

ခရီးသွားလုပ်ငန်း ပြပွဲအား ကျောက်မျက်ပြပွဲ ပြုလုပ်သည့် နေရာနှင့် ကပ်လျက်တည်ဆောက်လျက်ရှိပြီး ကျောက်မျက်ပြပွဲအမီပြီးစီးရန်ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်တွင်ပြုလုပ်သော ကျောက်မျက်ရတနာပြပွဲသို့ တရုတ်နိုင်ငံသားများ အများဆုံးလာရောက်ကြပြီး တရုတ်နိုင်ငံမှနေပြည်တော် လေဆိပ်သို့ စင်းလုံးငှားလေယာဉ်ဖြင့် ပျံသန်းမှုများရှိခဲ့သည်။

ကျောက်မျက်ရတနာပြပွဲကျင်းပစဉ်အတွင်းနေပြည်တော်ဟိုတယ်များအခန်းပြည့်ဧည့်သည်ရရှိပြီး ထိုပွဲကာလအတွင်း လာရောက်သူများ အဆင်ပြေစေရန် ပါရမီတက္ကစီများ ပြေးဆွဲခြင်းနှင့် တစ်ခါသုံး ဖုန်းကတ်များရောင်းချပေးခဲ့ခြင်းများ ရှိခဲ့သည်။






7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

The Cartoon 2000






















7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## ရွေးကောက်ပွဲအနိုင်ရရှိရေး အကောင်းဘက်က ရှုမြင်ထားကြောင်း ထိုင်းဝန်ကြီးချုပ် ပြောကြား



**ဂျကာတာ၊ ဇွန် – ၁၅**
လာမည့်လတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအတွက် "အလွန်အကောင်းဘက်က ရှုမြင်ထားကြောင်း" ထိုင်းဝန်ကြီးချုပ် အဘီဆစ်ဗစ်ဂျာဂျီဗာက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပြောကြားကြောင်း သိရသည်။

"ကျွန်တော်တို့အပေါ် တုံ့ပြန်မှုတွေ အရမ်းကောင်းပါတယ်။ ထိုင်းနိုင်ငံသားတွေက တိုင်းပြည်ကိုရှေ့ဆက်သွားစေချင်တယ်လို့ ကျွန်တော်ထင်တယ်။ တည်ငြိမ်မှုကိုသူတို့လိုလားတယ်။ သူတို့ရဲ့ ပြဿနာတွေ ဖြေရှင်းပေးတာကို သူတို့အလိုရှိတယ်" ဟု အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထိုင်းဝန်ကြီးချုပ်က ပြောကြားသည်။

ရွေးကောက်ပွဲ မဲဆွယ်မှုမှာ မချောမွေ့သော်လည်း စနစ်တကျရှိနေကြောင်း အဘီဆစ်က ပြောသည်။ လွန်ခဲ့သော လအနည်းငယ်က ရွေးကောက်ပွဲ ကျင်းပနိုင်မည်လားဆိုသည်ကို လူအများက မှန်းဆပြောဆိုနေကြသော်လည်း ယခုအခါ ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပမည်ဆိုသည်ကို မည်သူကမျှ မေးခွန်းထုတ်မနေကြောင်း အဘီဆစ်ကပြောသည်။

အဘီဆစ်သည် ရွေးကောက်ပွဲတွင် ပွေထိုင်းပါတီမှ ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝါထရာ၏ မဟာမိတ်များနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ်ရှိကြောင်း သိရသည်။ သက်ဆင်၏ အငယ်ဆုံးညီမဖြစ်ပြီးနိုင်ငံရေးတွင် မျက်နှာသစ်ဖြစ်သူ ယင်လပ်ရှင်နာဝါထရာကလည်း ပွေထိုင်းပါတီအား ကိုယ်စားပြု၍ ဝန်ကြီးချုပ်နေရာဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

*—Ref: AFP*




## ခင်ပွန်းသည်ကို အိမ်ရှင်မများက လေးစားအောင်သင်ပေးသောကလပ်အား မလေးရှားဝန်ကြီး ဝေဖန်



**ကွာလာလမ်ပူ၊ ဇွန် – ၁၄**
မလေးရှားနိုင်ငံ၏ အမျိုးသမီးရေးရာဝန်ကြီးဌာနဝန်ကြီးက အိမ်ထောင်ရှင် အမျိုးသမီးများအား ခင်ပွန်းသည်ကို ရိုသေလေးစားမှုရှိအောင် သင်ကြားပေးသော မွတ်ဆလင်ဘာသာရေး ကလပ်တစ်ခုသည်မွတ်ဆလင်နိုင်ငံဖြစ်သော မလေးရှားနိုင်ငံ၏ ပုံရိပ်ကို ဖျက်ဆီးနေခြင်းသာ ဖြစ်ကြောင်း ဝေဖန်ပြောဆိုလိုက်သည်။ 'လေးစားလိုက်နာတတ်သော ဇနီးမယားများကလပ်' obedient wives club ကိုယခုလအစောပိုင်းမှစ၍ မွတ်ဆလင်အုပ်စုတစ်ခုက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကလပ်၏ တည်ထောင်သူများကမူ အိမ်တွင်းအကြမ်းဖက်မှုနှင့်ပြည့်တန်ဆာလုပ်ငန်းများ ပေါ်ထွန်းနေမှုကို ပပျောက်စေရန်အတွက် အိမ်ရှင်မများက ခင်ပွန်းသည်များကို ပျော်ရွှင်အောင်ပြုလုပ်စေနိုင်မှုဖြင့် ကုစားနိုင်မည်ဖြစ်ကြောင်းဆိုထားသည်။ သို့သော် လူ့အခွင့်အရေးအဖွဲ့များနှင့် ဘာသာရေးအာဏာပိုင်များကမူ ယင်းကလပ်တည်ထောင်ခြင်းမှာ အမျိုးသမီးထုနှင့် အမျိုးသားထု နှစ်ဖက်လုံးကို စော်ကားခြင်းသာ ဖြစ်ကြောင်း ရှုတ်ချထားသည်။

ထို့ကြောင့်မလေးရှားအမျိုးသမီးရေးရာဝန်ကြီး ရှာရီဇတ်အဗ္ဗဒူလ်ဂျာလီက ယင်းကလပ်၏ လုပ်ဆောင်မှုများသည် အစ္စလာမ်ဘာသာနှင့် တိုင်းပြည်ကိုပါ နာမည်ဆိုးဖြစ်ပေါ်ကြောင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။ မလေးရှားနိုင်ငံသည် အစွန်းမရောက်သည့် အလယ်အလတ်ဝါဒီမွတ်ဆလင်နိုင်ငံတစ်ခုအဖြစ် ညွှန်းဆိုလေ့ရှိပြီး နိုင်ငံ၏ အဓိကရာထူး နေရာများတွင်လည်းအမျိုးသမီးများကို ခန့်အပ်ထားသည်။ ယင်းကလပ်၏ တည်ထောင်သူများကမူ ၎င်းတို့သည် အခြားအရှေ့တောင်အာရှနိုင်ငံများတွင်ပါ ကလပ်၏ အဖွဲ့ဝင် တိုးချဲ့လက်ခံသွားရန် မျှော်လင့်နေကြောင်း ဘီဘီစီသို့ ပြောကြားသည်။

*—Ref: BBC*

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011





## Leader's Profile

# ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုထိန်းချုပ်ရေးအဖွဲ့ အကြီးအကဲ ယူရီဖီဒိုတော့ဗ်

ရဲမင်း

ယူရီဗစ်တာရိုဗစ်ဖီဒိုတော့ဗ်သည် ရုရှားနိုင်ငံမှ အဆင့်မြင့်သံတမန်ကြီးတစ်ဦးဖြစ်ပြီး လောလောဆယ်တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုထိန်းချုပ်ရေးအဖွဲ့၏ အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့သည့် ယူရီဖီဒိုတော့ဗ်သည် ၁၉၇၁ ခုနှစ်တွင် မော်စကို နိုင်ငံတကာဆက်ဆံရေးအင်စတီကျူ့ဒ်မှ ဘွဲ့ရရှိခဲ့သည်။ ယင်းနှစ်မှာပင် သံတမန်လောကသို့ ဝင်ရောက်ခဲ့ပြီး ၁၉၇၂ ဂျီနီဗာမြို့တွင်ပြုလုပ်သည့် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးကော်မတီအစည်းအဝေးသို့ ဆိုဗီယက်ပြည်ထောင်စုကိုယ်စားလှယ်အဖွဲ့တက်ရောက်ရာတွင် ပါဝင်ခဲ့သည်။

မော်စကိုမြို့မှာပင် သံတမန်ရေးဌာနအများအပြား၌ တာဝန်ချထားခြင်းခံရသည့် ယူရီဖီဒိုတော့ဗ်သည် နောက်ပိုင်းတွင် အယ်လ်ဂျီးရီးယားနှင့်အိန္ဒိယနိုင်ငံဆိုင်ရာ ဆိုဗီယက်သံရုံးများတွင်လည်းတာဝန်ထမ်းဆောင်ခဲ့သည်။

ထို့မှတစ်ဖန် ၂၀၀၂ မှ ၂၀၀၅ ခုနှစ်အထိ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးတာဝန်ကိုထမ်းဆောင်ခဲ့သူ ယူရီဖီဒိုတော့ဗ်သည် ၂၀၀၅ ခုနှစ်တွင်ဗြိတိန်နိုင်ငံဆိုင်ရာရုရှားသံအမတ်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်နေစဉ် ယူရီဖီဒိုတော့ဗ်သည် ရုရှားကိုယ်စားလှယ်အဖွဲ့များ၏ ခေါင်းဆောင်(သို့မဟုတ်) အဖွဲ့ဝင်အဖြစ်နှင့် နိုင်ငံတကာမျက်နှာစုံညီအစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အစည်းအဝေးများ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့အစည်းအဝေးများ စသည့် နိုင်ငံတကာဆွေးနွေးပွဲအမြောက်အမြားတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ပုဂ္ဂလိကအတိုင်းအတာအနေဖြင့်လည်း အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ စောင့်ကြည့်လေ့လာရေးနှင့်ရှင်းလင်းပြန်ကြားရေးအဖွဲ့(UNMOVIC) ၌ ပါဝင်တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၉ ရက်တွင် ယူရီဖီဒိုတော့ဗ်အား ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုထိန်းချုပ်ရေးအဖွဲ့(UNODC)၏ အမှုဆောင်အရာရှိအဖြစ် ခန့်အပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကကြေညာခဲ့သည်။ ၎င်းရာထူးအပြင် အတွင်းရေးမှူးချုပ်၏ လက်ထောက်အဖြစ်လည်း တာဝန်ယူထားရသူ မစ္စတာယူရီဖီဒိုတော့ဗ်သည်ကုလသမဂ္ဂ၏အရေးပါသောခံယူချက်များကို အဓိကအကောင်အထည်ဖော်ရသူ ဖြစ်သည်။ ယင်းတို့မှာ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများတွင် ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှုရှိရေး၊ ပထဝီဝင်ဒေသအလိုက် အညီအမျှတာဝန်ခွဲဝေချထားပေးရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် အမျိုးသမီး၊ အမျိုးသား ညီတူမျှတူပါဝင်စေရေးတို့ဖြစ်သည်။ ထို့အပြင် ယူရီဖီဒိုတော့ဗ်သည် ကုလသမဂ္ဂ၏ အကြီးတန်းအရာရှိကြီးအဖြစ် ၂၁ ရာစုအတွက် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရေး၊ စွမ်းအင်၊ စားနပ်ရိက္ခာနှင့်ရေဖူလုံရေး၊ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကိုလည်း တာဝန်ယူဆောင်ရွက်ရသည်။

—*Ref: Wikipedia*

# ရေကြီးမှုထိန်းချုပ်ရေးအတွက် အရေးပါသောအခိုက်အတန့်ဟု တရုတ်ဝန်ကြီးပြောကြား



**ဘေဂျင်း၊ ဇွန် -၂၀**

မိုးများသည်းထန်စွာရွာသွန်း၍ ဖြစ်ပေါ်လာသည့် ရေကြီးမှုများသည်နိုင်ငံတောင်ပိုင်းခရိုင်များကို ဆက်လက်ခြိမ်းခြောက်နေမည်ဖြစ်ကြောင်းနှင့် ရေကြီးမှုထိန်းချုပ်ရေးသည် နိုင်ငံအတွက် အရေးပါသော အခိုက်အတန့်ဖြစ်ကြောင်း တရုတ်ရေအရင်းအမြစ်ဝန်ကြီး ချန်လိုင်းက ပြောကြားသည်။

နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ပို၍အကြိမ်ရေစိပ်လာနိုင်သလို ပို၍လည်း ပြင်းထန်စွာရွာသွန်းနိုင်ကြောင်းနိုင်ငံတော်ရေကြီးမှုထိန်းချုပ်ရေးနှင့် ရေရှားမှုကယ်ဆယ်ရေးဗဟိုဌာန ဒုတိယအကြီးအကဲလည်းဖြစ်သူ မစ္စတာချန်က ဘေဂျင်းတွင်ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်၌ ပြောကြားသည်။

မြို့ကြီးများတွင် ရေကြီးမှုထိန်းချုပ်ရေး ပိုမိုလုပ်ဆောင်ရန်၊ ရေကြီးမှုကိုထိန်းချုပ်ရန် တည်ဆောက်ထားသည့် ဆည်များ၊ ရေကာတာများ တာဘောင်များ၏ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် ရာသီဥတုကြိုတင်ခန့်မှန်းခြင်းများကို တိုးတက်အောင်လုပ်ဆောင်ရန် ချန်လာဒေသပိုင်အာဏာပိုင်များအား ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။

ဇွန် ၉ ရက်ကစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တရုတ်နိုင်ငံတောင်ပိုင်းတွင် အနည်းဆုံးခရိုင်ဒေသကြီး ၉ ခု၌ ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး မြစ်များ ရေပြည့်လျှံ၍ မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ လူထောင်ပေါင်းများစွာအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဇီးကျန်း၊ ကျန်စီ၊ အန်ဟွေး၊ ယူနန်နှင့် ဟိုင်နန်ဒေသကြီးများတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း တရုတ်မိုးလေဝသနှင့် ဇလဗေဒဌာနက ထုတ်ပြန်ကြေညာထားသည်။

—*Ref: Xinhua*

### နောက်ကျောဖုံး - အမေရိကန်က တာလီဘန်များနှင့် ဆွေးနွေးနေကြောင်း အတည်ပြု မှ

အမေရိကန်သည် တာလီဘန်များနှင့်ဆွေးနွေးမှုများပြုလုပ်နေကြောင်း အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းက ဇွန် ၁၈ ရက်တွင် ကြေညာခဲ့သည်။ ယင်းမှာ တာလီဘန်များနှင့် ဆွေးနွေးမှုကို ပထမဆုံးအကြိမ်တရားဝင်ဝန်ခံပြောကြားမှုလည်းဖြစ်သည်။


အမေရိကန် အပါအဝင် နိုင်ငံအချို့မှာ ဆွေးနွေးမှုများတွင် ပါဝင်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက စီအင်န်အင်န်သတင်းဌာနအား အတည်ပြုပြောကြားသည်။ သို့သော် ဆွေးနွေးမှုများမှာ ကနဦးအဆင့် အစောပိုင်းမှာပင်ရှိနေသေးကြောင်း ကန်ဝန်ကြီးက ဆက်လက်ပြောကြားသည်။

—*Ref: AFP*

### နောက်ကျောဖုံး - အမေရိကန်-ဗီယက်နမ် ဆွေးနွေးပွဲတွင် တောင်တရုတ်ပင်လယ်အရေးပါဝင် မှ

လုံခြုံမှုရှိသည့် လွတ်လပ်စွာ ရေကြောင်းသွားလာနိုင်ခွင့်မှာ နိုင်ငံတကာအကျိုးစီးပွားအတွက်ဖြစ်ကြောင်းနှင့် ဖြစ်ပေါ်လာသည့် နယ်မြေအငြင်းပွားမှုများကို ပင်လယ်ပြင်ဥပဒေဆိုင်ရာ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂသဘောတူညီချက်နှင့် ၂၀၀၂ ခုနှစ် သက်ဆိုင်ရာနိုင်ငံများ၏ အပြုအမူဆိုင်ရာ အာဆီယံ-တရုတ်ကြေညာချက်များကို လိုက်နာဆောင်ရွက်သင့်ကြောင်း နှစ်နိုင်ငံလုံးက အသိအမှတ်ပြုခဲ့ကြသည်။

—*Ref: VNA*



# ပန်းသီးများမှာ ပိုးသတ်ဆေးထိတွေ့မှု အများဆုံးဖြစ်ဟုဆို

**ဝါရှင်တန်၊ ဇွန် - ၁၄**

ပိုးသတ်ဆေးစွန်းထင်းမှုအများဆုံး ထုတ်ကုန်များစာရင်းတွင် ပန်းသီးများသည် ထိပ်ဆုံးမှပါဝင်ကြောင်း အမေရိကန်ပြည်သူ့ကျန်း မာရေးအဖွဲ့တစ်ဖွဲ့၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။

Environmental Working Group (EWG) အဖွဲ့က အစိုးရမှထုတ်ပြန်သည့် အချက်အလက်များအား လေ့လာဆန်းစစ်ပြီးနောက်ယခုအချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သစ်သီးဝလံနှင့် အသီးအရွက်ပေါင်း ၅၃ မျိုးကို ရေဆေး၊ အခွံနွှာပြီးမှ လေ့လာခဲ့ရာတွင် ပန်းသီး ၉၂ ရာခိုင်နှုန်း၌ ပိုးသတ်ဆေးနှစ်မျိုး (သို့မဟုတ်) ၃ မျိုးခန့်ပါဝင်နေကြောင်း တွေ့ရှိခဲ့သည်။

ပိုးသတ်ဆေးပါဝင်မှုမှာ နည်းပါးသော်လည်း ရေရှည်တွင် လူတို့၏ ကျန်းမာရေးအပေါ် မည်သို့သက်ရောက်မည်ကို မပြောနိုင်ကြောင်း EWG အဖွဲ့မှ အချက်အလက်များ စိစစ်လေ့လာသူ ဆိုညာလောင်ဒါက ပြောသည်။

စတော်ဘယ်ရီများမှာ ပိုးသတ်ဆေးပါဝင်မှု နံပါတ် (၃) နေရာတွင်ရှိပြီး စပျစ်သီးများမှာ နံပါတ် (၇) တွင်ရှိကြောင်းသိရသည်။

ပိုးသတ်ဆေးပါဝင်မှု အနည်းဆုံးစာရင်းတွင် ကြက်သွန်နီက ဦးဆောင်ပြီး နာနတ်သီး၊ သရက်သီး၊ ထောပတ်သီးများသည်လည်း ပိုးသတ်ဆေးပါဝင်မှု ၁၀ ရာခိုင်နှုန်းထက်နည်းသော သစ်သီးများဖြစ်သည်။ ပိုးသတ်ဆေးများသည် လူတို့၏ ဦးနှောက်နှာဗ်ကြောစနစ်ကို ထိခိုက်စေပြီး ကင်ဆာရောဂါဖြစ်ပွားစေနိုင်ကြောင်း၊ ဟော်မုန်းပြောင်းလဲမှုများ ဖြစ်ပေါ်စေပြီး ကလေးများတွင် ဦးနှောက်ပျက်စီးမှုဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

—*Ref: USA Today*



7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟောင်း ဟင်နရီကစ်ဆင်ဂျာဟာ အမေရိကန်နိုင်ငံရေးလောကမှာတင်မက ကမ္ဘာ့နိုင်ငံရေးလောကမှာပါ ဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ၎င်းဟာ တရုတ်ပြည်အင်အားကြီးလာတဲ့ ယနေ့ကာလမှာ 'တရုတ်ပြည်အကြောင်း' On China ဆိုတဲ့ စာအုပ်ကိုရေးသားထုတ်ဝေကာ တရုတ်ကို အမေရိကန်တို့အနေနဲ့ နားလည်ဖို့လိုအပ်ကြောင်း ထောက်ပြခဲ့ပါတယ်။ ယခုဖော်ပြမယ့်အင်တာဗျူးမှာတော့ တိုင်းမ်မဂ္ဂဇင်းက ဝါရင့်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကစ်ဆင်ဂျာကို တရုတ်ရဲ့ တိုးတက်လာမှုအကြောင်း၊ 'အာရပ်နွေဦး' လို့သတ်မှတ်ကြတဲ့ အာရပ်ကမ္ဘာရဲ့ ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုတွေအကြောင်းနဲ့ မွန်တီပစ်သွန်၊ ဘော့ဘ်ဒိုင်လန်တို့လို အနုပညာရှင်တွေအကြောင်းကိုပါ စုံစုံစေ့စေ့ မေးမြန်းထားတာတွေ့ရပါတယ်။**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာနှင့် အမေးအဖြေ

ကျော်မျိုး

**အမေရိကန်ဟာ တရုတ်ပြည်ကို ကြောက်ရွံ့သင့်ပါသလား။**

အမေရိကဟာ တရုတ်ကို နားလည်ဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ ကြောက်ဖို့ မလိုအပ်ပါဘူး။



**ဘာ့ကြောင့်ပါလဲ။**

တရုတ်နဲ့ အမေရိကဟာ တစ်နိုင်ငံချင်းစီမှာ တွေးကြောက်မှုတချို့တလေရှိနေတာပါ။ တရုတ်ကလည်း အမေရိကန်က သူ့ကိုစစ်ရေးအရဝန်းရံပိတ်ကာထားမှာကို ကြောက်နေတယ်။ အမေရိကန်ကလည်း တရုတ်က အာရှကို လွှမ်းမိုးချင်နေပြီး နောက်ဆက်တွဲအနေနဲ့ ကျွန်တော်တို့ (အမေရိကန်) ကိုဖယ်ထုတ်လိုက်မှာကို ကြောက်နေတယ်။ ကျွန်တော့်အထင်ကတော့ ကျွန်တော်တို့တွေဟာ အတူတွဲလုပ်နိုင်တဲ့ ဘုံပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းတွေ ရှာသင့်တယ်လို့မြင်ပါတယ်။ အဲဒါက ပူးပေါင်းဆောင်ရွက်ရေးနဲ့ ဘုံအသိုင်းအဝိုင်းတစ်ခုပေါ်ထွန်းရေးကို ဖန်တီးပေးမှာပါ။ ဒါမှ ထိပ်တိုက်ရင်ဆိုင်ရေးကိစ္စဆိုတာဟာ မဟာဗျူဟာမြောက်ထိပ်တိုက်ရင်ဆိုင်ရေး ကိစ္စတွေထက် သီးခြားဖြစ်တဲ့လက်တွေ့ပူးပေါင်းရေးစီမံကိန်းတွေဆီ ရောက်သွားမှာပါ။

**လူကြီးမင်းရဲ့ 'တရုတ်ပြည်အကြောင်း' စာအုပ်ထဲမှာ အမေရိကရဲ့ ရန်သူအပေါ် လက်ဦးမှုယူချင်တဲ့ နိုင်ငံခြားဆက်ဆံရေးမျိုးတွေနဲ့ ကြုံရတဲ့အခါ တရုတ်ရဲ့စိတ်ရှည်သည်းခံမှုကို သဘောကျတဲ့ပုံရေးထားတယ်နော်။**

အဲဒါမမှန်ပါဘူး။ ကျွန်တော်ပြောတာက ကျွန်တော်တို့သမိုင်းကိုအခြေခံရရင် အမေရိကန်တွေဟာပြဿနာအများစုကို ဖြေရှင်းနိုင်တာတွေ့ရတယ်လို့ ဆိုတာပါ။ ကိစ္စတွေပေါ်လာရင်အဲဒါဖြေရှင်းနိုင်တယ်လို့ ကျွန်တော်တို့တွေးကြတယ်။ နောက်ပြီးပျောက်သွားတယ်။ အဲဒါက ဘာ့ကြောင့်လဲဆိုရင် တစ်ပိုင်းက ကျွန်တော်တို့သမိုင်းဟာ တိုတောင်းပြီး သိပ်အောင်မြင်ခဲ့လို့ပါ။ တရုတ်ရဲ့ သမိုင်းကတော့ နောက်ပြန်သွားရင် နှစ်ထောင်ချီတယ်။ ပြီးတော့ သူတို့စိတ်ထဲမှာက ဘယ်ပြဿနာမှ အဆုံးသတ်ဖြေရှင်းနိုင်တာ မဟုတ်ဘူးလို့မြင်တယ်။ ဖြေရှင်းချက်တိုင်းဟာနောက်ထပ်ပြဿနာတစ်ခုအတွက် ဝင်ခွင့်လက်မှတ်ပဲ။ ဒီတော့ တရုတ်တွေအတွက် သမိုင်းဆိုတာ ရှင်သန်လှုပ်ရှားနေတဲ့ အရှိတရား တစ်ရပ်ပဲ။ ဒါက စိတ်ပိုင်းဆိုင်ရာ ကွာခြားချက်ပါပဲ။ ဒါပေမဲ့ (အဲဒါကို) ကျွန်တော်က တန်ဖိုးဖြတ်ချက်တွေနဲ့ တွဲပြီးမမြင်ဘူးနော်။

**လူကြီးမင်းရဲ့ တရုတ်အပေါ် အကောင်းဘက်က အမြင်ဟာ လူကြီးမင်းရဲ့ ကုမ္ပဏီအဖွဲ့အစည်းကတရုတ်အစိုးရအတွက် အလုပ်လုပ်ပေးနေလို့ ဖြစ်လာတာလား။**

ကျွန်တော်တို့က ဘယ်အစိုးရတစ်ရပ်ကိုမှ ဘယ်နေရာမှာမဆို အလုပ်လက်ခံလုပ်ပေးနေတာ မဟုတ်ပါဘူး။ ပြီးတော့ တရုတ်အစိုးရ ဒါမှမဟုတ် အခြားတရုတ်ပြည်နဲ့ဆိုင်တဲ့ ရင်းမြစ်တစ်ခုခုကလည်းငွေရမထားပါဘူး။



**'အာရပ်နွေဦး' လို့ခေါ်နေကြတဲ့ အာရပ်ကမ္ဘာရဲ့ ဒီမိုကရက်တစ်လှုပ်ရှားမှုတွေကိုရော လူကြီးမင်း အကောင်းမြင်မိပါသလား။**

ဒါက အံ့ဩစရာ သမိုင်းဝင်အဖြစ်အပျက်ပါ။ အဲဒါဟာမလွဲမရှောင်သာ ဖြစ်လာတာ (သို့မဟုတ်) ဒီမိုကရက်တစ်တော်လှန်ရေးတစ်ခုဆိုတာ ကျွန်တော်မယုံကြည်ဘူး။ ကျွန်တော်တို့အခု ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုက အပိုင်းငါးပိုင်းပါတဲ့ ပြဇာတ်တစ်ပုဒ်မှာ ပထမအပိုင်းရဲ့အခန်းမှာဖြစ်လာတဲ့ ဒီမိုကရက်တစ် အီဇော်လူးရှင်း (ဒီမိုကရေစီရေး ဆင့်ကဲဖြစ်ထွန်းတိုးတက်မှု)ကို ကျွန်တော်တို့က ဘယ်လိုကူညီပေးနိုင်မလဲဆိုတာ ကြည့်ဖို့ပါ။

**ဒီဒေသတွင်းမှာ နိုင်ငံခြားကဝင်ရောက်စွက်ဖက်မှု မပါဘဲ အစိုးရအပြောင်းအလဲတွေ ဖြစ်ပေါ်နိုင်တယ်ဆိုတာသိထားတော့ အမေရိကန်ဟာ အီရတ်ကိုလည်း ဒီမိုကရေစီဖြစ်ဖို့ နှစ်အနည်းငယ်လောက် ရိုးရိုးပဲ ထိုင်စောင့်လို့ရတယ်လို့ တွေ့မိပါတယ်။**

ကျွန်တော်က ကွန်ဂရက်ရဲ့ ငါးပုံလေးပုံက လုပ်ခဲ့သလိုပဲ အီရတ်ကို ဝင်ရောက်တိုက်ခိုက်တာကို ထောက်ခံခဲ့တယ်။ ဒါပေမဲ့ ဒီနေ့တော့ အဲဒါကို ကွန်ဂရက်အမတ်တွေက မေ့သွားကြပြီ။ ယေဘုယျအဆိုပြုချက်တစ်ခုအနေနဲ့ ဆိုရရင်တော့ အစိုးရ အပြောင်းအလဲတွေဖြစ်ပေါ်ဖို့စစ်အင်အားကိုသုံးသင့်တယ်လို့ ကျွန်တော်မယုံကြည်ဘူး။ ဒါပေမဲ့ စစ်ရေးအင်အားကို သီးခြားအခြေအနေတွေနဲ့ ကြုံကြိုက်လာရင်တော့ ကိုင်တွယ်ဖို့ အမြဲချိန်ညှိထားရမှာပါ။

**ဒါဆိုအခုရော ဘယ်လိုရှိပါသလဲ။**

အီရတ်ဟာ ဒီဒေသတွင်းမှာ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့တင်မြှောက်ခံထားရတဲ့ အစိုးရရှိတဲ့ တစ်ခုတည်းသော တိုင်းပြည်ဖြစ်လာမှာပေါ့။ ဒါပေမဲ့ အဲဒါမျိုးအောင်အောင်မြင်မြင်ဖြစ်ဖို့ ဆယ်နှစ်လောက် စစ်ပွဲဆင်နွှဲပြီး တိုက်နေရမယ်လို့ ကျွန်တော်က အာမခံပေးရမလား။ ကျွန်တော်ကတော့ မလုပ်နိုင်ဘူးလို့ဘဲ ပြောမယ်။

**အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံတကာ ရာဇဝတ်ခုံရုံးရဲ့ အဖွဲ့ဝင်နိုင်ငံ ဖြစ်မထားတာဟာ လူကြီးမင်းလို နိုင်ငံခြားရေးဝန်ကြီးဟောင်းတွေကို ခုံရုံးမှာ တရားစွဲကြမှာကို စိုးရိမ်လို့လား။**

နိုင်ငံတကာ ရာဇဝတ်ခုံရုံးရဲ့ အဖွဲ့ဝင်အဖြစ် ကျွန်တော်တို့ဝင်မထားတာရဲ့ အကြောင်းက ကိစ္စတွေဟာ ဘာတွေလဲဆိုတာ တစ်ခါတစ်ရံ နားမလည်နိုင်ကြတဲ့ နိုင်ငံမျိုးစုံက တရားစွဲဆိုသူတွေအတွက်ထားပေးထားတာပါ။ နိုင်ငံတကာ ရာဇဝတ်ခုံရုံးကို ကျွန်တော်သဘောမကျလှပါဘူး။ ဒါပေမဲ့ကိုယ့်အတွက် အကြောက်အလန့်မရှိဘဲ ခပ်ခွာခွာနေတာမျိုးတော့မဟုတ်ပါဘူး။

**လူကြီးမင်းရဲ့ ရှေ့ဆုံးနာမည် Heinz ဟိန့်ဇ် (ဂျာမန်အမည်) နဲ့ နေရာရချင်တာမျိုး ရှိခဲ့ဖူးပါသလား။**

ဟင့်အင်း။ တစ်ခါမှကို မရှိခဲ့ဖူးတာပါ။ (ရယ်လျက်)

**မွန်တီပစ်သွန်ကနေ ဘော့ဘ်ဒိုင်လန်အထိ အနုပညာရှင်တွေဟာ လူကြီးမင်းနဲ့ပတ်သက်လို့ သီချင်းတွေရေးဆိုကြဖူးပါတယ်။ လူကြီးမင်းကြိုက်တဲ့ အနုပညာရှင်တစ်ဦးတလေများ ရှိပါသလား။**

ဒီစကားကို ခင်ဗျားတော့ အံ့ဩသွားမှာပဲ။ ကျွန်တော် သူတို့ထဲကဘယ်သူ့ကိုမှ မသိဘူးဗျ။

*—Ref: 'Ten Questions for Henry Kissinger'.*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.14 • JUNE 23, 2011


C talk

## လွှမ်းပိုင် ပြောပြတဲ့ သီချင်းတီထွင်မှု အကြောင်း

ချမ်းခိုက်ခိုက်

**ဟစ်ဟော့ပ်ဂီတလမ်းကြောင်းမှာ ခုနောက်ပိုင်းပုံစံတူတွေအရမ်းများလာပါတယ်။ ဒါပေမဲ့ အဲဒီ ပုံစံတူတွေထဲက ကွဲထွက်လာတဲ့ရက်ပ်ပါကောင်လေးတစ်ယောက်ဟာ ဒီနှစ်တွေထဲမှာ ဟစ်ဟော့ပ် ပရိသတ်တွေရဲ့ကြိုဆိုမှုကို လက်ခံရရှိထားပါတယ်။ ဟစ်ဟော့ပ်စာသားတွေရွတ်တာမြန်လွန်းလို့ မြန်မာပြည်ရဲ့Twisterလို့သတ်မှတ်ခံထားရသူလွှမ်းပိုင်ဆိုတဲ့ လူငယ်ဂီတသမားတစ်ဦးက လွှမ်းပိုင် ဖြစ်လာဖို့ သီချင်းတွေကို ဘယ်လိုတီထွင်ဖန်တီးခဲ့လဲဆိုတဲ့အကြောင်း ပြောပြခဲ့ပါတယ်။**



သီချင်းတွေအမြန်ဆိုဖြစ်တာက ကျွန်တော်ဆိုတဲ့ ပုံစံတစ်ခု ဖြစ်အောင် ဖန်တီးလိုက်တာပါ။ သူများနဲ့ မတူတဲ့ပုံစံတစ်ခုကို လုပ်လိုက်တာ။ ဒါပေမဲ့ အဲဒီလိုဆိုတဲ့သူတွေက နိုင်ငံခြားမှာအများ ကြီးရှိတယ်။ ကျွန်တော်က တီထွင်မှုအနေနဲ့ ရှိပြီးသားဂီတလမ်းကြောင်းတစ်ခုကို ဒီနိုင်ငံမှာ လုပ်တဲ့သူနည်းတော့ ပုံစံတစ်ခုရအောင်လုပ်ခဲ့တာပါ။

ကျွန်တော် အခုလို အမြန်တွေမဆိုခင်တုန်းက ဒီလောကထဲကိုဝင်မယ့်လူငယ်တွေတိုင်းကြုံ တွေ့ရတဲ့အဖြစ်အပျက်ပေါ့။ ဂျောက်ဂျက်အရမ်းဟော့တဲ့အချိန်မှာ ရန်ကုန်မှာ ဂျောက်ဂျက်ပုံစံတွေ အများကြီးပဲ။ ဂျေမီနာမည်ကြီးရင်လည်း ဂျေမီပုံစံတွေအများကြီး လိုက်လုပ်ကြတယ်။ ကျွန်တော်လည်း အဲဒီတုန်းကဂျေမီကိုအရမ်းကြိုက်တော့ ဂျေမီပုံစံဖြစ်နေတယ်။ တီထွင်မှုအသစ်မဟုတ်တဲ့အတွက် ဘယ်လောက်ပဲကောင်းအောင်လုပ်လုပ် အတုကအတုပဲဖြစ်နေတယ်။ 'မင်းပုံစံဖြစ်သွားပြီ' ဆိုတဲ့ စကားလေးရတဲ့အထိ ကျွန်တော် တီထွင်မှုတွေလုပ်ခဲ့ရတယ်။

မြန်မာစာသားတွေနဲ့ အရမ်းမြန်မြန်ကြီး ဆိုထားတဲ့ ကျွန်တော့်သီချင်းတွေကို ကြားလိုက် ရတော့ ပရိသတ်တွေနားထဲ ဆန်းသွားမှာပေ့ါ။ ဒါပေမဲ့ကျွန်တော် အန်ဒါဂရောင်းထဲစဝင်ကတည်း က Sample ခွေကို နားထောင်လို့ကောင်းတဲ့ မြန်မာစကားလုံးသံစဉ်တွေနဲ့ အမြန်ဆိုထားတဲ့အပုဒ် လေးတွေပေးတယ်။ ကျွန်တော် Twister သီချင်းတွေ စကြားတုန်းကလည်း သူဆိုတာ နားထောင် လို့ကောင်းတယ်။ ဘာတွေဆိုနေမှန်းသာမသိတာ။ နောက် တူရကီအဆိုတော်တွေဆိုတာ အရမ်းမြန် တယ်။ သူတို့ဆိုသွားတာ တစ်လုံးမှ နားမလည် ပေမယ့်နားထောင်ရတာကောင်းတယ်။ ဒါကြောင့် ကျွန်တော်က မြန်မာစာသားနဲ့ထည့်ပြီး ဆိုကြည့် မယ်လို့ စိတ်ကူးရခဲ့တာ။

အမြန်တွေဆိုနိုင်ဖို့ အမြန် သီချင်းတွေတီထွင် နိုင်ဖို့ Twister သီချင်းတွေကို နားထောင်တယ်။ သူ့သီချင်းတွေကို ကော်ပီလိုက်ရေးတယ်။ သူ့ Flow မှာ မြန်မာစာသားတွေထည့်ပြီးရေးကြည့် တယ်။ ပထမတော့ ဘယ်လိုကြီးလည်း မသိဘူး။ ပေါက်ကရတွေ။ နားထောင်လို့လည်းမကောင်း ဘူး။

စာ(၄၉)သို့


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အာဒမ်ရယ်၊ ဧဝရယ်၊ ဒဿရယ် ဇာတ်ကားထဲက ဇာတ်ကောင်စရိုက်နှင့် အနီးစပ်ဆုံးတူညီတဲ့ သက်မွန်မြင့်

**အေးသူစံ**

**ရန်ကုန်၊ ဇွန် - ၁၂**

မကြာမီ ရုံတင်ပြသတော့မည့်' အာဒမ်ရယ်၊ ဧဝရယ်၊ ဒဿရယ်' ရုပ်ရှင်ဇာတ်ကားတွင် ချစ်သူကို မျက်စိမှိတ်ယုံကြည်ချစ်ခင်ပြီး ဘာမဆို ခွင့်လွှတ်နားလည်ပေး တတ်သောငွေလသာဇာတ်ကောင် စရိုက်နှင့် သူမ၏နှလုံးသားခံစား ချက်များမှာ အနီးစပ်ဆုံးတူညီ ကြောင်း ယင်းဇာတ်ကားအထူးပွဲ ပြသသည့်နေ့ကသက်မွန်မြင့်က ပြောသည်။




"သက်မွန်က အချစ်ကြီးပါတယ်။အချစ်ကိုလည်းတန်ဖိုးထားပါ တယ်။ ချစ်မိပြီဆိုရင် သိပ်ပြီးတော့ မစဉ်းစားဘူး။ မစဉ်းစားဘူးဆိုတာက ငါရှုံးနေရပြီလား၊ ငါအနစ်နာခံနေရပြီလားဆိုတာတွေကိုမစဉ်းစားတာ။ ကိုယ်ဘာလုပ်ပေးလို့ရမလဲ။ လုပ်ပေးလို့ရတာတွေ လုပ်ပေးတယ်။ သူ ကောင်းစားဖို့စဉ်းစားပေးတယ်။ သူ့အပေါ် စေတနာထားတယ်။

'အာဒမ်ရယ် ဧဝရယ် ဒဿရယ်' ဇာတ်ကားထဲက ငွေလသာ ဇာတ် ကောင်နဲ့ဆို အပြင်က သက်မွန် ပုံစံက အများကြီးနီးစပ်ပါတယ်။ ဒါပေမဲ့ ငွေလသာက တော်တော် လိမ္မာပါတယ်။

သက်မွန်ကတော့ တော် တော်ဆိုးတယ်(ရယ်လျက်) ဆိုး ချင်တာပေ့ါနော်။ လူတစ်ယောက် ကိုယ့်ကိုတကယ်ချစ်ရင် ဘယ် လောက်ထိ သည်းခံနိုင်မလဲလို့ဆိုး ကြည့်ချင်တာပေ့ါနော်။ ငွေလသာ ကျတော့ ဘာမှမရှိဘူး။ ပေးဆပ်ခြင်းသက်သက်နဲ့ပေ့ါ" ဟု ဖြေကြား ခဲ့သည်။

ယင်းဇာတ်ကားရိုက်ကူးစဉ်က ဒီဗီဒီဇာတ်ကားအဖြစ်သာ ရိုက်ကူး ခဲ့သော်လည်း ယခုအခါ ဖလင်အဖြစ် ကူးပြောင်းကာ လက်ရှိ ရုံတင် လျက်ရှိသော 'ပင်လယ်ထက်က နေဝန်းနီ' ဇာတ်ကားအပြီးတွင် ရုံတင် ပြသတော့မည်ဖြစ်သည်။



## ကားတိုက်မှုဖြစ်ပေမယ့် ဒဏ်ရာမရခဲ့တဲ့ လီမင်ဟို

**အီလ်ဆန်၊**

**ဇွန် - ၁၄**

တောင်ကိုရီးယား ရုပ်ရှင်မင်းသား လီမင်ဟိုသည် ဇွန် ၁၃ ရက်က ရိုက်လက်စ ရုပ်သံဇာတ်လမ်း City Hunter ကိုရိုက်ကူးစဉ် ကား မတော်တဆမှုဖြစ်ခဲ့သော်လည်း ဒဏ်ရာမရဘဲ လွတ်မြောက်ခဲ့ ကြောင်း ကိုရီးယားမီဒီယာများက ဖော်ပြသည်။ မင်းသားလီ၏ ပြော ခွင့်ရပုဂ္ဂိုလ်ကလည်း "City Hunter ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူး နေစဉ်အတွင်းမှာပဲ ကားမတော် တဆမှု ဖြစ်ခဲ့တာပါ။ ကားတိုက် လို့ လေအိတ်တွေပွင့်ခဲ့ပြီး အကာ အကွယ်ရခဲ့တယ်။ ကားရှေ့ပိုင်း ကတော့ ကြေမွသွားပါတယ်။ ဒါ ပေမဲ့ လီမင်ဟိုကတော့ ကံကောင်း လို့ ဘာဒဏ်ရာ ကြီးကြီးမားမားမှ မရပါဘူး"ဟုပြောသည်။

၎င်းက အသက် ၂၃ နှစ်အ ရွယ်ရှိ မင်းသားလီသည် ကား တိုက်မှုဖြစ်ပွားပြီး ဆေးရုံ၌ သုံး နာရီခန့် ဆေးစစ်ခံခဲ့ကြောင်း၊ ထို့နောက်ဆေးရုံမှ ပြန်ဆင်းကာ နောက်တစ်နေ့ ဇွန် ၁၄ ရက်တွင် ရုပ်သံရိုက်ကူးမှုပြန်စတင်ခဲ့ကြောင်း ဆိုသည်။ ယာဉ်တိုက်မှုတွင် ပါဝင် ခဲ့သည့် ရုပ်သံထုတ်လုပ်သူမှာ လည်း မင်းသားလီနှင့် တစ်နေ့ တည်း ဆေးရုံမှဆင်းခဲ့ကြောင်း သိ ရသည်။

—Ref: CNA

## သားလေးမွေးခဲ့တဲ့ နာတာလီပေါ့တ်မင်း

**လော့စ်အိန်ဂျလိစ်၊**

**ဇွန် - ၁၅**

ယခုနှစ်အတွက် အော်စကာဆုရခဲ့ သည့်ဟောလိဝုဒ်မင်းသမီး နာ တာလီပေါ့တ်မင်းသည် မကြာမီ ရက်ပိုင်းကပင် သားယောက်ျား လေးတစ်ဦးကို အောင်မြင်စွာမွေး ဖွားခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်း ကဖော်ပြလိုက်သည်။ ပေါ့တ်မင်း (၃၀ နှစ်)သည် ပြင်သစ်ဘဲလေးက ချေသည် မီလတ်ပီး (၃၃ နှစ်) နှင့် အော်စကာရခဲ့သည့် Black Swan ဇာတ်လမ်းရိုက်ကူးစဉ်က ပင်လက်တွဲခဲ့ကြကြောင်း သတင်း ကဆိုသည်။

နီးစပ်သူတစ်ဦးကလည်း ယူ အက်စ်မဂ္ဂဇင်းသို့ "ကလေးမွေး လိုက်ကြတဲ့ သူတို့မောင်နှံကိုမြင် ရတာ အံ့သြစရာပါ။ နာတာလီ ဟာပျော်ရွှင်နေပါတယ်" ဟုပြော သည်။ နာတာလီပေါ့တ်မင်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလမှစ၍ သူမ တွင်ကိုယ်ဝန်ရှိနေပြီး တွဲဖက်သ ရုပ်ဆောင် မီလတ်ပီးနှင့်လည်း စေ့စပ်ထားကြောင်း ပရိသတ်များ ကိုကြေညာခဲ့သူဖြစ်သည်။ ထို့ နောက် သူမသည် ၂၀၁၁ အော် စကာဆုပေးပွဲတွင် ကိုယ်ဝန်ဖြင့် ဆုတက်ရောက်ယူခဲ့သည်။

—Ref: US Magazine



7DAY NEWS JOURNAL
Vo... JUNE 23, 2011

# ပြင်ဦးလွင်မှာ ဇာတ်ကား ၁၃ ကားရိုက်ကူးခဲ့တဲ့ အိန္ဒြာကျော်ဇင်

**အေးသူစံ**

**ရန်ကုန်၊ ဇွန် - ၁၂**

ပြင်ဦးလွင်မြို့တွင် နှစ်လနီးပါးကြာဇာတ်ကားများသွား ရောက်ရိုက်ကူးခဲ့သည့် အိန္ဒြာကျော်ဇင်သည် ဒီဗီဒီတစ်ကား အပါအဝင်ဇာတ်ကား ၁၃ ကား ရိုက်ကူးခဲ့ကြောင်း ပြောကြားသည်။

"ပြင်ဦးလွင်မှာ ၁၃ ကားရိုက်ခဲ့တယ်။ ကြော်ငြာလည်း ရိုက်ခဲ့တယ်။ ဒီဗီဒီတစ်ကားပါတယ်။ ကိုပြေတီဦးနဲ့က ဒီဗီဒီနဲ့ ဗီဒီယိုက သုံးကားပါတယ်။ ကိုပြေတီဦးနဲ့ဒီဗီဒီက အိမ်ထောင်ရေး ဇာတ်လမ်းဒရာမာလေးပါပဲ။ ပြင်ဦးလွင်မှာ နေရထိုင်ရတာ၊ အလုပ်လုပ်ရတာအရမ်းအဆင်ပြေတယ်။ ရာသီဥတုလေးကလည်းကောင်းတယ်။ နေ့ရောညရောရိုက်ရပေမယ့် လူမပင်ပန်းဘူး" ဟု ပြင်ဦးလွင် ရိုက်ကွင်းများအကြောင်း ပြောပြသည်။

အိန္ဒြာကျော်ဇင်သည်ဇွန်လ ၁၅ ရက်နေ့မှစတင်၍ လွန်းထားထား(ဆေးတက္ကသိုလ်)ဝတ္ထုကို ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးမည့် 'အဖြူရောင်ရဲတိုက်' ရုပ်ရှင်ကားကြီးတွင် ပြေတီဦး၊ နေတိုးတို့နှင့်တွဲဖက်သရုပ်ဆောင်မည်ဖြစ်ပြီး "ဒရာမာဇာတ်ကားလေးပါ။ ဒီကားအတွက်တော့ အဝတ်အစားကို အရွယ်သုံးမျိုးအတွက် ခွဲခြားပြင်ဆင်ထားတယ်။ အပျိုဘဝ၊ အိမ်ထောင်ကျသွားတဲ့ဘဝနဲ့ မိခင်ဘဝသုံးခုပေါ့" ဟု သရုပ်ဆောင်ရမည့်ဇာတ်ကောင်စရိုက်ကိုပြောပြသည်။

လတ်တလောတွင် မင်းသမီး၏မိသားစုဘဝတွင် လူဦးရေတိုးပွားတော့မည့်သတင်းများထွက်ပေါ်နေပြီး "အခုချိန်မှာတော့ အိမ်ရှင်မတစ်ယောက်ရဲ့ဘဝကိုတော့ အကုန်အပြည့်အစုံမရသေးဘူးပေါ့။ ဒါပေမဲ့ ဒီလိုအချိန်က အစ်မအတွက် အကျေနပ်ဆုံးအချိန်လို့ ပြောလို့ရတယ်။ ကိုယ်ချစ်တဲ့အနုပညာကိုလည်း မစွန့်လွှတ်ရဘူး။ ပျော်ရွှင်တဲ့အိမ်ထောင်လေးတစ်ခုကိုလည်း ဖန်တီးလိုက်ပြီပေါ့နော်။ အဲဒီကြားထဲမှာ အစ်မက အရာအားလုံးကို ပျော်ရွှင်ပြီး ကျေနပ်နေတယ်။ မိသားစုဘဝလေး ပြည့်စုံသွားဖို့ကဖြစ်လာတော့မှာပါ၊ အစ်မဆီမှာ ရင်သွေးလေးလည်းရှိနေပါပြီ" ဟု ပြောပြသွားခဲ့သည်။

အိန္ဒြာကျော်ဇင်သည် 'အဖြူရောင်ရဲတိုက်' ဇာတ်ကားကိုလည်း သူမ၏ကိုယ်ဝန်အစစ်ဖြင့် သရုပ်ဆောင်မည်ဟု သိရပြီး၊ သူမကိုယ်ဝန်မှ လေးလရှိပြီဖြစ်သည်ဟု သိရသည်။








7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# Entertainment

## စာ – ၄၇၊ လွှမ်းပိုင်နှင့်အင်တာဗျူး မှ

နောက် လုပ်ရင်းလုပ်ရင်းနဲ့ သူ့သီချင်းတွေအရမ်းရှုးသွပ်နေတဲ့အချိန်၊ တော်တော်လေးကြေညက်နေတဲ့အချိန်ဆိုတော့လိုက်ရေးရတာ အရင်ကထက်စာရင်တော့ နည်းနည်းပါးပါး ပိုပြီးသပ်ရပ်လာတယ်။ သူ့ပုံစံကိုတော့ယူထားတယ်။ နောက်တော့ သူ့သီချင်းတစ်ပုဒ်မှာ သူ့ Flow အတိုင်းမဟုတ်တော့ဘဲ Flowတွေကို ဖျက်တတ်လာတယ်။ အဲဒီသီချင်းနဲ့ပဲ 89 Sampleခွေမှာ ပရိသတ်လက်ခံသတိပြုမှု ရရှိခဲ့တယ်။ ပရိသတ်တွေဆီက ဘာတွေဆိုနေမှန်းမသိဘူးဆိုတဲ့စကားကြားလိုက်ရချိန်မှာ နည်းနည်းတော့ စိတ်ထဲအနှောင့်အယှက် ဖြစ်မိတယ်။ လုပ်ချင်ပြီဆိုရင်ဘယ်လိုပဲ ဝေဖန်ဝေဖန် ကျွန်တော်ကြိုက်ရင်ပြီးတာပဲ။ ပြီးတော့ ကိုယ့်ကိုယ့်ကိုယ်ယုံကြည်မှုရှိတယ်။ ကျွန်တော်ကြိုက်တယ်ဆိုမှ ပရိသတ်ကိုချပြတယ်။ ကျွန်တော်မကြိုက်ရင်ဘယ်လိုပဲကောင်းတယ်ပြောပြောမထုတ်ဘူး။ အားလုံးနဲ့ အစပ်အဟပ်တည့်သည်ဖြစ်စေ၊ မတည့်သည်ဖြစ်စေ ကျွန်တော် စိတ်ချမ်းသာရင်ပြီးပြီ။ စာတွေအများကြီးဖတ်ထားလို့စကားလုံးကတော့ ကြွယ်ဝချင်ကြွယ်ဝမယ်။ အဲဒီစကားလုံးတွေကိုလှ အောင် ချိတ်ဆက်နိုင်ဖို့ ခက်တာ။ အနုပညာရဲ့အကြည်ဓာတ်လေးလို့ပြောရမှာပေ့ါ။ ပျော်နေတဲ့အချိန် လျှောက်ညည်းလိုက်တဲ့သီချင်းလေးက ပျော်နေတဲ့သံစဉ်လေးဖြစ်နေမယ်။ တစ်ခါတလေ သီချင်းတစ်ပုဒ်ကို စိတ်ညစ်နေတဲ့အချိန်ရေးရင် စာသားတွေက ညစ်နွမ်းပြီးမကောင်းဘူး။ တီးလုံးပေါ်မှာလိုက်ညည်းပြီး ပျော်စရာလေးတွေးပြီး သီချင်းကိုတီထွင်ဖန်တီးရတာ အကောင်းဆုံးပါပဲ။

ကျွန်တော့်တီထွင်မှုကြောင့် ဟစ်ဟော့ပ်လောကထဲမှာရှိပြီးသားအနုပညာညီအစ်ကိုမောင်နှမတွေရဲ့အသိအမှတ်ပြုမှုကို ရခဲ့တယ်။ အဓိကက ရှော့ခ်စတားအဖွဲ့။ ကိုရဲလေး၊ကိုဂျေမီတို့ပေ့ါ။ရှော့ခ်စတားအဖွဲ့ကVIP နာမည်နဲ့ အရမ်းကို နာမည်ကြီးနေတဲ့အချိန်မှာ သူတို့အဖွဲ့မှာ ကျွန်တော့်ကိုခေါ်စရာမလိုဘဲနဲ့ကျွန်တော်ဆိုတာကိုကြိုက်လို့ခေါ်လိုက်တာ။ သူတို့အဖွဲ့ရဲ့ ကျေးဇူးအများကြီးရှိပါတယ်။

ကျွန်တော်တို့ သွားနေတဲ့ ဟစ်ဟော့ပ်လမ်းကြောင်းမှာ ကောင်းတာတစ်ခုက ကျွန်တော့်တီထွင်မှုလိုပဲ ခုဆိုအမြန်တွေဆိုတဲ့သူတွေလည်းရှိလာပါပြီ။ ကျွန်တော်တို့ယောကျ်ားလေး ရက်ပ်ပါအချင်းချင်း သီချင်းတွဲလုပ်ဖို့ သိပ်မခက်ဘူး။ မိန်းကလေးထဲမှာကျတော့ရှားလိမ့်မယ်။ မိန်းကလေးထဲမှာ Female Rapper ကရှားတယ်။ ရှားရှားပါးပါးထဲ က မိန်းကလေးရက်ပ်ပါ Bobby Soxer က အမြန်တွေဆိုနိုင်တော့ပုံစံတူနှစ်ယောက်တွဲပြီး သီချင်းလုပ်နိုင်တော့ အခွင့်အရေး ပိုပြီးကောင်းသွားတယ်။ သူနဲ့တွဲဆိုထားတဲ့ 'ခုန်လိုက်' လိုသီချင်းမျိုးဆိုကျွန်တော်ကအမြန်ဆိုပြီး တခြား အဆိုတော် မိန်းကလေးသာဆိုရင် ဒီလောက်လိုက်မမြန်နိုင်တော့ သီချင်းကထင်သလောက်မြောက်လာမှာ မဟုတ်ဘူး။

ရန်ကုန်ပရိသတ်ကတော့ အမြန်ဆိုနေတာကို သိပ်မထူးဆန်းတော့ပါဘူး။ သူတို့စိတ်ကိုဖမ်းယူနိုင်ဖို့အတွက် အသစ်တစ်ခုကိုပြန်ချပြမှရမယ်။ အဲဒီအတွက်လည်း စဉ်းစားတီထွင်နေတာတွေ လုပ်နေပါတယ်။ တီထွင်မှု ခေါင်းစဉ်အောက်မှာ ဟစ်ဟော့ပ်မှမဟုတ်ပါဘူး။ ဘယ်ဂီတမဆို ကိုယ်ပိုင်စတိုင်လ်နဲ့ ကိုယ်တိုင်ဖန်တီးမှု မရှိရင်တော့ အောင်မြင်မှာမဟုတ်ဘူး။ အသစ်အဆန်းမလုပ်တဲ့လူကို ဘယ်သူကမှလည်း အချိန်ကုန်ငွေကုန်ခံပြီး ခံစားမှာမဟုတ်ဘူး။ တီထွင်မှု တစ်ခုက ကိုယ့်ဘာသာ စိတ်သန့်တယ်။ တခြားတစ်ယောက်ရဲ့ပုံစံကိုကူးချတာမျိုးမဟုတ်တာကို တန်ဖိုးထားပါတယ်။ ပရိသတ်တွေလည်း တန်ဖိုးထားမယ်လို့ထင်ပါတယ်။

## ဩစတြေးလျဖျော်ဖြေပွဲမှ အကျိုးအမြတ်များကို မိဘမဲ့ကလေးငယ်များထံ လှူဒါန်းမည်

**အေးသူစံ**

**ရန်ကုန်၊ ဇွန် – ၁၆**

မေလလယ်ပိုင်းက မြန်မာနိုင်ငံမှ စိုင်းစိုင်းခမ်းလှိုင်၊ ချစ်ကောင်း၊ ဂျွန်နှင့် ချမ်းချမ်းတို့ဩစတြေးလျနိုင်ငံရှိ မြို့သုံးမြို့သို့ သုံးပတ်ကြာသွားရောက်ဖျော်ဖြေခဲ့သောဖျော်ဖြေပွဲမှ ရရှိသည့်အကျိုးအမြတ်များကို ပန်းတနော်မြို့ရှိ မိဘမဲ့ကလေးများထံသို့ ပြန်လည်လှူဒါန်းမည်ဟု ဖျော်ဖြေပွဲတွင် ပါဝင်ခဲ့သူ ချမ်းချမ်းကပြောသည်။

"ဒီပွဲက ပန်းတနော်မှာရှိတဲ့ မိဘမဲ့ကလေးတွေကို လှူဒါန်းဖို့ပွဲလုပ်တာပါ။ ပွဲလုပ်တဲ့ အဖွဲ့တွေက ရတဲ့ပိုက်ဆံတွေကို အကျိုးအမြတ်မယူဘဲ အကုန်ပြန်လှူမှာပါ။ ပန်းတနော်မှာ မိဘမဲ့ကလေးတွေ စားဖို့သောက်ဖို့တောင် ဒုက္ခရောက်နေတယ်ဆိုတဲ့အတွက် ဩစတြေးလျရောက်နေတဲ့ ချမ်းချမ်းတို့ကို ဖိတ်ခေါ်တဲ့ အဖွဲ့သုံးဖွဲ့က မြန်မာနိုင်ငံမှာအလှူလုပ်ချင်တာကြောင့် ဒီပွဲလေး ဖြစ်မြောက်ခဲ့တာပါ။ ဆစ်ဒနီမြို့မှာကဒေါက်တာမြင့်ထွန်းတို့မိသားစု၊ ပါ့သ်မှာက ဝင်းစူပါမားကက်နဲ့မဲလ်ဘုန်းမှာကျတော့ မညိုတို့မိသားစုက ဖိတ်တယ်။ ဒီသုံးဖွဲ့လုံးက စုပေါင်းပြီးပြန်လှူမှာပါ"ဟု ချမ်းချမ်းက ပြောသည်။ ယခင်က ပြည်ပဖျော်ဖြေပွဲများသွားရာတွင် ယခုကဲ့သို့ အလှူအတွက်သီဆိုဖူးခြင်းမရှိခဲ့ဘဲ ပြည်တွင်းပွဲများတွင်သာ သီဆိုခဲ့ဖူးသည်ဟု ချမ်းချမ်းက ဆက်လက်ပြောပြသည်။

"အရင်က မြန်မာပြည်တွင်းမှာတော့ ဒီလိုအလှူပွဲလေးတွေ ဆိုဖူးတယ်။ ပြည်ပပွဲကတော့ ဒီ ဩစတြေးလျပွဲက ပထမဆုံးပေ့ါ။ ခုလို ပြည်ပပွဲကြီးမှာ တကူးတကဖိတ်ခေါ်ပြီးဆိုစေတာတော့ မကြုံခဲ့ဖူးဘူးပေ့ါ။ ဖိတ်ခံရတဲ့အတွက် ဝမ်းသာတယ်။ ဒီပွဲတွေမှာ တစ်ပွဲကို ၁၅ ပုဒ်လောက်ဆိုခဲ့ရတာ။ ပရိသတ်တွေကလည်း အားပေးတယ်။ ဒီကရတဲ့ ပိုက်ဆံတွေကလည်း ကောင်းတဲ့အရာကိုပဲ လုပ်မှာဖြစ်တဲ့အတွက် ပင်ပန်းရကျိုးနပ်တယ်လို့ပြောလို့ရပါတယ်"ဟု ဖျော်ဖြေပွဲခံစားချက်ကို ဝေမျှပြောကြားသည်။

## တစ်ကိုယ်တော်ဖျော်ဖြေပွဲကျင်းပမည့် ရဲလေး

**အေးသူစံ**

**ရန်ကုန်၊ ဇွန် – ၁၄**



၂၀၀၈ ခုနှစ်က မြရိပ်ညိုတွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်ခဲ့ဖူးသည့် အဆိုတော် ရဲလေးသည် ၎င်း၏ ဒုတိယမြောက် တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုစက်တင်ဘာလတွင် ပြုလုပ်ရန် စီစဉ်နေပြီဟု ရဲလေးက ပြောသည်။

"ကျွန်တော် သီးသန့် Concept လေးလုပ်ချင်လို့ တစ်ကိုယ်တော်ပွဲလေးစီစဉ်တာပါ။ ပွဲအတွက်က အခုပါမစ်တင်ထားတော့ အသေးစိတ်ကိုနီးမှ ထပ်ပြီး ပရိသတ်တွေကို အသိပေးချင်ပါတယ်။ နောက်ထပ် အစီအစဉ်တစ်ခုက ကျွန်တော်တို့ Gate Way အဖွဲ့ရဲ့ "နံပါတ်တစ် ဦးစားပေး" စီးရီး ထွက်တဲ့အခါ ပရိုမိုးရှင်းပွဲတွေကို ၂၅ ရက်နဲ့ ၂၆ ရက်နှစ်ရက်လေးပွဲလုပ်ဖို့ရှိပါတယ်။ အဲဒီပွဲမှာပထမဆုံးလာဝယ်သူအယောက် ၂၅၀ စီကို ကျွန်တော့် တစ်ကိုယ်တော်ဖျော်ဖြေပွဲ လက်မှတ်တွေကို ကူပွန်လေးတွေအနေနဲ့ လက်ငင်းပေးလိုက်မှာပါ။ အားလုံးပေါင်း အယောက် တစ်ထောင်ပေ့ါ" ဟု ၎င်းက ပြောပြသည်။

သူ၏ဒုတိယအကြိမ် တစ်ကိုယ်တော်ဖျော်ဖြေပွဲတွင် ပါဝင်သီဆိုပေးကြမည့် ဧည့်သည်အဆိုရှင်သူငယ်ချင်းများမှာ ယခင်ပွဲထက်ပိုများနိုင်ပြီးမည်သူမည်ဝါဟူသည်ကိုတော့ မပြောလိုသေးကြောင်း၊ ထူးခြားသည့်အစီအစဉ်များစွာကိုလည်းထည့်သွင်းစီစဉ်ထားကြောင်း၊ ဖျော်ဖြေပွဲကို အခွေပြန်ထုတ်ဖြစ်၊မထုတ်ဖြစ်ကိုလည်း မပြောလိုသေးကြောင်းနှင့် 'ရကောက်ဘဝဖြင့်နေထိုင်ခြင်း' တစ်ကိုယ်တော်ခွေထွက်ရက်ကတော့ ၂၀၁၂ ခုနှစ်သို့ ရွှေ့သွားကြောင်း ရဲလေးက ဆက်လက်ပြောပြသည်။



**အေးသူစံ**

■ပုညခင်၏ ဝတ္ထုအား ဒါရိုက်တာ ဝိုင်း ကိုယ်တိုင်ဇာတ်ညွှန်းခွဲကာ ရိုက်ကူးထားသည့် 'အာဒမ်ရယ် ဧဝရယ် ဒဿရယ်' ရုပ်ရှင်ဇာတ်ကားကို ဇွန်လ ၁၂ရက်က သမ္မတရုပ်ရှင်ရုံတွင် အထူးပွဲပြသခဲ့သည်။ ပြေတီဦး၊စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ အဓိကသရုပ်ဆောင်ထားပြီး အမုန်း၊ အငြိုးအတေးနှင့် အာဃာတတရားများကြောင့် မိမိအမှန်တကယ်ချစ်မြတ်နိုးရသူကို စွန့်လွှတ်ခဲ့ရပြီး ခွင့်လွှတ်အနစ်နာခံသည့်အချစ်၊ ဖြူစင်အေးမြသည့်အချစ်ကြောင့် မိမိချစ်သူကို ရယူနိုင်ခဲ့သူ လူငယ်နှစ်ဦး၏ဘဝကို ပုံဖော်ထားခြင်းဖြစ်သည်။

■ချမ်းချမ်း၏ ဒုတိယတစ်ကိုယ်တော်စီးရီး 'သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်'ကို ဇူလိုင်လတွင် ဖြန့်ချိမည်ဖြစ်ပြီး မဟော်ဂနီရုပ်ရှင်ထုတ်လုပ်ရေးမှ 'ကျောက်စက်ရေ' ဇာတ်ကား၏ ပဟေဠိအဖြေမှန်ရွေးပွဲနှင့်အတူ မိတ်ဆက်ရှင်းလင်းမည်ဖြစ်သည်။ ယင်းစီးရီးတွင် သီချင်း ၁၂ ပုဒ်ပါဝင်ပြီး ရွှေဂျော်ဂျော်၊ မြင့်မိုးအောင်၊ ဖိုးကာ၊ ဂျမန်းနှင့် ချမ်းချမ်းရေးသားသော သီချင်းများပါဝင်မည်ဖြစ်သည်။ ပရိုဂျူဆာ ဂျမန်းမှတစ်ဦးတည်း ခုနစ်ပုဒ်ရေးသားထားခြင်းဖြစ်ပြီး ချမ်းချမ်းကိုယ်တိုင်ရေးသီချင်းမှာ ကော်ပီသံစဉ်သီချင်းဖြစ်ကြောင်းသိရသည်။

■ဂျန်းရှင်းမော်တင်၏ Super Hot Hot Prize ပရိုမိုးရှင်းအစီအစဉ်အဖြစ် ကျပ်သုံးသောင်းဖိုးပြည့်သော ဘောက်ချာများအား ကံစမ်းမဲလက်မှတ်တစ်စောင်ပြန်ပေးမည်ဖြစ်ပြီး ကံစမ်းမဲဖွင့်ပွဲကို စိုင်းစိုင်းခမ်းလှိုင်နှင့်အတူ တင်မိုးလွင်တို့က ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ကျပ်ငါးထောင်ပြည့်သော ဘောက်ချာများစုပေါင်းကာ သုံးသောင်းဖိုးပြည့်ရန် ဝယ်ယူနိုင်ပြီး ကံစမ်းမဲကာလကို ဇွန် ၁၁ မှ ဩဂုတ်လ ၁၉ ရက်အထိ ဖြစ်သည်။ ကံစမ်းမဲအစီအစဉ်တွင် ငွေကျပ်သိန်းလေးရာကျော်တန်ဖိုးရှိ အိမ်ရာကံစမ်းမဲကို ပရိသတ်များ စိတ်ဝင်စားမှုများပြားနေကြောင်း သိရသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Super 8 | Paramount | ၃၆,၄၅၁,၁၆၈ | ၁ |
| ၂။ | X-Men: First Class | 20th Century Fox | ၉၈,၀၂၃,၃၃၅ | ၂ |
| ၃။ | The Hangover Part II | Warner Bros: | ၂၁၅,၇၂၇,၄၆၁ | ၃ |
| ၄။ | Kung Fu Panda 2 | DreamWorks | ၁၂၆,၈၁၃,၂၄၀ | ၃ |
| ၅။ | Pirates of the Caribbean: On Stranger Tides | Walt Disney | ၂၀၈,၈၇၃,၂၅၈ | ၄ |
| ၆။ | Bridesmaids | Universal Pic | ၁၂၃,၈၁၅,၈၆၅ | ၅ |
| ၇။ | Judy Moddy and the Not Bummer Summer | Relativity Media | ၆,၀၇၆,၈၅၉ | ၁ |
| ၈။ | Midnight in Paris | N/A | ၁၃,၉၀၉,၁၉၆ | ၄ |
| ၉။ | Thor | Paramount Pic | ၁၇၃,၆၆၄,၇၂၃ | ၆ |
| ၁၀။ | Fast Five | Universal Pic | ၂၀၅,၀၉၄,၂၀၅ | ၇ |

## Movie Review

### Mr. Popper's Penguins




နယူးယောက်မြို့တွင် ကြီးပြင်းလာသော တော်မီသည် ကမ္ဘာပတ်နေသည့် ဖခင်ကြီးနှင့် လှိုင်းတိုရေဒီယိုလေးဖြင့်သာ ဆက်သွယ်ရသည်။ သို့သော်တော်မီတစ်ယောက် လူကြီးဖြစ်လာသောအခါ နယူးယောက်မြို့လယ်တွင် ကိုယ်ပိုင်တိုက်ခန်းနှင့် နေနိုင်လာပြီး အောင်မြင်သော အိမ်ခြံမြေစီးပွားရေးသမားတစ်ယောက်ဖြစ်လာသည်။ ထိုအချိန်မှာပင် ဖခင်ကြီးထံမှ နောက်ဆုံးလက်ဆောင် ပင်ဂွင်းငှက်များ တော်မီထံရောက်ရှိလာသည်။ နောက်ထပ်တစ်သုတ် ပင်ဂွင်းငှက်များလည်း ထပ်မံရောက်ရှိလာရာ မိန်းမနှင့်ကွဲပြီး ကလေးနှစ်ယောက်ကိုနှစ်ပတ်တစ်ကြိမ်တွေ့ခွင့်ရနေသော တော်မီ၏ ဘဝတွင် အပြောင်းအလဲများဖြစ်ပေါ်လာပြီး ထိုကိစ္စများအားလုံးကို တော်မီပေ့ါပါတစ်ယောက် ကိုင်တွယ်နိုင်မည်လားဆိုသည်မှာ . . . ။

ကလေးများအကြိုက်တွေ့မည့် ဟာသဇာတ်ကားအား Mark Waters ကရိုက်ကူးထားပြီး နာမည်ကြီးဟာသမင်းသား Jim Carrey, Carla Gugino, Medeline Carrol, Angela Lanslouryတို့ပါဝင်သရုပ်ဆောင်ထားသည်။ 20th Century Fox က ဇွန်လ ၁၇ ရက်တွင် ဖြန့်ချိထားသည်။

# Sports

7 DAY NEWS JOURNAL

Vol.10, No.14 2011


★★★အားကစားကြယ်ပွင့်★★★




## မီတာ ၁၀၀ နှင့် ၂၀၀ အိုလံပစ်နှင့် ကမ္ဘာ့စံချိန်များရှင် ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘော့

ဂျမေကာနိုင်ငံသား တာတိုအပြေးသမား အူစိန်ဘော့ဟာ ချီတာကျားသစ်တစ်ကောင်နီးပါး အပြေးမြန်လွန်းလှပြီး လက်ရှိမှာလည်း ကမ္ဘာ့စံချိန်အသီးသီးရယူကာ ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ်သတ်မှတ်ခံရသူပါပဲ။ နာမည်ပြောင်အနေနဲ့ Lightning Bolt ရယ်လို့ ခေါ်ဝေါ်ခံရတဲ့ အူစိန်ဘော့ကို ၁၉၈၆၊ ဩဂုတ် ၂၁ မှာ မွေးဖွားခဲ့ပါတယ်။

ဂျမေကာက ထရီလောင်နီမြို့ငယ်လေးမှာ ကုန်စုံဆိုင်ဖွင့်ထားတဲ့ မိဘနှစ်ပါးက မွေးဖွားတဲ့ဘော့ဟာ ငယ်စဉ်က အစ်ကိုဖြစ်သူနဲ့အတူ လမ်းပေါ်မှာ ခရစ်ကတ်၊ ဘောလုံးစတဲ့ အားကစားနည်းတွေကစားပြီး ကြီးပြင်းလာသူပါ။

ငယ်စဉ်ကတည်းက အားကစားကလွဲလို့ ဘာမှမသိတဲ့ ဘော့ဟာ အသက် ၁၂ နှစ်အရွယ်မှာတော့ ပင်ကိုယ်ပါရမီရယ်၊ ကြိုးစားမှုရယ် ပေါင်းစပ်ပြီး ကျောင်းတွင်း မီတာ ၁၀၀ အပြေးပြိုင်ပွဲမှာ အမြန်ဆုံးပြေးနိုင်သူ အပြေးသမားဖြစ်လာခဲ့ပါတယ်။ ဘော့ဟာ အထက်တန်းကျောင်းရောက်တဲ့အထိ ခရစ်ကတ်ကစားဆဲဖြစ်ပေမယ့် ၎င်းရဲ့ခရစ်ကတ်နည်းပြက ဘော့ရဲ့ အပြေးပါရမီကို သတိထားမိတာကြောင့် ပြေးခုန်ပစ်အားကစားဘက်ကို အာရုံစိုက်လိုက်စားစေခဲ့ပါတယ်။

**လူငယ်အပြေးသမားဘဝမှ ပရော်ဖက်ရှင်နယ်အဆင့်သို့**

ဘော့ဟာ ကျောင်းသားဘဝ အရွယ်ထဲကပဲ ဂျမေကာ ပြည်တွင်းအပြေးပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေရခဲ့ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ၂၀၀၁ ခုနှစ် ဂျမေကာအထက်တန်းကျောင်း ချန်ပီယံရှစ်ပြိုင်ပွဲ မီတာ ၂၀၀ ပွဲစဉ်မှာ စံချိန် ၂၂ ဒသမ ၀၄ စက္ကန့်နဲ့ ငွေတံဆိပ်ရခဲ့ပြီးနောက် ဟန်ဂေရီမှာကျင်းပခဲ့တဲ့ ၂၀၁၁ နိုင်ငံတကာပြေးခုန်းပစ်အဖွဲ့ချုပ် IAAF ရဲ့ ကမ္ဘာ့လူငယ်ချန်ပီယံရှစ်ပွဲကို ဝင်ပြိုင်ခဲ့ပါတယ်။ စာ(၅၁)သို့

## အမေရိကန်အမျိုးသမီး ဘတ်စကက်ဘောအသင်းနှင့် မြန်မာအသင်း ပူးတွဲလေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် -၁၆**

အမေရိကန်မှ Vision Sports အမျိုးသမီး ဘတ်စကက်ဘောအသင်းသည် ရန်ကုန်မြို့သို့လာရောက်၍ ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘတ်စကက်ဘောအသင်းနှင့်ပူးတွဲလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဘတ်စကက်ဘောအသင်းသည် ယခင် Impact Sports အသင်းအား အမည်ပြောင်းထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ လေးကြိမ်လာရောက်ခဲ့ဖူးကြောင်း မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သူတို့အသင်းအနေနဲ့ အရင်ကလည်း ပူးတွဲလေ့ကျင့်မှုတွေလာလုပ်ဖူးလို့ မြန်မာဘတ်စကက်ဘောအားကစားကို မြှင့်တင်ပေးချင်တဲ့ဆန္ဒရှိပါတယ်။ ဒီတစ်ခေါက်လည်း သူတို့ဘက်က ဆက်သွယ်ကမ်းလှမ်းတဲ့အတွက် ရန်ကုန်မှာ ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနဲ့ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်ဖို့အတွက် စီစဉ်ဖြစ်တာပါ။ အားကစားဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်လည်းရရှိပြီးပါပြီ" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

အမေရိကန်နိုင်ငံမှ အဆိုပါဘတ်စကက်ဘောအသင်းသည် ရန်ကုန်မြို့သို့ ဇွန် ၃၀ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး ဇူလိုင် ၇ ရက်အထိ ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ကျိုက္ကဆံ ဘတ်စကက်ဘောအားကစားလေ့ကျင့်ရေးရုံတွင် ပူးတွဲလေ့ကျင့်ရန်စီစဉ်ထားကြောင်း ၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်သည် လာမည့်ဆီးဂိမ်းပြိုင်ပွဲများအတွက် ရည်ရွယ်ကာလက်ရှိ ပဏာမအမျိုးသားလက်ရွေးစင် ၁၅ ဦးနှင့် အမျိုးသမီး ၁၈ ဦးအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ၁၉ နှစ်အောက် အာရှခရစ်ကတ် ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် -၁၅**

မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အသက် ၁၉ နှစ်အောက် အာရှခရစ်ကတ်ဖိတ်ခေါ်ပြိုင်ပွဲ ACC U-19 Challenge Cup 2011 သို့ မြန်မာယူ-၁၉ ခရစ်ကတ်အသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ စာ(၅၁)သို့

## အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် - ၁၆**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပွဲစဉ်များကို မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၁၇ရက်အထိ ဂျာမနီနိုင်ငံရှိ မြို့ကြီးကိုးမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အသင်းပေါင်း ၁၆ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ အုပ်စုပတ်လည်ပွဲစဉ်များတွင် နောက်ဆုံးဗိုလ်လုပွဲစဉ်အထိ ပွဲစဉ်ပေါင်း ၃၁ ပွဲရှိသည့်အနက် ပွဲစဉ်ပေါင်း ၂၀ အား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကျန်သည့်ပွဲစဉ် ၁၁ ပွဲအား နောက်ကျ(Delay) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်အား စီစဉ်တင်ဆက်သည့် Yangon Entertainment Media မှ သတင်းရရှိသည်။

အုပ်စုပွဲစဉ် ၂၄ပွဲအနက် ၁၃ ပွဲအား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်သုံးပွဲ၊ အကြိုဗိုလ်လုပွဲ နှစ်ပွဲ၊ တတိယနေရာလုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲများကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ ကျန်ပွဲစဉ်များကို နောက်ကျထုတ်လွှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ လေးနှစ်တစ်ကြိမ်ကျင်းပပြုလုပ်သည့် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ ဂျာမနီအသင်းဖြစ်သည်။

## မြန်မာလိဂ်ပွဲစဉ်အချို့ကို ရန်ကုန်ယူနိုက်တက်ပိုင် မြက်ခင်းတုကွင်းတွင် ကျင်းပသွားမည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် -၁၅**

၂၀၁၁ အသက် ၁၉ နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ AFF U-19 Championship 2011 ကို ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်ကာလအတွင်း မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်အချို့အား ရန်ကုန်ယူနိုက်တက်အသင်းပိုင်မြက်ခင်းတုကွင်းတွင်ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

အာဆီယံ ယူ-၁၉ ပြိုင်ပွဲအား လာမည့် စက်တင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်းနှင့်အောင်ဆန်းကွင်းတို့တွင် လက်ခံကျင်းပသွားမည်ဖြစ်ရာ၊ အဆိုပါ ကာလနှင့် တိုက်ဆိုင်နေသည့်အတွက် ရန်ကုန်တွင်ယှဉ်ပြိုင်ရမည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၁၈ နှင့် ၁၉ ပွဲစဉ်အချို့အား ရန်ကုန်ယူနိုက်တက်မြက်ခင်းတုကွင်းတွင်ယာယီကျင်းပရခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၁ မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပွဲစဉ်များသည် ဇွန် ၁၅ ရက်တွင် ပြီးဆုံးသွားပြီဖြစ်ရာ ရန်ကုန်ယူနိုက်တက်အသင်းသည် အမှတ်အများဆုံးဖြင့် ပထမနေရာမှ ဦးဆောင်ထားကာ ရာသီဝက်ချန်ပီယံ ဖြစ်လာခဲ့သည်။ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ဘောလုံးရာသီ၏ ဒုတိယအကြိမ် အပြောင်းအရွှေ့ကာလကို ဇွန် ၁၇ ရက်မှစတင်၍ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းပြိုင်ပွဲ၏ဒုတိယအကျော့ပွဲစဉ်များကို လာမည့် ဇူလိုင် ၃၁ ရက်တွင် ပြန်လည်စတင်ကျင်းပမည်ဖြစ်ပြီး လက်ရှိသုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ ဗထူးကွင်း၊ တောင်ကြီးကွင်းနှင့် မုံရွာကွင်းတို့အပြင် နေပြည်တော်အသင်း၏ (အိမ်ကွင်း)ပေါင်းလောင်းကွင်း၌ပါ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

## နိုင်ငံတကာ အားကစားသတင်းတိုများ

- ယူအီးအက်ဖ်အေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဂီယန်နီအင်ဖန်တီနိုက ဥရောပဘောလုံးအဖွဲ့ချုပ်သည် ဖီဖာ၏အုပ်ချုပ်ရေးကဏ္ဍအတွင်း ကတိပြုထားသောတိုးတက်ပြောင်းလဲမှုများကို လာမည့်သုံးလအတွင်း မြင်တွေ့ချင်ကြောင်း ပြောကြားလိုက်သည်။
- တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်သည်ပြည်တွင်းလိဂ်ဘောလုံးပွဲစဉ်များအတွင်း လုပ်ပွဲကစားခဲ့ကြသည့်နာမည်ကြီးဘောလုံးသမား ၁၀ ဦးကိုတစ်သက်တာ ဘောလုံးကစားခွင့်ပိတ်ပင်မှုပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။
- အမေရိကန်သမ္မတအိုဘားမားသည် ဇွန် ၁၆ ရက်က ကျင်းပပြီးစီးခဲ့သော NBA ဘတ်စကတ် ဘောချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဒါးလတ်စ်ဗဲဗားရတ်စ်အသင်း၏နည်းပြ ရစ်ကာလစ်ဆယ်အား ချီးကျူးဂုဏ်ပြုစကားပြောခဲ့ပြီး အဆိုပါအသင်းအား မကြာမီအိမ်ဖြူတော်သို့ခေါ်ယူတွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။
- လန်ဒန်အိုလံပစ်ကျင်းပရေးကော်မတီသည် ကဒါဖီတပ်သားဦးဆောင်သောလစ်ဗျားအိုလံပစ်ကော်မတီအတွက် လက်မှတ်များရောင်းချပေးမည် မဟုတ်သော်လည်း မြောက်ကိုရီးယား၊ အီရန်၊ ဆိုမာလီယာ၊ တူနီးရှား၊ ယီမင်၊ အိုမန်၊ ဘာရိန်းနှင့် မြန်မာ့နိုင်ငံများအတွက် အိုလံပစ်လက်မှတ်ခွဲတမ်းများကိုမူ ချပေးသွားမည်ဖြစ်ကြောင်း အင်္ဂလန်မီဒီယာတယ်လီဂရပ်ဖ်သတင်းစာက ဖော်ပြခဲ့သည်။
- ပါကစ္စတန်မှ အိုလံပစ်ချန်ပီယံဆု သုံးကြိမ်ရ လက်ဝှေ့သမား အက်ဘာရာဟူစိန်သည် စစ်သွေးကြွများ၏ လုပ်ကြံမှုကြောင့် ဦးခေါင်းတွင်သေနတ်ဒဏ်ရာရရှိပြီးဇွန် ၁၆ ရက်က ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။ —*Ref: AP/AFP/Xinhua*

## လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲများ တစ်လတစ်ပွဲနှုန်း ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် -၁၅**

သက်တမ်းအလိုက် ပြိုင်ပွဲများပါဝင်မည့်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဇွန်လမှစတင်၍ ဒီဇင်ဘာလအထိ တစ်လလျှင်တစ်ပွဲနှုန်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Han Golf Masters Junior Golf Series 2011 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ ရက်တွင် မြန်မာဂေါက်ကလပ်(ရန်ကုန်)၌လည်းကောင်း၊ ဇူလိုင်လတွင် မန္တလေးရေတံခွန်တောင်ဂေါက်ကလပ်၌လည်းကောင်း၊ ဩဂုတ်လတွင် ရွှေ့ရွှဲယ်မင်္ဂလာဒုံဂေါက်ကလပ်(ရန်ကုန်)၌လည်းကောင်း၊ စက်တင်ဘာလနှင့် နိုဝင်ဘာလတွင် ရန်ကုန်ဂေါက်ကလပ်၌လည်းကောင်း၊ ဒီဇင်ဘာလတွင် ပန်းလှိုင်ဂေါက်ကလပ်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများတွင် သက်တမ်းများအနေဖြင့် အသက် ၈ နှစ်မှ ၁၂ နှစ်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အသက် ၁၆ နှစ်မှ ၁၈ နှစ်၊ အသက် ၁၉ နှစ်မှ ၂၁ နှစ်အထိ ပြိုင်ပွဲလေးမျိုး ခွဲခြားကျင်းပမည်ဖြစ်သည်။ "ဒီပြိုင်ပွဲလေးတွေလုပ်ရတဲ့ အဓိကရည်ရွယ်ချက်က လက်ရွေးစင်အသင်းအတွက် မျိုးဆက်သစ်လူငယ်လေးတွေ ပေါ်ထွက်လာစေဖို့ပါ။ ဒီဇင်ဘာမှာ Grand Final ပွဲကြီးတစ်ပွဲကို နိုင်ငံခြားက ကလေးတွေပါ ပါဝင်ယှဉ်ပြိုင်စေပြီး ကျင်းပသွားဖို့ စီစဉ်ထားပါတယ်" ဟု အဆိုပါပြိုင်ပွဲများကို အဓိကကူညီပံ့ပိုးမည့် Han Golf Masters Pte., Ltd မှ အမှုဆောင်အရာရှိချုပ်ဦးချမ်းဟန်က ပြောသည်။

အဆိုပါ လူငယ်သက်တမ်းအလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပတ်သက်၍ သိရှိလိုပါက ဖုန်း- ၀၁ ၆၅၁၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

## အင်တာနေရှင်နယ်အိုးပင်းစစ်တုရင်ပြိုင်ပွဲ ဇူလိုင်လတွင်ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် - ၁၅**

ပထမဆု အမေရိကန်ဒေါ်လာ သုံးထောင်ချီးမြှင့်မည် အင်တာနေရှင်နယ်အိုးပင်းစစ်တုရင်ပြိုင်ပွဲကို လာမည့် ဇူလိုင်လတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

နိုင်ငံတကာမှစစ်တုရင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည့် အဆိုပါပြိုင်ပွဲကို ဇူလိုင်လ ၅ ရက်မှ ၁၂ရက်အထိကျင်းပမည်ဖြစ်ပြီး၊ အဆင့် ၁ မှ ၁၀ အထိ ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှသတင်းရရှိသည်။

ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာတစ်သောင်းချီးမြှင့်မည့် ယင်းပြိုင်ပွဲတွင် ပြည်တွင်းအားကစားသမားများအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုနှင့် အကောင်းဆုံးလူငယ်အားကစားသမားဆုများကိုလည်းချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံး(အောင်ဆန်းကွင်း)သို့ ဇွန်လ ၃၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးမှာ ကျပ်ငါးသောင်းဖြစ်ကြောင်း သတင်းရရှိသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၇၅၅၇၃ သို့ ဆကသွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

### စာ(၅၀) - ၁၉ နှစ်အောက် အာရှခရစ်ကတ် ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည် မှ

အဆိုပါပြိုင်ပွဲကိုမလေးရှားနိုင်ငံတွင် လာမည့်ဇူလိုင်လ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအပါအဝင်နိုင်ငံပေါင်း ရှစ်နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဘူတန်၊ တရုတ်၊ အီရန်အသင်းများနှင့် ကျရောက်လျက်ရှိပြီး အုပ်စုအဆင့်ပွဲစဉ်များကို ပီနန်မြို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(က)တွင်မူ ဆော်ဒီအာရေးဗီးယား၊ ကူဝိတ်၊ မော်လဒိုက်နှင့် ဘရူနိုင်းအသင်းတို့ပါဝင်ပြီး အဆိုပါအသင်းပွဲစဉ်များကို ကွာလာလမ်ပူမြို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာလူငယ်ခရစ်ကတ်အသင်းတွင် အားကစားသမား ၁၄ ဦးပါဝင်ပြီး၊ ဘင်္ဂလားဒေ့ရှ်နည်းပြဆရာက လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

နှစ်စဉ်ကျင်းပသည့် အဆိုပါပြိုင်ပွဲတွင်ပြိုင်ပွဲဝင်အသင်းများ၏ ခရီးစရိတ်၊ ပြိုင်ပွဲကာလနေထိုင်စားသောက်စရိတ်နှင့် အသွားအပြန်လေယာဉ်ခရီးစရိတ်များကို အာရှခရစ်ကတ်ကောင်စီက ကျခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

### စာ(၅၀) - အားကစားကြယ်ပွင့် မှ

ဒီပွဲမှာ သူဟာ ခြေစစ်ပွဲ မအောင်မြင်ခဲ့ပေမယ့် တစ်ဦးချင်း စံချိန်သစ်ကိုတော့ရခဲ့ပါတယ်။ ဒီနောက်မှာတော့ အောင်မြင်မှုတွေ ဆက်ခဲ့ပါတော့တယ်။ ဘော့ဟာ ၂၀၀၂ ကမ္ဘာ့အငယ်တန်းအပြေးပြိုင်ပွဲ မီတာ ၂၀၀ မှာ ရွှေရခဲ့သလို မီတာ ၁၀၀ နဲ့ မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွေမှာလည်း ငွေတံဆိပ်ရခဲ့ပါတယ်။ ဒီနောက် ၂၀၀၃ မှာ ရှားဘရွတ်ခ်မြို့မှာ ကျင်းပတဲ့ ကမ္ဘာ့လူငယ်ချန်ပီယံရှစ်အပြေးပြိုင်ပွဲ မီတာ ၂၀၀ မှာလည်း ရွှေထပ်ရခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၀၄ မှာ ခြေကျင်းဝတ်ဒဏ်ရာရခဲ့တာကြောင့် ဘော့ဟာ ၂၀၀၄ ကမ္ဘာ့အငယ်တန်း ချန်ပီယံရှစ်နဲ့ အေသင်အိုလံပစ်တို့ကို လွဲချော်ခဲ့ရပါတယ်။

#### ၂၀၀၅ - ၂၀၁၀ ကာလများ

ဘော့ဟာ ၂၀၀၅ ခုနှစ်မှာ အမေရိကန်မှာနေထိုင်ပညာသင်ကြားခွင့် ကမ်းလှမ်းချက်ရခဲ့ပေမယ့် ငြင်းပယ်ခဲ့ပြီး ဂျမေကာမှာပဲနည်းပြသစ် ဂလင်းမေးလ်နဲ့ လက်တွဲကာအောင်မြင်မှုတွေ ရဖို့ ပိုမိုကြိုးစားခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၀၅ နဲ့ ၂၀၀၆ နှစ်နှစ်အတွင်းမှာ သူဟာ ကမ္ဘာ့အဆင့် ၅ အတွင်းဝင်ခဲ့ပြီး အခြားသူများက မီတာ ၄၀၀ မှာ ဝင်ပြိုင်ဖို့ တိုက်တွန်းတာတွေ ရှိခဲ့ပေမယ့် သူကတော့ ကိုယ်အားသန်တဲ့ မီတာ ၂၀၀ တာတိုအပြေးပွဲကိုပဲ အာရုံထားခဲ့ပါတယ်။ ဘော့ဟာ ၂၀၀၆ မှာ မဲလ်ဘုန်းမှာ ကျင်းပတဲ့ ဓနသဟာယ အားကစားပြိုင်ပွဲမှာလည်း ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရပေမယ့် ၂၀၀၆ အတွင်း ဆွစ်ဇာလန်မှာ ကျင်းပတဲ့ Athletissima Grand Prix မီတာ ၂၀၀ မှာ ကြေးတံဆိပ်၊ စတုဂတ်မှာ လုပ်တဲ့ IAAF World Athletic Final မှာ ကြေးတံဆိပ်၊ အေသင်မှာလုပ်တဲ့ IAAF World Cup မှာတော့ ငွေတံဆိပ်တို့ကို ဆွတ်ခူးပြီး အောင်မြင်မှုတွေရခဲ့ပါတယ်။


ဒီလိုနဲ့ ၂၀၀၇ အိုဆာကာ ကမ္ဘာ့ချန်ပီယံရှစ် အပြေးပြိုင်ပွဲမှာမီတာ ၂၀၀ နဲ့မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွေမှာ ငွေတံဆိပ်တွေရခဲ့ပြီးနောက် သူရဲ့အတောက်ပဆုံးကာလထဲကိုဘော့ဟာ ၂၀၀၈ ကစလို့ ဝင်ရောက်နိုင်ခဲ့ပါတော့တယ်။ ဘော့ဟာ ၂၀၀၈ ဘေဂျင်း အိုလံပစ်မှာ မီတာ ၁၀၀ နဲ့ ၂၀၀ မှာ တစ်ဦးချင်းအိုလံပစ် စံချိန်သစ်တွေရခဲ့သလို အသင်းဖော်တွေနဲ့ မီတာ ၁၀၀ လက်ဆင့်ကမ်းပွဲမှာလည်း အောင်မြင်ခဲ့ပြီး အိုလံပစ်ရွှေတံဆိပ် သုံးခုရရှိခဲ့ပါတယ်။ ဒီနောက် ၂၀၀၉ မှာတော့ ဘော့ဟာ ကမ္ဘာ့ချန်ပီယံရှစ်ပွဲ (ဘာလင်) မှာ မီတာ ၁၀၀ ကို ၉ ဒသမ ၅၈ စက္ကန့်၊ မီတာ ၂၀၀ ကို ၁၉ ဒသမ ၁၉ စက္ကန့်နဲ့ ပြေးကာ ကမ္ဘာ့စံချိန်သစ် နှစ်ခုတင်ပြီး ကမ္ဘာ့အမြန်ဆုံးလူသားဖြစ်လာခဲ့ပါတော့တယ်။

၂၀၁၀ အတွင်းမှာတော့ ဘော့ဟာ ၎င်းရဲ့ ကမ္ဘာ့စံချိန်သစ်ကိုထပ်ချိုးဖျက်နိုင်ခြင်း မရှိပေမယ့် Colorful Daegn Pre-Championship Meeting နဲ့ ၂၀၁၀ IAAF ဒိုင်းမွန်းလိဂ်ပွဲတွေမှာ ဆက်လက်အနိုင်ရခဲ့ပါတယ်။ ဒီနောက်တစ်လကြာဖနောင့်ကြော ဒဏ်ရာရခဲ့ပြီးနောက် ဆွစ်ဇာလန်နိုင်ငံ လော်ဆန်းမှာ ပြုလုပ်တဲ့ Athletissima Meeting ပွဲမီတာ ၁၀၀ မှာ ၉ ဒသမ ၈၂ စက္ကန့်နဲ့ ဗိုလ်စွဲခဲ့ပါတယ်။ ဒါပေမဲ့ ၎င်းဟာ DN Galan ပွဲမှာတော့ မီတာ ၁၀၀ မှာ တိုင်ဆန်ဂေးကို ၉ ဒသမ ၉၇ စက္ကန့်နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဂေးဟာဘော့ရဲ့ ယခင်စံချိန်ကို မချိုးနိုင်ခဲ့ပေမယ့် ဒီပွဲမှာ ၉ ဒသမ ၈၄ စက္ကန့် စံချိန်နဲ့ အောင်ပွဲရခဲ့ပါတယ်။

#### ၂၀၁၁ ပြိုင်ပွဲများနှင့် ပုဂ္ဂိုလ်ရေးဘဝ

ဘော့ဟာ ဒီ ၂၀၁၁ ထဲမှာတော့ မကြာမီက ကျင်းပခဲ့တဲ့ ဘစ်ဆလတ် ဂိမ်း မီတာ ၂၀၀ ပြိုင်ပွဲနဲ့ အော်စထရာဗာ မီတာ ၁၀၀ ပွဲတွေမှာ ဗိုလ်စွဲခဲ့ပေမယ့် ၎င်းရဲ့ ကမ္ဘာ့စံချိန်ကိုတော့ ကျော်လွန်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ ဒီရာသီမှာ အောင်မြင်မှုနှစ်ခုဆက်တိုက်ရယူထားနိုင်တဲ့အတွက် မနှစ်ကထက်ပိုကောင်းလာတဲ့ ကမ္ဘာစံချိန်ရှင်ရဲ့ စွမ်းရည်ကို ဒီနှစ်ထဲမှာ များများမြင်တွေ့ရဖွယ်ရှိနေပါတယ်။ ၎င်းဟာ ဩဂုတ် ၂၇ ကနေ စက်တင်ဘာ ၄ အထိ တောင်ကိုရီးယား နိုင်ငံဒေဂူမှာ ကျင်းပမယ့် ကမ္ဘာ့ ချန်ပီယံရှစ်ပွဲ မီတာ ၂၀၀ ကိုဝင်ပြိုင်ဖို့ ပြင်ဆင်နေပါပြီ။

အူစိန်ဘော့ဟာ အကဝါသနာပါသူတစ်ဦးဖြစ်သလို ခရစ်ကတ်ကို ရူးသွပ်သူတစ်ဦးလည်းဖြစ်ပါတယ်။ ၎င်းဟာ ခရစ်ကတ်အားကစားမှာ ပါကစ္စတန်လက်ရွေးစင် အသင်းကို အားပေးသူဖြစ်ပြီး ဘောလုံးကစားနည်းမှာတော့ မန်ချက်စတာယူနိုက်တက်အသင်းအားပေးသူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ မှာဘော့ဟာ ဟတ်ပါးကောလင်း စာအုပ်တိုက်နဲ့ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ရေးပေးဖို့စာချုပ်ထားပြီး ရှေ့နှစ် ၂၀၁၂ မှာ စာအုပ်ထွက်ရှိမယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၉-၁၀ နှစ်နှစ် ဆက်တိုက် လော်ရီယပ်စ် တစ်နှစ်တာကမ္ဘာ့အားကစားသမားဆုရခဲ့တဲ့ အူစိန်ဘော့ဟာ ဒီ ၂၀၁၁ အတွက်လည်း ရဦးမလားဆိုတာ စောင့်ကြည့်ရပါမယ်။



7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# နှစ်ပွဲဆက်တိုက် အဝါကတ်ထိထားသောကစားသမားများကို စည်းမျဉ်းသစ်အရ နှစ်ပွဲပယ်မည်ဟု ယူအီးအက်ဖ်အေဆို



**နိုင်ယွန် (ဆွစ်ဇာလန်)၊ ဇွန် - ၁၈**

ပွဲစဉ်နှစ်ပွဲဆက်တိုက် အဝါကတ် နှစ်ကြိမ်အပြခံရသော ကစားသမားများသည် မူလက တစ်ပွဲပယ် ပြစ်ဒဏ်သာခံရသော်လည်း ယခုအခါ ပွဲစဉ်များတွင် တမင်ရည်ရွယ်၍ ပြစ်ဒဏ်ကျူးလွန်မှုများ လျော့ပါးစေရန်အတွက် အဆိုပါ ပြစ်ဒဏ်ကို နှစ်ပွဲပယ်ပြစ်ဒဏ်သို့ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ဥရောပဘောလုံးအဖွဲ့ချုပ် ယူအီးအက်ဖ်အေ၏ အထွေထွေအတွင်းရေးမှူးချုပ် ဂီယန်နီ အင်ဖန်တီနိုက ပြောကြားလိုက်သည်။ ၎င်းက "ပုံမှန်အားဖြင့်တော့ဒီလိုပြစ်ဒဏ်ကျူးလွန်မှုမျိုးကိုတစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ပေမယ့် ပွဲထဲမှာ အဝါကတ်နှစ်ခုအပြခံရရင်တော့ အလိုအလျောက်ပဲနောက်ထပ်ပွဲပယ်ပြစ်ဒဏ်တစ်ပွဲ ထပ်တိုးသွားမှာပါ" ဟု ပြောသည်။

ဘာစီလိုနာအသင်းမှ ကွင်းလယ်လူ အင်ဒရေအင်နီယေစတာသည် ပြီးခဲ့သောလများအတွင်း ရှက်တာဒိုးနက်စ်နှင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲကို ကစားခွင့်မရခဲ့သော်လည်း ပြည်တွင်းအဓိကပြိုင်ဘက် ရီးရဲလ်နှင့် တွေ့ဆုံရာတွင်မူ ပြန်လည်ကစားနိုင်ခဲ့သဖြင့် တမင်အဝါကတ်ရယူကာ ရီးရဲလ်နှင့် ပွဲအတွက် ပြင်ဆင်ခဲ့သည်ဟု စွပ်စွဲခံရဖူးသည်။ ထိုစဉ်က ယူအီးအက်ဖ်အေသည် အင်နီယေစတာအား တစ်ပွဲပယ်ပြစ်ဒဏ်ပေးခဲ့သော်လည်း ဒဏ်ငွေရိုက်ရန်နှင့် နောက်ထပ်ပွဲပယ်ပြစ်ဒဏ်များ ချမှတ်ရန်မူ ပယ်ချခဲ့သည်။ ယူအီးအက်ဖ်အေသည် ယခုစည်းမျဉ်းသစ် မပြဋ္ဌာန်းမီကလည်း ဗီလာရီးရဲလ်အသင်းမှ တိုက်စစ်မှူးနေလ်ဗာနှင့် ကွင်းလယ်လူ ကတ်ဇော်လာတို့အား ယူရိုပါလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ တွမ်တီးနှင့်ပွဲစဉ်ကိုရှောင်ရှားရန် တမင်အဝါကတ် ပြစ်ဒဏ်များ ကျူးလွန်မှုဖြင့် ဒဏ်ငွေယူရို ၂၀,၀၀၀ စီနှင့် ကလပ်အား ဒဏ်ငွေ ယူရို ၆၀,၀၀၀ ဒဏ်ရိုက်ခဲ့သည်။

ကွာတားဖိုင်နယ်ကဲ့သို့ အရေးပါသော ပွဲစဉ်များတွင် ယခင်ရှုံးထွက်ပွဲမှ အဝါကတ်ပြစ်ဒဏ်ထိထားသူ ကစားသမားများသည် ပထမအကျော့၌ပင် အဝါကတ်ပြစ်ဒဏ်နောက်တစ်ကြိမ် ယူထားခြင်းဖြင့် ကွာတားဒုတိယအကျော့၌တစ်ပွဲပယ်ခံရသော်လည်း ဆီမီးဖိုင်နယ်ရောက်လျှင်မူ ယခင်စည်းမျဉ်းဟောင်းအရ အဝါကတ်ပြစ်ဒဏ်ကင်းရှင်းစွာ ကစားနိုင်ခဲ့ကြသည်။

*—Ref: Telegraph*

# လန်ဒန်အိုလံပစ်အတွက် ဒုတိယအကျော့ လက်မှတ်စောင်ရေ ၂ ဒသမ ၃ သန်း မကြာမီရောင်းချမည်

**လန်ဒန်၊ ဇွန် - ၁၈**

လာမည့် ၂၀၁၂ လန်ဒန်အိုလံပစ်အတွက် ဒုတိယအကျော့ လက်မှတ်ရောင်းချခြင်းကို ဇွန် ၂၄ ရက်တွင် စတင်မည်ဖြစ်ကာ လက်မှတ်စောင်ရေ ၂ ဒသမ ၃ သန်းခန့် ရောင်းချသွားမည်ဖြစ်ကြောင်း လန်ဒန်အိုလံပစ်နှင့် မသန်စွမ်းအိုလံပစ်ပြိုင်ပွဲများ ကျင်းပရေးကော်မတီ LOCOG ကအတည်ပြုလိုက်သည်။ လက်မှတ်များရောင်းချခြင်းကိုဇွန် ၂၄ ရက်မှစ၍ ဆယ်ရက်ကြာရောင်းချပေးသွားမည် ဖြစ်ကာ၊ ပြီးခဲ့သည့် မတ် ၁၅ မှဧပြီ ၂၆ အတွင်း လက်မှတ်ဝယ်ယူရန် လျှောက်ထားခဲ့သော်လည်း လက်မှတ်ခွဲတမ်းမရရှိသူများကိုမူ ဇူလိုင် ၃ ရက်မှ စတင်၍ထပ်မံရောင်းချပေးသွားမည်ဖြစ်သည်။

လန်ဒန်အိုလံပစ်အတွက် ပထမအကျော့ လက်မှတ်များ ရောင်းချစဉ်ကပင် လူပေါင်း ၂ ဒသမ ၅ သန်းခန့်လက်မှတ်ရရှိခဲ့ပြီး လက်မှတ်ဝယ်ယူရန်လျှောက်ထားမှုအောင်မြင်သော်လည်း လက်မှတ်မရရှိသူ ခုနစ်သိန်းခန့် ကျန်ရစ်ခဲ့သည်။ ထိုသို့ လက်မှတ်ဝယ်ယူရန် လျှောက်ထားမှုအောင်မြင်သူများသည် တန်ဖိုးပေါင်စတာလင်ငွေ ၂၇၅ ခန့်ကျသင့်မည်ဖြစ်သော ပြိုင်ပွဲလက်မှတ်လေးစောင်မှ ငါးစောင်ခန့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

လန်ဒန်အိုလံပစ်ပွဲတွင် ရောင်းချရန်ကျန်ရှိနေသေးသော လက်မှတ်စောင်ရေ ၂ ဒသမ ၃ သန်းမှ ၁ ဒသမ ၇ သန်းမှာ ဘောလုံးပြိုင်ပွဲများအတွက် ဖြစ်သည်။ ဤလက်မှတ်များမှာ လှံတံပစ်၊ အပြေး၊ ဘတ်စကက်ဘော၊ သဲသောင်ပြင် ဘောလီဘော၊ လက်ဝှေ့၊ ကနူးလှေလှော်ပြိုင်ပွဲ၊ တောင်တက်စက်ဘီးစီးပြိုင်ပွဲ၊ လက်ပစ်ဘော၊ ဟော်ကီ၊ ဂျူဒို၊ ရွက်လှေစသည့်ပြိုင်ပွဲများအတွက် ဖြစ်ကြောင်း သိရသည်။

*—Ref: Eurosport*



7 DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011

# ပလေးဘွိုင်း မဂ္ဂဇင်းတည်ထောင်သူ မင်္ဂလာပွဲပျက်ကာ အသည်းကွဲ


**လော့စ်အိန်ဂျလိစ်၊ ဇွန် – ၁၅**

ပလေးဘွိုင်းမဂ္ဂဇင်းတည်ထောင်သူဟက်ဟတ်ဖနာသည် ယခုအပတ်အတွင်း လက်ထပ်ရန် စီစဉ်ထားသော်လည်း ၎င်း၏ သတို့သမီးလောင်းမှာ စိတ်ပြောင်းသွား၍ဟတ်ဖနာမှာ အသည်းကွဲခဲ့ရကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ ဟတ်ဖနာ(၈၅ နှစ်)သည် ၎င်း၏ မဂ္ဂဇင်းမှ ကိုယ်ဟန်ပြမယ်တစ်ဦးဖြစ်သူ ခရစ်စတယ်ဟားရစ် (၂၅ နှစ်)နှင့် ဇွန် ၁၁ ရက် (စနေနေ့)က လော့စ်အိန်ဂျလိစ်ရှိ ပလေးဘွိုင်း စံအိမ်တွင် ပရိသတ် ၃၀၀ ကျော်ရှေ့မှောက်၌ လက်ထပ်ရန် မူလက စီစဉ်ခဲ့သည်။


လက်ထပ်ဖြစ်ခဲ့ပါက ယင်းမှာဟတ်ဖနာအတွက် တတိယအကြိမ်လက်ထပ်ခြင်း ဖြစ်လာမည်ဖြစ်သည်။ မင်္ဂလာပွဲ မလုပ်ဖြစ်တော့ခြင်းနှင့် ပတ်သက်၍ဟတ်ဖနာက “မင်္ဂလာဆောင်ကတော့ပျက်သွားပါပြီ။ ခရစ်စတယ်လာဟာ စိတ်ပြောင်းသွားခဲ့ပါတယ်။ လမ်းခွဲတာဟာ အသည်းကွဲရတာပါပဲ။ ဒါပေမဲ့ အခုတော့ လက်ထပ်ပြီးမှ ကွဲတာထက် ပိုကောင်းပါတယ်” ဟု ၎င်း၏ တွစ်တာဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။ သို့သော် ၎င်းက ခရစ်စတယ်နှင့် ဖုန်းပေါ်၌ ရန်ဖြစ်ပေါက်ကွဲခဲ့သည်ဟူသော တီအမ်ဇက်ဝက်ဘ်ဆိုက်၏ သတင်းဖော်ပြချက်ကိုမူ ငြင်းဆန်ခဲ့သည်။

ဟတ်ဖနာသည် ဗြိတိသျှလူမျိုးမိဘနှစ်ပါးမှ ဆန်ဒီယေဂိုမြို့ မွေးဖွားကြီးပြင်းလာခဲ့ပြီး ၁၉၅၃ တွင် မာရီလင်မွန်ရိုး၏ မျက်နှာဖုံးဖြင့် ပလေးဘွိုင်းမဂ္ဂဇင်း အမှတ် (၁)ကို စတင်ထုတ်ဝေခဲ့သည်။ ထိုမဂ္ဂဇင်းမှာစောင်ရေ ၅၁,၀၀၀ ရောင်းချခဲ့ရပြီး အောင်မြင်ခဲ့သဖြင့် ဆက်လက်ထုတ်ဝေခဲ့ရာ ကုမ္ပဏီမှာလည်း ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသော နိုင်ငံတကာကော်ပိုရေးရှင်းတစ်ခု ဖြစ်လာသည်။

ထို့နောက် မကြာမီကမှ ဟတ်ဖနာသည် ကုမ္ပဏီကို တစ်ဦးပိုင်အဖြစ် ပြန်လည်ဝယ်ယူစုစည်းခဲ့သည်။ ဟတ်ဖနာသည် ခရစ်စတယ်နှင့် ၂၀၀၈ ခုနှစ်တွင် တွေ့ခဲ့ပြီးနောက်တွင် ပလေးဘွိုင်းစံအိမ်၌ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူမသည် ၂၀၀၉ ဒီဇင်ဘာလတွင် ပလေးဘွိုင်းမယ်ဖြစ်လာပြီး လာမည့်ဇူလိုင်လထုတ် မဂ္ဂဇင်းမျက်နှာဖုံးရှင်အဖြစ်ပါဝင်ထားကြောင်း သိရသည်။



—Ref: Reuters



# ဗြိတိန်နိုင်ငံတွင် နှစ်စဉ်လူနှစ်သောင်းကျော် အိပ်ရာပေါ်မှ ပြုတ်ကျ ဆေးရုံတက်ရ

**လန်ဒန်၊ ဇွန် – ၁၄**

ဗြိတိန်အမျိုးသားကျန်းမာရေး ဌာန NHS ကထုတ်ပြန်သော စာရင်းများအရ ဗြိတိန်နိုင်ငံတွင် တစ်နှစ်လျှင်လူပေါင်း ၂၀,၀၀၀ ကျော်ခန့်သည် အိပ်ရာပေါ်မှပြုတ်ကျခြင်းကြောင့် ဆေးရုံတက်ကုသခဲ့ရကြောင်း ဝန်ခံခဲ့သည်ဟု သိရသည်။ နောက်ထပ်လူပေါင်း ၁၂,၀၀၀ မှာမူ ကုလားထိုင်ပေါ်မှလည်းကောင်း၊ လူပေါင်း ၆,၄၀၀ ခန့်မှာမူ လှေကားများပေါ်မှ ပြုတ်ကျ၍လည်းကောင်းဆေးကုသမှုခံရန်လိုအပ်ခဲ့ပြီး အခြား ၁၇၀ ဦးမှာမူ တောင်စောင်းအမြင့်များပေါ်မှ ပြုတ်ကျ၍ဆေးရုံတက် ကုသရကြောင်း ဝန်ခံခဲ့သည်ဟုဆိုသည်။

အင်္ဂလန်နိုင်ငံအတွက် ထုတ်ပြန်ခဲ့သည့် ယခုစာရင်းမှာ NHS ၏သတင်းအချက်ဌာနမှ ထုတ်ဝေခြင်းဖြစ်ပြီး ၂၀၁၀ မတ်လမှ ၂၀၁၁ ဖေဖော်ဝါရီအထိ ကာလအတွင်းဖြစ်ခဲ့သော အမြင့်မှပြုတ်ကျမှုများကို စာရင်းကောက်ယူထားခြင်းဖြစ်သည်။ ယင်းသို့ ပြုတ်ကျမှုကြောင့်ဆေးရုံတက်ကုသခံရသည့် လူနာများမှာအင်္ဂလန်အရှေ့တောင်ပိုင်းဒေသမှ အများစုဖြစ်ပြီး အသက် ၈၀ ကျော်အရွယ်အမျိုးသမီးကြီးအများစုပါဝင်သည်။

ပြီးခဲ့သော ၂၀၁၀ အတွင်း ဆေးရုံတက်ကုသရသည့် လူနာများတွင် ၇၅ ဦးမှာ အသေးစားထိခိုက်မှုများကြောင့်ဖြစ်ပြီး ကျန်လူပေါင်း ၄၆,၄၆၃ ဦးမှာ အိမ်သာထိုင်ခုံပေါ်မှပြုတ်ကျခြင်း အပါအဝင် အမြင့်နေရာများမှ ပြုတ်ကျမှုကြောင့် ကုသမှုများခံယူခဲ့ရသည်။ NHS ၏စာရင်းအရဗြိတိန်နိုင်ငံတွင် ၂၀၁၀-၁၁ တစ်နှစ်တာအတွင်း ဆေးရုံတက်ကုသမှုခံရသူ လူပေါင်း ၁၆ ဒသမ ၂ သန်းရှိခဲ့ပြီး ၂၀၀၉-၁၀ တစ်နှစ်တာကာလအတွင်း ဆေးရုံတက် ကုသသူ ၁၅ ဒသမ ၅ သန်းခန့်ရှိခဲ့ကြောင်းသိရသည်။ —Ref: Dailymail



7 DAY NEWS JOURNAL
Vol.10, No.14 · JUNE 23, 2011

## အငြင်းပွားမှုရှိနေစဉ် ဗီယက်နမ်က ကျည်အစစ်ဖြင့် စစ်ရေးလေ့ကျင့်

**ဟန္နိုင်း၊ ဇွန် - ၁၆**

ရေပိုင်နက်အငြင်းပွားမှုများရှိနေစဉ် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်ရေတပ်က ကျည်အစစ်ဖြင့် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ယိုမီယူရီသတင်းစာက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနကမူစစ်ရေးလေ့ကျင့်မှုများမှာ ပုံမှန်စစ်ရေးလေ့ကျင့်မှုများသာဖြစ်ကြောင်း ပြောကြားသည်။ သို့သော် ယင်းစစ်ရေးလေ့ကျင့်မှုများသည် တင်းမာမှုများ မြင့်တက်စေမည်ကို စိုးရိမ်ကြောင်း အမေရိကန်နိုင်ငံက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွမ်နမ်ခရိုင်မှ ကီလိုမီတာ ၄၀ ကွာဝေးသည့်ဒေသတွင် စစ်ရေး လေ့ကျင့်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနီး ရေပြင်တွင် ဗီယက်နမ်ရေပြင် အရင်းအမြစ်လေ့လာတိုင်းတာရေးသင်္ဘော၏ ကေဘယ်ကြိုးများကို တရုတ်စောင့်ကြည့်လေ့လာရေးသင်္ဘောက ဖြတ်တောက်ခဲ့ပြီးနောက် အငြင်းပွားမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဗီယက်နမ်ငါးဖမ်းလှေတစ်စီးကိုလည်း တရုတ်စောင့်ကြည့်လေ့လာရေးသင်္ဘောတစ်စီးက ပစ်ခတ်ခဲ့ကြောင်း ဗီယက်နမ်တာဝန်ရှိသူများကပြောကြားခဲ့သည်။ *—Ref: Yomiuri Shimbun*

## ဆီးရီးယားတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း ကုလအစီရင်ခံစာကဆို



**ဂျိနီဗာ၊ ဇွန် - ၁၆**

နိုင်ငံတွင်ဖြစ်ပေါ်နေသော လူထုအုံကြွမှုများကို ဆီးရီးယား အစိုးရကလက်ဖြောင့်တပ်သားများ၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးရုံးက ပြောကြားလိုက်ကြောင်း သိရသည်။


မတ်လကစ၍ ဖြစ်ပေါ်ခဲ့သည့်အစိုးရဆန့်ကျင်ဆန္ဒပြမှုများအတွင်း လူပေါင်း ၁,၁၀၀ ကျော် သေဆုံး၍ တစ်သောင်းကျော် ထိန်းသိမ်းခံခဲ့ရကြောင်း ဇွန်လ ၁၅ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ကုလသမဂ္ဂလူ့အခွင့်အရေးမဟာမင်းကြီးနာဗီပီလေးက ပြောကြားသည်။


“အခြေခံအကျဆုံးအခွင့်အရေးချိုးဖောက်မှုများ ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့ခြင်းအတွက် စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးရန် လိုအပ်ကြောင်း၊ ယင်းသို့ပြုမူသူများကိုလည်း အပြည့်အဝတာဝန်ယူစေရမည်ဖြစ်ကြောင်း” ကုလအစီရင်ခံစာက ဖော်ပြသည်။

သို့သော် ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းထားသူများကို ညှဉ်းပန်းနှိပ်စက်သည်၊ အချို့မှာ ထိန်းသိမ်းထားစဉ် သေဆုံးသွားသည်ဆိုသော အခြင်းအရာများအတွက်ငင်းတို့ရုံးမှသတင်း မရရှိကြောင်း မဟာမင်းကြီး မစ္စနာဗီပီလေးက ပြောကြားသည်။

ဆီးရီးယား ကိစ္စအပေါ် ငြိမ်သက်နေခြင်းအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာဝေဖန်မှုများနှင့် ကြုံတွေ့နေရသည်။ မစ္စပီလေးကမူ ၎င်းတို့ရုံးအနေဖြင့် ဆီးရီးယားအစိုးရက လူ့အခွင့်အရေးပုံ မှန်ချိုးဖောက်နေသည်ဆိုသောသတင်းအများအပြားရရှိခဲ့ကြောင်း ပြောကြားသည်။

*—Ref: UPI*



7DAY NEWS JOURNAL
Vol.10, No.14 • JUNE 23, 2011



# တင့်ကားများဝင်လာ ဆီးရီးယားမြောက်ပိုင်းမြို့ရှိ လူများထွက်ပြေး

**အမန်၊ ဇွန် - ၁၆**



သမ္မတ ဘာရှားအယ်လ်အာဆတ်အားဆန့်ကျင်မှုများအပေါ် စစ်ဘက်ကနှိမ်နင်းမှုများ ကျယ်ပြန့်လာပြီး နိုင်ငံမြောက်ပိုင်းသို့ စစ်တပ်များနှင့် သံချပ်ကာယာဉ်များ ဝင်ရောက်လာရာ သမိုင်းဝင်မြို့မာရက်အယ်နူအာမန်မှ ထောင်ပေါင်းများစွာသော လူများထွက်ပြေးခဲ့ကြကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

စစ်ဘက်နှိမ်နင်းမှုများမှ ထွက်ပြေးတိမ်းရှောင်လာသည့် ဆီးရီးယားဒုက္ခသည်ထောင်ပေါင်းများစွာအားလက်ခံထားရသည့် တူရကီနိုင်ငံတွင်လည်းတူရကီဝန်ကြီးချုပ် တေရစ်အာဒိုဂန်သည် ဆီးရီးယားသမ္မတ အာဆတ်၏ အထူးကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဆီးရီးယားမြို့ကြီး၊ မြို့ငယ်များတွင် စစ်ဘက်ကတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကို အဆုံးသတ်ရန် ၎င်း၏ အိမ်နီးချင်းနိုင်ငံအား တိုက်တွန်းခဲ့သည်။

စစ်ဘက်သံချပ်ကာ လူတင်ယာဉ်တန်းတစ်တန်းသည်မာရက်အယ်နူအာမန်မြို့မှ ၁၀ မိုင်အကွာမန်တက်စ်ရွာသို့ရောက်ရှိလာကြောင်း ဒေသခံများက ပြောသည်။ ၁၃ မိုင်ခန့်ကွာဝေးသော အခြားရွာတစ်ရွာအနီးသို့လည်း နောက်ထပ် စစ်ကြောင်းတစ်ကြောင်း ရောက်ရှိလာကြောင်း သိရသည်။

လူထုအား ကြောက်လန့်စေရန် နူအာမန်မြို့အပြင်ဘက်တွင် စစ်ဘက်က ဦးတည်ရာမဲ့ပစ်ခတ်နေခြင်းကြောင့် လူအများအပြားညတွင်းချင်း ထွက်ပြေးခဲ့ကြကြောင်း ၎င်းမြို့စွန်ရှိ မာရှမ်ရှာရွာမှာ ဒေသခံတစ်ဦးက ရိုက်တာသတင်းဌာနအားတယ်လီဖုန်းဖြင့် ပြောကြားသည်။

ဆီးရီးယားမြို့တော် ဆင်ခြေဖုံးဟာရက်စတာ ဒေသတွင်လည်း ၎င်းတို့၏ ယောက်ျားများနှင့် အစ်ကို၊ မောင်များအား လွှတ်ပေးရန် ဆန္ဒပြနေသည့် အမျိုးသမီး ၂၀၀ ခန့်ကိုလည်း လုံခြုံရေးတပ်ဖွဲ့များက ကျည်ဆန်အစစ်များသုံး၍လူစုခွဲခဲ့ကြောင်း သိရသည်။

*—Ref: Reuters*

# ကန် အောက်လွှတ်တော်ဥက္ကဋ္ဌက အိုဘားမားအား သတိပေး

**ဝါရှင်တန်၊ ဇွန် - ၁၄**



လွှတ်တော်၏ အတည်ပြုချက်မရယူဘဲ အမေရိကန်တပ်ဖွဲ့များ လစ်ဗျားနိုင်ငံတွင် သုံးလနီးပါး ပါဝင်ပတ်သက်နေခြင်းဖြင့် သမ္မတအိုဘားမားသည် ဥပဒေရေးရာပြင်ပါးပါးပေါ်တွင် စကိတ်စီးနေခြင်းဖြစ်ကြောင်း အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘိုးနားက သတိပေးပြောကြားလိုက်ကြောင်း သိရသည်။

ရီပက်ဘလေကန် အောက်လွှတ်တော်ဥက္ကဋ္ဌမှနေ၍ ဒီမိုကရက်တစ်သမ္မတထံသို့ပေးပို့သည့် စာတွင် လစ်ဗျားပဋိပက္ခနှင့် ပတ်သက်၍ လွှတ်တော်အမတ်များ၏ သက်သောင့်သက်သာ မရှိခြင်းသည် လွှတ်တော်နှင့် အိမ်ဖြူတော်အကြားပြဿနာဖြစ်လာနိုင်သည့် အလားအလာရှိကြောင်း မစ္စတာဂျွန်ဘိုးနာက ဖော်ပြခဲ့သည်။

အိုဘားမားသည် စစ်ဘက်စစ်ဆင်ရေးများတွင် လွှတ်တော်၏အခန်းကဏ္ဍကို အသိအမှတ်ပြုရန်နှင့် အလေးအမြတ်ထားရန် ပျက်ကွက်နေကြောင်း ဂျွန်ဘိုးနာက စွပ်စွဲပြောကြားပြီး အမေရိကန်နိုင်ငံအနေဖြင့် လစ်ဗျားအရေးတွင်အဘယ်ကြောင့် ပါဝင်ပတ်သက်နေသည်ဆိုခြင်းမှာလည်း ရှင်းရှင်းလင်းလင်း မရှိလှကြောင်း ပြောကြားသည်။

ရှေ့လာမည့်ဇွန်လ ၁၈ ရက်မတိုင်မီ လစ်ဗျားစစ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရန်နှင့် ဇွန်လ ၂၀ ရက်ဆိုလျှင် စစ်ပွဲများနှင့် ပတ်သက်၍ ၁၉၇၃ ခုနှစ်တွင် ချမှတ်ထားသည့်အမိန့်ကို ချိုးဖောက်ပြီး ဖြစ်ဖွယ်ရှိကြောင်း မစ္စတာဂျွန်ဘိုးနာက ပြောကြားသည်။

သမ္မတမှာ စစ်ဘက်တပ်ဖွဲ့များ၏ ဦးစီးချုပ်ဖြစ်သော်လည်း စစ်ကို လွှတ်တော်ကသာ ကြေညာရမည်ဖြစ်ကြောင်း အမေရိကန်အခြေခံဥပဒေတွင်ပြဆိုထားသည်။ ၁၉၇၃ ခုနှစ် သမ္မတနစ်ဆင်လက်ထက် ဆုံးဖြတ်ချက်အရလွှတ်တော်၏ အတည်ပြုချက်မရယူဘဲစစ်ဘက်တပ်ဖွဲ့များ ရက်ပေါင်း ၉၀ အထိ စစ်ပွဲများတွင် ပါဝင်ပတ်သက်နိုင်သော်လည်း ယင်းထက်ကျော်လွန်ပါက လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။

*—Ref: Reuters*

# ဗီယက်နမ် အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွင် ဂျပန်ပါဝင်ကူညီမည်

**ဟိုချီမင်း၊ ဇွန် - ၁၆**

ကမ္ဘာ့စီးပွားရေးတွင် ပူးပေါင်းပါဝင်ရန်နှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန် ဗီယက်နမ်နိုင်ငံ၏ လူမှုစီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အကူအညီ အဖြစ်ဂျပန်နိုင်ငံကဗီယက်နမ်နိုင်ငံအား ဂျပန်ယန်းငွေ ၄၁ ဘီလီယံ (ကန်ဒေါ်လာ ၅၀၈ သန်း) ကူညီမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့အကူအညီပေးရန် သဘောတူညီချက်ကိုဟန်္နိုင်းရှိဂျပန်သံအမတ်ကြီး ယာဆူယာကီတာနီဇာကီနှင့် ဗီယက်နမ်စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ဗိုဟောင်ဖွတ်တို့လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ဦးစားပေးအဆင့်ချေးငွေ၏ ပထမအရစ်ကို ဟိုချီမင်းမြို့နှင့် ဒေါင်ဂေးမြို့ကြား အမြန်လမ်းမကြီးတည်ဆောက်ရန်နှင့် ဒါနန်းနှင့် ကွမ်ငိုင်းအဝေးပြေးလမ်းမကြီး တည်ဆောက်ရေးများအတွက် ၂၀၁၁ ခုနှစ်တွင် စတင်အသုံးပြုမည်ဖြစ်သည်။ မကြာမီမှာပင် ယင်းစီမံကိန်းများအတွက် သီးခြား ငွေချေးစာချုပ်များ ထပ်မံချုပ်ဆိုမည်ဖြစ်သည်။

ဂျပန်နိုင်ငံက ဗီယက်နမ်နိုင်ငံအပေါ် တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ အစီအစဉ်အား ၁၉၉၂ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ပြီး ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံအပေါ် အကြီးမားဆုံး အလှူရှင်နိုင်ငံဖြစ်ပြီး စုစုပေါင်း အကူအညီပေးအပ်ငွေမှာ ဂျပန်ယန်းငွေ ၁ ဒသမ ၆၈ ထရီလီယံရှိပြီ ဖြစ်ကြောင်း သိရသည်။ *—Ref: VNA*



# E.coli ဘက်တီးရီးယားကြောင့် ဂျာမနီတွင် ကလေးတစ်ဦး သေဆုံး

**ဘာလင်၊ ဇွန် - ၁၅**

ဂျာမနီနိုင်ငံတွင်ပျံ့နှံ့နေသော E.coli ဘက်တီးရီးယားကြောင့် အသက် ၂ နှစ်အရွယ် ယောက်ျားကလေးတစ်ဦး သေဆုံးခဲ့ရာ ယင်းကလေးငယ်မှာ ပိုးကြောင့် ပထမဆုံးသေဆုံးသူ ကလေးငယ်ဖြစ်လာကြောင်း အာဏာပိုင်များကပြောသည်။ ယနေ့အချိန်အထိ ပိုးကြောင့်သေဆုံးသူဦးရေစုစုပေါင်းမှာမူ ဂျာမနီနိုင်ငံတွင် ၃၆ ဦးနှင့် ဆွီဒင်နိုင်ငံတွင်တစ်ဦးဖြစ်သည်ဟု ဆိုသည်။

သေဆုံးသူကလေးငယ်မှာ ဂျာမနီမြောက်ပိုင်းမြို့ ဆယ်လီမှဖြစ်ပြီး ဟန်နိုဗာဆေးရုံတွင် ပုံမှန်မဟုတ်သည့် သွေးနီဥဆဲလ်များပျက်စီးမှု၊ အသည်းပျက်စီးမှုတို့ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။ ယခုကလေးငယ်သည် ပြီးခဲ့သည့် မေလမှစ၍ E.coli ဘက်တီးရီးယားကြောင့် သေဆုံးသူလူများထဲတွင် အသက်အငယ်ဆုံးကလေးငယ်ဖြစ်လာသည်။ ထို့ပြင်၎င်း၏ ၁၀ နှစ်အရွယ်အစ်ကိုနှင့် ဖခင်ဖြစ်သူတို့မှာလည်း ဘက်တီးရီးယားကြောင့် ရောဂါခံစားခဲ့ရသော်လည်း ပြန်လည်သက်သာလာပြီဖြစ်ကြောင်း သတင်းစာတွင်ဖော်ပြသည်။


ဂျာမနီတွင်ပြီးခဲ့သည့်ဇွန် ၁၄ ရက်အထိ E.coli ဘက်တီးရီးယားကြောင့် ရောဂါဖြစ်ပွားမှုပေါင်း ၃,၂၅၃ ခုရှိထားပြီး ယင်းမှ လူပေါင်း ၇၈၂ ဦးမှာ Haemolytic Uraemic Syndrome (HUS) ခေါ် ကျောက်ကပ်နှင့် အာရုံကြောစနစ်ပျက်ပြားစေသည့် ရောဂါခံစားနေရကြောင်း သိရသည်။ *—Ref: Xinhua*

7 DAY NEWS JOURNAL

# International

Vol.10, No.14 • JUNE 23, 2011


**Interview**



**အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာနှင့် အမေးအဖြေ**

စာ- ၄၆

**News Analysis**



**တရုတ်ငွေကြေးဖောင်းပွမှု တိုက်ဖျက်ခြင်း**

စာ- ၃၆

## အမေရိကန် –ဗီယက်နမ် ဆွေးနွေးပွဲတွင် တောင်တရုတ်ပင်လယ်အရေးပါဝင်



တောင်တရုတ်ပင်လယ်ကိုဖြတ်သန်း၍ စင်ကာပူသို့ သွားရောက်ခဲ့သည့် တရုတ်အရပ်ဘက်ကင်းလှည့်သင်္ဘော ဟိုင်ဆွန်-၃၁

**ဟန္နိုင်း၊ ဇွန် – ၂၀**

ဇွန်လ ၁၇ရက်က ဝါရှင်တန်မြို့တွင်ပြုလုပ်ခဲ့သည့် အမေရိကန်-ဗီယက်နမ် နှစ်နိုင်ငံဆွေးနွေးပွဲ၌ မကြာသေးမီက တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့သောအခြေအနေများအကြောင်းလည်း ပါဝင်ခဲ့ကြောင်းသိရသည်။ ယင်းမှာ နှစ်နိုင်ငံအကြား စတုတ္ထအကြိမ်မြောက်ပြုလုပ်သည့် နှစ်စဉ် ဆွေးနွေးပွဲဖြစ်ပြီး နိုင်ငံရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင်ဗီယက်နမ်အဖွဲ့အား အမြဲတမ်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖန်ဘင်မင်



က ဦးဆောင်ခဲ့ပြီး အမေရိကန်အဖွဲ့အား နိုင်ငံရေးနှင့် စစ်ဘက်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အင်ဒရူး ဂျေ၊ ရှာပီရိုက ဦးဆောင်ခဲ့သည်။

အောင်မြင်နေသောနှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်ရေး နှစ်ဖက်စလုံးက ထပ်မံအတည်ပြုပြောကြားခဲ့ကြသည်။ ထို့အပြင် အမေရိကန်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင်မြစ်အောက်ပိုင်းဖွံ့ဖြိုးရေးအစီအစဉ်၊ အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့် အခြားနိုင်ငံများဖြည့်စွက်အစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲများနှင့်ပတ်သက်၍လည်း နှစ်နိုင်ငံအမြင်များကို ဖလှယ်ခဲ့ကြကြောင်းသိရသည်။

မကြာသေးမီက တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍လည်း ငြိမ်းချမ်းသော၊ တည်ငြိမ်သော၊

စာ(၄၅)သို့

## လေကြောင်းတိုက်ခိုက်မှုကြောင့် လစ်ဗျားအရပ်သားများသေဆုံးမှု နေတိုးဝန်ခံ

**ထရီပိုလီ၊ ဇွန် – ၂၀**

အရပ်သားကိုးဦး သေဆုံးခဲ့သည်ဟု လစ်ဗျားအရာရှိများက ပြောကြားခဲ့သည့် ထရီပိုလီမြို့နေအိမ်တိုက်ခိုက်မှုအား နေတိုးအဖွဲ့က ၎င်းတို့လက်ချက်ဟု ဝန်ခံခဲ့ကြောင်းနှင့် ယင်းအဖြစ်အပျက်ကြောင့် လစ်ဗျားစစ်ဆင်ရေးနှင့်ပတ်သက်၍ နေတိုးမဟာမိတ်အဖွဲ့အတွင်း သံသယများဖြစ်ပေါ်လာစေနိုင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုမှနေ၍ နေတိုးဗုံးကြဲမှုတွင် အရပ်သားများ အသေအပျောက်ရှိသည်ဆိုခြင်းကို ရှင်းရှင်းလင်းလင်း ပြဆိုနေခြင်းဖြစ်ပြီး ယင်းမှာ လစ်ဗျားစစ်ဆင်ရေးအတွက် မူလကမျှော်လင့်ထားသည့်ထက် အချိန်နှင့်အရင်းအမြစ်များ ပိုမိုကုန်ကျနေ၍ နေတိုးအဖွဲ့တွင်မကျေလည်မှုများရှိနေစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

စစ်ဘက်ဒုံးကျည်စခန်းတစ်ခုကို ရည်ရွယ်၍ လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်သော်လည်း ၎င်း၏ လက်နက်တစ်မျိုးမှာ ပစ်မှတ်ကိုထိမှန်ခဲ့ပုံမရကြောင်း နေတိုးအဖွဲ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

“မိမိနိုင်ငံသားများအပေါ် အကြမ်းဖက်အင်အားသုံး၍ နှိမ်နင်းရန် စိတ်ပိုင်းဖြတ်ထားသည့် အစိုးရအားတိုက်ခိုက်မှုပြုရာတွင် သတိကြီးစွာထား၍ တိုက်ခိုက်သွားမည်ဖြစ်ကြောင်းနှင့် အပြစ်မဲ့အရပ်သားများ သေဆုံးမှုအတွက် ဝမ်းနည်းမိကြောင်း”နေတိုးတပ်ဖွဲ့စစ်ဆင်ရေးမှူးတစ်ဦးဖြစ်သူ ဒုတိယ ဗိုလ်ချုပ်ကြီးချားလစ်ဘိုချာဒ်က ပြောကြားသည်။

*—Ref: Reuters*



## အမေရိကန်က တာလီဘန်များနှင့် ဆွေးနွေးနေကြောင်း အတည်ပြု

**ဝါရှင်တန်၊ ဇွန် – ၂၀**

တာလီဘန်များနှင့် ကနဦးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိရာတွင် အမေရိကန်အရာရှိများလည်း ပါဝင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်စ်က အတည်ပြုပြောကြားသည်။ သို့သော် အာဖဂန်နစ္စတန်စစ်ပွဲ၏ နိုင်ငံရေးအရ အဖြေရှာမှုတွင် လပေါင်းများစွာအတွင်း တိုးတက်မှုရှိလာမည်ဟု မမျှော်လင့်ကြောင်း ကန်ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အာဖဂန်နစ္စတန်စစ်ပွဲတွင် မကြာသေးမီက အောင်မြင်မှုများ ရရှိနေခြင်းကြောင့်လည်း ဇူလိုင်လတွင် ကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်စီစဉ်နေသော သမ္မတအိုဘားမားအတွက် လှုပ်သာလှည့်သာ အခြေအနေရှိလာကြောင်း ရောဘတ်ဂိတ်စ်ကပြောသည်။

အာဖဂန်နစ္စတန်စစ်ပွဲသည် ဆယ်နှစ်နီးပါးကြာမြင့်လာခဲ့ပြီဖြစ်ရာ အမေရိကန်ပြည်သူများမှာ စစ်ကိုငြီးငွေ့လာကြပြီဖြစ်သည်။ မကြာသေးမီလများအတွင်း အိုစမာဘင်လာဒင်နှင့်အခြား အယ်လ်ကိုင်ဒါခေါင်းဆောင်များအား သတ်ဖြတ်ခဲ့ခြင်းအတွက်လည်း အာဖဂန်မှ တပ်ဖွဲ့ဝင်များ အလျင်အမြန်ပြန်လည်ရုပ်သိမ်းရန်တောင်းဆိုမှုများ ပိုများလာခဲ့သည်။

စာ(၄၅)သို့

